

www.burmeseclassic.com



www.burmeseclassic.com







## ကြားဖူးသမျှ အမှတ်တရ လင်္ကာဆောင်

- မိန်းကလေးတွေက သူတို့ကို လက်ထပ်တဲ့ယောကျ်ား
  တွေကို ပြောင်းလဲလို့ရမယ်ထင်တယ်။
  ဘယ်တော့မှ မရဘူး။

- မိန်းကလေးတွေက နတ်သမီးလေးသဖွယ် ဖြစ်သော်
  လည်း
  အိမ်ထောင်ပြုခြင်းကတော့ စေတန်ရဲ့လက်ရာပဲ။

- ဇနီးဆိုတာ ငယ်ရွယ်စဉ်မှာ ယောကျ်ားရဲ့မယားငယ်
  သဖွယ် —
  အရွယ်လတ်မှာတော့ ယောကျ်ားရဲ့အဖော် —
  အသက်ရလာတော့ ယောကျ်ားအိုရဲ့ သူနာပြု။

- စိတ်အချမ်းသာဆုံး မိန်းမတွေမဟာ အပျော်ရွှင်ဆုံး
  လူမျိုးတွေလိုပဲ သမိုင်းကြောင်း မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com






# အပိုင်း(၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# ၁

"မြန်မြန်ချချင်တယ် ဆိုရင်တော့ ကစားလည်းကစား၊ အဆီလည်းချ၊ နောက် အစားအသောက်ကိုလည်း တကယ် အာဟာရဖြစ်တာတွေပဲစားပြီး အဆီအစိမ့်တွေ လျှော့လိုက် မယ်ဆိုရင်တော့ လုံးဝကို သိသိသာသာ ဖြစ်သွားမှာပဲလေ အစ်မ"

"ဟုတ်လား ? "

ဟုတ်လားလို့ ပြန်မေးလိုက်သံမှာ ယုံကြည်ချက်တွေ အပြည့်နှင့် လင်းလက်သွားသော မျက်ဝန်းတစ်စုံကို ဂျင်ဂျာက နွေးထွေးစွာ စိုက်ကြည့်ရင်း ပြုံးပြလိုက်သည်။ မျက်နှာလေးလှ သလောက် ခပ်ပြည့်ပြည့် ကိုယ်လုံးထက် လွှန်နေသော အမျိုးသမီး က စဉ်းစားကျေနပ်နေဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ အဲဒီအချိန်မှာပဲ ဂျင်ဂျာရဲ့ဖုန်းခေါ်ဆိုသံ တီးလုံးလေး မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မှားတာရှိရင် တောင်းပန်ပါတယ် xxx တကယ်ဆို မင်းရဲ့အနားမှာပဲ"

တစ်သက်လုံးမှားပြီး တစ်သက်လုံး တောင်းပန်နေမည်ဖြစ်သော တည်မြဲရဲ့ဖုန်းကို လောလောဆယ်မှာ ကိုင်ဖို့အချိန် မပေးနိုင်သေးပါ။ ဒါကြောင့် Tuouch Screen ပေါ်ကို လက်ခလယ်လေးနှင့် တစ်ချက်တို့ကာ Busy နေကြောင်းကို အသိပေးလိုက်သည်။ ပြီးတော့ ရှေ့က အမျိုးသမီးကို လှည့်ကာပြုံးပြလိုက်ရင်း ...

"အစ်မ ဘယ်လိုများ စဉ်းစားချင်သေးလဲဟင်။ ဘာမှအားနာစရာ မလိုပါဘူး။ အစ်မ ဖြစ်ချင်တာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါတယ်"

"အင်း ... ဒီလိုလေ"

"ငါ မှားတာရှိရင် တောင်းပန်ပါတယ်။ တကယ်ဆို မင်းရဲ့အနားမှာပဲ"

ဂျင်ဂျာက ရှေ့အမျိုးသမီးကို ပြုံးပြရင်းမှ စားပွဲပေါ်မှဖုန်းကို မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။ တကယ်တော့ ဖုန်းကို မျက်မှောင်ကြုတ်ကြည့်တာ မဟုတ်ဘဲ ဖုန်းဆက်တဲ့လူကို မျက်မှောင်ကြုတ်ကြည့်တယ် ဆိုတာတော့ ကိုယ်တိုင်ပဲ အသိဆုံးဖြစ်လိမ့်မယ်။ စကားပြောတော့မည့်ဟန် ပြပြီးမှ အရှိန်ပျက်သွားသော အမျိုးသမီးက ဂျင်ဂျာကို နားလည်သလို ပြုံးကြည့်ကာ ...

"ကိုင်လိုက်လေ ညီမ၊ ရပါတယ်"





ဂျင်ဂျာက အားနာပြုံးလေး တစ်ခုဖွက်ကာ ခေါင်းညိတ်လိုက်ရင်းမှ ဖုန်းကို ထပ်ပိတ်လိုက်သည်။ မအားပါဘူးဆိုမှတော့ တကယ်မအားတာကို လက်ခံလိုက်တော့ပေါ့ တည်မြဲရယ်။ ဘာကြောင့် ဇွတ် နေရတာလဲ။

ဂျင်ဂျာက နောက်တစ်ခါ နှောင့်ယှက်ခြင်းမှ ကင်းဝေးရအောင် ဖုန်းကို power off ပစ်လိုက်လေသည်။

"ဆောရီး အစ်မ။ ကျွန်မ ကက်စတန်မာနဲ့ ဆွေးနွေးနေရင် တော်ရုံအရေးမကြီးတဲ့ဖုန်းမျိုးကို ကိုင်လေ့မရှိပါဘူး ...

ဟုတ် ... အစ်မ၊ ဆက်ပြောလေ"

"သြော် ... အစ်မ ကြားဖူးတာကလေ၊ ညီမက ဝနေတဲ့အမျိုးသမီးတစ်ယောက်ကို ညီမရဲ့ထရိန်နင်နဲ့ ကိုင်ပေးတာ၊ အရမ်းထိရောက်တယ်လို့ ကြားဖူးလို့ပါ။ ညီမ တွက်ပေးထားတဲ့ ကယ်လိုရီအတိုင်းစား၊ ပြီးတော့ ညီမခိုင်းတဲ့လေ့ကျင့်ခန်းအတိုင်းလုပ်၊ အဲလို ညီမ မောင်းတဲ့အတိုင်းလုပ်ရင် တကယ်ပဲ ထိရောက်တယ်။ ဝနေတဲ့ ပုံပျက်နေတဲ့ အမျိုးသမီးတစ်ယောက်ဟာ အံ့သြဘနန်း ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကို ပိုင်ဆိုင်လာတယ်လို့ ကြားဖူးထားတာပါ ...

ဒါကြောင့် အစ်မက ညီမရဲ့ထရိန်နင်ကို လိုချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အဲဒီလိုလား။ ဒါဆိုရင်တော့ ကျွန်မ ချမှတ်ထားတဲ့ အတိုင်း အစ်မက လိုက်နာဖို့ အရေးကြီးပါတယ်"

"ဖြစ်တယ် ညီမ။ အစ်မကို အရင်လိုပုံမျိုးဖြစ်အောင်သာ ပြန်လုပ်ပေးပါ"

"ကျွန်မက လုပ်မပေးနိုင်စရာ မရှိပါဘူး အစ်မ၊ အစ်မ ကြိုးစားဖို့ပဲ လိုတာပါ၊ ဆိုလိုတာက အစ်မ ကြိုးစားရင် ကြိုးစားသလောက် ဖြစ်မှာပဲ"

"အို ... ကြိုးစားမှာ ... ကြိုးစားမှာ၊ အစ်မ ကြားဖူးတာ ကလေ ညီမက အဲဒီလို ညီမရဲ့ထရိန်နင်ကိုယူတဲ့ အမျိုး သမီးတိုင်းကို အလှအပနဲ့ပတ်သက်တာမှန်သမျှရော၊ နောက် အိမ်ထောင်ရေး အခက်အခဲတွေရော အားလုံးတိုင်ပင်ဆွေး နွေး ကူညီဖြေရှင်းပေးတယ်လို့ ကြားရတယ် ...

အဲဒါ အစ်မလည်း ..."

"သြော် ... ဟုတ်။ ဒါပေမဲ့ ခဏလေးနော် အစ်မ။ တစ်ခု လောက်တော့ ကြားဖြတ်ပြီး ပြောပါရစေ။ အဲဒါမျိုး လူမှု ရေးကိစ္စတွေကလေ ကျွန်မက ခင်မင်ရာ ခင်မင်ကြောင်း တွေပဲ အကြံပေးတဲ့ သဘောပါ ...

ဟို ... နိုင်ငံခြားမှာလို အခကြေးငွေယူပြီး ဆောင် ရွက်ရတာ မဟုတ်ပါဘူး။ ကျွန်မရဲ့အဓိကအလုပ်က ကိုယ် ခန္ဓာအလှအပအတွက်ပါပဲ"





"ဟုတ်ပါပြီ။ အစ်မကလည်း အဲဒါကိုပဲ အဓိက ကူညီစေ ချင်တာပါ၊ အစ်မ ဒီလိုပုံပျက်ပြီး ဝနေတာကို အိမ်က ယောကျ်ားကလည်း စိတ်ကုန်တဲ့စကားတွေ စ,ပြီးပြောနေ ပြီ။ ပြီးတော့ KTV တွေ Massage တွေလည်း သွားနေ ပြီလေ"

"ထားလိုက်ပါ အစ်မ။ ဒါတွေက သိပ်အရေးပါတဲ့အကြောင်း အရာတွေ မဟုတ်ပါဘူး။ နောက်ကျရင် သူ့အလိုလိုပြီးသွား မှာပါ ...

အရေးကြီးတာက အစ်မသည် ကျန်းမာလှပပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေဖို့ပဲ ...

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ မိန်းမတွေကို တော်ရုံယောကျ်ားက အထင်မသေးရဲပါဘူး"

တိတိကျကျ ပြတ်ပြတ်သားသား ပြောလိုက်သော ဂျင်ဂျာရဲ့စကားကြောင့် ထိုအမျိုးသမီးက လက်တွေကို အားကိုး တကြီး လာရောက်ဆုပ်ကိုင်သည်။

"ညီမကို အားကိုးပါတယ်။ အစ်မကိုသာ ပြောင်းလဲသွား မယ့် အလှတရားမျိုး ဖန်တီးပေးပါ ... နော် ... ညီမ"

"ဟုတ်ကဲ့ပါ၊ ဒါဆိုရင် အစ်မ ပေါင်ချိန်ကြည့်လိုက်ပါ။ ပြီးတော့ ဒီဖောင်ထဲမှာ လိုအပ်တဲ့ အချက်အလက်တွေကို ဖြည့်ပေးပါနော် အစ်မ ..."



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် အစ်မနဲ့ အသင့်တော်ဆုံးဖြစ်မယ့် ဖော်မြူလာကို တွက်ချက်ပြီး အစ်မကို ဆက်သွယ်ပေးပါ့မယ်"

"အိုခေ ... ညီမ။ သင့်ခ်ယူ"

အမျိုးသမီးက တက်ကြွစွာဖြင့် ဂျင်ဂျာပေးသော ဖောင်ကို ဖြည့်နေလျှင် သူမက မသိမသာဖြင့် ပခုံးတစ်ချက်ကို တွန့်မိသည်။ လာပြန်ပြီပေါ့ စိန်ခေါ်ပွဲတစ်ပွဲဟု စိတ်ထဲကတိုးတိတ်စွာဖြင့် ရေရွတ်မိလေသည်။ တကယ်တော့ ဂျင်ဂျာရဲ့အလုပ်သည် Ginger Beauty Land ဟုအမည်ပေးထားသော Fittness Center၊ အဆီချလုပ်ငန်း၊ Beauty Saloon စသော အလှအပနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လုပ်ကိုင်တာဖြစ်သည်။

ဝါသနာနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် တစ်ထပ်တည်းကျချင်သော စိတ်ဆန္ဒရှိခဲ့သည့် ဂျင်ဂျာသည် ဒီလုပ်ငန်းတွေကို ပရော်ဖက်ရှင်နယ်လ်အဖြစ် ရွေးချယ်ခဲ့သည်မှာ သိပ်တော့မဆန်းပါ။ အဘယ်ကြောင့်ဆိုသော် ဂျင်ဂျာဆိုတာ ဟိုးလေးငါးတန်း ကျောင်းသူဘဝထဲက A ရှိုးဗစ် ကစားခဲ့သူဖြစ်သည်။ A ရှိုးဗစ်၊ ပန်းပွားအက စသဖြင့် ကျောင်းကပွဲတွေမှာ ဂျင်ဂျာမပါလျှင် မပြီးခဲ့ချေ။ အရွယ်ရောက်လာတော့ Body Beauty ကို ဆရာမတစ်ယောက်နှင့် သေချာလေ့ကျင့်သင်ကြားသည်။ အဲဒီနောက် မယ်ပြိုင်ပွဲတွေ ဝင်ပြိုင်ကာ Titel တွေလည်း ရခဲ့ဖူးသေးသော ဂျင်ဂျာပဲ ဖြစ်လေသည်။





နောက် မြန်မာပြည်မှာ မော်ဒယ်တွေ စတင်ခေတ်စားသော မော်ဒယ်ခေတ်ဦးမှာလည်း ဂျင်ဂျာက မယ်တစ်ယောက်ရဲ့ခန္ဓာကိုယ် အချိုးအဆက်ကနေ၍ မော်ဒယ်တစ်ယောက်၏ အချိုးအဆက်သို့ ပြောင်းလဲယူကာ မော်ဒယ်တစ်ယောက်အဖြစ် လှုပ်ရှားခဲ့သေးသည်။ အဲဒီတုန်းက တော်တော်ပျော်ဖို့ ကောင်းခဲ့ပါသည် သည်။ မြန်မာပြည်ရဲ့မော်ဒယ်ခေတ်ဦးသည် အခုထက်တောင် အများကြီး သားနားခေတ်မီသည်ဟု ထင်သည်။ အရင်တုန်းက သီးသီးသန့်သန့်ရှိလှသည်။ ခေတ်ရေစီးကြောင်းအရသာ မော်ဒယ်လုပ်ခဲ့ပေမယ့် ဂျင်ဂျာက အဲဒီလမ်းကြောင်းပေါ်မှာ အကြာကြီး မလျှောက်ဖြစ်ခဲ့ပါ။

မိခင်ဖြစ်သူ ဆုံးပါးသွားခဲ့သဖြင့် လူက စိတ်ဓာတ်ကျသလို ဖြစ်သွားကာ အိမ်ထဲမှာပင် အတော်ကြာနေဖြစ်ခဲ့သေးသည်။ နောက်တော့ ဒီလိုချည်းပဲ နေသွားလို့ မဖြစ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း နားလည်သဖြင့် အလုပ်တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်တော့ ကိုယ်တိုင်လည်း ဝါသနာပါသည့် အလုပ်မျိုးကိုသာရွေးချယ်လိုခဲ့သည်။ တစ်ဦးတည်းသောသမီးလည်းဖြစ်၊ ဖခင်ဖြစ်သူကလည်း လူဝတ်ကြောင်ကို စွန့်လွှတ်ကာ သာသနာ့ဘောင်သို့ အပြီးဝင်ရောက်သွားတာမို့ အဒေါ်ဝမ်းကွဲတစ်ယောက်ကိုသာ အဖော်ပြုစရာ ရှိတော့သော ဂျင်ဂျာသည် အမျိုးသမီးများများနှင့် ပတ်သက်ဆက်ဆံရမည့် အလုပ်ကိုသာလုပ်ဖို့ ဆုံးဖြတ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုးမကွာ အိမ်မကွာလည်းဖြစ်၊ အမျိုးသမီးတွေနဲ့သာ ပတ်သက်ရသောအလုပ် ဖြစ်တာကြောင့် Ginger Fitness Center ကို အောင်မြင်အောင် ကြိုးစားဖွင့်လှစ်ခဲ့သည်။ နောက်တော့ အဆီချပေးသည့် ဝန်ဆောင်မှု၊ ခန္ဓာကိုယ်အစိတ်အပိုင်း အမျိုးမျိုးလှပအောင် ပြုပြင်ပေးသည့် ဝန်ဆောင်မှုတို့ကို ဆက်တိုက်လုပ်ခဲ့ပြီးမှ အခုနောက်ဆုံး Beauty Saloon နှင့် Spa ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့တာမှ သိပ်မကြာသေးချေ။ အားလုံးသောလုပ်ငန်းတွေကို အောင်မြင်အောင် ကြိုးစားခဲ့သည်မှာ နေ့ချင်းညချင်း အောင်မြင်လာခဲ့တာတော့ မဟုတ်။ အတိုက်အခိုက်တွေ အခက်အခဲတွေကြားမှာ ဆယ်စုနှစ်တစ်ခုစာ ဖြတ်ကျော်ခဲ့ပြီးမှ ခုချိန်မှာ နာမည်တစ်လုံးကို ထူထောင်ထားနိုင်တာဖြစ်သည်။ လျှောက်ခဲ့ရသော ခရီးလမ်းဟာ ကြမ်းခဲ့တာလည်းရှိ၊ ချောခဲ့တာလည်းရှိ ဒီအချိန်မှာတော့ ဖြစ်ခဲ့သမျှ အရာအားလုံးအတွက် ဂျင်ဂျာသည် ကျေနပ်လို့သာ နေပါသည်။

ဧည့်သည်အမျိုးသမီး ပြန်သွားသောအခါ ဂျင်ဂျာက ဖောင်ကို သီးသန့်ဖိုင်တစ်ခုထဲသို့ ထည့်လိုက်ကာ သိမ်းဆည်းလိုက်သည်။ နိုင်ငံခြားမှာဆိုလျှင်တော့ Celebrities တွေ ထားလေ့ရှိသည့် ကိုယ်ကာယလေ့ကျင့်ရေးဆရာပုံစံမျိုးကို ဒီမှာလုပ်တာကတော့ ဂျင်ဂျာတစ်ယောက်တည်း ရှိမည်ဟုထင်သည်။ အစတုန်းကတော့ တမင်ရည်ရွယ်ခဲ့တာ မဟုတ်ချေ။ မိတ်ဆွေတစ်ယောက်ကို အနီးကပ်လမ်းညွှန် အကြံပေးရင်းမှနေ၍ တစ်ဆင့်စကား တစ်ဆင့်နား





ပေါက်ကာ ခုလောလောဆယ်၌ အဲဒီလို ဝန်ဆောင်မှုပေးနေရတာ ဆယ်ယောက်ကျော်ရှိသည်။ သူတို့တွေရဲ့အိမ်ထောင်ရေးအကြံပေးအဖြစ်ပါ ရောက်မှန်းမသိ ရောက်နေသော ဂျင်ဂျာသည် လက်တွေ့ဘဝမှာတော့ ကိုယ်တိုင်ကအပျိုကြီးဖြစ်နေတာ ထူးဆန်းတော့သည်။

အင်း ... တကယ်တော့လည်း အသက်သုံးဆယ်ဆိုတာ အပျိုကြီးလို့လည်း ပီပီသသခေါ်လို့ မရသေးပါဘူးနော်။ ဒါပေမဲ့ ချစ်ရည်းစားကတော့ လူကို ဒီလိုပဲ သမုတ်နေခဲ့ပြီ။ သူနဲ့ကိုယ်နဲ့ဟာ တစ်နှစ်ပဲကွာတာဆိုတော့ ကိုယ်က အပျိုကြီးဆိုရင် သူလည်းပဲ လူပျိုကြီးပဲပေါ့။ ဟင်း ... ဒီလူပျိုကြီးရဲ့စိတ်ကတော့ အသက်ကြီးပြီး အချိန်မစီး အဲ ... အဲလေ ... ဟုတ်ပါဘူး၊ သူက အဲဒီလိုပြောရင် အရမ်းစိတ်ဆိုးတာကလား။ သူ့စိတ်က ခပ်နုနုဆိုသော အခုနက ဖုန်းမကိုင်တာများဆို ဘယ်လောက်တောင် ဒေါသထွက်နေမှန်းမသိ။ ကဲ ... ဒေါသထွက်တာ သူ့အလုပ်၊ ပြန်ခေါ်ရမှာကတော့ ကိုယ့်အလုပ်ပေါ့။

ဂျင်ဂျာက သူ့ဖုန်းကို ပြန်လည်ခေါ်ဆိုလိုက်သည်။ ဖုန်းဝင်သည်။ ကျေးဇူးရှင်က လက်စားချေသည့်အနေဖြင့် Busy လုပ်ပစ်လိုက်သည်။ ကဲ ... ရှိစေ ခွင့်လွှတ်တော်မူသည်။ နောက်တစ်ခါ ထပ်ခေါ်သည်။ မကိုင်ချေ၊ ထပ်မံ၍ Busy လုပ်သည်။ ကဲ ... နောက်ဆုံးတစ်ခေါက် ဒီတစ်ခါမှ မကိုင်ရင်တော့ ထပ်မခေါ်ဖို့ ဆုံးဖြတ်ထားပြီးသားပင်။ ဒါကို ရိပ်မိသောသူသည် နောက်ဆုံးတစ်ခါကိုတော့ ဖမ်းကိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

ချိုသာနူးညံ့လေစွ။ ချစ်သူရည်းစားတစ်ယောက်ကို ဖုန်းထူးသောအသံမှာ ရင်ခုန်စရာ ကောင်းလေစွ။ သူ ငယ်ငယ် တုန်းက ရည်းစားထားခဲ့ရင် ဒီလိုလေသံမျိုးနဲ့ ဖုန်းထူးလား။ ဒါဟာ သူပြောသလို Over 30 တွေမို့လို့လား။ မစဉ်းစားတတ် တော့ပြီ။ အသက်သုံးဆံယ်ကျော် ရည်းစားစုံတွဲတွေကို သီးဆစ် လုပ်ကြည့်ဖို့တော့ လိုပြီထင်၏။

"ဖုန်းခေါ်ထားလို့လေ"

"အေး ... ခေါ်တုန်းက ဘာလို့ ဖုန်းကိုပိတ်ပစ်လဲ။ ပိတ် ပြီးမှ ဘာလို့လာခေါ်နေရတာလဲ"

"ရော် ... အဲဒီတုန်းက မအားဘူးလေ။ မအားလို့ မအား တဲ့အကြောင်း အသိပေးတာပဲ။ Busy ကိုနှိပ်တာ တကယ် မအားလို့ပဲဥစ္စာ"

"မဆိုင်ပါဘူး။ အဲဒါ ဖုန်းကိုမကိုင်ချင်လို့ ပိတ်ပစ်တယ် ဆိုတာ လူတိုင်းသိတယ်"

"ကျွတ် ... အဲဒါက လူတွေလွဲမှားနေတဲ့ အယူအဆပဲ။ ဖုန်းကိုတီထွင်ထားတဲ့ ကုမ္ပဏီကိုပဲမေးမေး၊ မြန်မာ့ဆက် သွယ်ရေးကိုပဲမေးမေး၊ အဲဒီခလုတ်ကိုနှိပ်ပစ်တာဟာ ဖုန်း ကိုင်ဖို့ အဆင်မပြေဖြစ်တဲ့အကြောင်း တစ်ဖက်ကို အသိပေး တာပဲ"





"တော်စမ်းပါကွာ၊ မင်းရဲ့တစ်ကိုယ်ရေအတွေးတွေနဲ့လှည့် ပတ်ပြီး လျှောက်ပြောမနေစမ်းပါနဲ့။ ဖုန်းမကိုင်ချင်လို့ပိတ် တာဟာ ပိတ်တာပဲပေါ့"

"မကိုင်နိုင်တဲ့ အခြေအနေမို့လို့ မကိုင်တာပဲလေ"

"ကဲ ... အခု ဆက်နေတာ အဲဒါကို ပြန်လည်ဖြေရှင်းဖို့ ဆက်နေတာလား"

"နိုး ... ရှင် ဖုန်းခေါ်တဲ့ကိစ္စကို မေးနေတာ"

"အဲဒီတုန်းကတော့ မပြောမလို့ဘဲ၊ ဒါပေမဲ့ ခုတော့မပြော ချင်တော့ဘူး"

ရယ်ချင်လွန်းသဖြင့် ဂျင်ဂျာက နှာခေါင်းမှ လေ ထွက်ရုံ ဟင်းခနဲ ရယ်မိသည်။ ယောကျ်ားတွေဟာ မရခင်က တစ်မျိုး ရပြီးတော့တစ်မျိုးဆိုတာ တကယ်ပဲလား။ တခြားယောကျ်ား တွေကိုတော့ သိမ်းကျုံးမပြောချင်။ ဒီယောကျ်ားကတော့ တကယ် ပဲ အဲဒီပုံစံဖြစ်တော့သည်။ အရင်တုန်းက သည်းသည်းလှုပ် ဖူးဖူး မှုတ်ခဲ့သည်မှာ သူ မဟုတ်တော့တဲ့ အတိုင်းပင်။

"ပြီးရောလေ။ ပြောချင်စိတ် မရှိရင်လည်း မပြောနဲ့တော့ ပေါ့"

သူ့ဘက်မှ ခေတ္တနှုတ်ဆိတ်သွားပြီးနောက် ခပ်ဆတ် ဆတ်အသံ ထွက်လာသည်။

"ကိုယ် ဖုန်းခေါ်ထားတုန်းက ဖုန်းကိုချပစ်လိုက်တာ မင်း နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ။ အဲဒါ ကက်စတန်မာနဲ့ စကားပြောနေလို့ပို့ ပြောပြီးပြီပဲ။ ဘာလဲ ... ရှင်က မယုံတာလား"

"ယုံတာ မယုံတာထက် ဒီအချိန်မှာ မင်းကို ကိုယ်တင်းနေတယ်လေ၊ ဒါကို မင်းက ချော့ဖို့စိတ်ကူးနည်းနည်းမှ မရှိတော့ဘူးလား"

"ကျွန်မက ! ...၊ ရှင့်ကို ! ... ဟာ ... အဟား ဟား"

ဂျင်ဂျာသည် တကယ်ကိုပဲ ရယ်ချင်လာစိတ်ဖြင့် တဟားဟား အော်ရယ်မိတော့လေသည်။ ကြည့်စမ်းပါဦး၊ ဒါ ဂျင်ဂျာထက်တောင် တစ်နှစ်ကြီးတဲ့ ချစ်သူရည်းစားတဲ့။ သူက ဂျင်ဂျာရဲ့အချော့ကို ခံချင်တာတဲ့။ အိုး ... ဘာကြီးလဲ၊ ကမ္ဘာလောကကြီးရယ်။

"ဂျင်ဂျာ ... ကိုယ် တကယ်ဒေါသထွက်လာပြီနော်"

"ရော် ... ဒါဆို အခုနကတော့ အကယ်ဒမီပေါ့ ... ဟုတ်လား"

"တော်ပြီကွာ ... ဆက်မပြောတော့ဘူး ... ဒါပဲ"

"အိုး ... နေဦးလေ။ ရှင်ကလည်း ဒေါနချည်းပဲ။ တစ်ခါတလေတော့လည်း စံပယ်ပင်လေး ဘာလေးလဲ စိုက်ဦးမှပေါ့ရှင့်"

သူက ကျစ်ခနဲ စုတ်သပ်ကာ ဖုန်းကို တကယ်ပဲ ချသွားတော့သည်။ ဂျင်ဂျာသည် ဖုန်းမျက်နှာပြင်ကို စိုက်ကြည့်ရင်းမှ ခေါင်းကိုပဲ အသာယမ်းကာ ပြုံးနေမိတော့သည်။ အင်း ...





တတ်လည်းတတ်နိုင်တဲ့ ရည်းစားချောပါပဲ။ မသိသေးသူတွေအဖို့တော့ ဒီလိုမျိုး ပြောချင်ရာပြောပြီး ဖုန်းချသွားတတ်တဲ့ ယောက်ျားကိုများ ရည်းစားတော်ထားရသလားဟု တွေးကောင်းတွေးမည်။ ဒါပေမဲ့ သံယောဇဉ်အထပ်ထပ်နှင့် ဖွဲ့တည်ထားသော အချစ်ကြိုးပိုင်ရှင်တွေအတွက်တော့ ဒီစကားဟာ ဘာမှခံစားစရာ မရှိပါ။

တည်မြဲနဲ့ ဂျင်ဂျာဆိုတာ မနေ့တစ်နေ့ကမှတွေ့ပြီး ချစ်ကြိုက်ခဲ့ကြသူတွေ မဟုတ်ဘူးလေ။ ဆယ်တန်းလောက်တည်းက သံယောဇဉ်ရှိခဲ့ကြပြီး တက္ကသိုလ်ပထမနှစ်မှာပဲ ရည်းစားဘဝသို့ ရောက်ရှိခဲ့ကြသူတွေဆိုတော့ ရည်းစားသက်တမ်းကပဲ ဆယ်နှစ်ကျော်ရှိခဲ့ပြီ။ ဒီတော့ နှစ်ယောက်သားဟာ ပြောမနာ ဆိုမနာ ရည်းစားကြီးတွေကိုဖြစ်လို့ ဆိုတာမျိုးပင်။ ဒီလို ကြာလာလို့လည်း ရိုးသွားပြီလို့ မထင်ကြစေကုန်။

အချစ်ဆိုတာ ကြာလေနုပျိုလေဆိုတာ ပရိသတ်များ လက်ခံမယ် မဟုတ်လားရှင်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၂

တည်မြဲက လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီးနောက် ကြက်ခြောက်ကြော်တစ်ဖတ်ကို ကောက်ဝါးလိုက်စဉ်မှာပဲ စားသောက်ဆိုင်ထဲသို့ လှုပ်လီလှုပ်လဲ့ ဝင်ရောက်လာသော မြင့်မြတ်ကို ဒီနေရာမှာ ရှိနေသည်ဟု လက်တစ်ဖက်လှမ်းပြလိုက်တော့ မြင့်မြတ်က လက်ပြန်ပြကာ လျှောက်လာသည်။ အနားမှာဝင်ထိုင်လိုက်သော မြင့်မြတ်က သူ့ကို မျက်နှာချိုသွေးစွာဖြင့် ဟဲခနဲ ရယ်ပြလိုက်ကာ ...

"ဆောရီးကွာ ... နည်းနည်းနောက်ကျသွားတယ်။ ထွက်ခါနီးကျမှ လေပြေက ဖုန်းဆက်နေလို့"

"ဖုန်းဆက်တော့ရော ဘာဖြစ်လဲ။ အပြင်သွားလိုက်ဦးမယ်ဆိုပြီး ချပစ်လိုက်ပေါ့"

မြင့်မြတ်က သူ့စကားကို ထိတ်လန့်စရာ စကားတစ်ခွန်းအလား ပခုံးတွန့်ပြကာ ခေါင်းတခါခါ လည်တခါခါဖြင့် ပြန်ပြောသည်။





"အမယ်လေး ... မလုပ်ပါနဲ့၊ မင်းတို့လို နားလည်မှုတွေ သံယောဇဉ်တွေနဲ့ အထပ်ထပ် ရစ်ဖွဲ့ထားတဲ့ ချစ်ခြင်းမျိုး မဟုတ်သေးလို့ပါကွာ"

"ဘာရယ် ! ဘာစကားပြောလိုက်တာလဲ၊ ပြန်ပြောစမ်းပါ"

သူ့စကားကို မြင့်မြတ်က မျက်လုံးပြူးပြီး ပြန်ကြည့်ကာ အနားမှာရောက်လာသော ဝိတ်တာကို Tiger တစ်ခွက်မှာသည်။ ပြီးတော့ ဂဏန်းပျော့တစ်ပွဲမှာကာ သူ့ဘက်သို့ ပြန်လှည့်ကြည့်ရင်းမှ ...

"ဟုတ်တယ်လေ၊ မင်းက မင်းလို အချိုးမျိုးချိုးဖို့ ငါ့ကို ပြောနေတာ မဟုတ်လား။ မင်းလိုမျိုး ဂျင်ဂျာနဲ့ စကားတွေများ ရန်ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် မင်းကဦးအောင် သူ့ကို ဖုန်းပိတ်ချပစ်ချင်ပစ်မယ်၊ စသဖြင့်ပေါ့ ...

သူကလည်း မင်း ဒီလိုလုပ်လို့ ဆတ်ဆတ်ခါနာပြီး စိတ်ဆိုးစိတ်ကောက်တဲ့အထဲမှာ မပါဘူးလေ။ ဖိုးငယ်ငယ် မင်းတို့ သမီးရည်းစား စ,ဖြစ်ခါစကတော့ ဒါမျိုးတွေဘယ်ရှိမလဲ။ အချိန်တွေ ကြာလာတာနဲ့အမျှ မင်းတို့ချင်းကြားမှာ နားလည်မှုတို့ သံယောဇဉ်တို့က ရှိနေတော့ သေးသေးမွှားမွှားလေးတွေမှာ ပြောစရာမလိုတော့ဘူးပေါ့"

"တော်စမ်းပါကွာ"

သူက စိတ်ရှုပ်စွာနှင့် ဟန့်တားလိုက်ပြီးနောက် ရှေ့မှဘီယာခွက်ကို ကောက်မော့ပစ်လိုက်သည်။ အလကား ...



www.burmeseclassic.com

www.burmeseclassic.com



ဘာနားလည်မှုလဲ။ ဘာသံယောဇဉ်လဲ။ တစ်ခါတစ်ရံမှာ နားလည်မှုနဲ့ ဥပေက္ခာဆိုတာ ဆင်တူယိုးမှား ပုံစံကွဲတတ်သေးတယ် ဆိုတာလည်း လူတွေမှ မသိတာ။ သူမရဲ့အလုပ်မှအလုပ်၊ Gniger Beauty land ကြီးသာ အရှေ့တောင်အာရှမှာ အအောင်မြင်ဆုံး အင်ပါယာဖြစ်ဖို့ အာရုံစိုက်နေသူမို့ သူ ဘာပြောပြော ဘာလုပ်လုပ် မမှုတာကို နားလည်မှုနှင့် သံယောဇဉ်ဟု သူကတော့ အထင်မကြီးလိုပါ။

လူတွေအမြင်မှာတော့ ဂျင်ဂျာက နားလည်ခွင့်လွှတ်တတ်သူ၊ သဘောကြီးလွန်းသူဟု လူတွေက မှတ်ချက်ပေးကြမည်။ သူကတော့ အဲဒီလိုကို မထင်တော့ပါ။

အချစ်ဆိုတာ ပစ်ထားလို့ရတဲ့ ပလတ်စတစ်ပန်းအတုတွေလိုမှ မဟုတ်တာ။ သူ့ကို အမြဲတမ်း ဂရုစိုက်ပြီး ရေလောင်းပေါင်းသင်ပေးမှသာ လန်းဆန်းမွှေးပျံ့တဲ့ပန်းပွင့်တွေ ပွင့်နိုင်မှာ မဟုတ်လား။ ဒါကို ဒီအမျိုးသမီးက မသိ။ အချစ်ဆိုတာ တစ်ခါဆွတ်ခူးပြီးသွားရင် ဒီနေရာမှာပဲ တစ်သမတ်တည်း တည်မြဲနေလိမ့်မည်ဟု ထင်နေတာဖြစ်သည်။ ဟူး ... ခက်လိုက်တာနော်။

"မင်းနဲ့ သူနဲ့ကြားမှာ ပြဿနာတစ်စုံတစ်ရာများ ရှိနေလို့လား။ အေး ... ငါသိသလောက်ကလည်း မင်းတို့က အမြဲတမ်း ပြဿနာတက်နေတာပဲ မဟုတ်လား ...

ဒါပေမဲ့ ဒါကလည်း a piece of cake ပဲလေ၊ ဟုတ်ဖူးလား"





သူက အဲဒီစကားကိုတော့ ဟင်းခနဲမြည်အောင်ပင် ရှုံ့မဲ့ပစ်လိုက်သည်။ ပြီးတော့ ဝက်နံရိုးကင်တစ်ဖတ်ကို ကောက်ဝါးရင်းမှ ...

"အစကတော့ a piece of cake ပေါ့ကွာ၊ ဒါပေမဲ့ ဒီပြဿနာရဲ့စကားပုံကို မြန်မာစကားပုံ ပြောင်းပစ်ရတော့မှာကွာ။ သိလား ...

အပျက် အပျက်နဲ့ နာခေါင်းသွေးထွက်တယ်ဆိုတဲ့ စကားလိုပဲ။ အစကတော့ နောက်ရင်း ပြောင်ရင်းပဲ။ ပြီးတော့မှ တကယ်အထိနာလာမှန်းသိတာ"

"ဟာ ... ဟာ ... မင်းဟာက ကြားရတာ မထိတ်သာ မလန့်သာ ရှိလိုက်တာကွာ။ ဘာတွေလဲကွာ ... မင်းတို့ကြားမှာ ဘာတွေ တကယ်ဖြစ်နေတာလဲ"

"အခုနောက်ပိုင်းမှာ သူ ငါ့ကို ဂရုမစိုက်တော့ဘူးလို့ ခံစားလာရတယ်၊ အဲဒါက နံပါတ်တစ်အချက်၊ နေဦး ... ဖြတ်မပြောနဲ့ဦး။ ငါပဲ ဆက်ပြောမယ် ...

ဂရုမစိုက်တော့ဘူးလို့ ခံစားလာရတာက ခံစားမှုသက်သက်ပဲ။ ဒါပေမဲ့ အဲဒါကို သေချာသိချင်လို့ ငါဆန်းစစ်တယ်။ အကဲခတ်တယ် ...

တကယ်ပဲ အဲဒီလို ဖြစ်နေတယ် မြင့်မြတ်။ သူ့ဖီလင်တွေက ငါ့အပေါ်မှာ နွေးထွေးမှု မရှိတော့ဘူး။ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ ထင်နေသလို နားလည်မှုအပြည့်နဲ့ သံယောဇဉ်နဲ့ရှေ့ဆက်နေတာ မဟုတ်ဘူး"

ပြတ်ပြတ်သားသား ပြောလိုက်သော သူ့ရဲ့စကားသံအဆုံးတွင် မြင့်မြတ်က သူ့ကို ဘာအံ့တသြပုံစံနှင့် စိုက်ကြည့်နေသည်။ သူက အဲဒါပဲဟူသော ပုံစံဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်ပြီးမှ ...

"မင်းတို့သိအောင် ပြောပြရရင် တစ်ခါတစ်ရံမှာ နားလည်ပေးထားတာနဲ့ ဥပေက္ခာပြုထားတာကလည်း ဆင်တူယိုးမှားနဲ့ ပုံများရှိက်တတ်တယ်ကွ ...

ပြောတာ သဘောပေါက်လား။ အကြောင်းအရာတစ်ခုကို နားလည်ပေးလို့ စိတ်မဆိုးဘူး ဆိုတာနဲ့ ဒီလူကိုခေါင်းထဲမှာ သိပ်အုံးမစားတော့လို့ Neglect လုပ်ထားတာမတူဘူးကွ"

"ဘာလဲ ? ။ မင်း ပြောချင်တာက ဂျင်ဂျာက မင်းကို Neglect လုပ်ထားတယ်။ အရေးမစိုက်တော့ဘူးလို့ ပြောချင်တာလား"

"လုံးဝ မလွဲဘူး"

သူ့စကားအဆုံးတွင် မြင့်မြတ်က ဟင်းခနဲ သက်ပြင်းချသည်။ ပြီးတော့ မသက်မသာဟန်ဖြင့် ဘီယာကိုတစ်ကျိုက်ကောက်မော့ပြီးမှ သူ့ကို စကားပြန်ပြောသည်။





"မင်းတို့တွေကလည်းကွာ၊ ဒါမျိုးဆိုတာ ကြာလာရင်ဖြစ်တတ်တဲ့ အကြောင်းအရာတွေပါ။ မင်းတို့ရဲ့ရည်းစားသက်တမ်းကပဲ ဘယ်လောက်ကြာပြီလဲ၊ ဒီလောက်သက်တမ်းကြာနေမှတော့ ဒီလိုမျိုး ထင်ယောင်ထင်မှား ဖြစ်စေတဲ့ကိစ္စတွေ စ,ပြီပေါ့ကွ ...

ဒီအချိန်မှာ မင်းတို့က ယူသင့်နေပြီပဲဟာ။ နှစ်ယောက်စလုံးက ကိုယ့်အလုပ်အကိုင်နဲ့ကိုယ်လည်း အောင်မြင်နေကြပြီပဲ။ အဲဒီလိုတွေ လျှောက်တွေးမနေနဲ့။ လက်ထပ်ဖို့ စဉ်းစားတော့"

"ဟာ ... ဒီမှာတောင် သူနဲ့ပတ်သက်ပြီး ဂေါက်နေရတဲ့အထဲ လက်ထပ်ဖို့ကို လာပြောနေရသေးတယ်။ ဒီမှာ ... လက်ထပ်ဖို့ဆိုတာ နောက်ထားဦး ...

သူနဲ့ ငါ့ကြားမှာ အရင်လို အခြေအနေမျိုး ပြန်ဖြစ်သွားဖို့တောင် မသေချာချင်တော့ဘူး"

"ဟာ ... တည်ကြီးရာ၊ မင်းက ဘာတွေလဲကွာ။ ယောကောင်မင်း ငါမလာခင်က အပြင်းတွေချပြီး မူးနေတာတော့ မဟုတ်ပါဘူးနော် ...

မင်း လျှောက်,လျှောက်မပြောနဲ့ သူငယ်ချင်း၊ ဒီစကားမျိုးကို ငါ့ရှေ့မှာပြောတာ ဘာမှမဖြစ်ဘူး။ သူများတွေရှေ့မှာတော့ လုံးသွားမပြောမိစေနဲ့ ...

မင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်က စုတ်တသပ်သပ်နှင့် မျက်စိမျက်နှာပျက်နေသလောက် သူကတော့ ခပ်အေးအေးပဲ ဝက်နံ့ရိုးကင်ကို ကောက်ဝါးကာ မြင့်မြတ်ကို ခပ်အေးအေးကြည့်မိသည်။

"လုံးဝမမူးဘူး။ ရစ်နေတာလည်း မဟုတ်ဘူး။ အချစ်ဆိုတာ ကြာလာရင် အေးစက်သွားတယ်ဆိုတဲ့ စကားမျိုးကို မင်းလည်း ကြားဖူးမှာပဲ ...

ငါတို့ရည်းစားသက်တမ်းက ဘယ်လောက်လဲ။ ဆယ့်ရှစ်နှစ်မှာ သူနဲ့ငါ ရည်းစားဖြစ်တယ်။ အေး ... ခု ငါ့အသက်က သုံးဆယ့်တစ်၊ ဆယ့်သုံးနှစ် ရှိနေခဲ့ပြီ။ နော် ... မင်းပြောသလို နားလည်မှုတွေ သံယောဇဉ်တွေ ဘားဂရပ်မှာ မြင့်တက်လာသလားတော့ မပြောတတ်ဘူး။ တကယ်ဖြစ်နေတာကတော့ သူနဲ့ငါ့ကြားမှာက အလေးမထားတော့မှုတွေပဲ ...

အေးပေါ့လေ၊ ပြောရရင် ငါ့ကို အလေးမထားတာက သူပဲ"

"ဟား ... ပြဿနာပဲ။ မင်းတို့ကိစ္စ ကြားရတာ တကယ်ပဲစားလာပြီကွာ။ ငါ သိရသလောက်ကတော့ ဂျင်ဂျာက မင်းကို ချစ်ပါတယ်။ မင်းနဲ့ ချစ်သူဖြစ်လာတဲ့ သက်တမ်းတစ်လျှောက်မှာ မင်း တစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုးနိုး ချစ်နေခဲ့တာ မဟုတ်လား။ သစ္စာရှိရှိ ချစ်နေခဲ့တာပဲမဟုတ်လား"





သစ္စာရှိရှိဆိုသော စကားအရောက်တွင် သူက မဲ့ပြုံးတစ်ချက်ပြုံးမိကာ ဘီယာကို တစ်ကျိုက်ကောက်မော့ရင်း မျက်လုံးထဲတွင် ဂျင်ဂျာ၏ပုံရိပ်အချို့ကို ပြေးမြင်ယောင်လာမိသည်။ သူစတင်သိရှိခဲ့သော ဆယ့်ခြောက်နှစ်အရွယ် ကောင်မလေးတုန်းကတော့ ချစ်စဖွယ် ပါးဖောင်းဖောင်းလေးများနှင့် နုနုထွားထွားခန္ဓာကိုယ်ကို ပိုင်ဆိုင်ကာ ရင်ခုန်ဖွယ်အတိ ဖြစ်ခဲ့သည်။

အဲဒီကနေ တက္ကသိုလ်တက်၊ မယ်ပြိုင်ပွဲတွေဝင်၊ မော်ဒယ်ဆိုတာလည်း ခဏတဖြုတ် လုပ်လိုက်သေးသော သူမရဲ့ဖြတ်သန်းရာဘဝတစ်လျှောက်တွင် သူသည်လည်းပဲ သူမနှင့်အတူစီးမျောလိုက်ပါခဲ့ဖူးသည်။ အဲဒီတုန်းကတော့ သူတို့ရဲ့ချစ်သူဘဝဟာ တကယ်ကိုပဲ ပျော်ရွှင်ဖွယ်ကောင်းခဲ့ပါသည်။ အသက်တွေဆိုတာလည်း ရှိလှမှ နှစ်ဆယ်စွန်းစတွေပေါ့။

နောက်ပိုင်းမှာတော့ စီးပွားရေးဘက်ကို စတင်စိတ်ဝင်စားလာသော ဂျင်ဂျာသည် အောင်မြင်မှုရဲ့အရသာတစ်ချို့ကို မြည်းစမ်းကြည့်ဖူးသွားသောအခါ အဲဒီဘက်ကို လုံးဝအရှိန်ပါသွားတော့သည်။ ဒါကလည်း အစောပိုင်းကာလတွေမှာ သိပ်မသိသာသေးချေ။ အခုနောက်ပိုင်းတွေမှာ သူမကို သူ သတိထားကြည့်မိခဲ့သည်။ သူမဟာသူမ အရှိန်နဲ့သွားနေသော ကိစ္စများတွင် သူမပါဝင်တော့ဘူးဆိုတာ တစ်နေ့တခြား သိမြင်လာခဲ့သည်။ သူမဟာသူမ အလုပ်တွေလုပ်သည်။ အောင်မြင်သည်။ ဒါတွေကို သူ့



www.burmeseclassic.com

www.burmeseclassic.com



အား အားတက်သရော ပြန်ပြောနေခဲ့သော်လည်း အဲဒါဟာ သူ့ကို မျှဝေခံစားစေတာ ဆိုခြင်းထက် သူမရဲ့အရည်အချင်းကို ဂုဏ်ယူတာကပိုသည်။

မမိုက်ပါ။ လုံးဝ မမိုက်ပါ။ ဂျင်ဂျာ မမိုက်တော့တာ တော်တော်ကို ကြာခဲ့ပြီ။

"ဒီမှာ မြင့်မြတ်။ ငါ တစ်ယောက်တည်းကို သစ္စာရှိရှိ ချစ်နေတယ်ဆိုတာ လွန်ခဲ့တဲ့ သုံးလေးနှစ်အထိတော့ ဟုတ်ကောင်း ဟုတ်လိမ့်မယ် ...

ဒါပေမဲ့ ဒီနောက်ပိုင်းမှာတော့ သူ သစ္စာရှိရှိချစ်တာ ဟာ သူ့အလုပ်ပဲ။ ငါ အပါအဝင် ယောကျာ်းအားလုံးကို စိတ်မဝင်စားလို့ ဒီတိုင်းပဲ နေ့,နေတာကို ငါ့ကို သစ္စာရှိရှိ ချစ်တယ်လို့ မင်း ဆိုလိုချင်သေးလား"

သူ့စကားအဆုံးတွင် မြင့်မြတ်က သူ့ကို မျက်လုံး ပြူးကြီးဖြင့် စိုက်ကြည့်နေသည်။

"ခက်တော့ ခက်တယ်ကွာ၊ မင်းတို့တွေက ဘေးလူတွေဆို တော့ ငါပြောတာကို ရှင်းရှင်းလင်းလင်း သိချင်မှသိမယ်။ နောက်ပြီး နားလည်နိုင်မှလည်း နားလည်မယ် ...

ငါ သူ့ကို သတိထားမိနေတာကြာပြီ။ သူ့စိတ် ဝိညာဉ်တွေက ငါ့ဆီမှာ မရှိတော့ဘူး"

"ဒါဖြင့်ရင် ဘယ်သူ့ဆီမှာလဲ"





"သူ့ကိုယ်သူဆီမှာပဲ။ ဂျင်ဂျာဆိုတဲ့ သူ့ကိုယ်သူဆီမှာ။ နောက် ... သူ့အလုပ်ဆီမှာ၊ သူ့ကက်စတန်မာတွေဆီ မှာ။ ဒါပဲကွာ။ ပျော်စရာကောင်းတဲ့ ချစ်သူဘဝမျိုး သူနဲ့ ငါ့ကြားမှာ မရှိတော့ဘူး ...

ဘာလဲကွာ၊ ညတိုင်း ဖုန်းပြောတာမျိုး၊ သတိတရ မက်ဆေ့ချ်ပို့တာမျိုး ဘာမှမရှိဘူး။ လူချင်းဆိုတာလည်း တစ်ပတ်မှာ တစ်ခါတောင် မတွေ့ဖြစ်တော့ဘူး။ တွေ့ရင် ရော ဘာပြောလဲ။ ဒေါ်လာဈေး ကျတယ်နော်၊ ဟား ... လက်ထဲထားလို့ကတော့ လုံးဝမတန်ဘူး။ ရွှေဈေးကတက် လိုက်တာဟယ်၊ ဝယ်ထားတာတောင် နည်းနည်း, နည်းသွား တယ် ...

ခုတလော လိုက်အေ့ချ်အဖြူအလုံးကြီးတွေ အရမ်း သွက်နေတယ်နော်၊ တစ်စီးလောက်ဝယ်ထားရင် ကောင်း မလား မသိဘူး။ ဒါမျိုးတွေချည်း လာတာ။ ငါက သူ့ လက်လေး ဆုပ်ကိုင်ပြီး ဂျင်ဂျာ ကိုယ့်ကိုမနေ့ညက လွမ်း မိသေးလားဆိုရင် ငါ့မျက်နှာကြီးကို စိုက်ကြည့်ပြီး တဟား ဟားနဲ့ အော်ရယ်တော့တာ ...

တောက် ... လုံးဝကဗျာမဆန်တော့တဲ့ ရည်းစား ကြီးပါကွာ"

သူက ဂျင်ဂျာပြောသော စကားတွေကို ဂျင်ဂျာ့အိုက် တင်နှင့် လုပ်ပြသဖြင့် မြင့်မြတ်က တဟားဟားနှင့် ခွက်ထိုးခွက်

www.burmeseclassic.com

www.burmeseclassic.com



လန် အော်ရယ်တာကို ကြုံရသည်။ ရယ်ပါစေ။ မသိတဲ့လူတွေက တော့ တကယ်ပဲ ရယ်စရာ ဖြစ်နေမှာပဲလေ။ သူ့မှာသာ မငိုနိုင် မရယ်နိုင်နှင့်။

ဘာလအော့လအယ် ဗီလင်ကြီးမှန်းမသိ ခံစားနေတာ မဟုတ်လား။

"ဒါမျိုးတွေက ဖြစ်တတ်ပါတယ်ကွာ။ အထူးသဖြင့် ရည်းစားသက်တမ်းရှည်ကြာလာဟဲ့သူတို့၊ အိမ်ထောင်သက်ရလာတဲ့ လင်မယားတွေမှာတို့ စသဖြင့်ပေါ့၊ တစ်ယောက်ယောက်ကတော့ အချစ်တွေဟာ နွေးထွေးမှုမရှိတော့ဘူးလို့ ထင်ကြတာပဲ ...

မင်းကသာ ခုလို ထင်နေတာ။ ဂျင်ဂျာကတော့ အဲဒီလို တွေးချင်မှတောင် တွေးမိမှာ"

"ဘယ်တွေးမလဲ။ သူက အဲဒါကိုက ပုံမှန်မဟုတ်တာပေါ့ ကွ။ မင်း စဉ်းစားကြည့်လေ။ မိန်းမဆိုတဲ့ အမျိုးက နေရင်းထိုင်ရင်း သဝန်တိုတတ်တဲ့အမျိုး။ ချုပ်ချယ်တတ်တဲ့ အမျိုး ...

ငါဆိုတဲ့ကောင်က အရင်က ဘယ်လောက်ဖွလဲ။ အရင်မပြောပါနဲ့ ခုလည်း ဖွဲဆဲပါပဲ။ ဒါပေမဲ့ တစ်စက်လေးမှ သူ စိတ်မပူဘူးနော်။ ငါ့ကို လုံးဝစိတ်မချတဲ့အထာမျိုး ရှိကိုမရှိတာ။ ဒါသည်လည်း သူ့ကိုယ်သူ ဂဏန်းငြိမ်ပြီးသားလို့ ထင်လို့နေမှာပေါ့"





"မင်းကလည်းကွာ၊ မင်းကို သဝန်မတိုတာဟာ သူ မင်းကို ယုံကြည်လို့နေမှာပေါ့။ အမယ်လေး ... သဝန်မတိုတာကိုများ စိတ်တိုနေတဲ့သူက ရှိသေးရတယ်။ သဝန်တိုတာကို လိုက်ဖြေရှင်းရတာလောက် စိတ်ညစ်ဖို့ကောင်းတာ မရှိဘူး ...

တည်မြဲရာ ... မင်းစိတ်က လျှောက်ထင်နေတာနေမှာပါကွာ။ မဟုတ်နိုင်ပါဘူး။ ဒါကြီးကို စိတ်ထဲမှာ တအားကြီး ထည့်မထားပါနဲ့။ ဂျင်ဂျာလောက် Nearly Perfect ဖြစ်တဲ့ မိန်းကလေး ရှိဦးမလား။ မိန်းမတစ်ယောက် အနေနဲ့ ခံစားချင်စရာအာရုံ အပြည့်နဲ့ကွာ။ မင်းကလည်း"

မြင့်မြတ်က နောက်ဆုံးစကားကို မစားရဝခမန်းလေသံနှင့်ပြောလျှင် သူက ဘာအဓိပ္ပာယ်နှင့် ပြောမှန်းသိသည်မို့ မျက်စောင်းတစ်ချက် ထိုးမိမလို ဖြစ်သွားသည်။ ဂျင်ဂျာဟာ ငယ်စဉ်အခါတုန်းက မယ်ဘွဲ့တွေ သုံးလေးဆု ဆွတ်ခူးရခဲ့ဖူးသောသူ ဖြစ်တာနဲ့အညီ ကိုယ်လုံးကိုယ်ပေါက်က ပုရိသတို့အကြိုက်ပြောစရာမရှိခဲ့။

နောက်တော့ မော်ဒယ်လိုင်း ပြောင်းလိုက်တာမို့ ရေဆေးငါးကြီးဘဝကနေ ငါးရံ့ကိုယ်လုံး ဖြစ်သွားခဲ့တာလည်း သူ့ရှေ့တင်ပဲမို့ သူအတွက် စိတ်ဝင်စားဖွယ်ရာ အလှည့်အပြောင်း တစ်ခု ဖြစ်ခဲ့တာကို မှတ်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာလည်း ဂျင်ဂျာဟာ မိန်းမတစ်ယောက်ရဲ့ အလှပဆုံးအချိန်ဖြစ်သော အသက်သုံးဆယ်အရွယ်ကို ဖြတ်ကျော်ဆဲမို့ ဘယ်နေရာကမှ မလှပဘူးဆိုတာ မရှိပါ။ နဂိုရှိပြီးသား ရုပ်ရည်ကိုမှ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနေလျှင် အလှဆုံးဖြစ်မည်ဆိုတာကိုပါ သိထားသော မိန်းမတစ်ယောက်မို့ အဆင်းရန့်ကတော့ ပြောစရာမလိုခဲ့ချေ။ ဒါပေမဲ့ ခက်တာက ကိုယ့်ကိုယ်ကိုယ် ဘယ်လိုလှအောင်နေရမယ် ဆိုတာကိုသိသော မိန်းမသည် အချစ်ကိုတော့ ဘယ်လိုလှပအောင် လမ်းကြောင်းဖော်ဆောင်ရမလဲ ဆိုတာကိုတော့ မသိတာက ဆိုးလွန်းလှသည်။

"အေး ... အဲဒီခံစားချင်စရာတွေကလည်း မင်းသာဆိုရင်ရော၊ အငွေ့ကိုပဲ စားမလား ဟော့ကောင်"

"ဟာ ... ဒီလိုကြီးလား။ မင်းက အနံ့ပဲရှူရတဲ့ အဆင့်လား။ မင်းကွာ ရည်းစားသက်တမ်း ဆယ့်သုံးနှစ်မှာတောင် အနံ့ရှူတဲ့အဆင့်ဆိုတော့ မင်းအခြေအနေက တော်တော်ဆိုးနေခဲ့ပြီ ...

ဟား ဟား ... ဒီနေရာမှာတော့ ငါက မင်းထက်သာသွားပြီကွ။ ညိုယူပေါ့ကွာ။ ညိုကြပေါ့ ... ဟီး ဟီး ... ညှိနှိုင်းတဲ့ အလုပ်ဆိုတာ ပဲပြုတ်သည်ကစလို့ ကမ္ဘာခေါင်းဆောင်ကြီးတွေအထိ လက်ခံကျင့်သုံးနေကြတဲ့ အမှုအကျင့်ပဲ။ မင်းတို့လည်း ညိုကြည့်ပါကွာ ... ဟား ဟား ဟား"





မြင့်မြတ်က နောက်ဆုံးတော့လည်း သူ့စကားကို ရည်ပွဲဖွဲ့ရင်းနဲ့သာ အဆုံးသတ်သွားတော့သည်။ သူကလည်းအောင့်သီးအောင့်သက်နဲ့မို့ ဘာစကားမှ ထပ်ပြောချင်စိတ် မရှိတော့ချေ။ ခုလောလောဆယ်မှာ သူပြောသောစကားတွေကိုလည်း ဘယ်သူကမှ လက်ခံနိုင်ဦးမှာမဟုတ် ဆိုတာကိုလည်း သူ သိနေ၏။

ဒီကိစ္စဟာ မြင်တာထက် အများကြီးနူးညံ့သိမ်မွေ့ခက်ခဲကြောင်း ကာယကံရှင် သူ ကိုယ်တိုင်မှတစ်ပါး ဘယ်သူမှ မသိနိုင်သေးပါ။ နောက်ဆုံး ဂျင်ဂျာသည်ပင်လျှင် သိမှာမဟုတ်။ ဂျင်ဂျာ မင်းဆီမှာ Romantic တွေ မရှိတော့ဘူးဆိုတာ မင်း သိရဲ့လားကွာ။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၃

ဂျင်ဂျာ့ဆောက အမျိုးသမီးက ကြည့်မှန်ကိုအားရပါးရ ကြည့်ပြီးနောက် ဂျင်ဂျာ့ကိုလှည့်ပြီး ပြုံးပြသည်။ အဲဒီအပြုံးထဲမှာ ကျေနပ်ခြင်းတွေ အပြည့်အဝ ပါဝင်နေတာကို တွေ့မြင်လိုက်ရသဖြင့် ဂျင်ဂျာသည်လည်း ဝမ်းမြောက်ကြည်နူးရပါသည်။ ဘယ်လိုပြောရမလဲနော်။ ကိုယ် ဖန်တီးပြုပြင်ပေးလိုက်တဲ့ အလုပ်တရားတစ်ခုဟာ အောင်မြင်ပြည့်စုံသွားသည်ဆိုလျှင် ဒါဟာ ဖန်ဆင်းရှင်တိုင်း ဝမ်းမြောက်ရသည့် သဘောပဲပေါ့။

ဒီအမျိုးသမီးက ဂျင်ဂျာ့ထံမှာ မျက်နှာအဆီလာချတာ ဖြစ်သည်။ မကြာခင်မှာ မင်္ဂလာဆောင်တော့မည့် သတို့သမီးလောင်းသည် တစ်ကိုယ်လုံးလည်း အဆီကျ၊ မျက်နှာလည်းအဆီချတာမို့ ဂျင်ဂျာက သူမကို ဂရုတစိုက် လုပ်ပေးရသည်။ မျက်နှာအဆီချတာက 1 Course ပဲ ပြီးသွားတာတောင် တော်တော်သိသာနေသဖြင့် သူမက ပျော်မဆုံး မော်မဆုံး ဖြစ်လို့နေသည်။ မှန်ကိုပဲ ကြည့်မဝဖြစ်နေကာ ...





"ဒါတောင် 1 Course ပဲ ရှိသေးတာနော် ညီမ၊ တော်တော်သိသာတယ်။ နောက်တစ်ဆင့် ထပ်လုပ်ပြီးသွားလို့ကတော့ အဟင်း ... သူတောင် မှတ်မိမှာ မဟုတ်တော့ဘူး ...

နေဦး ... အစကတော့ သူက ဝလာတယ်လို့ ပြောနေတာနဲ့ ဒီပုံကို Face Book ကနေ ပြဦးမလို့ပဲ။ ခုတော့ စိတ်ကူးပြောင်းသွားပြီ။ လေဆိပ်မှာ သွားကြိုတော့မှပဲ အံ့သြပစေတော့။ သူက မင်္ဂလာပွဲမတိုင်ခင် နှစ်ပတ်လောက်မှ ရောက်လာမှာလေ"

"သြော် ... ကောင်းတာပေါ့။ အဲဒီအချိန်လောက်ဆို အစ်မလည်း တော်တော်လုနေလောက်ပါပြီ။ ဒီကြားထဲ မင်္ဂလာပွဲအတွက် တစ်ယောက်တည်း ပြေးလွှားလှုပ်ရှားရမှာဆိုတော့ ထပ်ပိန်ဦးမှာပါ။ ထိန်းထား အစ်မ ...

ပိန်သွားပြီးပြီဆိုလည်း ပြန်မဝစေနဲ့တော့လေ။ ကိုယ်စွန့်လွှတ်ထားတဲ့ အစားအသောက်တွေနဲ့တန်အောင် ကိုယ့်ခန္ဓာကိုယ်ကလည်း စိတ်ကျေနပ်စရာ ဖြစ်နေမှာပါ"

"အိုခေ ... အိုခေ။ အစ်မ ကြိုးစားမှာပါ။ သွားပြီနော် ညီမ"

ထိုအစ်မက နှုတ်ဆက်ပြီး ထွက်ခွာသွားလျှင် ဂျင်ဂျာက အပြုံးတစ်ချက်နှင့် နှုတ်ဆက်ကာ Beauty Soloon ဘက်ကူးလာခဲ့သည်။ Beauty Saloon က အဆီချခန်းမနှင့်ကပ်ရပ် မြေညီထပ်ကို ဝယ်လိုက်တာဖြစ်ပြီး Fitness Center ကတော့ အဆီ



www.burmeseclassic.com

www.burmeseclassic.com



ချခန်းမရဲ့အပေါ်ထပ် ပထမထပ်မှာ ပြောင်းရွှေ့လိုက်တာမို့ လုပ်ငန်းတွေက တစ်ဆက်တည်းဖြစ်သွားကာ Ginger Beauty Land သည် အရှိန်အဝါပိုကြီးပြီး ပိုခမ်းနားသွားသည်။

မိန်းကလေးတို့၏ ပြုပြင်ဖွယ်ကိစ္စ အလုအပ မှန်သမျှကို One Stop Service ပေးနိုင်သည်မို့ ဒီဘက်ပိုင်းမှာ ဂျင်ဂျာရဲ့ လုပ်ငန်းဟာ တော်တော်ကို အရှိန်အဟုန် ကောင်းလာခဲ့ပါသည်။ နာမည်တစ်လုံး ရသွားပြီဆိုလျှင် အဲဒီနာမည်ပေါ်မှာ ကြိုးစားလိုက်ရုံနှင့် အောင်မြင်မှုနှင့် ငွေကြေးက ဓာပ်ပါလာခဲ့သည်မို့ ဂျင်ဂျာ အတွက် ဒီဘဝဟာ မက်မောစရာ ဖြစ်နေခဲ့သည်။

အထူးသဖြင့် ဒီမှာလာရောက်သော မိန်းမကြီးငယ် ပျိုအိုမရွေး စိတ်ချမ်းသာသွားတာကိုပဲ ဂျင်ဂျာက ပီတိဖြစ်ရတာ ဖြစ်သည်။ အဲဒီပီတိဖြင့် Beauty Saloon ထဲမှာ နည်းနည်းလိုက်ကြည့်ပေးပြီးနောက် မကိုင်တာကြာပြီဖြစ်သော အိတ်ထဲမှဖုန်းကို ထုတ်ယူလာခဲ့သည်။ ကက်စတန်မာကို မျက်နှာအဆီချပေးနေစဉ်မှာ ဘယ်ဖုန်းမှ လက်မခံဖြစ် မပြောဖြစ်ပါ။ အသံသွင်းထားနိုင်ကြောင်းသာ ခွင့်ပြုပေးထားခဲ့ပြီး အခုမှပဲ ပို့ထားသောမက်ဆေ့ချ်တွေ၊ ဖုန်းအသံသွင်းမှုတွေကို နားထောင်ရသည်။ ပြီးတော့ ဂျင်ဂျာရဲ့တိုးတိုးဖော်လည်းဖြစ်၊ ငယ်သူငယ်ချင်းလည်းဖြစ်သော အယိင်းထံ ပထမဆုံးပဲ ဖုန်းပြန်ခေါ်လိုက်လေသည်။ အယိမ်းက အောင်မြင်သော ရှမ်းရိုးရာအစားအစာဆိုင် ဖွင့်ထားသူဖြစ်သည်။

"ဟေး ... အယိင်း"





"အေး ... နင် Busy နေတယ်လား"

ကိုးတန်းထဲက ရန်ကုန်ကို ရောက်ခဲ့သော်လည်း ခုချိန်ထိ ရှမ်းသံဝဲဆဲဖြစ်သော ရှမ်းတိုင်းရင်းသူလေး အယိင်း၏ စကားဝဲသံကို ဂျင်ဂျာက အင်မတန်နှစ်သက်ရသေးသည်။ ဘာကြောင့်မှန်းမသိဘဲ တိုင်းရင်းသူ တိုင်းရင်းသားတွေ၏ စကားဝဲသံကို ဂျင်ဂျာက လွန်စွာသဘောကျ ချစ်ခင်သူဖြစ်ပါသည်။

"ခု အားသွားပြီ သယ်ရင်းလေး။ ပြော ... ဆိုရေးရှိက ဆိုအပ်ရ၏"

"ဘာမှတော့ မဟုတ်ပါဘူး၊ နင် ထမင်းမစားရသေးရင် ဆိုင်မှာ လာစားလို့ ပြောမလို့။ ငါလည်း ခုလေးတင်ပဲ စားတော့မလို့။ စားမယ်ဆို စောင့်မယ်"

"ဒီနေ့ ဘာစားကောင်းသောက်ဖွယ်တွေများ ချက်လို့လဲ"

"ဝက်နံရိုးနဲ့ ကြံမဆိုင်ပေါင်းတယ်။ ရေမုန်ညှင်းသုပ်တယ်။ မာလာငါးပေါင်းတယ်ဟာ။ ဆန်စေ့ဟင်းချို လုပ်တယ်။ ဘယ်လိုလဲ ဆွဲမလား။ ဒါက ငါစားချင်လို့ ချက်တာ၊ ဆိုင်ကဟင်းတွေလည်း ရှိသေးတယ်"

"အိုး ... တော်ပြီ။ ဒေါ်ယိင်းရဲ့စပါရှယ်မီနူးနဲ့တင် လုံလောက်နေပြီ။ ဝက်နံရိုးက ကယ်လိုရီနည်းနည်းများပေမယ့် စားပြီးရင်တော့ နာရီဝက်လောက် ပိုဆော့ရမှာပေါ့၊ ဖြစ်ပါတယ် စားတာက ပြဿနာမဟုတ်ဘူး ...

စားပြီးရင် မကစားတာက ပြဿနာ ...



www.burmeseclassic.com

www.burmeseclassic.com



အိုခေလေ ... ခုပဲထွက်လာခဲ့တော့မယ် ... Please, Wait a bit ! ”

“လာခဲ့လိုက်တောလေ။ ဒါပဲရော”

“အေး ... အေး ... ဒါပဲရော ဟိုဟာတော့ သွားမရောနဲ့”

ဂျင်ဂျာက ထုံးစံအတိုင်း အယိင်းကို ပြန်နှောက်ပြီးနောက် အပြင်ထွက်ဖို့ရာအတွက် ကိုယ့်ကိုယ်ကိုယ် မှန်ထဲသို့ တစ်ချက်ရှိုးလိုက်သည်။ ဆံပင်ဖြောင့်သော မိန်းမတွေထက် ဆံပင်ကောက်သောမိန်းမတွေက ပိုမိုဆွဲဆောင်မှုရှိသည်ဆိုသောစကားကို မိန်းမတိုင်းက လက်ခံချင်မှ လက်ခံလိမ့်မည်။ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးဟု သတ်မှတ်ခံထားရသော အင်ဂျနီလာဂျိုလီမှာ ဆံပင်ကောက်မထားပါ။ ဂျင်ဂျာကတော့ ဆံပင်ကောက်ထားသည်။

ကောက်ထားတာမှ ယဉ်သည်ဆိုရုံ ပြေပြေလေး၊ ခွေခွေလေးတွေတောင်မဟုတ်ချေ။ အနီးစပ်ဆုံးမြင်သာအောင် ပြောပြရလျှင် ရုကီရာလို သေးသေးတွန့်တွန့်လေးတွေ ဖွာရရာကျဲကောက်ထားတာဖြစ်သည်။ ဆွဲဆောင်မှုရှိအောင် ကောက်ထားတာက ရာခိုင်နှုန်းနည်းပြီး ခေါင်းဖြီးရသက်သာအောင် ကောက်ထားတာဆိုလျှင် ပိုမှန်ပေမည်။ အလုပ်ရှုပ်ချိန်တွေမှာ ဆံပင်ကောက်သည်အင်မတန် အချိန်ကုန်သက်သာကာ အမြင်လည်း လှပေသည်။ ခုလည်းပဲ အပြင်ထွက်မည်ဆိုသောအခါ ကျောလယ်လောက်ရှိ





မပော်ဂနီရောင် ဖွာရရာကျဲ ဆံပင်တွန့်များကို ဘာမှလုပ်နေစရာမလိုဘဲ မျက်မှန်တစ်လက် ကောက်တပ်လိုက်တာနှင့် ဖက်ရှင်ကျသွားသည်။

ဒီနေ့တော့ ရာသီဥတုက ပူသည့်မို့ ကြိုးတစ်ချောင်းစပန့်ချ်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်လာကာ ဆံပင်တွေကိုတောင်ကြိုးတစ်ကွင်းနှင့် ငယ်ထိပ်မှာ ဖြစ်သလို စုစည်းထုံးဖွဲ့ပစ်လိုက်သည်။ ဒီလိုဆိုတော့ လည်ကုပ်နားမှာ ထိုးထားတဲ့ တကယ်လာနားနေဟန်တူသော လိပ်ပြာပုံ တက်တူးလေးလည်း ပေါ်လွင်ပစေပေါ့။ အိုခေ ... အပြင်ထွက်လို့ရပြီ။

“ငါ မှားတာရှိရင် တောင်းပန်ပါတယ် xx တကယ်ဆိုမင်းရဲ့အနားမှာပဲ”

ဒီ Ring Tone သံဆိုကတည်းက ချစ်ရည်းစားဆီကမှန်း သိပြီးသားမို့ ဂျင်ဂျာက ဖုန်းဖွင့်နားထောင်လိုက်သည်။

“ပြော ... ဘိုတည်”

“အာ ...။ ဘာ ဘိုတည်လဲကွာ။ လာပြန်ပြီ။ လျှောက်, လျှောက်မခေါ်နဲ့လို့ ကိုယ် ပြောထားတယ်နော် ဂျင်ဂျာ။ ဘာမှန်းမသိဘူး။ လူကို လာလာပြီး နာမည်အရမ်းဖျက်တာပဲ”

“ဟား ဟား ... ဘာဖြစ်လဲ အရင်တုန်းက ကိုတည်။ ခုတော့ ဘိုတည်ပေါ့၊ ဘာဖြစ်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်ပြောရခက်တာပဲ။ ကဲပါ ... လိုရင်းကိုပဲ ပြောတော့မယ်။ ကိုယ် အိန္ဒိယစားသောက်ဆိုင်သစ်တစ်ဆိုင်ကို သွားမြည်းမလို့ လိုက်မှာလား"

"အာ ... ကုလားစာကြီး မစားချင်ဘူး။ တော်ပြီ လိုက်တော့ဘူး"

ဂျင်ဂျာ့ရဲ့ကိုယ်တော်ချောသည် ဘာဘူကြီးသေလို့ ဝင်စားသလား မှတ်ရအောင်ပင် ကုလားအစားအစာဆို ထိပ်ဆုံးကကြိုက်သူများစာရင်းဝင် ဖြစ်သည်။ ကိုယ်ကတော့ သူနဲ့ဆန့်ကျင်ဘက်ဖြစ်ကာ အနံ့ရတာနဲ့ ခေါင်းကိုက်တတ်သူပင်။ အစားအသောက်ကြိုက်တာခြင်းမှာလည်း တည့်မြဲနှင့် ဂျင်ဂျာသည် ဆန့်ကျင်ဘက်တွေပဲ ဖြစ်တော့သည်။

"မင်းကွာ ... တစ်ခါတလေများ ကိုယ့်ရည်းစား စားတာလေး ဘာလေးများ လိုက်စားတတ်အောင် ကျင့်ပါတော့လား ...

လုံးဝ ပါရမီဖြည့်မယ် စိတ်မကူးဘူး"

"အင် ...။ ဘာဆိုင်လို့လဲ။ ရှင်စားတာ မစားတာနဲ့ပဲ ပါရမီမဖြည့်တာတဲ့လား"

"ဟုတ်တယ်လေ၊ သူများမိန်းမတွေဆို ကိုယ်တိုင်က ခြေလေးချောင်းမစားတာတောင် ယောက်ျားအတွက် ချက်ပေးတာတို့၊ အမြည်းတောင် လုပ်ပေးတာတို့ ရှိတတ်တာပဲ"





"ဘာဆိုင်လဲ၊ အဲဒါက သူများလေ။ ဂျင်ဂျာမှ မဟုတ်တာ။ ဂျင်ဂျာဟာ ဂျင်ဂျာပဲ။ No other ...

ကဲ ... ဘာလဲ။ ရှင်က အခု ဂျာ့ကို ထမင်းစားဖို့ ခေါ်တာလား။ ဂျာက အယိုင်းဆီမှာ ထမင်းသွားစားမလို့ ခုပဲ ထွက်တော့မှာ။ ရှင်လည်း အယိုင်းဆိုင်ပဲ လာခဲ့ပါလား"

"လုံးဝ မစဉ်းစားတော့ဘူး။ ဒါပဲ"

"ဟာ ... ဘယ်လိုဖြစ်တာလဲ။ ရှင့်စကားအတိုင်းဆို ရှင်လည်း ကျွန်မကို ပါရမီဖြည့်ဖို့ ကောင်းတယ်လေ"

"မင်းကို ငါ အခါများစွာ ဖြည့်ခဲ့ပြီးပြီ ဂျင်ဂျာ၊ ငါ အင်မတန်မုန်းတဲ့ ရခိုင်မုန့်တီတို့၊ မြေအိုးမြီးရှည်တို့၊ မာလာဟင်းတို့ မင်းနဲ့အတူတူ ဘယ်နှခါစားပေးဖူးခဲ့လဲ ...

မင်း ငါနဲ့အတူ ချစ်တီးဆိုင် လိုက်စားတာ ရှိလား"

"အံမယ် ... ရှိပါ ... ရှိပါ ... စားဖူးတယ်လေ၊ ဘာလဲ ... ဟင်း"

"အေး ... တစ်ခါပဲ မဟုတ်လား ဂျင်ဂျာမရဲ့။ တစ်သက်မှာ တစ်ခါပဲ မဟုတ်လား"

"ဘာဂျင်ဂျာမလဲ။ သေဦးမယ်၊ တစ်ခါပဲပေါ့ ... ဟွန်း ... အဲဒီတစ်ခါတောင် မနည်းကြိတ်မှိတ်နေရတာလေ။ လုံးဝ မခံနိုင်ဘူးကွာ။ အနံ့ရတာနဲ့တင် ခေါင်းမူးတော့တာ။ ကဲပါ ... လောကမှာ ကိုယ်ကြိုက်တာကိုယ်လုပ်၊ ကိုယ်ဖြစ်ရင် ကိုယ်ခံပဲ ကောင်းပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်လည်း ဗိုက်ဆာနေပြီ မဟုတ်လား။ သွားတော့၊ သွားစားတော့။ ဂျာလည်း သွားတော့မယ်။ ညဘက်မှ ဖုန်းဆက်လိုက်မယ်။ တာ့တာ”

ဂျင်ဂျာကပြောပြီး ဖုန်းချလိုက်သည်။ အဲဒီနောက်မှာတော့ လက်ဆွဲတော် ကယ်လ်ဒီးနားကားကြီးကို မောင်းကာ ရန်ကင်းရှိ အယိမ်း၏ဆိုင်သို့ ထွက်လာခဲ့လေသည်။ အားပါး ... ဒီကားကို မောင်းလိုက်တိုင်း မြူးပျံ့သွားသောစိတ်က ဘာနဲ့မှ မတူပါ။ ဒီကားကို တစ်ကိုယ်တော် လွတ်လွတ်လပ်လပ်မောင်းသွားရလေတိုင်း ကျေနပ်မိသည်။ လိုချင်လွန်းသဖြင့် ပိုက်ဆံစုကာ ဝတ်ထားရသောကားမို့လည်း တမက်တမော ရှိလှသည်။ ဘဝမှာ ကိုယ်လိုချင်တာတွေ၊ ကိုယ်ဖြစ်ချင်တာတွေကို မိန်းမတစ်ယောက်ရဲ့ ရိုးသားသောခွန်အားဖြင့် တည်ဆောက်နိုင်ဖန်များလာသောအခါ ဂျင်ဂျာ့ခေါင်းထဲတွင် အိမ်ထောင်ရေးဆိုတာတောင် မေ့လျော့လာသည့်သဘောမှာ ရှိလေသည်။

ဂျင်ဂျာသည် City FM က ထုတ်လွှင့်နေသော အနုပညာရှင်နှင့် ပရိသတ်များ ဖုန်းပြောသည့် Star On Line အစီအစဉ် နားထောင်ကာ သဘောတကျဖြင့် ကားမောင်းလာခဲ့သည်။ တစ်ယောက်တည်းပြုံးရင်း ကားမောင်းနေတာမို့ ဘေးနားက ဖြတ်သွားသော ကားတွေကတောင် စူးစမ်းပြီး လှည့်ကြည့်တာကိုမြင်ရလျှင် အသာရယ်ပြီး ပခုံးတွန့်ရလေသည်။ လောကကြီးမှာ ပျော်ပျော်ပါပဲနော့။ ဘာကိုမှ သိပ်ဂရုစိုက်နေစရာတော့ မလိုပါဘူးရှင်။





အယိမ်းရဲ့ဆိုင်ရှေ့မှာ ကားထိုးရပ်လိုက်ပြီးလျှင် ဂျင်ဂျာက အယိမ်းရှိရာ နောက်ဘက်ထဲက အိမ်ဆောင်ငယ်လေးရှိရာသို့ တစ်ခါတည်း လျှောက်ဝင်လာခဲ့သည်။ နေ့ခင်းထမင်းစားချိန်မို့ အယိမ်းရဲ့ဆိုင်ထဲတွင် ဧည့်သည်များ အပြည့်ဖြစ်နေသည်။ ဂျင်ဂျာနှင့်အတူတူ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့သော အယိမ်းသည် တက္ကသိုလ်မှ သင်ကြားလာခဲ့သော ပညာရပ်များကို တိုက်ရိုက်အသုံးမချနိုင်သော်လည်း သွယ်ဝိုက်စွာဖြင့် အောင်မြင်သော ရှမ်းရိုးရာစားသောက်ဆိုင်ကြီးကို ဖွင့်လှစ်ထားနိုင်ခဲ့ပေပြီ။

“ဟေး ... အယိမ်း။ စားမယ် ဝါးမယ် ရယ်ဒီပဲလားဟေ့”

“အေး ... ရယ်ဒီပဲရော။ စားစို့လေ”

ဂျင်ဂျာက ခုံကိုဆွဲထိုင်ပြီးနောက် ဟင်းချိုကိုတစ်ဇွန်း ခပ်မြည်းကြည့်သည်။ အိုး ... ခဝဲသီးပါးပါးလေးတွေနှင့် ဆန်စေ့ဟင်းချိုက လျှာဖျားမှာ ချိုဆိမ့်မွှေးကြိုင်စွာ စီးဆင်းသွားသည်။ ရှမ်းဆန်စေးစေးလေးတွေကို တစ်ဇွန်းခပ်စားရင်းမှ ဟင်းတွေကို နည်းနည်းလိုက်မြည်းကြည့်သည်။

“တယ်ကောင်းတယ်။ ဒါကြောင့် ဘိုတည့်ကို ဒီမှာလိုက်စားဖို့ပြောတာ ကျေးဇူးရှင်က ကုလားစာကိုမှ စွဲလမ်းနှစ်ခြိုက်တော်မူတယ်”

“ဟင်း ဒါနဲ့ပဲ ရန်ဖြစ်ပြန်ပြီပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါဘူး။ သူလည်း သူကြိုက်တာ သူစားပေါ့။ ငါလည်း ငါကြိုက်တာ ငါစားမှာ။ ဝမ်းချင်းဆုံတာကျလို့။ သူနဲ့ ငါနဲ့ ရပြီးရင်တောင် cook ကို နှစ်ယောက်ထားရမယ်နဲ့ တူတယ်။ အကြိုက်ချင်းက ဘယ်တော့မှ မတူနိုင်ဘူး"

ထမင်းတစ်ဇွန်းကို ဝက်ကြံမဆိုင်နှင့် ရောစပ်ပြီး ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သော ဂျင်ဂျာ့ကို အယိင်းက မျက်လုံးတစ်ချက် ဖွေကြည့်ကာ ...

"နင်တို့က ဒီတစ်သက် ယူရော ယူဖြစ်ကြမှာလားဟေ"

"ဟဲ့ ... နင် ဘယ်လိုပြောလိုက်တာလဲ။ ငါ့ပုံစံက ဘိုတည့်ကို အပျော်တွဲနေတဲ့ပုံ ပေါက်နေလို့လား"

"သိဘူးလေ။ အဲဒီအဖြေကို ငါကိုယ်တိုင်လည်း သိချင်နေတာပဲရော"

ဂျင်ဂျာက အယိင်းကို မျက်စောင်းတစ်ချက် ...ကြည့်ပြီးနောက် အရသာရှိသော ထမင်းဟင်းကို ဆက်စားနေမိသည်။ အယိင်းကပဲ ဆက်ပြောပါသည်။

"နင်တို့ရည်းစားသက်တမ်းပဲ ဘယ်လောက်ရှိနေပြီလဲဝေ။ ယူသင့်နေပြီ မဟုတ်လား။ ဘာလုပ်နေကြတာလဲ"

"အင်း ... ငါလည်း စဉ်းတော့ စဉ်းစားမိပါတယ်။ ဒါပေမဲ့ ခက်တာက ငါကိုယ်တိုင်က ဒီလို တစ်ကိုယ်တော် life လေးကို ပျော်မွေ့နေတာပဲ ...





ခုချိန်မှာ ငါ့ဘဝလေးကို ငါ အရမ်းကျေနပ်တယ်ဟာ။ အိမ်ထောင်မပြုချင်သေးဘူး"

"မပြုချင်လို့ မရဘူးလေ။ နင်တို့တွဲလာတာ အရမ်းကြာနေပြီပဲ။ နှစ်နာစရာရှိရင် နင်ပဲ နစ်နာမှာ မဟုတ်လား ဂျင်ဂျာ"

"အံမာ ... ငါက ဘာနစ်နာမှာလဲ။ ဘာမှနစ်နာစရာ အကြောင်းမရှိဘူး"

"ဒါကတော့ နင့်အတွေးကိုး။ သူနဲ့ ရည်းစားဖြစ်ရတာ နင့်အတွက် ဘာမှထိခိုက်နစ်နာတာ မရှိဘူးပဲထား။ ပတ်ဝန်းကျင်အမြင်မှာတော့ နင်နဲ့သူက တွဲလာတာကြာပြီဖြစ်တဲ့ သမီးရည်းစားတွေပဲလေ။ ပြီးတော့ နင့်မှာ မိဘတွေဆိုတာလည်း ရှိတော့တာ မဟုတ်ဘူး။ ဟုတ်လား ငါပြောတာ ...

ဒီအတိုင်းကြီး မယူဘဲနေကြတော့ လူတွေက ဘာပြောမလဲ။ ခေတ်ကြီးကလည်း အရမ်းဖောက်ပြန်နေတဲ့ ခေတ်ကြီးဆိုတော့ သပုပ်လေလွင့် လျှောက်ပြောတော့ နင်ပဲ နစ်နာမှာ ဂျင်ဂျာ။ အရမ်းခေါင်းမမာနဲ့။ အခု နင့်အသက် သုံးဆယ်။ အိမ်ထောင်ပြုဖို့ လုံးဝမငယ်တော့ဘူး။ ရည်းစားသက်တမ်း ကြာတာရော၊ နင်ရောက်နေတဲ့အသက်အရွယ်ရော၊ နောက် ဘဝမှာ အခြေကျနေတာရော အားလုံးချိန်ကြည့်လိုက်ရင် ဒီအချိန်ဟာ အချိန်ကျနေခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



အယိုင်းရဲ့စကားသံအရှည်ကြီး ဆုံးသွားလျှင် ဂျင်ဂျာက သက်ပြင်းတစ်ချက်ကို ဆောင့်ခနဲချကာ အနားမှာရှိသော ရေတစ်ဖန်ခွက်ကို မော့သောက်မိသည်။ ရေသောက်ပြီးသော်လည်း အယိုင်းကပဲ ဆက်ပြောပြန်လေသည်။

"နင်တို့နှစ်ယောက် လက်ထပ်ဖို့အရေး တစ်ခါမှမဆွေးနွေးဖြစ်ဘူးလား"

"အင်း ... ဟိုးအရင်တုန်းကတော့ ပြောဖြစ်ပါတယ်။ ခုနောက်ပိုင်းတော့ မပြောဖြစ်ကြတော့ဘူး"

"အဲဒါ ခက်တာပဲ။ ယောက်ျားလေးကလည်း ပြောသင့်နေပြီလေ။ သူ ဘာဖြစ်လို့ မပြောတာလဲ၊ နင် တွေးမကြည့်၊ ကြည့်ဖူးလား"

"ဟင့်အင်း ... ဒီအတိုင်းလည်း အဆင်ပြေနေတာပဲဟာ"

"ဘာအဆင်ပြေတာလဲ၊ ကျွတ် ... နင်တို့ဟာက မဟုတ်သေးပါဘူးဟာ။ နင်တို့က ဘာကိုစောင့်နေတာလဲ။ တည်မြဲဆိုလည်း သူ့လုပ်ငန်းနဲ့သူ၊ ဝင်ငွေကောင်း အခြေတကျဖြစ်နေပြီပဲ။ မိန်းမတစ်ယောက်ကို တင့်တောင့်တင့်တယ်လည်းထားနိုင်တဲ့ အရည်အချင်းလည်းရှိတယ် ...

သူ့မိဘတွေဆိုလည်း နင့်ကို အရင်တည်းကသိပြီး သဘောတူထားတာပဲ။ နင်တို့နှစ်ယောက်က ဘာကိုစောင့်နေမှန်း ငါမသိတတ်တော့ဘူး"

"ထားလိုက်ပါဟာ၊ သိပ်စဉ်းစားမနေပါနဲ့"





"ဟဲ့ ... မစဉ်းစားလို့ ဖြစ်မလား။ ငါ ပြောပြီးပါရော နှစ်နှာစရာရှိရင် နင်ပဲအရင်နစ်နာမှာလို့။ အဲဒါ နင် တည်မြဲကို နည်းနည်းပါးပါး စကားလေး ဘာလေး တောက်တက်ကြည့်ဦး"

"အေးပါဟာ ... အေးပါ။ နင့်ဟာနင် အခု ဖြောင့်ဖြောင့်စားစမ်းပါ"

"နင် သူ့အပေါ် အချစ်တွေလျော့နေပြီလား ... ဟင် ? ဂျင်ဂျာ"

အတည်ပေါက်မျက်လုံးကြီးတွေနှင့် တည့်တည့်စိုက်ကြည့်ပြီး မေးလာသော အယိုင်းစကားကြောင့် ဂျင်ဂျာက စိတ်ပျက်စွာဖြင့် ခွက်ထိုးခွက်လန် အော်ရယ်မိလေသည်။

"ဟဲ့ ... ဘာရယ်နေတာလဲ။ ငါ မေးတာဖြေ"

"သြော် ... ငါတော့ လူမှားနေပြီလို့။ နင် သိထားဖို့က ဘိုတည်တောင် ငါ့ကို ဒါမျိုးမမေးဖူးဘူးဟ။ ဟုတ်ပလား"

"ကျွတ် ... နင်တို့တွေက တစ်ခုခုတော့ လွဲနေပါတယ်ဟာ"

"ဘာမှမလွဲဘူး။ ငါတို့နှစ်ယောက်က တခြားနေရာတွေမှာသာ အကြိုက်တွေချင်း ကွဲလွဲချင် ကွဲလွဲမယ်။ လွတ်လွတ်လပ်လပ် နေချင်ကြတဲ့ နေရာမှာတော့ လုံးဝထပ်တူပဲ ...

အပွင့်လင်းဆုံး ပြောရရင်တော့ဟာ အိမ်ထောင်သည်ဆိုတဲ့ ခေါင်းစဉ်အောက်ကို မဝင်ချင်ကြသေးတာ။ အပျိုလူပျိုဆိုတဲ့ဘဝကိုပဲ နှစ်ယောက်လုံးက မက်မောတာ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ကြီးပြီလို့ မ... တာ။ ဒါပဲ source က နော် ! ”

အဆုံးသတ်ပြောလိုက်သော ဂျင်ဂျာ့ရဲ့စကားကို အယိမ်းက မျက်လုံးပြူး ရင်ဘတ်ဖိကာ ဘုရားတ,နေသလောက် ဂျင်ဂျာကတော့ ခပ်ပြုံးပြုံးနှင့်သာ အယိမ်းရဲ့လက်ရာကို အားပေးဆဲပင်။ ဟုတ်တယ် ... အထက်က ဂျင်ဂျာပြောခဲ့သလိုပဲ တည်မြဲနှင့် ဂျင်ဂျာဟာ လွတ်လပ်မှုကို ခုံမင်ကြသောသူတွေဆိုတာ မလွဲ။ ဒီလိုပဲ ပေါ့ပေါ့ပါးပါး သမီးရည်းစားဘဝကို ရင်ခုန်နေကြတုန်းပဲဆိုတာ သူ့ဘက်ထိပါ လိုက်ပြီးအာမခံပေးနေခဲ့သည်။

✦ ✦ ✦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၄

တစ်ခါတစ်ရံ၌ တချို့အကြောင်းအရာတွေဟာ ကာ...ကရှင်စိတ်မပါ ပါအောင် တွန်းပို့ပေးတတ်သော ကိစ္စတွေလည်း ...တက်တယ်ဆိုတာကို ထိုနေ့ညနေကမှ တည်မြဲသာ သိခဲ့ရခြင်း...သည်။ အဲဒီနေ့က တည်မြဲ တစ်ယောက် မင်္ဂလာဆောင်ဒင်နာတစ်ခု တက်ဖို့ရှိခဲ့သည်။ သတို့သားရော သတို့သမီးရောဟာ သူ... ဂျင်ဂျာနဲ့ပါ နှစ်ယောက်စလုံးနဲ့ သိသဖြင့် အတူတူတွဲတက်ဖို့ ဖြစ်သည်။ ဒါပေမဲ့ ဒေါ်ဂျင်ဂျာက အနားကပ်မှ ဖောက်လာသည်။

ညနေခြောက်နာရီခွဲလောက် တက်ရမည့်ဒင်နာကို ...မက နေ့ခင်းတစ်နာရီလောက်မှာ ဖုန်းဆက်ကာ ...

“တည်ရေ ... (သူမက အဲဒီလိုပဲ။ မျက်နှာချိုသွေးရတော့မယ့်ကိစ္စပဲဖြစ်ဖြစ်၊ ခိုင်းစရာရှိရင်ပဲဖြစ်ဖြစ် တည်ရေ ... ဟုတော့ ချိုချိုလေး ခေါ်တတ်သေးသည်)



www.burmeseclassic.com

www.burmeseclassic.com



ဂျာလေ ... ဒီနေ့ညနေ ဒင်နာလိုက်နိုင်မှာ မဟုတ်တော့ဘူး၊ အဲဒါ ...”

“ဟာ ... ဘာလဲကွာ။ မင်းပဲ လိုက်မယ်ပြောထားတာလေ။ ဘာဖြစ်ရတာလဲ ဂျင်ဂျာရာ”

“ဟုတ်တယ် ... ဆောရီးစပါယ်ရှယ်ပါကွယ်။ ဒီနေ့ညနေ ဘက်လေ လူကြီးကတော်တစ်ယောက်ကို ပွဲတက်ဖို့ပြင်ဆင် ပေးရမှာမို့လေ။ အဲဒါ ဘယ်လိုမှ ဖျက်မရတာနဲ့”

“ဟာ ... မင်းဟာက လွန်နေပြီကွာ၊ ကိုယ်နဲ့သက်သက် ချိန်းထားတဲ့ပွဲတွေကို ဖျက်ရုံတင်မကတော့ဘူး။ ဒီလို မျက်နှာနာရမယ့် လူမှုရေးပွဲတွေပါ ဖျက်တာတော့ နည်း နည်းများသွားပြီ။ မမိုက်တော့ဘူး ဂျင်ဂျာ”

“ဟုတ်ပါတယ် ... ဂျာ မမိုက်တော့ဘူး။ တည်ကတော့ မိုက်တယ်။ အိုခေ ... တည့်ကို အဲဒါလေး လှမ်းပြောတာ တော်ကြာ ဂျာ့ကို လာကြိုနေမှာစိုးလို့။ မြင့်မြတ်လည်း သွားမှာ မဟုတ်လား။ ဂျာ နောက်တော့မှ မာလာ့ကို ဖုန်း ဆက်ပြီး တောင်းပန်လိုက်ပါ့မယ်။ နော် ... တည်”

“အေး ... လုပ် ... လုပ်။ မင်း အဲဒီအလုပ်တွေပဲ လုပ်နေ တော့။ ငါ့ကိုလည်း ဘယ်တော့မှ လာမခေါ်နဲ့တော့။ ဟုတ်ပြီလား”

သူက ဖုန်းကိုပိတ်ချလိုက်ကာ ဒေါသထွက်ပြီး ဆိုဖာပေါ်သို့ ဘုန်းခနဲ ပစ်ချမိသည်။ ဒီမိန်းမဟာ တစ်ဆိတ်တော့





လွန်လွန်းနေပြီဟုထင်သည်။ ကိုယ်ပိုင်အားလပ်ချိန်၊ လူမှုရေး အတွက် ပေးရမည့်အချိန်တို့ကို ခွဲခြားမသိဘဲ အလုပ်မှအလုပ် မြည်တမ်းတိုင်းလည်း အောင်မြင်မှုရတာမဟုတ် ဆိုတာကို သင်း သိမှသိပါလေစ။

မြင့်မြတ် ဆိုတာလည်း မနေ့ကပဲ နေပြည်တော်ကို အရေးပေါ်အလုပ်ကိစ္စနှင့် ထပြေးသွားရသူမို့ အဲဒီပွဲကို မလိုက်ဖြစ် ကြောင်းလည်း သူက အရေးတယူလုပ် ပြောမပြချင်တော့ပေ။ တော်ပြီ ... ဂျင်ဂျာနှင့် ပတ်သက်၍ သူ ဘာမှမတွေးချင်တော့ ပါ။

အဲဒီတော့ ဒင်နာကို သူ တစ်ယောက်တည်းသွားခဲ့ သည်။ တစ်ယောက်တည်း သွားခဲ့သော်လည်း အဲဒီပွဲမှာ သူ့အဖို့ အဖော်တစ်ယောက်ကို ကံကြမ္မာက ရှာဖွေပေးခဲ့ပါသည်။ ထိုပွဲသို့ စိတ်မပါတပါဖြင့် ရောက်သွားခဲ့သော သူသည် သူများတွေ စား သောက်နေချိန် နောက်ကျပြီးမှ ရောက်သွားခဲ့သည်။ သူ့လိုပင် နောက်ကျနေသူ နောက်တစ်ယောက်လည်း ရှိသေးသည်။ အဲဒီနောက် ကျနေသူ အချင်းချင်းရယ်၊ နမော်နမဲ့နိုင်သူ ဝိတ်တာကြောင့်ရယ် ဘယ်လိုအဆင်မပြေဖြစ်သွားလဲတော့ မပြောတတ်ပေ။ ဝိတ်တာ ယယ်ဆောင်လာသော အချိုရည်ခွက်ကို ကောင်မလေးတစ်ယောက် ကတိုက်၊ တိုက်သောခွက်ဟာ သူ့ပေါ်သို့မှောက်ကျ၊ သူ့အင်္ကျီ ဖြူဖြူဟာ ပေစွန်းသွား စသဖြင့် တော်တော်တော့ ယောင်းရှုပ်သွား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဆောရီး ... ဆောရီး။ ကျွတ် ... ဒုက္ခပါပဲ ... ဆောရီးပါရှင်။ ရရဲ့လားဟင်"

သေးသေးပိန်ပိန် ကောင်မလေးက သူ့ကို ကပျာကယာ တောင်းပန်ကာ အနားမှာရှိသော တစ်သျှူးတွေဖြင့် အမောတကော သုတ်ပေးသည်။ သူမ မသုတ်လည်း အချိုရည်တွေက အင်္ကျီမှတစ်ဆင့် စုပ်ယူသွားပြီမို့ ပခုံးနားမှာ အကွက်လိုက် ပြန့်ပြန့်ပြူးပြူးကြီး ဖြစ်လို့နေခဲ့ပြီ။ အင်း ... အဆင်မပြေချင်ရင် ဆက်တိုက်ကို အဆင်မပြေတာပါလား။

"ကိစ္စမရှိဘူး"

သူက ကောင်မလေးကို ကြည့်တောင်မကြည့်မိဘဲ ပြီးစလွယ်ဖြေလိုက်သည်မှာ စိတ်ပျက်လွန်း၍ပင်။ အဲဒီအချိန်မှာပဲ သတို့သားရဲ့ညီဖြစ်သူက သူ့အနားသို့ရောက်ရှိလို့ လာပြီးလျှင် ...

"ဟာ ... ကိုတည်မြဲ။ ဘာတွေရှော့ရှိနေလဲ။ ဟား ... နွေဦးမိုးရှာ ... နင် ပြဿနာရှာလိုက်တာပေါ့ ... ဟုတ်လား"

"အို ... မဟုတ်ပါဘူး၊ မတော်တဆဖြစ်တာပါ။ အဟင်း ဒီကအစ်ကိုကြီးကို အားနာလိုက်တာ။ ဟို ... မိုးရှာ ဘာလုပ်ပေးရမလဲဟင်"

"နေ ... နေ ... ဘာမှမလုပ်ပေးနဲ့၊ ရတယ် ညီညီ။ ကိုယ် သန့်စင်ခန်း ခဏသွားလိုက်ဦးမယ်။ နည်းနည်းလျှော်ပြီး အခြောက်ခံလိုက်ရင် အိုကေမှာပါ ...

ဒီအတိုင်းတော့ ထားလို့မဖြစ်ဘူး"





သူက ခေါင်းတစ်ချက်ညိတ်ပြကာ ကောင်မလေးကိုတော့ မကြည့်ဘဲ သန့်စင်ခန်းရှိရာသို့ ထွက်လာခဲ့သည်။ ဟိုထဲရောက်တော့မှ အင်္ကျီကိုချွတ်ကာ ဖွန်းသွားသောနေရာကို ရေနှင့်ဆေးလျှော်ရသည်။ ပြီးလျှင် လက်အခြောက်ခံစက်ရှေ့မှာ ထိုအင်္ကျီကိုဖြန့်လျက် ခဏအခြောက်ခံရသေးသည်။ သိပ်မသိသာတော့ဘဲ မခြောက်တခြောက် ခပ်သွေ့သွေ့ အနေအထားရောက်တော့မှ အင်္ကျီကို ပြန်ဝတ်ကာ ခန်းမထဲသို့ ပြန်ဝင်လာခဲ့သည်။

သူ ဝင်လာသောအခါ အကြောင်းစုံကို သိနှင့်နေပြီးဖြစ်သော သတို့သားက သူ့ကို ရယ်မောကာ လာနှုတ်ဆက်သည်။ တစ်နေ့ကပဲ ညည်ခံပွဲကျင်းပပြီးကာ ဒင်နာကတော့ ရင်းနှီးသည့် သူငယ်ချင်းတွေ၊ မိတ်ဆွေတွေလောက်နဲ့သာ လုပ်တဲ့ပွဲမို့ လူတွေ အရမ်းမများ၍သာ တော်တော့သည်။ သူထိုင်မည့် စားပွဲဝိုင်း၊ သူ့ဘေးနားက ကုလားထိုင်မှာ အခုနက မရှုပ်ပြာလေးသည်းထိုင်နေတာကို တွေ့ရလေသည်။

"ဘယ်လိုဖြစ်တာလဲကွ။ မင်း တစ်ယောက်တည်းပဲလား။ ဂျင်ကျာရော"

လူအများရှေ့မှာကြောင့် သူက အထုပ်မဖြေချင်တော့သဖြင့် အလွယ်ပဲ ဖြေလိုက်တော့သည်။

"သိပ်နေမကောင်းလို့တဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်လား။ အေး ... တစ်ယောက်တည်းသမား တွေ စုထိုင်ကြပေါ့ကွာ။ အနားမှာရှိတဲ့သူ အချင်းချင်းပဲ ညှော်ခံလိုက်ကြတော့။ ဟေ့ကောင် ... မင်း ချဦးမလား၊ အဲဒါဆိုရင်"

"တော်ပြီ ... တော်ပြီ။ ငါ ဒီည သိပ်စိတ်မပါဘူး။ ရတယ် သူငယ်ချင်း"

"အေး ... အေး ... ဒါဆို စိတ်ကြိုက်ပဲဆွဲတော့။ မိုးရွာ ... ညီမလေး ဖြစ်တယ်နော်၊ ဒါ ကိုယ့်ဘော်ဒါပဲ။ ရလား ... ဒီဝိုင်းမှာ အဆင်ပြေလား"

"ဟုတ် ... ပြေပါတယ်"

"အိုခေ ... အိုခေ ... စားကြဦး။ ခဏလေး ဟိုဘက်သွားလိုက်ဦးမယ်"

သူက ဘာမှလဲ စားချင်စိတ်မရှိသဖြင့် ရှေ့မှာချထားသော ရေတစ်ခွက်ကိုသာယူပြီး ကောက်မော့မိသည်။ ဘေးက ကောင်မလေးကိုလည်း လှည့်မကြည့်မိချေ။ ခဏနေတော့ ကောင်မလေးထံမှ စကားသံ ထွက်ပေါ်လာသည်။

"အစ်ကိုကြီး ... ဘာမှမစားဘူးလား။ စားလေ ... မိုးရွာ ဘာထည့်ပေးရမလဲ"

"တော်ပြီ၊ ကိုယ် သိပ်မစားချင်လို့ပါ"

"ဟို ... ဒါဖြစ်ရင် ဝိုင်သောက်မလား။ မှာပေးမယ်လေ"





ပွဲရှင်အလား တစ်ခုပြီးတစ်ခု ဆာ့ဗ်လုပ်နေသော ကောင်မလေးကို သူက အသာအယာ ပြုံးစိုက်ကြည့်မိသည်။ အခုမှပဲ သေချာကြည့်မိသော ကောင်မလေးဟာ ဘာဘီရုပ်လေးလို သေးသေးကွေးကွေးလေးဖြစ်ကာ သူနဲ့တော့ ဆင်နဲ့ဆိတ်လိုဖြစ်နေသည်။ ဆံပင်ဖြောင့်ရှည်ရှည် စတပ်ပုံစံနှင့် ရွှေဝါရောင်ဖျော့ဖျော့ ဆိုးထားပုံကြောင့် အရုပ်မလေးသဖွယ် ဖြစ်နေသည်။ အင်း... ရုပ်ရည်လေးကတော့ ငယ်ဂုဏ်ကြောင့်သာရယ်၊ ဝတ်ကောင်းစားလှတွေကြောင့်ရယ်သာ့ပဲ ကြည့်ကောင်းနေတာပါပဲ။

ဒေါ်ဂျင်ဂျာတို့လို တစ်တုံးတစ်ခဲ အလှမျိုးတော့မရှိရှာပါဘူး။ အာ ... သွားစမ်း။ မုန်းစရာကောင်းတဲ့ ဒီမိန်းမကြီးကို ဘာကြောင့် သတိရသွားရပြန်တာလဲ။ သူက မျက်တောင်ကိုတစ်ချက်ခတ်လိုက်ကာ ...

"မင်းအနေနဲ့ အခုနကကိစ္စကို အပြစ်မကင်း ဖြစ်နေတယ်နဲ့တူတယ်။ ခေါင်းထဲကနေ ထုတ်လိုက်ပါကွာ။ တမင်လုပ်တာမှ မဟုတ်တာ။ ပြီးတော့ ကိုယ်လည်း ကြီးကြီးမားမား ထိခိုက်သွားတာမှ မဟုတ်တာ"

သူ့စကားကြောင့် ကောင်မလေးက သက်သာရာရသွားသလို ဟဲခနဲ တစ်ချက်ရယ်ရင်း ...

"အဟင်း ... ဒါပေမဲ့လေ ...။ မိုးရွာက အရမ်းအားနာလို့ပါ။ ဟို ... ကိုကြီးက အရမ်းရှိုင်းထားတာဆိုတော့ အလှပျက်သွားလို့ အားနာသွားတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"ရှိုင်းတယ် ! ။ ဟား ... ဒါက ပုံမှန်ပါပဲ။ ကိုယ် ဘာမှ သိပ်မရှိုင်းထားပါဘူး။ အမှန်တိုင်း ပြောရရင် ဒီနေ့ ဒီပွဲကိုလာဖို့အတွက် ကိုယ် သိပ်စိတ်မပါဘူး"

"ဩော် ... ဒါကိုမှ မိုးရွာကြောင့် ဒီလိုဖြစ်သွားရတော့ ပြီးပါလေရော။ အင်္ကျီလည်း လျှော်ခဲ့ရတယ်နဲ့ တူတယ်နော်"

"အင်း ... ရပါတယ်။ အထဲမှာ အခြောက်ခံစက်ရှိတော့ အဆင်ပြေပါတယ်။ ကဲ ... စားလေ ...စား။ အစားအသောက် ပျက်နေဦးမယ်"

"အာ ... ကိုကြီးလည်း နည်းနည်းတော့ စားပါ။ ဒီမှာ ကြက်ကောက်ညှင်းလေး ကောင်းတယ်။ ကြက်တောင်ပံ နာနတ်သီးလည်း မဆိုးဘူး ...

စားကြည့်ပါလား၊ ထည့်ပေးမယ်နော်"

ကောင်မလေးက ဇွတ်ကိုပဲ အကြင်နာတွေ ပိုနေတော့လျှင် သူကပြုံးကာ ခေါင်းတစ်ချက်ပဲ ဆတ်လိုက်တော့သည်။ ကဲ ... ကိုယ်က ကိုယ့်ဟာကိုယ်နေသော်လည်း ကိုယ့်ဆီသို့ တည့်တည့်ကြီး တိုးဝင်လာနေတာကို ဘယ်လိုလုပ်ရမလဲ။ ယောက်ျား ကောင်း မောင်းမတစ်ထောင်ပေါ့၊ ဟုတ်ဖူးလား။

"သင့်ခ်ယူ။ ဒါနဲ့ အခုနက နာမ်စားသုံးတာ ကြားလိုက်ပါတယ်။ မိုးရွာ ဟုတ်လား"





"အင်း ... ဟုတ်တယ်။ မိုးရွာရဲ့ နာမည်အပြည့်အစုံက နွေဦးမိုးရွာလေ"

"နွေဦးမိုးရွာ ... ဟုတ်လား။ တကယ်တိုက်ဆိုင်လို့ ပေးတဲ့နာမည်နဲ့ တူတယ်နော်"

"ဟုတ်ပါ့။ မိုးရွာကို မမွေးခင်တစ်ရက်ကစပြီး အရမ်းပူနေတဲ့ နွေရာသီကြီးမှာ မိုးတွေရွာချလို့ စနေနေ့လည်းရောက်တော့ မိုးရွာကိုမွေးတာနဲ့ နွေဦးမိုးရွာဆိုပြီး ပေးဖြစ်ခဲ့တာတဲ့"

"ဩော် ... ဩော်။ ကိုယ်ကတော့ တည်မြဲသာတဲ့ကွ။ မှတ်ထား"

"ဟုတ် ... ကိုကြီးတည်မြဲသာပေါ့နော် ... ခိ ... ခိ"

ဟင်း သူကလည်း ဇွတ်ကိုပဲ ကိုကြီးချင်နေတော့တာပဲ။ ကဲပါ ... ကိုကြီးဆိုတော့လည်း ညီမလေး ရှေ့ဘာ့မှာပေါ့။

"ကိုယ့်ကို တစ်ကိုကြီးတည်း ကိုကြီးနေရအောင် မင်းက အသက်ဘယ်လောက်လဲ"

အဲဒီစကားကိုတော့ ကောင်မလေးက မျက်စလေး တစ်ချက်ပစ်ကာ မှန်းကြည့်လေဟု ခပ်သွက်သွက်ဆိုသည်။ အင်း မိန်းမတွေများ အသက်နဲ့ပတ်သက်လာရင် နည်းနည်းလောက်တော့ ပဟေဠိဖွက်လိုက်ရမှ။

"အင်း ... နှစ်ဆယ်လောက်တော့ ရှိမယ်ထင်တယ်"

"အဟင်း ... နှစ်ဆယ့်တစ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါဆို ကိုယ်နဲ့က ဆယ်နှစ်အတိ ကွာတာပေါ့"

"ဟင် ... ကိုကြီးက ဒါဆို သုံးဆယ့်တစ်ပေါ့။ မထင်ရဘူးနော်။ မိုးရွာက နှစ်ဆယ့်ခုနစ် ရှစ် လောက်ပဲ ထင်တာ"

"ဟား ဟား ... နုတယ်လို့ ပြောချင်တာလား။ ဒါပေမဲ့ မကြီးသေးတာလည်း အမှန်ပဲလေ။ မင်းတို့ အသည်းစွဲ ကြိုက်တဲ့ အဆိုတော် စိုင်းစိုင်းခမ်းလှိုင် ပြီးခဲ့တဲ့လကပဲ သုံးဆယ့်နှစ်ပြည့်သွားပြီ မဟုတ်လား။ သူ့ရဲ့ Birthday Show ကို ကြည့်လိုက်ရလို့ပါ။ ကိုယ်က ဒီဇင်ဘာမှ သာတိဝမ်း ပြည့်မှာကွ"

"ဟုတ်ပါတယ်၊ ကိုကြီးကို အဲလို ထိပ်စီးချိန်းနေလောက် ပြီတော့ တကယ်ကို မထင်တာပါ ... ဟင်း ဟင်း"

"အင်း ... နှစ်ခါပြောနေပြီ ဆိုရင်တော့ မုန့်ဝယ်ကျွေးရ တော့မယ်နဲ့တူတယ်"

"တကယ်ပေါ့ ကျွေးရမှာ။ မိုးရွာက ဟော့ပေါ့ဆို အရမ်း ကြိုက်တာ။ ဒီကရေ့လျှောက် မိုးကျပြီလေ။ မိုးလေးအေး အေးမှာ ဟော့ပေါ့ပူပူလေး သွားဆွဲလိုက်ရမယ် ဆိုလို့က တော့ ဟား ... ဘာပြောကောင်းမလဲ ချက်ကြီးရာပဲ"

အင်း ... ရာသီဥတုက ကိုယ့်ဘက်ပါတဲ့အကြောင်း တွေတောင် ထည့်ပြောနေပြီ။ ဒီကစလို့ ရှေ့ဆက်ပတ်သက်သွား ဖို့ရှိတယ် ဆိုတာတွေကိုလည်း သရုပ်ဖော်မြင်ကွင်းတွေနဲ့ ထုတ် ဖော်ပြောကြားနေပြီ။ ဒီလောက်ဆို သူ့ဘက်ကလည်း အလိုက်သိ





ရတော့မယ် မဟုတ်လား။ ဒီခေတ်ထဲမှာ စိုက်ကြည့်လို့မှ အလိုက် မသိရင် အလုပ်မဖြစ်ဘူးလေ။

"မိုးရွာရဲ့ဖုန်းနံပါတ်က ဘယ်လောက်လဲ"

"(xxx)လေ"

"အင်း ... ထပ်တွေ့ကြသေးတာပေါ့။ အကူအညီလိုတာ ရှိရင်လည်း သတိရပါ"

"အံမယ် ... မိုးရွာတို့က အကူအညီလိုမှ သတိရတာ မဟုတ်ပါဘူးနော်"

"ဒီအတိုင်းလည်း သတိရမယ်ပေါ့၊ အိုခေ ... အဲဒါက ပို ကောင်းပါတယ်"

သူ့စကားကို ကောင်မလေးက ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသည်။ သူကတော့ တိတ်ဆိတ်အေးခဲစပြုနေသည့် ရင်ခုန်သံတွေတောင် နွေးထွေးမြန်ဆန်လာသလို ခံစားရသည်မှာ အသစ်အဆန်းတစ်ခုကို ကြုံရတော့မယ်ဆိုတာ ကြိုသိနေ၍ဖြစ်သည်။

ဂျင်ဂျာရေ မင်းတစ်ယောက်တည်းနဲ့ပဲ ရည်းစားဖြစ် လာရတာ ဆယ့်သုံးနှစ်တောင်ရှိခဲ့ပြီကွာ။ နည်းနည်းပျင်းစရာ ကောင်းတယ်လို့ မင်းလည်း သတ်မှတ်ချင် သတ်မှတ်နေမှာပဲ မဟုတ်လား။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံးလို့ သတ် မှတ်တာကို မင်း လက်သင့်ခံနိုင်တယ်ဆိုရင် ငါ့ကိုလည်း နားလည် ပေးနိုင်မှာပါ။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၅

တွိခနဲ မြည်လာသော မက်ဆေ့ချ်သံ အကြားမှာ သူ့မျက်လုံးနှစ်လုံးကလည်း အလိုလိုပွင့်လာသည်။ ပြီးတော့ ခေါင်းအုံးဘေးက ဖုန်းကိုယူကာ ဖွင့်ကြည့်လိုက်လျှင် မက်ဆေ့ချ် တစ်စောင် ရောက်နေတာကို တွေ့ရသည်။ ဖွင့်ဖတ်လိုက်သော အခါ ထင်ထားတဲ့အတိုင်း မိုးရွာဆီကပဲ ဖြစ်လို့နေသည်။

"ကိုကြီး ...

နိုးပြီလား။ နိုးရင် ဖုန်းဆက် ... ခိ ခိ"

ဟူသော စာသားမှာ အင်္ဂလိပ်လို ရိုက်ထားခြင်း မဟုတ်ပါ။ ဒီခေတ်ကလေးတွေဟာ ဘာကြောင့်မှန်းမသိ မြင်းဂိလိရှ်ဟုခေါ်သော မြန်မာသံကို အင်္ဂလိပ်စာလုံးပေါင်းနှင့်ရေးရတာ အတော်အားသန်သူများကြ်သည်။ မိုးရွာဆိုလည်း ဘွဲ့ရပြီးသား သင်တန်းပေါင်းစုံ လျှောက်တက်နေသော ကောင်မလေးဖြစ်ပေ မယ့် ရေးလိုက်ရင် မြင်းဂလိရှ်ကကို မတက်ချေ။ မရေးပါနဲ့ပြော





လို့လည်းမရ။ သူမရဲ့အဆိုအရ မြင်းဂလိရှ်ကမှ ပို၍နွေးထွေးတယ် ဆိုပဲ။

ခုလည်းပဲ သူ နိုးမယ့်အချိန်ကို သိစွာနဲ့ အချိန်ကိုက် ပဲ မက်ဆေ့ချ်ပို့သည်။ ဒီလို မိန်းကလေးတစ်ယောက်နိုးတဲ့ နံနက်ခင်းမျိုး မခံစားရတာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ။ ဩော် ... သနားစရာကောင်းတဲ့ ငါ့ဘဝ ... ငါ့ဘဝ။ သူက ခပ် ပြုံးပြုံးနှင့် မိုးရွာထံ ဖုန်းခေါ်လိုက်သည်။ အခုဆိုလျှင် သူနဲ့မိုးရွာ တို့၏ အခြေအနေမှာ တော်တော်တိုးတက်နေပြီဟု ပြောလို့ရနေ ခဲ့ပြီ။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ မိန်းကလေးတစ်ယောက် ကို အသားယူပြီး ပြောတော့တာ မဟုတ်ပါ။ မိုးရွာသည် သူ့ကို စတွေ့တည်းက ငြိတွယ်သော အကြည့်များနှင့် ကြည့်ခဲ့တာဖြစ် ပြီး သူမရဲ့ပုံစံကိုက သံယောဇဉ်ရှိသော အရိပ်အယောင်တွေနဲ့ဖြစ် သည်။ ဒီတော့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ တိုးတက် လာခဲ့တာလည်း ဘာမှတော့ မဆန်းချေ။

"ဟယ်လို ... မောနင်း ကိုကြီး"

တွေ့လား ...။ ဖုန်းဝင်သွားပြီး စကိုင်လိုက်တာနဲ့ ချိုသာနူးညံ့စွာ ထွေးတတ်သော အသံလေးကို ကြားရပြီ။ ဒေါ်ဂျင်ဂျာ တို့များ ဒီအချိန်ဆိုလျှင် ဆိုင်သွားဖို့ ပြင်ဆင်ခြယ်သကာ Break-fast စားလည်းပဲ ဩော် ... သူ ဘာစားနေမလဲဆိုပြီး သူ့ကိုသတိ ရနေမှာ မဟုတ်ပါ။

"အင်း ... နိုးနေတာ ကြာပြီလား မိုးရွာ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာသေးဘူး၊ နာရီဝက်လောက်။ ထတော့လေ ကိုကြီး။ အိပ်ရာထဲမှာ နှပ်မနေနဲ့တော့။ ရုံးနောက်ကျမယ်။ ထတော့ ... ထတော့"

"အင်း ... ရုံးသွားရမှာ ပျင်းတယ်ကွာ"

"ခစ် ... ကလေးကြီးကျနေတာပဲ။ ပျင်းမနေနဲ့ ... ထ။ နေ့ခင်း ထမင်းစားချိန်ကျရင် မိုးရွာနဲ့အတူတူ ထမင်းသွားစားရအောင်"

"မိုးရွာက ဘာစားချင်လို့လဲ"

"အင် ... ညက ကိုကြီးပြောတဲ့ ချစ်တီးထမင်းဟင်းလေ။ ပဲချဉ်ဟင်းနဲ့ ထမင်းနဲ့ နယ်ဖတ်ပြီးစားချင်တာ ... ဟင်း ဟင်း"

"မိုးရွာက ချစ်တီးထမင်း ကြိုက်လို့လား"

"တစ်ခါမှတော့ မစားဖူးဘူး။ ဒါပေမဲ့ ကိုကြီးက ကြိုက်တယ်ဆိုတော့ လိုက်စားကြည့်မလို့"

အင်း ... ဒီလိုမိန်းကလေးမျိုးလည်း ရှိသေးလား။ အေးပေါ့လေ ... ငယ်သေးတော့လည်း ဒီလို ပါရမီဖြည့်ချင်တာတွေ ရှိတာပေါ့။ ဒေါ်ဂျင်ဂျာတို့လို ထိပ်စီးပြောင်းသွားတဲ့ အပျိုကြီးတွေကတော့ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုတဲ့ ဟာမျိုးတွေလေ။

"အင်း ... စားကြည့်လေ။ ဒါဆို ကိုယ် ဘယ်ကို လာခေါ်ရမလဲ"





"မိုးရွာသင်တန်းက ဆယ်တစ်ခွဲဆိုရင်ပြီးပြီ။ သင်တန်းရှိတဲ့ လှည်းတန်းကိုပဲ လာခေါ်လေ"

"အိုခေ ... အိုခေ ... ကိုယ် ဖုန်းထပ်ဆက်မယ်"

"ဟုတ် ... အဲဒါဆို ထတော့နော်။ ပြန်အိပ်မနေနဲ့ဦး"

ချိုသာချွဲနွဲ့သော နှုတ်ခမ်းသံလေးကြားမှာ သူက ကြည်နူးစွာ နိုးထလာခဲ့သည်။

အင်း ... သူလိုချင်တာလည်း ဒီလိုဘဝပဲလေ။ သူ့ဘဝဟာ သိပ်ပြီး ရှုပ်ရှုပ်ထွေးထွေး မရှိလှပါ။ အင်ဂျင်နီယာဘွဲ့ရတစ်ယောက်ဖြစ်သော သူဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက်တည်းက ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ဝင်ခဲ့သည်မို့ ခုချိန်မှာ သူ့အနေအထားနှင့် သူ့ဝင်ငွေဟာလည်း တစ်ကိုယ်စာအတွက်တော့ ဖူလုံပိုလျှံနေသေးသည်။

တစ်နေ့ တစ်နေ့ သူ့ဘဝဟာ ရိုးရှင်းသည်။ ရုံးဖွင့်ရက်မှာ ရုံးတက်၊ ဆိုက်ထဲသွားကာ အလုပ်လုပ်၊ ညနေဘက်အပြင်သွားစရာရှိတာသွား စသဖြင့် ရက်သတ္တပတ်တွေဟာ အေးအေးဆေးဆေး ရှိလှသည်။ ဂျင်ဂျာလို အောင်မြင်မှုနောက် ငွေရဲ့နောက်ကို အသည်းအသန် လိုက်မနေချေ။ လူတစ်ယောက်ရယ်လို့ ဖြစ်လာပြီးမှ ဘဝမှာ သက်သောင့်သက်သာ နေထိုင်နိုင်ပြီး ချစ်ခြင်းမေတ္တာကိုလည်း နေ့စဉ်နဲ့အမျှ ထိတွေ့ခံစားနိုင်ဖို့ လိုသေးသည်ဟု ထင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဆာလောင်တောင့်တမှုကို မိုးရွာက ဖြည့်ဆည်း ပေးနိုင်ခဲ့သည်။ သူ နေချင်သောဘဝလေးဖြစ်သော Romantic အဖြစ်မျိုးသည် မိုးရွာနဲ့မှ ပြန်လည်ခံစားခွင့် ရရှိခဲ့သည်ဟုထင်သည်။ အဲဒီနေ့က ထမင်းစားချိန်ရောက်သောအခါ ဆိုက်ထဲကနေ၍ မိုးရွာရှိသော လှည်းတန်းကို သူကသွားကြိုသည်။ ကိုယ့်ကို စောင့်နေသော မိန်းကလေးတစ်ယောက်ကို သွားကြိုရသောဖီလင်ကလည်း သူ့အတွက် အသစ်ဖြစ်စေသည်။ ဂျင်ဂျာကိုတော့ အဲဒီလိုကြိုဖို့ အခွင့်အရေး မရှိတော့ပါ။ မရွှေချောသည် ကယ်လ်ဒီနားပါဝါရိန်းဂျားကားကြီးကို ဝယ်စီးနိုင်ပြီ ဆိုကတည်းက တစ်နေရာရာ သွားမယ်ဆိုလျှင်တောင် သူကပဲ လာကြိုတတ်သူဖြစ်သည်။ အဲဒီကားကို မောင်းရတာကိုပဲ သင်းကိုယ်သင်း လူဖြစ်ရကျိုးနပ်ပြီဟု ထင်နေပုံပင်။

အာ ... သွားစမ်းပါတော့။ သူက ဂျင်ဂျာအကြောင်းကို ခေါင်းထဲက ထုတ်ပစ်လိုက်ကာ မိုးရွာထံမှာပဲ အာရုံစိုက်ထားလိုက်သည်။

အခုဆိုလျှင် သူနဲ့မိုးရွာတို့၏ အခြေအနေမှာ ရည်းစားမဟုတ်သော်လည်း မိတ်ဆွေတွေလို ပတ်သက်မှုမျိုး မဟုတ်တာတော့ သေချာသည်။ ဘာကြောင့်လဲဆိုတော့ မနက်တစ်ခါ၊ ညတစ်ခါ ဖုန်းပြောဖြစ်ကြကာ တစ်ပတ်မှာလည်း လေးရက်လောက်ကတော့ အသာလေးတွေ့ဖြစ်နေကြသောကြောင့်ပင်။





ဒါပေမဲ့လည်း ခုချိန်ထိ သူကလည်း ဂျင်ဂျာအကြောင်း မပြောဖြစ်သလို အဲဒါနဲ့ ပတ်သက်ပြီး ဘာမှမမေးမစမ်းချေ။ မိုးရွာ သိလား မသိဘူးလား ဆိုတာကိုလည်း သူ ဘယ်လိုမှ အကဲမခတ်နိုင်ပါ။ အကယ်၍ သိသိကြီးနှင့်ဆိုလျှင်တော့ သူ မိုးရွာကို ဖျားရတော့မှာဖြစ်သည်။

"အား ... ချစ်တီးထမင်းက စားလို့ကောင်းတယ်နော်။ သူ့ဆိတ်သားဟင်းက တခြားဟင်းတွေနဲ့ မတူဘူး"

"အင်း ... ကုလားလို ချက်ထားတာလေ။ ကြိုက်တဲ့သူအတွက်တော့ ဘာမှမတူပေမယ့် မကြိုက်တဲ့သူတွေအတွက်တော့ အနံ့တောင် မခံနိုင်ဘူးပေါ့"

သူက ပြောရင်းမှ ဂျင်ဂျာကို သတိရသွားပြန်သည်။ အင်း ... တိုက်ဆိုင်မှုရှိတိုင်း သွားသတိရနေတတ်တာတော့ ခက်တယ်။ အေးပေါ့လေ ... ဒါကလည်း သိပ်အဆန်းကြယ်ကြီးတော့ မဟုတ်ပါ။ သူမနဲ့က သိလာခဲ့တာ ဆယ်စုနှစ်တစ်နှစ်ကို ကျော်ဖြတ်ခဲ့ပြီးပြီလေ။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်သတိရသွားတာလား၊ တိုက်ဆိုင်မှုလားတော့ မပြောတတ်ချေ။ ထိုအခိုက်မှာပဲ ဂျင်ဂျာဆီက ဖုန်းဝင်လာခဲ့လေသည်။

"ဟိုတုန်းကလိုမျိုး အချစ်ရေ xxx ကိုယ့်ကို ချစ်သေးလား နှလုံးသားက ကြင်နာခြင်းတွေ xxx ခံစားရလာ xxx ဟိုတုန်းကလို ရင်ခုန်ခြင်းတွေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းမကိုင်ဖြစ်သေးဘဲ ဘာရယ်မဟုတ် မိုးရွာကို ကြည့်မိသွားသည်။ သူမကလည်း သူ့ကိုဖျတ်ခနဲ ဈွေကြည့်တာနှင့်ဆုံသည်။ ဆုံမှာပေါ့ သူမနဲ့ အတူရှိချိန်တိုင်း အခါများစွာက ဖုန်းလာခဲ့လျှင် တခြားတီးလုံးသံဖြစ်ပြီး ဒီ Ring Tone သံနှင့်က တစ်ခါမှမလာဖူးသောကြောင့်ဖြစ်သည်။ ဒါဟာ တစ်ဦးတစ်ယောက်တည်းအတွက် သီးသန့်ထည့်ထားသော Special Ring Tone ဆိုတာ မိုးရွာလည်း ရိပ်မိပါလိမ့်မည်။

“ဟယ်လို”

“အင်း ... ဆရာတည်။ ဘယ်ရောက်နေတာလဲ”

သူက မျက်နှာကို ရှုံ့မဲ့မိသည်။ အဲဒီမိန်းမက လူကိုရည်းစားတော်ထားပြီး ခေါ်လိုက်ရင်တော့ ဘာကြောင့်များ သာယာနာပျော်ဖွယ်မရှိသည့် နာမည်တွေကိုပဲ ခေါ်နေရတာလဲ မသိပါ။

“ချစ်တီးဆိုင်မှာ နေ့ခင်းစာ စားနေတာ။ ပြော ... ထူးထူးခြားခြား ဖုန်းတွေဘာတွေ ဆက်လို့ပါလား”

“ဒီလိုပဲလေ။ အာရုံတွေ ရနေလို့။ ချစ်တီးထမင်းကို တစ်ယောက်တည်း သွားဆွဲနေတာလား”

“ဟင့်အင်း ... ကောင်မလေးတစ်ယောက်နဲ့”

ဂျင်ဂျာက သူ့စကားကို တကယ့်ဟာသအလားတဟားဟားနှင့် ရယ်မောလေသည်။ ဩော် ... ဂျင်ဂျာ ... ဂျင်ဂျာ။ သူ့ကို တော်တော် အထင်ကြီးတာလား၊ အထင်ပဲသေးတာလား မစဉ်းစားတတ်တော့ပါ။





“ဟား ဟား ... ကုလားမလေးတစ်ယောက်နဲ့တူတယ်၊ ဟုတ်လား”

သူက အသာအယာပြုံးပြီးနောက် မိုးရွာဘက်သို့ တစ်ချက်လှည့်ကြည့်မိကာ ...

“အင်း ... တူတော့ တူသလိုပဲ။ စားပြီးပြီးလား ဂျင်ဂျာအေး”

“မစားရသေးပါဘူး။ ခုပဲ စားတော့မလို့။ ဆိုင်မှာ ဆိတ်ရိုးနဲ့မျစ်ချဉ်နဲ့ချက်တယ်၊ နောက် ဂျူးပဲပုပ်မြေပဲဆံကြော်၊ ဂေါ်ဖီကြော်နဲ့ လာစားပါလား”

“တော်ပြီလေ၊ ခုပဲ ထမင်းဆိုင်ထဲ ရောက်နေတဲ့ဟာ။ စောစောစီးစီးကတော့ မဆက်ဘဲနဲ့”

“ဩော် ... စောစောတုန်းကလည်း သတိရတယ်၊ ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေရလို့၊ အဲဒါကြောင့်”

“အေးပါ။ မင်းနဲ့ပတ်သက်လာရင် ကိုယ်က နောက်ဆုံးဦးစားပေးပါကွာ။ အရာရာတိုင်းရဲ့နောက်ကပါ၊ ဟုတ်တယ်မှလား”

“ဘိုတည်က မဟုတ်တာတွေ သိပ်လျှောက်ပြောတာပဲ။ ကဲပါ ... စားမှာဆိုလည်း စားတော့၊ ကောင်းကောင်းစား၊ ညက်အောင်ဝါးပြီးမှ မျိုချ။ ဟဲ ဟဲ ... ဒါပဲနော်”

ထုံးစံအတိုင်းပဲ သူမက ရှုးချင်ယောင်ဆောင်ကာ ဖုန်းချသွားသည်။ သူက သူ့ကို ဂျင်ဂျာ ဂရုမစိုက်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အလေးမထားတော့ကြောင်း အရေးဆိုတင်သွင်းလေတိုင်း သူမက ဒါတွေကို ရှုးချင်ယောင်ဆောင်ပစ်တတ်သည်။ ပြဿနာတစ်ရပ်ကို ရှုးချင်ယောင်ဆောင်ပြီး ဖြေရှင်းလို့မရဘူးဆိုတာ သူမ နားမလည်ပဲ နေမှာမဟုတ်။

ဒီလိုကိစ္စမျိုးဆိုတာ ဆေးမီးရုံလေး အချိန်မီကုသရတယ်ဆိုတာ ဂျင်ဂျာ မသိချင်ယောင်ဆောင်ထားတာပဲ ဖြစ်နိုင်ပါသည်။

ဒီတော့လည်း ငါ ဘာမှမတတ်နိုင်တော့ဘူး ဂျင်ဂျာ။

သူက ဖုန်းချပြီးနောက် ပခုံးကိုတွန့်ကာ ထမင်းစားဖို့ပြင်သည်။ မိုးရွာက သူ့ပန်းကန်ထဲသို့ ဟင်းတစ်ဇွန်း ခပ်ထည့်ပေးသော်လည်း ဘာစကားမှမပြော မမေး။ သူက မိုးရွာရဲ့မျက်နှာကို တစ်ချက် အကဲခတ်ကြည့်လိုက်သော် သူမရဲ့မျက်နှာက ဘာကိုမှ အကဲမရဖွာဖြင့် ပုံမှန်အတိုင်းပဲ ရှိနေသည်။

"ဂျင်ဂျာအေးလို့ ခေါ်လိုက်တဲ့တစ်ယောက်က ဘယ်သူလဲ သိလား"

"မသိဘူးလို့လိမ်ရင် ယုံမှာလား"

"ဟား ဟား ဟား ... မိုးရွာစကားက အဆန်းပါလား။ သိရင် သိတယ်၊ မသိရင် မသိဘူးကို ဘာကြောင့် လိမ်ချင်နေရတာလဲ"

"အင်း ... မသိတဲ့အတိုင်း မသိသလို ထားရတာပဲ ပိုကောင်းမလားလို့ပါ"





မိုးရွာရဲ့စကားတွေက သူ့ရဲ့စိတ်ဝင်စားမှု ဒီဂရီကို တဖြည်းဖြည်း မြင့်တက်စေလာသည်။ သူ အင်မတန်ကြိုက်သော ချစ်တီးထမင်းဆီမှာတော့ အာရုံက သိပ်မရှိတော့။

"ဘာဖြစ်လို့လဲ မိုးရွာ။ မိုးရွာရဲ့စကားတွေက သိပ်အဆင့်မြင့်နေသလိုပဲ။ ကိုယ် နားမလည်ဘူး"

"ကိုကြီးလည်း မညာကြေးလေ။ နားလည်ပါတယ်၊ နားမလည်ချင်ယောင်ဆောင်နေတာ မဟုတ်လား။ ဘာလို့ဆို ကိုကြီးရော မိုးရွာရော အခြေအနေတစ်ခုကို မသိချင်ယောင်ဆောင်နေတာ မဟုတ်လား"

"ဘာကိုလဲ မိုးရွာ။ ဘာအခြေအနေလဲ"

"ကိုကြီး သိပ်အတ္တမကြီးနဲ့နော်။ တော်တန်ရုံပဲ ကောင်းတယ် ... ဟွန်း"

အဲဒီစကားကို မိုးရွာက ခံစားချက်အပြည့်ပါသော မျက်လုံးတွေနှင့် ပြောခဲ့ပြီး အဆုံးသတ်ကျတော့မှ သူ့ကို အမျက်မပါသော မျက်စောင်းလေးတစ်ချက် ထိုးလိုက်လျှင် သူ့ရဲ့အေးခဲနေသော နှလုံးသားဟာ ဖျတ်ခနဲ ပူနွေးစိုအိလို့လာသည်။ ဒီကောင်မလေးဟာ ထင်ထားတာထက် သူ့ကို အများကြီး နားလည်ပေးနိုင်တာပါလား။

အားပါး ... ရင်ခုန်သံတွေ စစ်မှန်တယ်ဆိုရင် ချစ်တီးထမင်းဆိုင်မှာလည်းပဲ သာယာတဲ့ချစ်ခြင်းတစ်ခု ထပ်မွေးဖွားနိုင်တာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"မိုးရွာ"

သူက တမ်းတသံအပြည့်ဖြင့် ခေါ်လိုက်လျှင် သူမက တောက်ပနေသော Big Eye မျက်ဝန်းအညိုရောင်ကြီးများနှင့် မော့ကြည့်သည်။ မျက်ကပ်မှန် အညိုရောင်တပ်ထား၍ အရည်လဲ့သော မျက်ဝန်းများကို မြင်ရသောအခါ နဂိုအတိုင်း ကြည်သာရွှန်းလဲ့နေသော အညိုရောင်မျက်လုံးရှင် ဂျင်ဂျာ့ကို သတိရလာပြန်သည်။ ဆောရီး - ဂျင်ဂျာရယ်။

"ကိုယ် မိုးရွာကို လိုအပ်တယ် သိလား"

"တကယ်လား ကိုကြီး၊ အဲဒါဆို မိုးရွာ သိပ်ဝမ်းသာမိမှာပဲ"

"ဘာလို့လဲ"

"ဟုတ်တယ်လေ၊ ကိုယ့်ကို လိုအပ်တယ်ဆိုတာ ဘယ်လောက် ပျော်ဖို့ကောင်းသလဲ။ သေချာစဉ်းစားကြည့်ရင် ချစ်သူတွေမှာ ထားရစ်ခဲ့ရတယ်ဆိုတာ မလိုအပ်ဘူး ထင်လို့လေ။ တကယ်တမ်း မရှိမဖြစ်သာ လိုအပ်တယ်ဆိုရင် ထားခဲ့စရာ အကြောင်းမှမရှိတာ ...

ကိုကြီးအတွက် မိုးရွာက လိုအပ်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်တယ်ဆိုရင် မိုးရွာ အရမ်းပဲ ကျေနပ်မိမှာပါ။ လိုအပ်တယ်ဆိုတဲ့စကားကို မိုးရွာက ရည်းစားစကားထက်တောင် တန်ဖိုးထားသေးတယ်"





ပြီးရော ...။ ပြီးပါလေရော့ကွာ။ မိုးရွာရဲ့စကားတွေက အလန်းဇယားဖြစ်နေသောအခါ သူ့မှာ ဘာမှပြန်မပြောနိုင်ပဲ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေရသည်။ မိုးရွာ သွင်းသွားသော ဂိုးတွေမှာ ဖရီးကစ်တွေချည်း ဖြစ်သဖြင့် လက်မြှောက်နေရုံမှအပ တခြားမရှိနိုင်တော့ပါ။

"မိုးရွာ ! "

"ကိုကြီး တစ်ခုခုကို ပြောချင်နေတယ် ! ။ ဒါပေမဲ့ ဘာပြောရမှန်းလဲ မသိဘူး။ ဘာမှမပြောတတ်ရင် ဘာမှမပြောနဲ့လေ ...

မိုးရွာတို့ တစ်ယောက်စိတ်ချမ်းသာဖို့ကိုပဲ တစ်ယောက်က ဂရုစိုက်ကြရအောင်"

အဆုံးသတ်စကားကို ပြောပြီးနောက် အမေးသဆောင်သည့် ဘယ်လိုလဲဟူသော မျက်ခုံးပင့်ဆတ်လိုက်သည့် အပြုအမူအဆုံးတွင် သူက ရင်ခုန်လှိုက်မောစွာဖြင့် မိုးရွာရဲ့လက်ကလေးတစ်ဖက်ကို သွားရောက်ဆုပ်ကိုင်မိသွားသည်။ ပဲချဉ်ဟင်းထဲမှာလည်း အချစ်ရှိနေနိုင်ပါသည်။

"မိုးရွာ ... မင်း တကယ် ချစ်ဖို့ကောင်းတယ်"

အဲဒီစကားကို သူမက တစ်စက်လေးမှ ရှက်ရွံ့ခြင်းမရှိဘဲ၊ သူ ကိုင်ထားသောလက်ကိုလည်း မရုန်းထွက်ဘဲ သူ့ကို တည့်တည့်စိုက်ကြည့်ကာ အောက်ပါစကားကို ပြန်ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို အချိန်ကြာလာတာနဲ့အမျှ ကိုကြီး ပိုသိလာရလိမ့်မယ်"

ကဲ ... သူ့ရဲ့ကံဇာတာတွေက အဖိယယ်မျှော်စင်ပေါ်ရောက်နေတယ်လို့ ခင်ဗျားတို့ မထင်မိဘူးလားဗျာ။

✦ ❦ ✦





## ၆

"အမယ်လေး ... ခေါင်းကိုက်လိုက်တာ၊ ခေါင်းကိုက်လိုက်တာ၊ စာရင်းတွေတွက်ရတာ တကယ်ပဲ ခေါင်းကိုက်လာပြီ။ ထားကြည်မရေ ... ငါ့အတွက် ကော်ဖီခါးခါးတစ်ခွက် အမြန်ဟေ့။ ကဖင်းဓာတ်ကို သွေးသားထဲက ဆာလောင်တောင့်တနေပြီ"

စာရင်းစာအုပ် သုံးလေးအုပ်ရယ်၊ ဂဏန်းပေါင်းစက်ရယ်၊ laptop ရယ်ကို ရှေ့မှာချကာ လူက ပါကေးကြမ်းပြင်မှာ တံပျဉ်ခွေထိုင်ရင်း အော်ဟစ်နေသော တူမချောကိုကြည့်ကာ အဒေါ်ဖြစ်သူ အန်တီယုက သက်ပြင်းချမိသည်။ ဆံပင်တွန့်လိမ်ခေါက်ဆွဲကောက်တွေကို ကျားကလစ်တစ်ခုနှင့် ညှပ်တင်ထားပြီး စွပ်ကျယ်တစ်ထည်၊ ပေါင်လည်ဘောင်းဘီတို့နှင့် ဖြစ်နေသော ဂျင်ဂျာသည် အစစအရာရာ ပြည့်စုံပါလျက်နှင့် ခုချိန်ထိ ဘာ့ကြောင့် အိမ်ထောင်မပြုသေးတာလဲ ဆိုတာကို စဉ်းစားမရ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မပြုရခြင်းမှာ အိမ်ထောင်ဖက်မရှိသောကြောင့်လည်း မဟုတ်ပြန်။ အစစအရာရာ ပြည့်စုံသော ငယ်ရည်းစားတစ်ယောက်လုံးလည်း ရှိနေပါလျက်နှင့် ခုထိကို မလှုပ်သေးတာကလည်း ဘယ်လိုမှကို နားမလည်နိုင်။ တကယ်ဆို ဂျင်ဂျာမှာက မိဘတွေလည်း ရှိတော့တာ မဟုတ်ချေ။ မိခင်ဖြစ်သူက ငယ်ငယ်တည်းက ဆုံးပါးသွားခဲ့တာဖြစ်ပြီး ဖခင်ဖြစ်သူကတော့ တရားဘောင် သာသနာ့ဘောင်သို့ အပြီးဝင်သွားခဲ့သည်မှာ ဂျင်ဂျာ လုပ်ငန်းတွေ အောင်မြင်စပြုလာသည့်အချိန်မှာဖြစ်သည်။

သမီးဖြစ်သူတော့ ထမင်းမငတ်တော့ပါဘူးဟု စိတ်ကျသွားလေလားတော့ မပြောတတ်။ အေးပေါ့လေ ... အဖေလုပ်သူကတော့ ကိုယ့်သမီးယူမယ့် ရည်းစားဆိုတာကိုလည်း သိနေပြီးသားဆိုတော့ ဪ အားလုံးအိုကေ စိတ်ချလက်ချပေါ့။ ဒါပေမဲ့ သမီးဖြစ်သူက ခုချိန်မှာ အိမ်ထောင်ရေးကို စိတ်မဝင်စားဘဲ ကိုယ်တိုင်လုပဖို့၊ သူများလုပဖို့ကိုပဲ စိတ်ဝင်စားနေတာတော့ ခက်လှသည်။ ဂျင်ဂျာရဲ့အဒေါ်ဖြစ်သူ ကိုယ်ကိုယ်တိုင်ကတောင် သူ့အရွယ်မှာ အိမ်ထောင်ပြုခဲ့ပြီ၊ ခင်ပွန်းသည်နှင့် သာယာသောဘဝကို တူထောင်ပြီးသား ဖြစ်နေခဲ့သည်။ ဒါပေမဲ့ ကံအကြောင်းမလှတော့ အိမ်ထောင်သက်သုံးနှစ်မှာပဲ ခင်ပွန်းသည်က တိုက်ပွဲကျသွားခဲ့သောအခါ အစ်ကိုဖြစ်သူ၊ တူမဖြစ်သူနဲ့ပဲ အတူတူနေထိုင်ခဲ့တော့တာပါ။





မသိတဲ့လူတွေအဖို့တော့ အပျိုကြီးဟုတောင် အထင်ခံရသော အန့်တီယုဟာ ကိုယ်တိုင်တော့ အိမ်ထောင်ပြုဖို့ စိတ်မကူးတော့ပေမယ့် တူမချောကိုတော့ အိမ်ထောင်ပြုစေချင်လှပြီ။ ဂျင်ဂျာရဲ့အသက်ဟာ သုံးဆယ်တွင်းမှာမို့ မငယ်တာတော့ လုံးဝမငယ်တော့။ ပြီးတော့ တည်မြဲသာနှင့် ဂျင်ဂျာဟာ သိပ်လည်းလိုက်ဖက်ညီတဲ့ စုံတွဲတွေလေ။ တစ်ယောက်က ယောကျ်ားပီပီသသ ကြည့်ကောင်းသလို တစ်ယောက်ကလည်း မင်းသမီးလုပ်ဖို့တောင် အကြိမ်ကြိမ် ကမ်းလှမ်းခံခဲ့ရတဲ့သူဆိုတော့ ဒီစုံတွဲဟာ တကယ်ကို နေနဲ့လ၊ ရွှေနဲ့မြ စုံတွဲပင်။ ဒါကို ခုထိ အီးရော အီးရော လုပ်နေသော သင်းတို့နှစ်ယောက်လုံးကို အသည်းယားလှလေသည်။ မရတော့။ ဒီနေ့တော့ လုံးဝကိုပြောမှဖြစ်တော့မည်။

"ထားကြည်မရေ ... ကော်ဖီက ဒီနေ့သောက်မှာ"

"လာပြီ မမလေး။ ဒီမှာ ကော်ဖီနဲ့တွဲစားဖို့ ကောက်ညှင်းရွှေကြည်လေးပါ ထည့်နေလို့"

"အမယ်လေး ... စေတနာတွေ ပိုနေပြန်ပြီ၊ လာ ... ကော်ဖီအရင်လာပို့"

"ခေါင်းကိုက်တယ်လည်း ဆိုသေးတယ်၊ သံပရာရည်အေးအေးလေး သောက်တာမဟုတ်ဘူး ဂျင်ဂျာရယ်"

"အိုး ... သောက်ချင်နေတာက သံပရာရည်မှ မဟုတ်တာ။ ဂျင်ဂျာတို့က ဖီလင်လာတာကိုပဲ လုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တဲ့စကားကို အကွက်ကောင်း ဆိုက်သွားသဖြင့် အန်တီယုက ဂျင်ဂျာ့ရှေ့က ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ဒါဖြင့်ရင် တည်မြဲနဲ့ လက်ထပ်ဖို့ကိစ္စက ဖီလင်မလာသေးလို့ မလုပ်တာပေါ့ ... ဟုတ်လား"

ဂျင်ဂျာက အဲဒီမေးခွန်းကြောင့် အန်တီယုကို မော့ကြည့်လိုက်သည်။ ဒါပေမဲ့ ထားကြည်က ကော်ဖီနဲ့ ရွှေကြည် လာချပေးတာမို့ အန်တီယုကို သွားကွယ်သည်။ ဂျင်ဂျာက စိတ်လျှော့လိုက်ပြီး အဖုံးအုပ်ထားသော ကော်ဖီခွက်ကို အဖုံးဖွင့်ကာ စာရင်းစာအုပ်ထံ အကြည့်ပြန်ပို့လိုက်သည်။ လက်ကုန်ရက်မို့ ဆိုင်တွေရဲ့လချုပ်စာရင်းတွေ လုပ်နေတာဖြစ်ပြီး Beauty Saloon အတွက် ဖြည့်ရမည့် ပစ္စည်းတွေလည်း စာရင်းလုပ်နေတာဖြစ်သည်။

"မေးနေတာကို ဖြေဦးလေ ဂျင်ဂျာ"

"အန်တီယုကလည်းကွာ၊ လာစားနေပြန်ပြီ၊ ဒီမှာစာရင်းတွေနဲ့ ရှုပ်နေတဲ့ကြားထဲ"

"အဲဒီစာရင်းတွေ အသာထားစမ်းပါ။ နောက်မှလုပ် အခုအရေးကြီးတဲ့စကား ပြောမလို့"

အတည်ပေါက်ကြီး လာပြောနေသော အန်တီယုကြောင့် ဂျင်ဂျာက သက်ပြင်းတစ်ချက် ချတော့မည့်ဟန်ပြုပြီးမှ သတိထားကာ မချဘဲ နေလိုက်တော့သည်။ သက်ပြင်းချတာဟာ လူကို အိုစာစေသတဲ့။ ဂျင်ဂျာသည် သက်ပြင်းမချမိအောင် သတိထားပြီး နေထိုင်သူဖြစ်သည်။





ဂျင်ဂျာ မော့ကြည့်လိုက်သော အန်တီယုက ဂျင်ဂျာ့ကို အတည်အတန့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။

"သမီးနဲ့ တည်မြဲ ဘာဖြစ်လို့ လက်မထပ်သေးတာလဲ"

"ဒီလိုပါပဲ အန်တီယု၊ ဂျင်ဂျာတို့နှစ်ယောက်လုံးက လွတ်လွတ်လပ်လပ် နေချင်သေးလို့ပါ။ ဂျင်ဂျာတို့နှစ်ယောက်လုံး တူတဲ့အချက်က သုံးဆယ်တန်းကို ရောက်နေပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ်တွေတော့ အစိတ်ထက်မပိုသေးဘူးပဲမှတ်တာ ...

အချိန်ကာလကသာ သူ့ဟာသူ တရွေ့ရွေ့ သွားနေလို့ အသက်တွေက တစ်နှစ်ပြီးတစ်နှစ် ကြီးသွားပေမယ့် ဂျင်ဂျာကတော့ ကြီးတယ်လို့ကို မမှတ်တာလေ"

"ကောင်းရောပေါ့အေ။ ဒါပေမဲ့ ခေါင်းမမာနဲ့တော့လေ ဂျင်ဂျာ။ ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရားကိုတော့ လက်ခံရမှာပဲ မဟုတ်လား။ သမီးတို့တွဲလာတဲ့ ရည်းစားသက်တမ်းကလည်း နည်းမှမနည်းတော့တာ။ ပြီးတော့ သူများတွေက ရည်းစားသက်တမ်း ဆယ်နှစ်လောက်ကြာတယ် ဆိုတာက ဘာမှမပြည့်စုံသေးလို့ ကြိုးစားရန်းကန်နေရဟာ၊ မိဘသဘောတူအောင် စောင့်ဆိုင်းရတာ စသဖြင့် အခက်အခဲအမျိုးမျိုးတွေကြောင့်လေ ...

သမီးတို့က အစစအရာရာ အားလုံးအဆင်ပြေနေရဲ့သားနဲ့ သက်သက်အချိန်တွေဆွဲနေတာ သိပ်တော့နည်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကျဘူးလေ။ ပြီးတော့ ယောက်ျားလေးဆိုတာမျိုးက ကြီးတာ ငယ်တာ သိပ်ပြဿနာမရှိဘူး။ မိန်းကလေးက အသက်ကြီးလာရင် ကိုယ်ဝန်ဆောင်ရတာလည်း မကောင်းတော့ဘူး"

"အာ ... အန်တီယုကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

"ဟား ဟား ... အပျိုကြီးက ဒါကျတော့ ရှက်တတ်သလား။ အန်တီက အကောင်းပြောနေတာ၊ စဉ်းစားတော့၊ စီစဉ်တော့ သမီး"

"ဟာ ... ဘာအပျိုကြီးလဲ။ နိုးပါနော် လုံးဝမဟုတ်သေးဘူး။ အမယ်လေး အန်တီယုရာ။ တည်မြဲဆိုတာ ဂျင်ဂျာ့ခြံထဲက ကြက်ဖကြီးပါ။ ဘယ်အချိန် သတ်စားစားပေါ့။ ဘာလို့ အရေးတွေ ကြီးနေတာလဲ"

"အမယ်လေး ... အမယ်လေး ... ဘယ်လိုတွေ ပြောနေတာပါလိမ့်။ ဂျင်ဂျာ့ခြံထဲကကြက်ဆိုတာ အရင်တုန်းကတော့ ဟုတ်ချင်ဟုတ်မယ် ...

ခုတော့ မဖြစ်နိုင်တော့ဘူး"

အဲဒီစကားကိုတော့ ဂျင်ဂျာက ခွက်ထိုးခွက်လန်ပဲ ရယ်မိတော့လေသည်။ တည်မြဲဟာ ဂျင်ဂျာ့လို မိန်းမတစ်ယောက်ကိုခွာပြီး တခြားမိန်းမကို စဉ်းစားမတဲ့လား။ မိန်းမတစ်ယောက်ရဲ့အရည်အချင်းကို နောက်မှာထားလိုက်ဦး၊ အဆင်းရုပကာမှာ





တောင် တော်တန်ရုံက လိုက်မမီဘူးဟု ထင်သည်။ ဒီအလှအပနဲ့တင် တည်မြဲဟာ ဂျင်ဂျာ့ကို ပစ်ခွာမပြေးနိုင်ဟု ယုံကြည်ထားတာ ဖြစ်ပါသည်။

"ရယ်မနေနဲ့ ဂျင်ဂျာ။ ယောက်ျားဆိုတာမျိုးက လှတာတော်တာကို မက်တယ်ဆိုပေမယ့် အပြုအစု အယုအယကိုတော့ လှတာထက်တောင် မက်သေးတယ်လေ။ ခုချိန်မှာ ဂျင်ဂျာလောက် မလှပေမယ့် ဂျင်ဂျာထက် အပြုအစုအယုအယကောင်းတဲ့ မိန်းကလေးတွေ့ရင် ပါမသွားဘူးလို့ မပြောနိုင်ဘူး ...

ယောက်ျားဆိုတာမျိုးက ငှက်ပျောသီးနဲ့တူတယ်တဲ့။ ရင့်လေ ပျော်လေပဲ မှတ်ထား"

ဂျင်ဂျာသည် အန်တီယုရဲ့ မှတ်ချက်သံအဆုံးတွင်တော့ ဘာမှထပ်မပြောတော့ဘဲ ခေါင်းကို အသာခါယမ်းပြီးတော့ပဲ ရယ်နေမိတော့သည်။ ဒါကတော့ အန်တီယုက တည်မြဲကို နည်းနည်းအထင်သေးသွားပြီဟု တွေးကာ တည်မြဲနဲ့တွေ့လျှင်တော့ ရယ်စရာအဖြစ် ပြန်ပြောဦးမှဟု မှတ်ထားမိလေသည်။

✦ ✦



www.burmeseclassic.com

www.burmeseclassic.com



၇

တည်မြဲသာသည် သူ့ကိုယ်သူ ရည်းစားနှစ်ယောက် တစ်ပြိုင်နက်ထားမိနေပြီလားဟူသော မေးခွန်းကို ကိုယ့်ကိုယ်ကိုယ် မကြာခဏ မေးမိသော်လည်း အဲဒီအဖြေက လုံးဝမထွက်ချေ။ မထွက်ဆို သူ့အခြေအနေကလည်း နှစ်ယောက်စလုံး မသိအောင် ဖုံးကွယ်ထားတာမှ မဟုတ်ဘဲကိုး။ အင်းလေ ... ဂျင်ဂျာ မသိအောင်တော့ ဖုံးထားသလို ဖြစ်နေတာပေါ့လေ။ ဒါပေမဲ့လည်း သူက ဂျင်ဂျာ သိသွားမှာကိုလည်း နည်းနည်းမှ မစိုးရိမ်ပါ။ သိလည်း ပိုတောင်ကောင်းသေးဟု တွေးထားတာဖြစ်သည်။

ချစ်သူကို ဂရုစိုက်ရကောင်းမှန်းမသိတဲ့ မိန်းပ မှတ်ပလားဟုတောင် ခပ်စပ်စပ်လေးရိုက်ပြီး မေးပစ်ချင်သေးသည်။ မိုးရွာနဲ့ကလည်း ရည်းစားလို့ ပြောရမှာလား Sole Mate လို့ ပြောရမှာလား (Sole Mate ဆိုတာက ချစ်သူရည်းစား လင်မယား ထက်တောင် စိတ်ချင်းနီးကပ်၊ နားလည်ပတ်သက်ကြသူတွေ





တော့) ဘာမှန်းကို ရေရေရာရာ မသိသေးပေ။ ဒါပေမဲ့ သေချာတာကတော့ သူနဲ့ မိုးရွာသည် အပေးအယူကအစ အတော်ပဲ တည့်နေသည်။ အထူးသဖြင့် သူ့ကိုပဲ အချိန်တိုင်းလိုလို တ,နေသော၊ ချွဲနွဲ့နေသော ကောင်မလေးကို သူကလည်း ရင်ခုန်နေတာပဲ ဖြစ်တော့သည်။

အခုလည်း ကြည့်လေ။ အေးစိမ့်မွှေးပျံ့သော ကော်ဖီဆိုင်လေးတစ်ဆိုင်ရဲ့ သီးသန့်အခန်းထဲမှာ သူနဲ့ မိုးရွာက ကော်ဖီသောက်ရင်း တစ်ယောက်နဲ့တစ်ယောက် စလိုက် နောက်လိုက် လုပ်နေကြတာ ဘယ်လောက်ပျော်ဖို့ကောင်းလဲ။ ဂျင်ဂျာနဲ့ဆိုရင် ဒီလို လွတ်လွတ်လပ်လပ် မတွေ့ခဲ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ဒီလို ကျွလူ့ညာ်သို့ မြူညာ်သို့ အဖြစ်မျိုးဆိုတာ ဘယ်အချိန်က နောက်ဆုံးဆိုတာတောင် ဖော်ထုတ်မရတဲ့အထိ ကြာခဲ့ပြီ။

"ဟား ဟား ... တော်ပြီ မိုးရွာရာ၊ ကိုယ် ရယ်ရလွန်းလို့ အူနာနေပြီ၊ ဆက်မပြောင်ပြနဲ့တော့"

"အင် ... ပြောင်မှာပဲ ... ပြောင်မှာပဲ၊ ဒီမှာကြည့် ရှာကီရာရဲ့ ဝါကာဝါကာလို ကပြဦးမယ်၊ ကြည့်ထား"

မျက်နှာပြောင်လွန်းသော မိုးရွာသည် ဖုန်းနှင့်သီချင်း ဖွင့်ကာ ရှာကီရာရဲ့ ဝါကာဝါကာလိုလည်း ကပြသေးသည်။ သူက သဘောတကျနှင့် စိုက်ကြည့်ကာ ခေါင်းယမ်းရင်း အသာယာ ရယ်မောမိပြန်လေသည်။ ကပြီးသွားတာနှင့် သူမက သူ့ဘေးမှာ ဖွ့ခနဲ ပစ်ဝင်ထိုင်ကာ သူ့မေးရိုးမှာ ပါးအပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အား … ကပြရတာ မောတယ်၊ ကိုကြီး … မိုးရွာကို ice cream ခွံ့ကျွေး"

"အင် … စားဦးမှာလား။ ခုနလည်း ဆင်းဒဝရှ်တွေ စားထားတာ အများကြီး"

"အာ … အဲဒါ ရယ်ရတာနဲ့ ကရတာနဲ့ ဘယ်နားတောင် ရောက်သွားမှန်း မသိဘူး။ ဗိုက်ဆာတယ် လုပ်ပါ။ ice cream မှာကျွေးပါဆိုနေမှ … ဟွန်း"

ကလေးမက ခြေထောက်ဆောင့်ကာ နှုတ်ခမ်းကို တစ်တောင်လောက် ဆူထော်ပြီးပြောလျှင် သူက သဘောတကျနှင့် ရယ်မောကာ ခေါင်းလေးကို အုပ်မိုးလှုပ်ယမ်းမိသည်။ မိုးရွာက ချစ်ဖို့ကောင်းစွာဖြင့် အဲဒီလိုလေးတွေ ချွဲနွဲ့တတ်သည်။ သူကလည်း အဲဒါကို ရင်ခုန်ကျေနပ်ရတာဖြစ်သည်။

သူက ဝိတ်တာကို ဘဲလ်တီးကာ ခေါ်ပြီးတော့ သူမစိတ်ကြိုက် ချောကလက်ရေခဲမုန့်တစ်ပွဲမှာကာ ချစ်ခင်ယုယစွာဖြင့် ခွံ့ကျွေးဖြစ်သည်။ သူမက သူ့ရင်ခွင်ထဲမှာ မှီနွဲ့ကာ သူခွံ့ကျွေးသော ရေခဲမုန့်ကို တစ်ဇွန်းချင်းစားရင်းမှ လက်တွေကလည်း သူ့နားရွက်တွေကို အသည်းယားစဖွယ် ပွတ်ထိဆော့ကစားနေသေးသည်။

တိမ်မှုံးဖွယ် အခြေအနေမို့ သူက သူမရဲ့နှုတ်ခမ်းက ရေခဲမုန့်အစအနလေးများကို မြည်းစမ်းကြည့်မိသည်။





မိုးရွာရဲ့မျက်ဝန်းများက အတန်ကြာအောင်မှေးမှိတ်၊ သူသည်လည်း ထူးဆန်းသော အေးအေးချိုချို ချောကလက်နှုတ်ခမ်းလေးကို မူးယစ်စွာ ခံစားနေမိသည်မှာ ရေခဲမုန့်လက်ကျန်လေး အရည်ပျော်သွားသည်အထိပင်။

ခဏကြာတော့မှ မိုးရွာက သူ့ရင်ခွင်ထဲမှ အနည်းငယ်ထူမတ်ကာ …

"ကိုကြီး … မိုးရွာကို ချစ်လားဟင်"

"အင်း … ချစ်တာပေါ့ မိုးရွာရဲ့"

"ဒါဆို မိုးရွာနဲ့ ဟိုအစ်မကြီး ဘယ်သူ့ကို ပိုချစ်လဲ"

ထင်မထားသော မိုးရွာရဲ့မေးခွန်းကြောင့် သူက ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ဂျင်ဂျာအကြောင်းကို လုံးဝမမေးခဲ့၊ မပြောခဲ့သော မိုးရွာသည် မေးမယ့်မေးတော့လည်း တကယ့်မေးခွန်းကြီးကိုမှ ကောက်မေးလိုက်တာဖြစ်သည်။

"ဘယ်အစ်မကြီးကို ပြောတာလဲ"

"ကိုကြီး သိပါတယ်၊ ဘာလို့ မသိချင်ဟန်ဆောင်ပြီး ပြန်မေးနေရတာလဲ"

"အင်း … ရုတ်တရက်ဆိုတော့ ထူးဆန်းသွားလို့ပါ။ မိုးရွာက ဘာစိတ်ကူးတွေပေါက်ပြီး ထမေးနေရတာလဲ"

"သိချင်လို့ပါ ဆိုနေမှ။ ကဲ … ပြော။ ဘယ်သူ့ကိုပိုချစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“မိုးရွာကို ပိုချစ်တယ်လို့ ဖြေလိုက်ရင် သူ့ကိုတော့လည်း ချစ်တော့ ချစ်တယ်ဆိုတဲ့ အဓိပ္ပာယ် ရောက်သွားမှာပဲ ...

မိုးရွာကို ကိုယ် ချစ်တယ်။ သူ့ကိုတော့ ချစ်,မချစ် ဆိုတာ မသေချာတော့ဘူး။ ကိုယ် မသိဘူး မိုးရွာ။ အဲဒါ တကယ်အမှန်ဆုံးအဖြေပဲ။ ကိုယ် လုံးဝမညာဘူး”

သူက မိုးရွာရဲ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ပြီး ဖြေလိုက်လျှင် မိုးရွာကလည်း သူ့မျက်လုံးတွေထဲသို့ တန်ပြန်စိုက်ကြည့်နေတာကို တွေ့ရသည်။ အတန်ကြာတော့မှ သူမရဲ့နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလာခဲ့ပြီးလျှင် သူ့ပါးကို တစ်ချက် နမ်းမွှေးသည်။ အင်း ... ဒီလို ကြင်ကြင်နာနာ ယုယုယယ အထိအတွေ့တွေကြောင့်ပဲ သူနဲ့ မိုးရွာဟာ အချိန်တိုလေးတွင်းမှာကို Close ဖြစ်သွားကြတာပဲ။

“အင်း ... မိုးရွာကတော့ ကိုကြီးကို သိပ်ချစ်တယ်။ ပထမဆုံး စတွေ့တည်းကကို ကိုကြီးကို ခိုက်သွားတာ”

“ကောင်မလေး ... ဒီလိုပဲ မရှက်တမ်း ဝန်ခံရသလား”

“အင် ... ကိုယ့်ချစ်သူကို ချစ်ကြောင်းပြောတာ ဘာရှက်စရာရှိလဲ။ ကိုကြီးသာ မိုးရွာကို အထင်မသေးဖို့ လိုတာပါ။ ကိုကြီးမှာ ရည်းစားရှိမှန်း သိသိလျက်နဲ့ မိုးရွာက ချစ်ခဲ့တာလေ”

“အထင်မသေးတဲ့အပြင် မိုးရွာရဲ့ အဲ့ဒီလိုသတ္တိကို လေးတောင် လေးစားသေးတယ်။ ဘာရဲ့ဗိုပဲ အချစ်ကလေး”





“ခို ... တကယ်ဆိုရင် ယုံလိုက်ပြီ၊ ဒါနဲ့ ကိုကြီးကိုတစ်ခါမှ မမေးဖူးတာ မေးရဦးမယ်၊ အဲဒီ မဂျင်ဂျာကို ကိုကြီး ဘာလို့ ရင်မခုန်တော့တာလဲ။ သူက ခုထိ ရှယ်မိုက်တုန်းပါပဲ။ အလန်းဇယားနော် ... ဟွန်း”

မိန်းကလေးချင်းကတောင် အဲဒီလို မှတ်ချက်ပေးခံရသော ဂျင်ဂျာ ဖြစ်ပေမယ့် ကြင်နာမှုတရားနည်းသောအခါ နှလုံးသားက မလှုပ်ရှားတော့ကြောင်း မိုးရွာ သိဖို့လိုအပ်ပါသည်။ သူက မိုးရွာရဲ့ခေါင်းလေးကို အသာအယာ ပွတ်သပ်ပေးရင်းမှ ...

“မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်ပဲလှလှ သူ့ရင်ထဲမှာ အချစ်ရှိနေမှ ရင်ခုန်ဖို့ ကောင်းတာကွ ...

အချစ်မရှိတဲ့ မိန်းကလေးဆိုတာ မခုန်တဲ့ ဘောလုံးတစ်လုံးလိုပဲ”

“အချစ်မရှိဘဲနဲ့ သူနဲ့ ကိုကြီး ဘယ်လိုတွေ ရည်းစားဖြစ်ခဲ့ကြလဲ”

“အဲဒီတုန်းကတော့ သူ့မှာအချစ်ရှိခဲ့တယ်လေ။ သူ ဆယ်တန်းနှစ်မှာ ကိုယ် သူ့ကိုစတွေ့ခဲ့တာပေါ့။ ကိုယ်က အဲဒီတုန်းက ဆယ်တန်းအောင်ပြီးပြီ။ First Year တက်နေတာ ...

အဲ ... နောက် သူ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်လာတော့ သူ First Year မှာပဲ၊ ကိုယ်နဲ့ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ခဲ့ကြတာ။ အဲဒီတုန်းကတော့ တကယ်ပျော်ဖို့ကောင်းခဲ့ပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာတော့ သူ့အာရုံတွေက ကိုယ့်ဆီမှာ သိပ်မရှိတော့ဘူးကွ ...

မိုးရွာ သိတဲ့အတိုင်း သူက အောင်မြင်တဲ့ မိန်းမတစ်ယောက်လည်းဖြစ်တယ်။ သူ့ဆိုင်တွေကလည်း ဂျာနယ်တွေ မဂ္ဂဇင်းတွေထဲပါ၊ MRTV-4 မှာပါ၊ သူလည်း မီဒီယာတွေမှာပါ၊ ဟိုပါ ဒီပါနဲ့ အရင်တုန်းကလည်း မယ်ဘွဲ့တွေရဖူး၊ မော်ဒယ်ဘဝမှာလည်း တိုင်တယ်တွေရဖူး မဟုတ်လား၊ သူ့အပေါင်းအသင်းထဲမှာလည်း Celebrities တွေလည်း အများကြီးဆိုတော့ သူကလည်း မင်းသမီးတစ်ပိုင်းလို ဖြစ်နေတာလေ ...

ဒီခေတ်ရဲ့ ဂျာနယ် မဂ္ဂဇင်းတွေ ဆိုတာလည်း မင်းသား၊ မင်းသမီးမှ အရေးထား ဖော်ပြတာမျိုး မဟုတ်တော့ဘဲ ဆိုင်ရာ ဆိုင်ရာ နယ်ပယ်အသီးသီးက အောင်မြင်နေသူတွေကို ဖော်ပြနေတာဆိုတော့ သူက နာမည်ကြီးတစ်ယောက် ဖြစ်ခဲ့တယ်။ သူ တော်တာ၊ ရုပ်ရည်ချောမောတာ၊ သူ့ဝင်ငွေတွေ သိပ်ကောင်းတာ၊ ဒါတွေအားလုံးကို သူက Proud ဖြစ်တယ် ...

နောက်ပိုင်းမှာ သူက ကိုယ့်ကို လုံးဝဂရုမစိုက်နိုင်တော့ဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ်က ချစ်သူ





ချင်း နွေးနွေးထွေးထွေး ကြင်ကြင်နာနာ နေရတာကို ကြိုက်တယ်၊ ဒါ ဘာစိတ်နဲ့မှ ပြောတာမဟုတ်ဘူး။ ပြောရရင်ကွာ အရမ်းချစ်ကြတဲ့အတွဲတွေ ဆိုရင်ကို သဘောကျတာ။ တစ်ယောက်နဲ့တစ်ယောက် သည်းနေ ကြိုက်ပြီးသားပဲ ...

အရင်တုန်းကတော့ ကိုယ်တို့အတွဲဟာ လိုက်ဖက်ညီတဲ့အတွဲအဖြစ် ထင်ရှားခဲ့တယ်။ ခုတော့လည်း ဒါတွေက ပုံပြင်တွေပေါ့ကွာ။ ဒါပါပဲ အနှစ်ချုပ်လိုက်တော့ ကိုယ်က အချစ်ကို အမြဲအရောင်တင်ချင်တဲ့သူ၊ သူကတော့ အချစ်ကို ချောင်ထိုးထားချင်တဲ့သူ၊ အဲဒီမှာ စ,လွဲတာပဲလေ"

သူက တရှည်တလျား ရှင်းပြပြီးလျှင် မိုးရွာက သူ့ပန်းစွန်းမှာ မေးတင်ကာ ပန်းကြွက်သားတွေကို မေးစေ့နှင့်ချစ်စဖွယ် လိုက်နှိပ်ပေးနေသည်။

"ဒီဇာတ်လမ်းကို ကိုကြီး ဘယ်လိုဇာတ်သိမ်းဖို့ စဉ်းစားထားလဲဟင်"

"ခုလောလောဆယ်တော့ မစဉ်းစားတာ အမှန်ပဲ"

မိုးရွာက ဟုတ်လား ဟူသော ပုံစံမျိုးဖြင့် သူ့ကို မျက်ခုံးပင့်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့စကားတွေကိုလည်း တစ်စုံတစ်ရာ မဝေဖန်ချေ။ မိန်းကလေးထဲမှာတော့ တော်တော်ထူးသည့် ကောင်မလေးပဲဟု မှတ်ယူရတော့မည်။ သူ

www.burmeseclassic.com



နဲ့ မိုးရွာတို့ ထိုကော်ဖီဆိုင်မှအပြန်တွင် ကားပါကင်မှာ မြင့်မြတ်နှင့် တိုးပါလေတော့သည်။ မြင့်မြတ်က သူ့ကောင်မလေးနှင့် လာတာဖြစ်ပြီး သူ့ကိုမြင်သောအခါ မျက်လုံးက လင်းကွင်းလောက် ပြူးထွက်သွားသည်။

မြင့်မြတ်ရဲ့ရည်းစားကလည်း သူ့ကို သိသူမို့ သူ့ဘေးက ဂျင်ဂျာမဟုတ်သော မိုးရွာကိုကြည့်ကာ အူကြောင်ကြောင် ဖြစ်နေသည်။ လည်ချောင်းထဲမှာ အလုံးတစ်နေသလို ဘာစကားမှ ရှုတ်တရက် မထွက်နိုင်သော မြင့်မြတ်ကို သူက မျက်စိတစ်ဖက် မှိတ်ပြကာ လက်တစ်ချက် ပြလိုက်ရင်း ...

"ယောက်ဖ ... ညကျမှ ငါ ဖုန်းဆက်လိုက်မယ်၊ လစ်ပြီ"

"ဟော့ကောင် ... မင်း"

"ရတနာ ... သွားဦးမယ်နော်၊ နောက်မှ အေးဆေးတွေ့မယ်"

သူက မြင့်မြတ်ရဲ့ရည်းစားလေးကိုပါ နှုတ်ဆက်ပြီးနောက် မိုးရွာနှင့်အတူ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ကော်ဖီဆိုင်ဝင်းထဲက ချိုးကွေ့ပြီးသောအခါ မိုးရွာထံမှ အသံထွက်လာသည်။

"ကဲ ... တစ်ယောက်တော့ သိသွားပြီ ကိုကြီး၊ တဖြည်းဖြည်းနဲ့ တခြားသူတွေ နား,လည်း အနေးနဲ့အမြန် ရောက်တော့မယ်နော်"





မိုးရွာရဲ့စကားကို သူက ဘာမှပြန်မပြောဘဲ သူမရဲ့လက်လေးကိုသာ ဆွဲယူဖျစ်ညှစ် ဆုပ်ကိုင်မိသွားသည်။ သူ့ကို ပြုံးကြည့်နေသော မိုးရွာရဲ့မျက်ဝန်းတွေထဲမှာ ဘာစိုးရိမ်သောကမှ ရှိမနေပါ။ ပကတိ ကြည်လင်လန်းဆန်းကာ အချစ်ရိပ်တွေဖြင့် ရွှန်းလက်နေသည်။ သူသည်လည်း ဒီလိုပဲ။ ဘယ်သူတွေ သိမှာကိုမှ မပူပင်ချေ။

အဲဒါ ဘာကြောင့်လဲဆိုတာတော့ သူကိုယ်တိုင်လည်း မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဟာ ... မင်းကလည်းကွာ၊ ငါ မအားပါဘူး၊ ခုပဲ အပြင်ထွက်တော့မှာပါလို့ ဆိုနေမှ ရောက်လာသေးတယ်"

သူက ဆံပင်ကို ဂျယ်လ်လိမ်းနေတုန်းမှာပဲ နောက်ကနေ၍ ရောက်လာသော မြင့်မြတ်ကို မှန်ထဲမှ မြင်လိုက်သဖြင့် အော်လိုက်ခြင်းဖြစ်သည်။ မနေ့က မြင်လိုက်သော မြင်ကွင်းအတွက် ဒီလောက် မြန်မြန်ဆန်ဆန်ကြီး ရောက်လာလိမ့်မယ်လို့ မထင်ပါ။ ဖုန်းတောင်မဆက်ဘဲ လူကိုယ်တိုင် ရောက်ချလာပုံထောက် သူနဲ့ မိုးရွာကို စိတ်ဝင်စားမှု ဒီဂရီက တော်တော်မြင့်တက်နေပြီဟု ထင်သည်။

"မင်း ဘာတွေလုပ်နေတာလဲ တည်ကြီး"

"ဘာမှမလုပ်ဘူး။ ဒီကိစ္စက မင်းကို ငါ အေးဆေးပြောပြမှရမှာ။ အခု ငါ ဂျင်ဂျာနဲ့ ချိန်းထားတာ။ သွားရတော့မယ် ဟေ့ကောင်"





"ဘာလဲ... မင်းက စော်နှစ်ပွေကို တစ်ပြိုင်နက်တည်း တွဲနေတာပေါ့ ... ဟုတ်လား၊ ဟား ... ငါတို့ တည်မြဲက ဒီလိုတွေတောင် ဖြစ်နေပြီပေါ့၊ မင်း ဘယ်အချိန်တည်းက အဲဒီကောင်မလေးနဲ့ ဖြစ်နေတာလဲ ...

ငါ့ကို ကျော်သွားတယ်ပေါ့ ... ဟုတ်လား"

"မင်းမေးခွန်းတွေက အရမ်းများတယ်ကွာ။ မင်းကို ငါ ဘာမှကျော်စရာအကြောင်းမရှိဘူး။ မင်းတို့ဘာသာ အလိုလိုသိလာမယ့်အချိန်ကိုပဲ စောင့်နေခဲ့တာ"

"ဘာပြောတယ်။ မင်း ရူးနေပြီလား တည်မြဲ။ ဟင် ? ။ ဒီအထာတွေက ငါတို့ကလေးဘဝကတောင် မလုပ်ခဲ့တဲ့ အထာတွေလေ။ အခု အသက်ပဲ သုံးဆယ့်တစ်ရှိနေမှ မင်းက two timping ရိုက်ချင်နေ၊ အဲ ... ရိုက်နေတယ်ပေါ့"

"အေး ... ကလေးဘဝတုန်းက အချစ်ကို အပြည့်အဝခံစားခဲ့ရတာကိုး"

"ဟား ... မင်း ဘာတွေလျှောက်လုပ်နေတာလဲကွာ၊ အဲဒီကောင်မလေးကလည်း ... ကျွတ်။ မင်း ဒီနှစ်ယောက်ကြားမှာ တိုင်ပတ်နေမှာကို မတွေးမိဘူးလား"

"မိုးရွာက ဂျင်ဂျာ့အကြောင်းတွေကို အားလုံးသိပြီးသားပဲ"

အဲဒီစကားကို သူက ခါးပတ်,ပတ်ရင်း အေးအေးဆေးဆေး ပြန်ပြောလိုက်သော်လည်း မြင့်မြတ်ထံမှ ဘာ,ဟုသော အသံကြီးက ဆောင့်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တကယ်တော့ မိုးရွာနဲ့ ငါ့ကို ဆုံစည်းပေးခဲ့တာ၊ ဂျင်ဂျာ့ကြောင့်လို့လည်း ပြောလို့ရတယ်၊ မင်းညီညီတို့မင်္ဂလာဆောင်ကို မှတ်မိမှာပေါ့။ အဲဒီပွဲကို ဂျင်ဂျာ မလိုက်ခဲ့ဘူး မြင့်မြတ် ...

အဲဒီပွဲမှာ မိုးရွာနဲ့ ငါ စ,သိတာ။ သူ့ကြောင့် ငါ့အကျီတွေ စွန်းပေသွားရာကစလို့ပေါ့ကွာ၊ မိန်းကလေးတစ်ယောက်ကို အသားယူပြီး ပြောတာတော့ မဟုတ်ဘူး။ မိုးရွာရဲ့ပုံစံက အရမ်းကို Warnly ဖြစ်လွန်းတယ်။ အဲဒီနောက်ပိုင်း ငါတို့တွေ တွဲဖြစ်ကြတယ်။ ရည်းစားဘဝကတော့ ဘယ်လိုရောက်မှန်းမသိကို ရောက်သွားတာ။ သူက ငါ့အကြောင်းတွေကို အကုန်သိပြီးသားကွ။ ဂျင်ဂျာ့ကိုလည်း သိတယ်။ အေးဆေးပဲ၊ ဘာမှမဖြစ်ဘူး"

"ဟား ... လုံးဝကို လန့်ထွက်နေတာပါပဲလားကွာ။ ဒီကောင်မလေးကြည့်ရတာ ရဲရဲတင်းတင်းနဲ့ ဘာကိုမှ ဂရုမစိုက်တဲ့ ဒီဇိုင်းပဲ။ ဟော့ရှော့ဖြစ်တာရယ်၊ ဆိုရှယ်ကျတာရယ်လောက်ကို မင်းက Attrection ဖြစ်သွားတာ နေမှာပါ ...

ရုပ်ရည်နဲ့ Body Structure ကတော့ ဂျင်ဂျာ့ကို လုံးဝမမီပါဘူးကွာ။ တခြားဆီပါ"

"ဒါပေမဲ့ သူက ချစ်တတ်တယ်လေ"





"ဟား ... မင်းက ဘာလဲကွာ၊ ကလေးကလားနဲ့၊ အဲဒီအရွယ်နဲ့ ဂျင်ဂျာ့လို Stable ဖြစ်နေတဲ့ အရွယ်နဲ့တော့ သွားမယှဉ်နဲ့ပေါ့ကွ"

"Stable ဖြစ်တာ မဖြစ်တာထက် ဂျင်ဂျာက ငါ့ကို အချိန်မပေးနိုင်တော့တာ။ ဂရုမစိုက်တော့တာ ... အဲဒါပဲ"

"ဟာ ... ဘာပဲဖြစ်ဖြစ် အဲဒါက အလကားလျှောက်လုပ်နေတာမှ မဟုတ်တာ၊ သူ လုပ်နေတာတွေက ကောင်းတာတွေချည်းပဲလေ။ ဒါကို မင်းကနားလည်ပေးပြီးညှိဖို့ကြိုးစားရမှာပေါ့။ အခု မင်းလုပ်နေတာ သူ့ကိုသစ္စာဖောက်နေတာလေ ...

ပြီးတော့ကွာ မင်းနဲ့ ဂျင်ဂျာက မနေ့တစ်နေ့ကမှ တွေ့ပြီး ကြိုက်ခဲ့ကြတဲ့သူတွေလည်း မဟုတ်ဘူး။ မင်းတို့ရည်းစားသက်တမ်းက ဆယ်စုနှစ်တစ်ခုကိုတောင် ကျော်ဖြတ်ခဲ့ပြီးပြီ။ ဂျင်ဂျာ့အနေနဲ့ကလည်း ဒီလောက်သက်တမ်းရှည်လာတော့ မင်းအပေါ်မှာ ယုံကြည်ထားတဲ့စိတ်နဲ့ ဒီလိုပဲနေ,နေတာ နေမှာပေါ့။ မင်းကွာ ဂျင်ဂျာ့ဘက်ကို နည်းနည်းလေးမှ ငဲ့မကြည့်တော့ဘူးလား"

သူက မြင့်မြတ်ကို အေးဆေးစွာ တစ်ချက်ကြည့်လိုက်သည်။ မြင့်မြတ်က သူ့ကို ကြောင်သူတော် ကြွက်သူခိုးပုံစံမျိုးဖြင့် ကြည့်နေတာ တွေ့ရသည်။ သူက သဘောကျလွန်းသောကြောင့် အပေါ်မော့ကာ ဟက်ခနဲ ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ အဲဒီလောက် ဝေးဝေးတွေ လျှောက်မတွေးခဲ့ဘူး မြင့်မြတ်”

“ဟာ ... ဒါဆိုရင် ဂျင်ဂျာ သိသွားရင် ? ဆိုတဲ့ အတွေးမျိုး မင်း မစဉ်းစားကြည့်ဖူးဘူးလား”

“ငါက သူ့ကို သိစေချင်တာ။ သူ သိမှာမပူဘူး။ သူ မသိမှာကိုပူတာ”

“ဟာ ... မင်းကွာ”

မြင့်မြတ်က သူ့စကားကို မချိတင်ကဲ ရေရွတ်သည်။ သူက စကားပြောရင်းမှ ဂျင်ဂျာရဲ့ရုပ်သွင်ကို ပြေးမြင်ယောင်မိသည်။

ကိုယ့်ကိုယ်ကိုယ် နေရာတကာမှာ Perfect လို့သတ်မှတ် ထားတဲ့ မိန်းမတစ်ယောက်၊ သူများတကာတွေရဲ့အချစ်ရေး အိမ်ထောင်ရေးကိစ္စတွေမှာတောင် အခါတော်ပေးလုပ်နေတဲ့ မိန်းမတစ်ယောက်ဟာ သူ့ချစ်သူရည်းစားတစ်ယောက်လုံးမှာ နောက်ထပ် ရည်းစားတစ်ယောက် ရှိနေတယ်ဆိုတာကို သိသွားရင် ဘယ်လိုနေမလဲ။

ဂျင်ဂျာရေ ... မင်း ဘာဆက်လုပ်မှာလဲ။

“မင်း ရူးနေပြီ တည်မြဲသာ”

“may be ။ ဒါပေမဲ့ ရူးနေတဲ့ အခြေအနေကလည်း တစ်မျိုးတော့ ပျော်ဖို့ကောင်းတယ်နော်”





“မင်းကွာ ... ငယ်တော့တာလည်း မဟုတ်ဘဲနဲ့။ အကုန်လုံး အစစအရာရာ အဆင်ပြေပြီးသားကိစ္စကို၊ အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်ကုန်တော့မှာပဲ”

“အစစအရာရာ အဆင်ပြေတယ်လို့ မင်းကို ဘယ်သူပြောလဲ။ ကာယကံရှင် အဆင်ပြေတာ မပြေတာ မင်းတို့သိနိုင်လား ... ဟင်”

“ဘယ်လိုပဲဖြစ်ဖြစ်လေကွာ၊ မင်းဟာက ...”

ပြောလည်း ပြောချင်ပါလျက်နှင့် စကားလုံးကို ဘယ်ကရှာဖွေရမှန်း မသိသော မြင့်မြတ်ကို ကြည့်ကာ သူက တစ်ချက်ပြုံးလိုက်ရင်း လက်ဝါးကာပြလိုက်သည်။ ပြီးတော့ လက်ကနာရီကို တစ်ချက်မြှောက်ပြလိုက်ကာ ...

“ငါ အခု ဂျင်ဂျာနဲ့ ချိန်းထားတာကွ။ သွားလိုက်ဦးမယ်၊ ဟုတ်ပြီနော်”

သူက မျက်လုံးပြူးကြီးနှင့် ကြည့်နေသော မြင့်မြတ်ကို ပခုံးပုတ်ကာ အပြင်သို့ ထွက်လာခဲ့သည်။ ငယ်ပေါင်းကြီးဖော် အားနာစရာမလိုသော သူငယ်ချင်းတွေမို့ မြင့်မြတ်တစ်ယောက် ဘယ်လိုပဲကျန်ခဲ့ ကျန်ခဲ့ စိတ်ပူစရာ မလိုပါ။ သူက ကားကို မောင်းထွက်လာခဲ့စဉ် လမ်းတစ်ဝက်အရောက်မှာပဲ ဂျင်ဂျာ့ဆီက ဖုန်းဝင်လာသည်။ သူနဲ့ ဂျင်ဂျာသည် ယိုးဒယားဆိုင်တစ်ဆိုင်မှာ နေ့လယ်စာစားဖို့ ချိန်းထားကြတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြော ဂျင်ဂျာ၊ On the way နော်၊ လာနေပြီ"

"အင်းပါ ။ ဟင်းတွေ မှာထားမလို့လေ။ အဲဒါ ဘာစား မှာလဲ လှမ်းမေးတာ"

"အဆင်ပြေတာသာ မှာထားလိုက်ပါ။ ကဲ ... သစ္စားမွှေး ဖျော်ရည်တော့ မှာထားဖို့ မမေ့နဲ့"

"ခေ(အိုခေ)။ ရစေရမယ်၊ ဒါပဲနော် ကားကိုဂရုစိုက်မောင်း"

အဲဒါဟာ ရင်ထဲကပါတဲ့ စကားလား၊ အပေါ်ယံ စကားလား ဆိုတာကိုတော့ သူ မခွဲခြားနိုင်တော့ချေ။ အဘယ့်ကြောင့်ဆိုသော် ဂျင်ဂျာသည် စီးပွားရေးလုပ်နေသူပီပီ နှုတ်အရမ်းချိုသောသူတစ်ယောက် ဖြစ်သည်။ အမြဲပြုံးနေသော လန်းဆန်းသော မျက်နှာထားဖြင့် ချိုသာသောစကားတွေကို ဆိုတတ်သူတစ်ယောက်မို့ တစ်ခါတစ်ရံမှာတော့ သူဟာ ဒါတွေကိုလည်း အစစ်တွေဟု မခံစားချင်တော့ပေ။

အခုတောင် ဒီယိုးဒယားဆိုင်မှာစားဖို့ သူမက ချိန်းတာဖြစ်ပြီး သူကတော့ မိုးအကြီးအကျယ်ရွာတော့မည်ဟု နိမိတ်ဖတ်လိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် ယိုးဒယားစာကိုတော့ သူတို့နှစ်ယောက်စလုံး အကြိုက်ချင်းတူကြသည်။ ဆိုင်ထဲသို့ သူရောက်သွားသောအခါ အရင်ရောက်နှင့်နေပြီဖြစ်သော ဂျင်ဂျာက သူ့ကို လက်လှမ်းပြသည်။ ခေါက်ဆွဲတွန့်ခြောက် ဆံပင်များကို တစ်ဖက်မှာ ကလစ်တစ်ခုနှင့် ပင့်တင်ပြီး တွယ်ထားသောကြောင့် တစ်မျိုးအမြင်ဆန်း လုပနေကာ ငွေမင်ရောင် ပိုးသားပျော့ လက်ပြတ်





အင်္ကျီခါးရှည်လေးကို အနက်ရောင် Stocking တစ်ထည်ဖြင့် ဝတ်ဆင်ထားခြင်းကြောင့် ရိုးရိုးရှင်းရှင်းနှင့် အထက်တန်းကျစွာ လှပနေသည်။

အဲဒီ ဂျင်ဂျာမဟာ သူမရဲ့အသက်အရွယ်နဲ့ လိုက်ဖက်သော အဝတ်အစားကိုတော့ ကောင်းကောင်းဝတ်တတ်သည်။ လုံခြုံသလောက် ခေတ်မီလှသော ဖက်ရှင်များကို ဘယ်လိုစဉ်းစားသလဲတောင် မပြောတတ်တော့ပါ။

"ကဲ ... အဲဒီမှာ သစ္စားမွှေးက အဆင်သင့်ပဲနော် သောက်"

သူက ဂျင်ဂျာနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ပြီးနောက် သူမကို တစ်ချက်ကြည့်ကာ ရှေ့က သစ္စားမွှေးကို အေးအေးဆေးဆေး ယူသောက်လိုက်သည်။

"ဒီနေ့ နည်းနည်းထူးခြားတယ်လို့ မထင်မိဘူးလား"

သိပ်မဝေးသော ဂျင်ဂျာသည် သူ ဘာကိုဆိုလိုသလဲ ဆိုတာလည်း ချက်ချင်းပဲ သဘောပေါက်လေသည်။

"ဘာလဲ ? ။ ရှင့်ကို ဒီမှာစားရအောင်လို့ လှမ်းချိန်းလို့လား"

"အေးလေ။ ကြုံတောင့်ကြုံခဲ ဖိတ်ကြားမှုအတွက် ဝမ်းသာပါတယ်"

"ဘိုတည် ! ခုတလော ရှင် ဂျင်ဂျာ့ကို သိပ်ထေ့တာပဲနော်။ ရှင်နဲ့ ဂျင်ဂျာတို့ကြားမှာ နားလည်မှုတွေ လွဲနေပြီနဲ့တူတယ်။ ရှင် ဂျင်ဂျာ့ကို တစ်ခုခု မကျေနပ်တာများရှိလား"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဂျာက သူ့မျက်လုံးတွေထဲသို့ အဖြေရှာသလို စူးစိုက်စွာ အကဲခတ်ကြည့်သည်။ သူကလည်း မျက်လုံးမလွှဲဘဲ သူမကို တည့်တည့်ပြန်ကြည့်ဖြစ်ပါသည်။ တစ်ခုခု မကျေနပ်တာများရှိသလားတဲ့။ မကျေနပ်တာတွေက တစ်ခုကို မကတော့ဘူးလေ။

"မင်းကို မကျေနပ်တာ အခုမှ မဟုတ်ပါဘူး"

ဂျင်ဂျာ့ မျက်လုံးတွေသည် သူ့ကိုကြည့်နေရာမှ ဖျတ်ခနဲ အရောင်လက်သွားသည်။ အဲဒီအချိန်မှာပဲ ဝိတ်တာက စားသောက်ဖွယ်ရာများကို လာချပေးသဖြင့် ဂျင်ဂျာ့ကို ကွယ်သွားသဖြင့် သူကလည်း သန္တာမွှေးကို တစ်ငုံမော့သောက်ဖြစ်သည်။ ပြီးတော့မှ လာချထားသော ဟင်းများထဲမှ ကင်းမွန်အစပ်သုပ်ကို တစ်ဇွန်းယူမြည်းမိသည်။

"ရှင် တကယ် ပြောနေတာလား"

အဲဒီမေးခွန်းကို ပြန်မေးသော ဂျင်ဂျာ ကိုယ်တိုင်သည်လည်း ထိုင်းရိုးရာပဲကြာဆံသုပ်ကို တူနှင့်တစ်လုပ်စာ ကော်မြည်းရင်း ပြန်မေးတာမို့ သူ စိတ်ညစ်သွားသည်။ အင်း ... သူနဲ့ မိုးရွာအကြောင်းကို သိသွားတဲ့ တစ်နေ့ရော ဒီလိုအေးအေးဆေးဆေး နေနိုင်ပါဦးမလားဟု သိချင်စမ်းသေးသည်။

"မင်းကို တစ်ခုမေးပါဦးမယ်။ မင်း ကိုယ်နဲ့ အခုရည်းစားထားရတာ ချစ်သူဖြစ်ရတာ ပျော်လား၊ စိတ်ချမ်းသာလား၊ ဒါမှမဟုတ် စိတ်ညစ်ရတာရှိလား၊ ကိုယ်နဲ့ပတ်သက်ပြီး မင်းမှာ ဘာမျှော်လင့်ချက်တွေရှိလဲ"





မစားဖူး မသောက်ဖူးဘူးလား ထင်ရသော အနီမိန်းမသည် ပဲကြာဆံသုပ်ပန်းကန်ကို လက်မှမချဘဲ ပါးစပ်ထဲသို့ တရွတ်ရွတ်သွင်း၊ တုန့်ယမ်းဟင်းချိုသောက်ပြီးမှ သူ့စကားကို ပြန်ဖြေသည်။

ပြန်ဖြေတာကလည်း သူ့မျက်နှာကိုကြည့်ပြီး ပြန်ဖြေတာ မဟုတ်ချေ။ စပ်နေသောနှုတ်ခမ်းကို တစ်သျှူးနှင့်သုတ်လိုက်၊ ရေသောက်လိုက်နှင့် အလုပ်ရှုပ်နေသေးသည်။

"ရှင်နဲ့ ရည်းစားဖြစ်ရတာ ပျော်စရာကောင်းတယ်လို့လည်း မရှိ၊ စိတ်ညစ်စရာ ကောင်းတယ်လို့လည်း မရှိပါဘူး။ ဂျင်ဂျာတို့အသက်အရွယ်တွေက ပြဿနာသိပ်ရှိတော့တာမှ မဟုတ်တာ ...

ဒါနဲ့ ... ရှင့်ကို တစ်ခုမေးရဦးမယ်၊ ခုတလောမှာ ဂျင်ဂျာရဲ့အနီးကပ်လူတွေက ဂျင်ဂျာ့ကို ယောကျ်ားယူဖို့ သိပ်ပြောတာပဲ။ ရှင့်ကိုရော မပြောကြဘူးလား။ ဥပမာ ... မြင့်မြတ်တို့ ဘာတို့ပေါ့"

အခုနကလေးတင် မြင့်မြတ်နဲ့ သူနဲ့ ဘာတွေပြောခဲ့ကြသလဲဆိုတာ သိရင် မင်း ဘယ်လိုနေမလဲ ဂျင်ဂျာ။

"ပြောတာပေါ့ ... ပြောတာပေါ့။ မင်းနဲ့ ကိုယ့်ကို လက်မထပ်ကြသေးဘူးလားတဲ့"

"အင်း ... ရှင် ဘာပြောလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



သေလိုက်ဖို့ပဲ ကောင်းတော့တဲ့ ဂျင်းဂျာရေ။ အဲဒီမေးခွန်းကို ငါ့မျက်နှာလေး ဘာလေးများ ကြည့်မေးဖို့ သတိမရတော့ဘူးလား။ သူမက သဘော်သီးထောင်းကိုပဲ သဲသဲမဲမဲ အာရုံစိုက်နေပြန်သည်။

"ဘာမှ ပြန်မပြောပါဘူး။ မင်းရော ကိုယ့်ကို လက်ထပ်ချင်စိတ် ရှိ,မရှိဆိုတာ. သေမှ မသေချာတာ"

"ဘာရယ်"

ဒီတော့မှ သူမရဲ့မျက်လုံးတွေက သူ့ထံသို့ စိတ်ဝင်တစား မော့ကြည့်လာသည်။ အဲဒီမျက်လုံးတွေထဲမှာတစ်မျိုးသော လေးနက်သော အရိပ်ယောင်တွေ ပါဝင်တာမို့ သူ နည်းနည်းတော့ ကျေနပ်ချင်သလိုလို ဖြစ်သွားသည်။

"ဟုတ်တယ်လေ။ မင်းရင်ထဲမှာ ကိုယ်က အရင်ကလောက်မှ အရေးမပါတော့တာပဲ ဂျင်ဂျာ။ ဒါကြောင့် ပြောတာ။ အောင်မြင်တဲ့ မိန်းမ၊ ပညာတွေသိပ်တတ်ပြီး ငွေတွေအရမ်းရှာနိုင်တဲ့ မိန်းမမျိုးတွေကို သိပ်မစဉ်းစားတာကောင်းတယ်လို့ ...

အဲဒီလို မိန်းမတွေက ကိုယ့်အရည်အချင်းကိုယ်ကျေနပ်ပြီးတော့ ဘေးကလူတွေကို မေ့နေတတ်တယ်လေ"

"ရှင် မှားနေပြီ။ ဂျင်ဂျာက အဲဒီလိုမိန်းမမျိုး မဟုတ်ပါဘူး။ ဂျင်ဂျာ ပတ်ဝန်းကျင်က လူတွေကို ဂရုစိုက်တတ်တဲ့လူတစ်ယောက်ပါ"





သူက ထမင်းပန်းကန်လုံးလေးထဲသို့ ပုစွန်တုပ်မီးဖုတ်သုပ်ကို အနည်းငယ်ရောထည့်စားရင်းမှ မဲ့ပြုံးတစ်ချက် ပြုံးမိသည်။

"မင်း ဂရုစိုက်တယ်ဆိုတာက မင်းဆိုင်ကိုလာတဲ့ ဖောက်သည်တွေကို ပြောတာနေမှာပါကွာ"

"မဟုတ်ဘူး တည်။ ရှင် ဂျင်ဂျာ့ကို ကောင်းကောင်းအထင်လွဲနေပြီ။ ရှင့်ကို ဂရုမစိုက်တာ မဟုတ်ပါဘူး။ ဂျင်ဂျာ အလုပ်များတာကို ရှင် နားလည်မယ်လို့ မျှော်လင့်တာလေ ...

ရှင်နဲ့ ချစ်သူဖြစ်ခဲ့သမျှ ကာလပတ်လုံးမှာ ရှင်တစ်ယောက်တည်းကိုပဲ သစ္စာရှိရှိ ချစ်ခဲ့တာလေ။ ကျွန်မဘဝမှာ ရှင်တစ်ယောက်တည်းကိုပဲ ချစ်ဖူးတာပဲ တည်ရဲ့။ ပြီးတော့ ကျွန်မ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ တစ်ဦးတည်းသောယောကျ်ားလည်း ရှင်ပဲ"

ဂျင်ဂျာ့ရဲ့တိုးတိတ်အေးစိမ့်သော စကားသံအဆုံးတွင် သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဒါပေမဲ့လည်း ခံစားချက်ရှိသော သူ့နှလုံးသားဟာ ချက်ချင်းတော့လည်း တုံ့ပြန်ပြောဆိုနိုင်သေးသည်။

"အဲဒီလို ခံယူချက်ထားပြီးတာနဲ့ပဲ ဂဏန်းငြိမ်သွားပြီလို့ ထင်နေတာလား ဂျင်ဂျာ"

"ရှင် ဘာဖြစ်နေတာလဲ။ ရှင် ဒီကိစ္စကို တကယ်ပဲ Seriuous ဖြစ်နေတာလား တည်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တယ်။ ကိုယ်က အမြဲတမ်းနွေးထွေးတဲ့ အချစ်ကိုလိုချင်တာ ဂျင်ဂျာ။ ကိုယ့်နှလုံးသားကို အမြဲပူနွေးအောင် လုပ်ပေးနိုင်တဲ့ အချစ်မျိုးကိုပဲ တောင့်တတာ။ မင်းလုပ်ငန်းတွေ တစ်ရှိန်ထိုး တိုးတက်လာတဲ့အချိန်ကစပြီး ကိုယ်နဲ့ မင်း တစ်စ တစ်စ ဝေးကွာသွားခဲ့တယ်ဆိုတာ မင်းသတိထားမိရဲ့လား"

"အဲဒါ ရှင့်ဘက်က အတွေးတွေပါ။ ကျွန်မစိတ်ထဲမှာ ရင်ထဲမှာတော့ ရှင် အမြဲပဲ ရှိနေတာပဲ တည် ...

အဲဒါတွေပဲလေ။ ယောကျ်ားတွေနဲ့ မိန်းမတွေက အဲဒီနေရာမှာ ကွာသွားတာပဲ။ မိန်းကလေးတွေက ချစ်သူနဲ့ မိုင်ပေါင်းများစွာ ကွာဝေးနေတဲ့အရပ်ကို ရောက်နေလည်း ချစ်သူ့အကြောင်း တစ်ချက် သတိရလိုက်တာနဲ့ ရင်ခုန်သံတွေက နွေးထွေးလာစမြဲပဲ။ ယောကျ်ားတွေကတော့ လူ အကောင်ကြီး မြင်တာတောင် မရဘူး။ ပူးမှ ကပ်မှ တိုးရ နွှေ့ရမှ ရင်ခုန်သံတွေ မြန်လာတတ်တဲ့ သဘောလေ"

"ဟား ... ဒါကတော့ မင်း ယောကျ်ားတွေကို သက်သက် အထင်သေးတာပဲ။ ကိုယ် အဲဒီလို သဘောမျိုးကို ဆိုလိုတာ မဟုတ်ဘူး"

"ဆိုလိုတာ မဟုတ်လည်း အဲဒီသဘောကို ရောက်နေတာပဲ လေ။ ရှင်နဲ့ ဂျင်ဂျာ တစ်နယ်စီဝေးနေကြတဲ့သူတွေလည်း မဟုတ်ဘူး။ တစ်မြို့တည်းနေ,နေကြတာ။ အမြဲနွေးထွေး





တဲ့ အချစ်ကိုရဖို့ ဆိုတာတွေ ဘာတွေက တကူးတကစိတ်ကြီးနဲ့ သက်သက်ဖန်တီးနေရတယ် ဆိုရင်လည်း အဲဒါ ရင်ထဲက စစ်စစ်မှ မဟုတ်တော့တာ ...

ဟာမင်လုပ်နေတာလေ။ အဲဒီလို လုပ်နေရတယ်ဆိုကတည်းက ရှင့်ရင်ထဲမှာ မရှိချင်တော့လို့ပေါ့။ အကြင်နာတွေ အချစ်တွေ လျော့ပါးစပြုနေပြီမို့ ဖွတ်ကြီးကို ထပ်ဖန်တီးနေရပြီဆိုတဲ့ သဘောမျိုးပေါ့ ... ဟုတ်လား"

သူ့လည်ပင်းကိုတောင် ပြန်ပြီးကြိုးကွင်းစွပ်သော မေးခွန်းတွေ မေးနေသဖြင့် သူက ဂျင်ဂျာ့ကို စိတ်ပျက်စွာ စိုက်ကြည့်မိသည်။ ဂျင်ဂျာဟာ စာတွေဖတ်ပြီး စကားတွေတတ်တိုင်း ဒီလိုပဲ လှည့်ပတ်ပြောတတ်တာကလည်း အရည်အချင်းတစ်ခုပဲ ဖြစ်ပါသည်။

"တော်ပြီ ဂျင်ဂျာ၊ ဆက်မပြောနဲ့တော့၊ ဒီလိုတွေ အပြိုင်အဆိုင် ငြင်းခုန်နေကြမယ် ဆိုရင်တော့ မင်းနဲ့ကိုယ်ရန်ဖြစ်ကြဖို့ပဲ ရှိတော့တယ်"

"အဲဒီမီးကို စမွှေးတာ ရှင်လေ၊ ဂျင်ဂျာက ရှင်နဲ့အတူတူ ပျော်ပျော်ရွှင်ရွှင် နေ့လယ်စာစားဖို့ ဆုံးဖြတ်ထားတာ ...

တစ်ယောက်နဲ့တစ်ယောက် မတွေ့ရတဲ့ရက်အတွင်းမှာ မတူညီတဲ့အတွေ့အကြုံလေးတွေ ဖလှယ်ရင်း၊ ထင်မြင်ယူဆချက်လေးတွေ ပြောကြမယ်၊ ဆိုကြမယ်ပေါ့။ ကဲ ... ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ထားပါတော့ နောက်ဆုံးတော့လည်း အားလုံး ကိုယ့်အပြစ်တွေပေါ့ ... ဟုတ်လား ... မင်းကို တစ်ခုလောက်တော့ မေးချင်တယ်။ အကယ်၍ မင်းနဲ့ကိုယ်နဲ့ ယူပြီးသွားကြရင် အဆင်ပြေပျော်ရွှင်လိမ့်မယ်လို့ မင်း ထင်လား"

သူ့မေးခွန်းကို ဂျင်ဂျာက တည်တည်ငြိမ်ငြိမ်ပဲ စိုက်ကြည့်လာခဲ့သည်။

"ရှင့်ကို ဂျင်ဂျာ ကြားဖူးတဲ့ ဆိုရိုးစကားတစ်ခုပြောပြမယ်၊ ယောက်ျားတွေက မျှော်လင့်ချက်တွေနဲ့ မိန်းမယူကြတယ်၊ မိန်းမတွေကတော့ ကတိစကားတွေကြောင့် ယောက်ျားယူကြတယ်တဲ့။ ဆိုလိုတာကတော့ ပြောထားတဲ့အတိုင်း ဖြစ်လာရင်၊ မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာရင် ကမ္ဘာပေါ်မှာ အိမ်ထောင်ကွဲဆိုတာ ရှိမှာတောင် မဟုတ်တော့ဘူး ...

ကျွန်မ ဘာကိုဖြေချင်တယ်ဆိုတာ မသိလောက်တဲ့အထိတော့ ရှင် မညံ့သေးဘူး ထင်တာပဲ။ K ? "

ဟန်ပါပါ ပြောလိုက်သော အိုခေ(K ? )ဆိုသည့် အဆုံးသတ်စကားကို သူက ပခုံးတွန့်ပြရင်းနဲ့သာ အသိအမှတ်ပြုလိုက်သည်။ ဘယ်လိုတွေပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ရဲ့ပုစ္ဆာက ခုထိအဖြေမထွက်သေးချေ။ ဘယ်တော့မှလဲ အဖြေထွက်မှာမဟုတ်ဟု သူ ထင်သည်။





ဂျင်ဂျာ့ဘက်က နွေးနွေးထွေးထွေး ကြင်ကြင်နာနာ မရှိသရွေ့ သူတို့နှစ်ယောက်ရဲ့လမ်းကတော့ ဒီအတိုင်းပဲ ဆက်သွားနေလိမ့်ဦးမည်။ ဘာပဲဖြစ်ဖြစ် ခုလောလောဆယ်မှာတော့ မိုးရွာနေသော သူ့နှလုံးသားက လန်းဆန်းနုမျစ်နေတာတော့ အမှန်ပဲ ဖြစ်လေသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၉

"Call me back. Very Important"

အထက်ပါ မက်ဆေ့ချ်တစ်ခုနှင့်အတူ Missed Call က သုံးခုလောက် ဝင်ထားသော အယိင်းရဲ့လက်ကိုင်ဖုန်းဆီသို့ ဂျင်ဂျာက ပြန်လည်ခေါ်ဆိုလိုက်သည်။ ဘယ်အချိန်ကတည်းက စောင့်နေသလဲ မပြောတတ်သော အယိင်းကား ဖုန်းဝင်တာနှင့် ချက်ချင်းကောက်ကိုင်လိုက်သည်။

"ဘာတွေများ very important နေသတုန်း အယိင်းရဲ့။ ပြော"

"နင် အခု ဆိုင်မှာလား"

"အေးလေ ... ခုနက ဧည့်သည်တစ်ယောက်ကို မျက်နှာအဆီချပေးနေတာနဲ့ ဖုန်းကို Silent လုပ်ထားတာ၊ ဝင်ထားတဲ့ Missed Calls တွေထဲက နင့်ဆီကို ပထမဦးဆုံး ပြန်ခေါ်တာပဲ။ ဘာလဲ ... ပြော"





"နင် အခု အားတယ်မဟုတ်လား။ မအားလည်း အားအောင်လုပ်ဟာ။ ငါ အခု နင့်ဆီ လာခဲ့မလို့"

"ဟင် ... ဇွတ်ကြီးပါပဲလား။ အပွိုင့်မန့်တွေတော့ မရှိတော့ဘူး။ အားတော့ အားပါပြီ။ နင် ဘာတွေအရေးကြီးနေတာလဲ ယိင်းရယ်"

"တွေ့မှ ပြောမယ်ဟာ၊ ဒါပဲ ငါ ခုထွက်လာခဲ့ပြီ"

အယိင်းက ခပ်သုတ်သုတ်ပြောကာ ဖုန်းချသွားလျှင် ဂျင်ဂျာသည် ဘာမှမပြောတော့ဘဲ ပခုံးကိုသာ တစ်ချက်တွန့်မိလေသည်။ အဲဒီနောက် အယိင်းကြိုက်တတ်သော၊ ကိုယ်တိုင်လည်း ကြိုက်သော ရွှေပုစွန်သဘာဝကော်ဖီမှုန့်ကို မီးဖိုဆောင်ထဲမှာ ကိုယ်တိုင်သွားပြီး နှပ်ဖျော်သည်။ နောက် ဟိုဘက်လမ်းက ကွန်းလှည်းနှင့်ရောင်းသော ထောပတ်ဘိန်းမုန့်နှင့် ခေါက်မုန့်ကို ဝယ်ခိုင်းကာ အယိင်း အလာကို စောင့်လေသည်။

နာရီဝက်အကြာတွင် အယိင်းကား သူမ၏ဒဂုံဂျစ်ကို ကိုယ်တိုင်မောင်းပြီး ရောက်ရှိလို့လာသည်။ အထူးဧည့်သည်ပဲဖြစ်ဖြစ် မိတ်ဆွေသူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ် တွေ့ဆုံဖို့ လုပ်ထားသော သီးသန့်အခန်းလေးထဲသို့ ဂျင်ဂျာက အယိင်းကို လက်ဆွဲပြီး ခေါ်လာခဲ့ပြီးနောက် ...

"ကဲ ... ထိုင်ပြီး အေးအေးအေးဆေး နားပြီးမှ ပြောစမ်းပါ အယိင်းရယ်။ နင့်ကြည့်ရတာ ပင်ပန်းလိုက်တာ။ ရော့ ... အဲဒီမှာ ကော်ဖီသောက် ခေါက်မုန့်စား"



www.burmeseclassic.com

www.burmeseclassic.com



"မစားနိုင်သေးဘူး၊ မသောက်နိုင်သေးဘူးဝေ့၊ ဒီမှာ ဂျင်ဂျာ ငါ ပြောမှာလေ နင့်အကြောင်း သိရဲ့လား"

"ငါ့အကြောင်း ! ။ ငါ့အကြောင်းပြောဖို့ နင် ဒီလောက် အရေးတွေကြီးနေရလား"

"ကြီးတယ် ... နင် ... နင် သိရင် ဘယ်လောက်တောင် အံ့ဩမလဲဆိုတာ စဉ်းစားလို့ မတတ်တော့ဘူး။ နင် ငါ့ကို အရင်ဆုံး ကတိတစ်ခုပေးစမ်းပါ။ ငါပြောတဲ့ အကြောင်းကို နားထောင်ပြီး နင် မပေါက်ကွဲရဘူး၊ ဝုန်း ဒိုင်းမကြဲရဘူး။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး ဘာ လုပ်သင့်တယ်ဆိုတာကို စဉ်းစားရမယ်နော်၊ ဟုတ်ပြီလား"

"ကျွတ် ... အယိုင်းရယ်။ ဒါတွေ မှာနေရအောင် နင်က ပြောပြီးတာနဲ့ လဲသေတော့မှာမို့လို့လားဟဲ့၊ ဟင်း ... စိတ် ကုန်တယ်"

"အေး ... ငါကတော့လဲသေမှာ မဟုတ်ဘူး၊ နင်ပဲ လဲသေ မှာစိုးရတာ။ နင့်ရည်းစား တည်မြဲသာမှာ နင့်အပြင် နင် နဲ့ထပ်တူ နင့်လိုပဲ ရည်းစားနောက်တစ်ယောက် ရှိနေတယ် ဆိုရင် နင် ဒီလို အေးဆေးနေနိုင်ပါဦးမလား"

အဲဒီစကားသည် ဂျင်ဂျာ့နားထဲတွင် လျှပ်ပြီးဖြတ်ပြေး သွားသလို ချော်ထွက်သွားသည်။ ဒါပေမဲ့လည်း အဓိပ္ပာယ်ကို တော့ နားလည်လိုက်သလိုရှိတာမို့ ခေါင်းတစ်ချက်စောင်းရုံ စောင်းငဲ့ သွားပြီးနောက် အယိုင်းကို ရူးရူးနင့်နင့် ကြည့်ဖြစ်သွားသည်။





"အခု နင် ဘာပြောလိုက်တာလဲ"

ပြောင်းလဲသွားသော ဂျင်ဂျာ့ရဲ့ပုံစံကို အယိုင်းက မျက်နှာပျက်ပျက်ဖြင့်ကြည့်ကာ သက်ပြင်းတစ်ချက် ချမိသည်။ ပြီးတော့ ဂျင်ဂျာ့ရဲ့လက်တွေကို အသာဖျစ်ညှစ် ဆုပ်ကိုင်မိကာ ...

"ဟုတ်တယ် ဂျင်ဂျာ၊ တည်မြဲမှာ နင့်အပြင် နောက်တစ် ယောက်ရှိနေတယ်"

"မဖြစ်နိုင်ဘူး"

ဂျင်ဂျာက အဲဒီစကားကို သွေးရူးသွေးတန်းလိုပြော ကာ ထိုင်ရာမှ ရုတ်တရက် ထရပ်မိသည်။ တည်မြဲ ... တည်မြဲ ဟာ ဂျင်ဂျာ့ကို အဲဒီလို လုပ်မှာတဲ့လား။ မဖြစ်နိုင်ပါ။ တည်မြဲနဲ့ ဂျင်ဂျာဟာ ခုမှတွေ့ကြတဲ့သူတွေ မဟုတ်ဘူးလေ။ ချစ်သူသက် တမ်း ဆယ့်နှစ်နှစ်ကျော်တောင် သံယောဇဉ်ရှိခဲ့ကြသူတွေပါ။ ပြီးတော့ ငယ်ငယ်တုန်းကတောင် နှစ်ဆောင်ပြိုင်ဇာတ်မခင်းခဲ့တဲ့ တည်မြဲဟာ ဒီအရွယ်ကြီးရောက်မှ အပျော်ရည်းစား နောက်တစ် ယောက် ထပ်ထားသေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

အထူးသဖြင့် ခုချိန်ထိတောင် လိုချင်သူတွေ ဝိုင်း နေဆဲဖြစ်တဲ့ ဂျင်ဂျာ့လို မိန်းမတစ်ယောက်ကို ခေါက်ထားပြီး သူက ဘယ်လိုမိန်းမမျိုးကို ရည်းစားတော်မှာတဲ့လဲ။ မဖြစ်နိုင်ဘူး ဟု ထင်သည်။ ဒါပေမဲ့လည်း အယိုင်းဆီက လာသောစကားဟာ မသေချာဘဲတော့ နေမှာမဟုတ်။ မသေချာသော မခိုင်လုံသေး သောစကားကို အယိုင်းက သယ်ဆောင်လာမှာ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ခုလို လာပြောတာသည် အယိင်းကိုယ်ဟိုင်တောင် စုံစမ်းပြီးသား ဖြစ်နေဦးမည်။

ဂျင်ဂျာ ထင်တာ မမှားကြောင်း အယိင်း ဆက်ပြောသောစကားတွေကို နားထောင်ခြင်းဖြင့် သိရလေသည်။

"ငါ ဒီအကြောင်းကို သိနေတာ တစ်ပတ်လောက်ရှိပြီ ဂျင်ဂျာ။ ဒါပေမဲ့ ဟုတ်,မဟုတ် စုံစမ်းနေတာ။ ငါ ပထမဆုံး စသိတာကတော့ မွေးနေ့ပွဲတစ်ခုမှာ အဲဒီကောင်မလေးကို တည်မြဲက ကားနဲ့လိုက်ပို့တာပဲ။ အဲဒီအထိလည်း အခိုင်အမာပါလို့ ပြောလို့မရပြန်ဘူး။ ဒါပေမဲ့ သူတို့ပုံစံက သာမန်မကဘူး ဆိုတာတော့ သိသာနေတယ် ...

ဒါကြောင့် ကောင်မလေးပြန်တဲ့အထိ ငါပါစောင့်နေတယ်၊ အဟုတ်ကိုပဲ ထပ်လာကြိုတာ တည်မြဲပဲ"

အယိင်းက စကားသံကို ခေတ္တရပ်လိုက်စဉ်ဝယ် ဂျင်ဂျာရဲ့အကြည့်နှင့် ဆုံးခနဲဆုံသည်။ အယိင်းက ဆက်ပြောသည်။

"သူတို့နှစ်ယောက် လက်တွဲပြီးထွက်သွားတာမို့ ငါ သိလိုက်ပါပြီ။ ငါလေ တကယ်ကို မယုံနိုင်ပါဘူး။ လူမှားသလားတောင် ထင်မိပါတယ်။ ဒါပေမဲ့ တည်မြဲရဲ့မျက်နှာကြီးကို ငါက လူမှားစရာလားဟာ။ အဲဒီမှာ ငါက အဲဒီကောင်မလေးနဲ့ ခင်ပုံရတဲ့ မွေးနေ့ရှင်ရဲ့ အဒေါ်တစ်ယောက်ကို မေးလိုက်တယ် ...





ဖန်ရတာပေါ့ဟာ။ ဗိုလ်ချုပ်ဈေးက အန်တီမြင့်သမီးလားပေါ့။ မဟုတ်ပါဘူးတဲ့။ အဲဒီကောင်မလေးက ဘယ်သူ့သမီးပေါ့။ နာမည်က နွေဦးမိုးရွာတဲ့။ အခုနက လာကြိုသွားတာ သူ့ရည်းစားတဲ့လေ"

ဂျင်ဂျာ့ ရင်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသည်ဟုတော့ ထင်သည်။ မျက်ခုံးနှစ်ခုကို ကြုတ်ထားပြီးမှ သတိရကာ အမြန်ဆွဲဖြေလိုက်ရသည်။

ဒီကိစ္စအတွက်နဲ့ နဖူးကြောတော့ အရည်အတွန့်မခံနိုင်သေးပါ။ အယိင်းကပဲ စုံစမ်းထားတာတွေကို ဆက်ပြောလေသည်။

"ငါလေ အဲဒီလို သိရတာတောင်မှ မယုံနိုင်သေး၊ လက်မခံချင်သေးပါဘူးဟာ၊ ဒါကြောင့် တစ်နေ့မှာ တည်မြဲနောက်က တိတ်တိတ်လေး ရှဒိုးလိုက်ခဲ့သေးတယ်"

ဒီတစ်ခါတော့ ဂျင်ဂျာသည် အယိင်းရဲ့သူငယ်ချင်းမေတ္တာကို အပြတ်လေးစားသွားလေသည်။ ကိုယ့်တွေတောင် အဲဒီအချိန်တုန်းက ဘာမှမသိသေး။ အယိင်းကတော့ ဂျင်ဂျာ့ကိုယ်စား ပူလောင်နေကာ တည်မြဲနောက်က ရှဒိုးတောင် လိုက်သတဲ့။ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မိသိန်းကြည်ရယ်ဟုသာ အော်ပစ်ချင်တော့သည်။

"အ ... အဲဒီတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



“တည်မြဲနဲ့ အဲဒီကောင်မလေးကို တွေ့တာပေါ့၊ ငါ နှစ်ခါ တိတိ ရှုံးလိုက်ခဲ့တယ်။ အဲဒီကောင်မလေးက လှည်းတန်း မှာ သင်တန်းတက်နေတာ။ သူ့သင်တန်းတွေကို တည်မြဲ က မကြာခဏ လိုက်ပို့ပြီး လာကြိုတတ်တယ်။ နောက် မုန့်တွေ ဘာတွေ သွားစားတတ်တယ် ..

သူတို့ အများဆုံး သွားတတ်တာက သီးသန့်ခန်း ရှိတဲ့ ကော်ဖီဆိုင်တွေပဲ”

အယိင်းရဲ့စကားအဆုံးတွင် ဂျင်ဂျာသည် အယိင်း ကို ပြူးပြူးကြီး ကြည့်နေမိလေသည်။ ကိုရီးယားကားတွေထဲက လို “မောဒဲဂူတာ”(အခု ဘာပြောလိုက်တာလဲ)ဟု အော်ရတော့ မလို ဖြစ်နေသည်။ တည်မြဲရေ ... နင် စိတ်ရောကောင်းသေးရဲ့ လား။ သေခါနီးမှ ကမြင်းကြောထတယ်လို့ ခပ်ရိုင်းရိုင်း မပြော ချင်လည်း ပြောမိသွားပြီ။ ခုချိန်မှာတော့ ဂျင်ဂျာသည် ဆယ်ကျော် သက်တွေလို ရည်းစားလူလု အူနုကျွဲခတ်ဖြစ်သော ခံစားမှုမျိုးထက် ဘာမှန်းမသိသော အူကြောင်ကြောင် ဖီလင်မျိုးကိုသာ ခံစားနေရ သည်။ လူက ထုံတုံတုံကြီးဖြစ်နေကာ ဘာကိုမှ မခံစားနိုင်သေးဘဲ ဟုတ်ရဲ့လား ... ဟုတ်ရဲ့လား ဟူသော ခံစားမှုမျိုးပဲ ဝင်လာတာ ကတော့ ဆိုးလှလေသည်။

“နင် ဘာလုပ်မှာလဲ ဂျင်ဂျာ။ ငါ ပြောတာကို နင်လက်ခံ နိုင်ဖို့ဆိုတာ ရတ်တရက်ကြီး ရှော့ရမယ်လို့ ငါ ထင်တယ်...





သေချာအောင် နင့်မျက်လုံးနဲ့နင် ကြည့်ချင်တယ် မဟုတ်လား”

“ငါ နင်ပြောတာကို ယုံပါတယ်။ မသေချာဘဲနဲ့ ဒီအကြောင်း ကို ငါ့ဆီ နင်သယ်လာမှာ မဟုတ်ဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ ငါ ... ငါ ဘာလုပ်ရမယ်ဆိုတာ ငါ မသိဘူးဟာ ...

ငါ ... ငါ ... ဘာလုပ်ရမလဲဟင်”

အခုမှပဲ ပြောရင်းနဲ့ ဂျင်ဂျာသည် ရင်ထဲမှာ ဝမ်း နည်းစိတ်က လှိုက်ခနဲတက်လာကာ နှလုံးသားမှာ ဆို့နင့်နင့် ဖြစ်လာတော့တာပင်။ ကြားကြားချင်းတုန်းကတော့ လူက အရှိန် ပြင်းလွန်းသော ကားအက်ဆီးဒင့်ဖြစ်ခဲ့သူလိုပေါ့။ ဘယ်နေရာက ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိလိုက်။ အရှိန်အရမ်းပြင်း လွန်းတော့လည်း ဘာမှမသိတော့အောင် နူးညံ့သလို ဖြစ်သွားသည်။

နောက်မှ သိရသောအခါ လူက သေဆုံးသွားပြီ။ ဘာမှမတတ်နိုင်တော့ချေ။ အဲဒီအချိန်ကျမှ ဝမ်းနည်းပက်လက် ဖြစ်ရတာ ဒေါသတွေထွက် နာကျင်ရတာတွေနဲ့ နှလုံးသားက ပြောင်းဆန်ရတာဖြစ်သည်။

အခုလည်းပဲ တစ်စ တစ်စနှင့် နှလုံးသားက နာကျင်လာကာ ဝမ်းနည်းလာခဲ့ရတာဖြစ်သည်၊ ဒေါသဖြစ်ရတယ် ဆိုတာထက် ဒီလိုလုပ်ရက်သော တည်မြဲကို ဘယ်လိုမှ နားမလည် နိုင် ဖြစ်ရတာက ပိုသည်။ သူ ဘာကြောင့် ဒီလိုလုပ်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကတောင် ဂျင်ဂျာအပေါ်မှာ သစ္စာရှိရှိ ချစ်ခဲ့သော သူဟာ ဒီလို ကြီးကောင်ကြီးမားကျတော့မှ ဘာဖြစ်လို့ ဖောက်လွဲ ဖောက်ပြန် လုပ်ရတာတဲ့လဲ ...

သူ့ကို ဂျင်ဂျာ ဘယ်လိုမှ နားမလည်နိုင်တော့ပြီ။

“နင်တို့နှစ်ယောက်မှာ ဘာပြဿနာတွေ ရှိနေကြလဲ။ နင် ငါ့ကို မပြောဘဲ နင့်ဘာသာနင် မျိုသိပ်ထားတာတွေများ ရှိလား ဂျင်ဂျာ၊ ဒါဆိုရင်လည်း ...”

“ကျွတ် ... တော်စမ်းပါဟာ”

ဂျင်ဂျာက အယိင်းရဲ့စကားကိုဖြတ်ပြီး အော်မိသည်။ အဲဒီနောက် တောက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်မိ ကာ ...

“ငါက နင့်ကို ဘာဖုံးကွယ်ထားရမှာလဲ။ ငါတို့နှစ်ယောက် ကြားမှာ ဘာပြဿနာမှ ကြီးကြီးမားမား မရှိဘူး အယိင်း။ အဲ ... တစ်ခုတော့ရှိတယ် အခုနောက်ပိုင်းမှာ သူ ငါ့ကို ရစ်တဲ့စကားမျိုးတွေတော့ အရမ်းပြောတယ်။ ငါက သူ့ကို ဂရုမစိုက်ဘူးတို့၊ သူ့ကို အရေးမထားဘူးတို့၊ နောက် ... ငါ့ရဲ့ဦးစားပေးစာရင်းထဲမှာ သူက နံပါတ်တစ် မဟုတ်ဘူး တို့ ခဏ ခဏ ပြောတတ်တယ် ...

ဒါကလည်း ဒီလိုပဲပြောတဲ့စကားလို့ပဲ ငါက သတ် မှတ်တာပေါ့။





ဒီအသက်အရွယ်မှာ ကိုယ့်အလုပ်အကိုင်နဲ့ကိုယ်ဖြစ် နေတဲ့ ချစ်သူနှစ်ယောက်က အချိန်ပြည့်ကြီး ပွတ်သီးပွတ် သပ်နဲ့ ကြူမနေနိုင်တော့ဘူးလေ၊ ဒါမျိုးက လွန်ခဲ့တဲ့ဆယ် နှစ်မှာ ကျန်ခဲ့ပြီ။ သူနဲ့ ငါနဲ့လည်း ဒါမျိုး မရှိဖူးတာမှ မဟုတ်တာ ...

တက္ကသိုလ်တက်စဉ် ကာလတစ်လျှောက်လုံး သူနဲ့ ငါ ဘယ်လောက်ချစ်ခဲ့ကြသလဲ။ အဲဒီအချိန်တုန်းက ငါ့ ဘေးမှာ သူ့ထက်သာတဲ့သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာ သူလည်း အသိဆုံးပဲ။ ဒါတောင် သူ့အပေါ်မှာ ငါ သစ္စာ မဲ့ခဲ့သလား”

ပြောရင်းနဲ့ ဂျင်ဂျာ အသံတွေက နာကြည်းမှုနှင့် တုန်ဟိုက်လို့လာသည်။ တည်မြဲကို ဒီလိုလူစားမျိုးလို့ ဂျင်ဂျာ ဘယ်တုန်းကမှ မထင်ခဲ့ပါ။ သူ့ကို ယုံကြည်ခဲ့သည်။ အပြည့်အဝ ကို ယုံကြည်ခဲ့ပါသည်။ တည်မြဲဟာ ဂျင်ဂျာကလွဲပြီး ဘယ်မိန်းမ ကိုမှ ခေါင်းထဲသို့ ထည့်လိမ့်မည် မဟုတ်ဟု ထင်ထားသမျှဟာ ရုက်တတ်လျှင်တော့ ကိုယ့်မျက်နှာကိုယ်သာ ဓားနဲ့လှီးပစ်ဖို့ကောင်း တော့သည်။

“အေးဟာ ... ငါလည်း တည်မြဲကို ဘယ်လိုမှ နားမလည် နိုင်တော့ဘူး။ သူ နင့်ကို ဘယ်လိုများ စဉ်းစားထားလဲဆို တာ မတွေးတတ်နိုင်အောင်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နင်တို့နှစ်ယောက်ဆိုတာ တစ်နေ့ကျရင် လက်ထပ်ကြမယ့် စုံတွဲဆိုတာ လူတိုင်းလည်း သိနေတာပဲ။ ဒါကို ဘာစိတ်ကူးနဲ့ ကျွတ် ... ခက်လိုက်တာဟာ။ ဒါကြောင့် နင့်ကိုပြောတာ။ ရည်းစားဘဝကို အချိန်အကြာကြီး ဆွဲမထားနဲ့လို့။ ယောကျ်ားတွေက ကြာလာရင် ရိုးသွားတတ်တယ်"

"အိုး ... ဆွဲထားတော့ရော ဘာဖြစ်လဲ၊ ဒီလိုစောစောစီးစီး သိရတာ ပိုတောင်ကောင်းသေး။ နေပါဦး ... ကြာလာရင် ရိုးသွားတတ်တယ် ဆိုတာကရော ဘာလဲ ...

တည်မြဲသာဆိုတဲ့ အကောင်ကို ရိုးသွားစေမယ့်အရာမျိုး ဘယ်တုန်းကမှ ပေးမထားခဲ့ဘူး။ ရည်းစားသက်တမ်းသာ ဒီလောက်ကြာခဲ့ပေမယ့် သူနဲ့ငါ ခုချိန်ထိ သာမန်ရည်းစားအဆင့်က မပိုဘူး။ အခုလို သူ့ကောင်မလေးနဲ့ သွားတတ်တဲ့ စပါရှယ်အခန်းတွေတောင် ငါမရောက်ဖူးဘူး။ သူနဲ့ငါ မသွားခဲ့ဖူးဘူး ...

သူ ငါ့ကို ရိုးသွားတယ် ဆိုတာထက် ပျင်းသွားတယ်ဆိုရင် ပိုမှန်မှာပါဟာ"

အဆုံးသတ်စကားကိုတော့ ဂျင်ဂျာက ကြေကွဲစွာ ပြောလိုက်ရင်းမှ ဆိုဖာပေါ်တွင် မှီလျှော့ဖြေထိုင်ချလိုက်လေသည်။ အယိုင်းက တက်ကြွနေတတ်သော ဂျင်ဂျာရဲ့ဆန့်ကျင်ဘက်ပုံစံကို မသက်မသာကြည့်ကာ ...





"ဒါဖြင့်ရင် ဒီကိစ္စကို နင် ဘယ်လိုဆက်လုပ်မှာလဲ ဂျင်ဂျာ၊ ဒီအတိုင်းကြီး နေသွားလို့မှ မဖြစ်တာ။ ခုကိုပဲ ငါ သိနေပြီ။ တခြားသူတွေလည်း တစ်နေ့မဟုတ် တစ်နေ့ သွားရင်းလာရင်းနဲ့ တွေ့သွား သိသွားတော့မှာပေါ့ ...

အဲဒီကျရင် လူတွေက ဘာပြောကြမလဲ။ နင့်ကိုသနားတဲ့လူလည်းရှိမယ်၊ ဝမ်းသာတဲ့လူလည်း ရှိမယ်။ ဘာပဲဖြစ်ဖြစ် နင် သိက္ခာကျမယ် ဂျင်ဂျာ။ နင့် Image ကို ထိခိုက်တယ်"

ဂျင်ဂျာက နာကြည်းစွာဖြင့် အံကိုတင်းတင်းကြိတ်ထားမိသည်။ ဟုတ်ပါသည်။ ဂျင်ဂျာ လုပ်နေသောအလုပ်ဟာ သာမန်အားဖြင့်ကြည့်လျှင်တော့ Fitness Center ၊ အဆီချခန်းမ၊ အလှပြင်ဆိုင် ဆိုပေမယ့် မိန်းကလေးတွေ အမျိုးသမီးတွေ၏ မျှော်လင့်ချက်တွေကို တောက်ပစေသော အလုပ်တွေဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် အလှတရားတွေ လျော့နည်းလာသည့် အမျိုးသမီးတွေကို အလှတရားတွေ ပြည့်စုံအောင် ဖန်တီးပေးရင်း စိတ်ဓာတ်ရေးရာအရလည်း မြှင့်တင်ပေးသော နေရာဆိုလည်း မမှားချေ။ အဲလို မြှင့်ပေးနိုင်ရအောင်လည်း ဂျင်ဂျာ့ပုံစံက အားကိုးစရာအပြည့် ဖြစ်နေသည်။ ပြောပုံဆိုပုံ သွားပုံလာပုံ ဝတ်စားဆင်ယင်မှုကအစ အမြဲစမတ်ကျကာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ် ယုံကြည်မှုရှိသော ဂျင်ဂျာဟာ အချစ်ရေး၊ အိမ်ထောင်ရေးဘက်မှာလည်း အများအားကျ စံထားစရာ ဖြစ်လိမ့်မည်ဟု အားလုံးက ထင်ကြေးတွေပေးထားကြတာဖြစ်သည်။

အ ... ခု ... တော့ ...။

"တောက် ... တည်မြဲသာ တစ်ယောက်တော့ တကယ်ကို ပဲ ရူးသွားပြီနဲ့တူတယ်"

ဂျင်ဂျာက တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ ပျစ်ပျစ်နှစ်နှစ် ပြောမိသည်။ ဒီကိစ္စကို ဂျင်ဂျာ ဝန်းဒိုင်းကြီး မဖြေရှင်းပါ။ သေလောက်အောင် ဒေါသထွက်စရာကောင်းသော်လည်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မှန်း သိတာနှင့် သတိထားပြီး လျှော့ချနေသော ဂျင်ဂျာသည် ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ပီပီ ဘုရားဟောတရားဖြစ်သော အသိနှင့်သတိကိုလည်း နားလည်သဘောပေါက်သူ ဖြစ်လေသည်။

ဒေါသဖြစ်တာနဲ့ စိတ်ကို ချက်ချင်းသိပြီး လျှော့ချတတ်သောအကျင့်ကို အလုပ်စလုပ်တည်းက လေ့ကျင့်ထားခဲ့သည်။ ဒေါသခဏခဏထွက်သော လူတစ်ယောက်ဟာ ရုပ်ရင့်လွယ်သောကြောင့် ဖြစ်လေသည်။ အခုလည်း ဒီကိစ္စကို ခေါင်းအေးအေးထားပြီး ကိုင်တွယ်ဖြေရှင်းမှ ဖြစ်တော့မည်ဟု သဘောပေါက်လိုက်လေသည်။

"အဲဒီ ... ဘယ်သူ ... နွေဦး ..."





"နွေဦးမိုးရွာ တဲ့ ..."

"အင်း ... သူက တော်တော်ပဲ ချောသလား"

"ဖွီး ... နှင့်တစ်ဝက်တောင် မမီဘူး။ လူခန္ဓာကိုယ်ကလည်း ဂျပ်ပြား G flat, B flat ပဲ။ ငယ်တာရယ် ပြင်တတ်ဆင်တတ်တာရယ်ပေါင်းပြီး လန်းသလိုလို ဖြစ်နေတာ။ ဒါပေမဲ့ လုံးဝရယ်မိုက်နေတာလည်း မဟုတ်ပါဘူးဟာ"

"အင်းလေ ... ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ ထူးခြားတဲ့အစွမ်း တစ်ခုတော့ ရှိမှာပေါ့။ တည်မြဲသာတောင် ငါ့ကို သစ္စာဖောက်နိုင်တဲ့အထိ စွမ်းတယ်ဆိုတော့ တော်တော်စွမ်းလို့ပေါ့ ...

အိုခေ ... ငါ အဲဒီမိန်းကလေးကို ကြည့်ချင်တယ်"

"ဘာပဲဖြစ်ဖြစ် နှင့်ကိုယ်နှင်တော့ ဘယ်နေရာမှ အထိခိုက်မခံပါနဲ့ဟာ။ ငါက နှင် တစ်ခုခုဖြစ်သွားမှာကို အစိုးရိမ်ဆုံးပဲ"

"ဟား ဟား ဟား ... တန်လို့လားဟာ။ ဝိုင်းစုခိုင်သိန်း ဆိုသလိုတောင် ဆိုပြလိုက်ရဦးမလား။ မက်လောက်စရာ တစ်ကွက်မှမရှိ ... ဟွန်း ..."

အဲဒီလို ကြေကွဲပြိုလဲတဲ့အချိန်က လွန်ခဲ့တဲ့ ဆယ်နှစ်လောက်မှာ ကျန်ခဲ့ပြီ။ ငါ့အသက်က အစိတ်လောက်ဆိုရင်တောင် ပုလဲတွေခ,မိနေဦးမှာ။ ခုတော့လား ...



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ စစ်ကြေညာမှု မလုပ်ဘဲ ရုတ်တရက် ကျူးကျော်တိုက်ခိုက်ခံရတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ဒေါသထွက်နှုန်းလောက်ပဲ ရှိတာဇါဟာ။ တွေ့ကြသေးတာပေါ့ တည်မြဲသာရယ်"

"နင် ဘာဆက်လုပ်မှာလဲ။ သူ့ကို သွားချဲမှာလား။ ဖြတ်တော့မှာလား"

"သွားလည်း မချဲဘူး။ ဖြတ်လည်း မဖြတ်ဘူး။ အခုမှ သွေးအေးအေးနဲ့ သေချာပြန်စဉ်းစားကြည့်တော့ တည်မြဲသာဟာ ဒီကိစ္စကို ငါသိမှာ လုံးဝမကြောက်တဲ့ပုံပဲ။ သိတောင် သိနေစေချင်သေးလား မပြောတတ်ဘူး ...

နင် စဉ်းစားကြည့်ဟာ။ ငါ့လောက် မျက်စိတွေ နားတွေ ပေါ်တာ။ ငါ မသိဘဲ ပြန်မကြားဘဲ နေမှာမဟုတ်ဘူးဆိုတာ သူ သိကို သိမှာပဲ။ ဒါတွေကို သူ မတွက်ဆမိဘဲ နေမှာမဟုတ်ဘူး ...

သူ သက်သက်လုပ်တာ။ ဟက် ... တကယ်ရယ်ရတယ်။ တည်မြဲသာက ငါ့နားရွက်ကို တံတွေးနဲ့လာဆွတ်နေတာပဲ၊ ရတယ်လေ။ ဒီတော့ ငါတို့လုပ်ရမှာက အရင်ဆုံး သူတို့အတွဲကို ချောင်းရမှာပေါ့"

"နင့်မှာ ဒီလို ခံနိုင်ရည်အားရှိတာ ငါ ဝမ်းသာတယ်ဟာ"





အယိမ်းက ဂျင်ဂျာရဲ့လက်ကိုကိုင်ပြီး လှိုက်လှိုက်လှဲလှဲ အသံဖြင့်ဆိုသည်။ ဂျင်ဂျာက မဲ့ပြုံးတစ်ချက်ကို အသာအယာပြုံးမိကာ ...

"ဒီလိုမျိုးဖြစ်ဖို့ဆိုတာ ရင့်ကျက်တဲ့ နှလုံးသားတစ်ခုလည်းလိုတာပေါ့ဟာ"

✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

နောက်ရက်တွေမှာတော့ ဂျင်ဂျာသည် တစ်သက်နဲ့ တစ်ကိုယ် မလုပ်ဖူးသော ရှဲဒိုးလိုက်သည့်အလုပ်အား နိုးကြောင်နိုးဝှက် လုပ်ခဲ့ရလေသည်။ တည်မြဲနှင့် သူ၏အချစ်အသစ်ကလေးအား ခက်ခက်ခဲခဲ မလိုက်ခဲ့ရပါ။ သူတို့က နိုးကြောင်နိုးဝှက်တွဲနေသော အတွဲမဟုတ်ဘဲ သူများအတွဲတွေလိုပင် ဘာမှရှော့မရှိသည့်အလား အေးအေးဆေးဆေး သွားလာနေကြတာဖြစ်သည်။

သူတို့နှစ်ယောက်ကို နှစ်ခါတောင်မှ လိုက်ကြည့်ဖြစ်ခဲ့ပါသည်။ ပထမတစ်ခါက ကောင်မလေးရဲ့သင်တန်းကို တည်မြဲက သွားကြိုခဲ့တာဖြစ်ပြီး လှည်းတန်းကနေ၍ သင်းတို့အတွဲဟာ ကန်တော်ကြီးထဲသို့ ခြေဆန့်ကြတာဖြစ်သည်။ နောက်တစ်ခါကတော့ သူ့ရဲ့အလုပ်ပိတ်ရက် တနင်္ဂနွေနေ့မှာ ဂျင်ဂျာကိုယ်တိုင် သူ့အိမ်နားမှာ ကားလဲပြီး သွားစောင့်နေခဲ့တာမို့ သူ ကောင်မလေးကို သွားကြိုတာ၊ သွားကြိုပြီးနောက် အတွဲတွေ အသွားများ





သော သီးသန့်ခန်းများရှိရာ ကော်ဖီဆိုင်တစ်ဆိုင်သို့ သွားကြတာစသဖြင့် အားလုံးကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည်။

ထူးဆန်းတာ တစ်ခုက အဲဒါတွေကိုမြင်တွေ့နေရပေမယ့်လည်း ဂျင်ဂျာ့ရင်ထဲမှာ လူပြောများလှသည့် အသည်းကွဲဝေဒနာဆိုတာ ယောင်ယောင်လေးသော်မှ မခံစားရခြင်းပဲဖြစ်သည်။ မြင်နေရသောစုံတွဲကို မမိုတ်မသုန်ကြည့်ရင်း ယောကျ်ားတွေရဲ့အစိုးမရသောစိတ်ဓာတ်ကိုသာ တရားကျနေမိတော့သည်ဟုဆိုလျှင် တချို့က ရူးသွားပြီလားဟုတောင် ထင်ရင်ထင်မည်။ တကယ်ကတော့ ဘာမှမရူးချေ။ အသည်းလည်းမကွဲ၊ ဝမ်းလည်းမနည်းတာကတော့ ကိုယ့်ကိုယ်ကိုယ် တကယ်ပဲ အံ့သြသေးသည်။ မတုန်လှုပ်သောအခါ ဘယ်ကိစ္စမဆို ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ခေါင်းအေးအေးထားပြီး စဉ်းစားနိုင်သေးသည်။

"နင် ဘယ်လိုသဘောရလဲ ဂျင်ဂျာ။ ကောင်မလေးကကဲတော့အကဲလေးနော်။ အချွဲအနွဲ့ကလည်းဖြစ်တယ်။ ကြည့်ရတာ တည်မြဲက အဲဒါတွေကို ကြွေနေတာလားမသိဘူး"

ဂျင်ဂျာက အယိင်းရဲ့စကားကို မှတ်ချက်တစ်စုံတစ်ရာ မပေးမိဘဲ တစ်နေရာသို့ စိုက်ငေးကာ ဒီကိစ္စကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာ စဉ်းစားအကြံထုတ်နေတာဖြစ်သည်။ ဟိုစုံတွဲ ကော်ဖီဆိုင်ထဲသို့ ဝင်သွားပြီးနောက် ဂျင်ဂျာနှင့် အယိင်းသည်လည်း စိမ်းလန်းစိုပြည်ထဲမှာဝင်ပြီး လေညှင်းခံ၊ ဖျော်ရည်သောက်နေကြတာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မနေ့ညက တစ်ညလုံး စဉ်းစားခဲ့တယ်"

"အင်း"

ဂျင်ဂျာရဲ့တွေးဆဆအပြောကို အယိင်းက စိတ်ဝင်စားဟန်ဖြင့် "အင်း"လိုက်သည်။ ဂျင်ဂျာက စတော်ဘယ်ရီလက်ဖျော်ခွက်ထဲက ဖွန်းရှည်ကို လှုပ်ခတ်မွှေရင်း ...

"ဒီကိစ္စကို ငါ လုံးဝမသိချင်ဟန်ဆောင်နေမယ်"

"ဘာဖြစ်လို့လဲ၊ နင်က ဘယ်လိုစိတ်ကူးထားလို့လဲ"

"သစ္စာတရားကို စမ်းသပ်မလို့"

"ဘာရယ် ... ဘယ်လို"

"ဟုတ်တယ်။ ငါတို့နှစ်ယောက်ဟာ ဆယ်စုနှစ်တစ်ခုစာ ကျော်ဖြတ်ပြီး တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိချစ်ခဲ့ကြတယ်။ ဒါပေမဲ့ ခုချိန်မှာ ငါ့ကို သစ္စာဖောက်သွားတာက သူပဲလေ"

"အဲဒီတော့"

"ငါ သိချင်တာက သူ့ကောင်မလေးရော သူ့အပေါ်မှာ သစ္စာရှိလား ဆိုတာကိုပါ"

"အင် ... အဲဒါက နင်နဲ့ဘာဆိုင်လဲ။ သူ့ကောင်မလေး သစ္စာရှိတာ မရှိတာ နင်က ဘာလုပ်မှာမို့လို့လဲ"

"သိပ်ဆိုင်တာပေါ့။ ကိုယ့်ကို လူတစ်ယောက် သစ္စာဖောက်တဲ့အခါမှာ၊ အထူးသဖြင့် အမှားမရှိတဲ့ လူတစ်ယောက်ကို သစ္စာဖောက်တဲ့အခါ ကိုယ့်အလှည့်ကျရင်ရော ဘယ်လိုခံစားရမလဲဆိုတာ သူ့ကို သိစေချင်တယ်"





"အဲဒီတော့ နင် ဘာလုပ်မှာလဲ"

"ငါ လူတစ်ယောက်လိုတယ် အယိင်း။ အထူးသဖြင့် ခပ်မိုက်မိုက်ဘဲတစ်ပွေပေါ့"

"ဘာလဲ ... အဲဒီတစ်ယောက်က နွေဦးမိုးရွာဆိုတဲ့ ဇာတ်မကို လိုက်ဖို့လား"

"ဟုတ်တယ်၊ နင့်ကို ရှထောင့်နှစ်ခုကို ယှဉ်ပြပြီး ပြောမယ်။ တည်မြဲနဲ့ ငါ ရည်းစားဖြစ်တဲ့ သက်တမ်းတစ်လျှောက်မှာ တည်မြဲထက် ရုပ်ရည်အားဖြင့်ရော၊ စည်းစိမ်ဥစ္စာအားဖြင့်ရော၊ ရာထူးအာဏာအားဖြင့်ရော သာတဲ့သူတွေ ချဉ်းကပ်ခဲ့တာရှိတယ် ...

ဒါပေမဲ့ ငါ လုံးဝစိတ်မဝင်စားဘူး။ မအီခဲ့ဘူး။ သူ့အပေါ်မှာ သစ္စာရှိခဲ့တယ်။ အေး ... အခု သူ့ကောင်မလေးဟာ သူ့ထက်သာတဲ့ တစ်ယောက်ယောက်က propose လုပ်ခဲ့ရင် မအီဘဲ၊ စိတ်မကစားဘဲ၊ သစ္စာမဖောက်ဘဲ သူ့အပေါ်မှာ ထာဝရဖြစ်နေနိုင်မလား ဆိုတာ ငါသိချင်တယ်"

"အဲဒါက နင်တို့ဇာတ်လမ်းရဲ့အဖြေ ဟုတ်ပါ့မလား"

"ဟုတ်ချင်လည်း ဟုတ်သွားမယ်။ မဟုတ်ရင်လည်း မဟုတ်သေးဘူးပေါ့။ ဒါပေမဲ့ ငါသိချင်တယ်။ ပြီးတော့ တည်မြဲသာကိုလည်း သိစေချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုတောင် သစ္စာဖောက်ပြီး ထားခဲ့တဲ့ သူ့ရည်းစား သစ်လေးဟာ သူ့ထက်သာတဲ့လူနဲ့ တွေ့သွားရင် သူ့အပေါ် သစ္စာရှိနိုင်ပါ့မလား ဆိုတာ ငါ သိချင်သလို သူလည်းသိ ချင်မှာပါပဲ ...

ဒီတော့ အခုကိစ္စကို ငါက လုံးဝမသိချင်ဟန်ဆောင် နေမယ်။ နင်လည်း မသိချင်ဟန်ဆောင်နေပါ။ ယောင်လို့ တောင် အရိပ်မြွက်မထွက်စေနဲ့ ...

ဟုတ်ပြီနော်”

“အဲဒါက ဟုတ်ပါပြီ။ နင် ပြောတဲ့ လူမျိုးက ဘယ်မှာ သွားရှာရမှာလဲ၊ တည်မြဲထက်သာတဲ့လူဆိုတော့ နည်းနည်း များ ခက်နေမလားဟာ”

“မခက်ပါဘူး၊ တည်မြဲထက် သာရမယ်ဆိုတာ something ပေါ့ဟာ၊ အဓိက,က မိန်းမကျမ်းကျေတဲ့သူမျိုး ဖြစ်ဖို့လို တယ် ...

ကျန်တဲ့အဆောင်အယောင်တွေဆိုတာ ဖန်တီးပေးလို့ ရပါတယ်။ အဲဒါမျိုးတွေ့ဖို့ဆိုတာ နည်းနည်းတော့ စိတ် ရှည်ပြီး စောင့်ရမှာပေါ့။ အသက်ငယ်တဲ့သူဆိုရင် ဒီလို ထူးထူးဆန်းဆန်းကိစ္စတွေ စိတ်ဝင်စားပြီး ကူညီချင်လည်း ကူညီမှာပဲ ...

နင်လည်း နည်းနည်းမျက်စိဖွင့်ထားပေါ့ဟာ။ ငါ လည်း ကြည့်တော့ ကြည့်ရမှာပေါ့”





ဂျင်ဂျာရဲ့စကားသံ အဆုံးတွင် အယိုင်းက နှုတ်ပိတ် ပြီး တိတ်ဆိတ်သွားသည်။ ဂျင်ဂျာသည်လည်း ခပ်ဝေးဝေးက ရေပြင်ကျယ်ကို ငေးကြည့်ကာ အတွေးတွေက ဖြန့်ကျက်လျက် ရှိသည်။ တစ်ခါတလေမှာ ရင်ခုန်တတ်စအရွယ်၊ ရည်းစားစ,ထား ခဲ့စဉ်က အဖြစ်အပျက်များကို သတိရမိသလို ဖြစ်သော်လည်း လွမ်းစရာရှိလျှင် နာတာနှင့် ဖြေတတ်သွားပြီဖြစ်သော နှလုံးသား သည် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းကြီးတော့ မခံစားရတော့ပါ။

အခုချိန်မှာ အဖြစ်ချင်ဆုံးဆန္ဒကတော့ ဂျင်ဂျာ့ကို ကူညီမည့် လူတစ်ယောက်ကို အထူးတလည် လိုအပ်နေတာပဲဖြစ် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၂)





## ၁၁

"တောက် ... နေတောင်ပူပြီး အိုက်လာပြီကွာ။ ဘာလဲဟ တစ်မြို့လုံးကိုပဲ ပတ်မောင်းနေတော့မှာလား ...

ဒီမှာ ဟေ့လူ ... ခင်ဗျားကားကို ရပ်လိုက်တော့။ အခု ရပ်လိုက်တော့"

နေဝန်းရဲ့စကားကို Taxi သမားက မှန်ထဲမှတစ်ချက်ကြည့်လာကာ ဘာဖြစ်လို့လဲဗျဟု ခပ်အေးအေးမေးသည်။ အဲဒီလိုမေးပုံကကို ဂရုမစိုက်ဟန်မို့ နေဝန်းက ပိုမိုဒေါသထွက်သွားရကာ တစ်ချက် ဆောင့်အော်မိသည်။

"ဟ ... ဘာဖြစ်ရမှာလဲ။ ခင်ဗျား တစ်မြို့လုံးကို ပတ်မောင်းပြီး ပါသမျှလူကုန် လိုက်ချနေတာလေ။ ကျုပ်ကျတော့ နောက်ဆုံးမှပေါ့ဆိုတဲ့ သဘောပေါ့"

"ဒါကတော့ ကိုယ့်လူသွားမယ့်နေရာက နောက်ဆုံးမှကို"



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှမဆိုင်ဘူး။ ကျုပ်ကိုများ ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးတဲ့တောသား၊ နလပိန်းတုန်းများ ထင်နေလား ...

ဟေ့လူ ... တော်ပြီဗျာ။ ရပ်ဆိုရပ်၊ ဒီနေရာမှာပဲ ကျုပ်ဆင်းမယ်။ ရပ်တော့။ ခင်ဗျားကားကို ဆက်စီးချင် စိတ်လည်း မရှိတော့ဘူး”

နေဝန်းက ဒေါသတကြီး အော်ဟစ်လျှင် သူ့အောက ဦးလေးကြီးနှင့် အဒေါ်ကြီးတို့က ရွံ့ကြောက်ပုံစံမျိုးနှင့် လှည့်ကြည့်ကြသည်။ ကြည့် ဘာရှိပေါ့။ ဘာကို ဂရုစိုက်နေရမှာလဲ။ ဟုတ်တယ်လေ ဒီကားကို စငှားတုန်းက သူ ငှားခဲ့တာဖြစ်ပြီး ငှားပြီးတော့မှပဲ Taxi သမားဟာ တခြားသူနှစ်ဦးကိုပါ ထပ်ငှားတော့တာ။ ဩော် ... လမ်းသင့်လို့ နေမှာပေါ့လေဟု သဘောထားပြီး ခပ်အေးအေး လိုက်လာခဲ့သော်လည်း လမ်းမသင့်ဘဲ တစ်ယောက်တစ်နေရာစီပတ်ပြီး ပို့နေတာကို တစ်နာရီကျော်အောင် ကားပေါ်မှာ ညောင်းချိကျုပ်သပ်ပြီး ခံစားနေခဲ့ရသည်။

တောင်ကြီးကနေ ရန်ကုန်ကို လာရာလမ်းတစ်လျှောက်မှာလည်း ကားပေါ်မှာ တစ်ညလုံးလုံး အညောင်းမိပြီး စီးခဲ့ရသည်။ နဂိုတည်းကမှ ငြိမ်ငြိမ်မနေတတ်သူမို့ ကားပေါ်မှာ မလှုပ်မယှက် နေခဲ့ရတာကလည်း တော်တော်ဆိုးသော ဝေဒနာတစ်ခုပင်။ ရန်ကုန်ရောက်သောအခါ လူက အိပ်ရာတစ်ခုပေါ် ခြေဆန့်လက်ဆန့်ပြီး ပစ်ပျက်နားချင်လှပြီ။ ဒါပေမဲ့လည်း နားတဲ့စခန်းသို့ကို မရောက်နိုင်သေးချေ။ ရန်ကုန်တစ်မြို့လုံးကို ကား





ပေါ်က လှေလာရေးခရီးထွက်နေသည့်အလား လှည့်လည်ကြည့်ရှုနေရသည်မှာ မပြီးနိုင်တော့။

ကြာလာသောအခါ သူက ဘယ်လိုမှ သည်းမခံနိုင်တော့ချေ။ သူ သောင်းကျန်းနေသောအခါ ကားသမားက မျက်နှာတင်းတင်းဖြင့် သူ့ကိုကားရပ်ပေးသည်။ သူက ကားပေါ်မှကျောပိုးအိတ်ကို ဆွဲယူပြီး ဆင်းသောအခါ ကားသမားက လက်ဝါးဖြန့်သေးကာ သူ့ကို မေးဆတ်ပြသည်။ သူက စိတ်ကုန်စွာဖြင့် သွားကြားထဲမှတောင် လေထွက်ရုံ ရွဲ့ရယ်မိကာ ...

“ဘာလဲ”

“ကားခလေကွာ”

“ဘာကားခလဲ။ ခင်ဗျားက ကျုပ်သွားမယ့်နေရာရောက်အောင် ပို့ပြီးပြီမို့လို့လား”

“ဟ ... အခုတောင် မင်း ခရီးတစ်ဝက် ရောက်နေပြီလေ၊ မင်းလာတာ တောင်ဥက္ကာကလေ၊ အခု အလုံတောင် ရောက်နေပြီ။ စီးလာတဲ့အတွက်တော့ အဖိုးအခ ပေးရမှာပေါ့”

“ဘာဆိုင်လဲ။ ခင်ဗျားလုပ်လို့ ကျုပ်အိမ်ရောက်မယ့်အချိန်တွေ အများကြီး နောက်ကျသွားတာလည်း ထည့်ပြောဦးလေ။ ခင်ဗျားကို ကျုပ်တစ်ယောက်တည်းစီးဖို့ ငှားခဲ့တာ။ ခင်ဗျား အလည်လုပ်ပြီး တွေ့ကရာလူတင်နေခဲ့တာရော ထည့်ပြောဦး ... ဟင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်း ဒီထိရောက်လာအောင် ငါ့ကားကိုစီးခဲ့တာပဲ"

"အေး ... ရော့၊ အဲဒီမှာ ထောင့်ငါးရာနော်၊ ဒါမှ မကျေ နပ်လည်း ကြိုက်တဲ့နေရာ သွားတိုင်ချည်"

သူက တစ်ထောင်တန်တစ်ရွက်နဲ့ ငါးရာတန်တစ် ရွက်ကို ကားသမားရဲ့ပေါင်ပေါ် ပစ်ချပေးခဲ့ပေးပြီးနောက် ပလက် ဖောင်းပေါ်တက်ပြီး လျှောက်လာခဲ့သည်။ ဗိုက်ကဆာလာပြီမို့ ဒေါသကထွက်ကာ ရေ့ကရေသန့်ဘူးခွံတစ်ခုကိုတောင် ပိတ်ကန် ပစ်လိုက်သေးသည်။ အဆင်မပြေချင်လျှင် ဘယ်အရာကမှ အဆင် မပြေပါ။ အကုသိုလ်ဆိုတာ ဘော်ဒါနင့်လာသည်ဆိုတာ တကယ် ပဲ မှန်လိမ့်မည်။

သူက တောက်တစ်ချက် ခေါက်လိုက်ကာ လက်ပြ ပြီး Taxi တစ်စီးကို တားလိုက်သည်။ ဒီတစ်ခါတော့ ပါရမီ Taxi ကိုပဲ ရွေးငှားသည်မို့ စိတ်တော့ ချမ်းသာရကောင်းရဲ့ တွေး မိသွားသည်။ ထင်တဲ့အတိုင်း မမှားပါ။ ပိုမတောင်းသော ပုံမှန် ဈေးနှုန်းနဲ့အတူ Air Con ဖွင့်ပေးကာ၊ နံနက်ချိန်ခါတေးသံသာ City FM ကို နားဆင်ရင်း ဒုက္ခပေးမည့် အစ်မတစ်ဝမ်းကွဲရှိရာ မောနင်းဆီ ရှမ်းစားသောက်ဆိုင်သို့ ရောက်လာခဲ့သည်။

နံနက်ပိုင်းအချိန်မို့ Breakfast လာရောက်စားသောက် ကြသည့် သူတချို့နှင့် မောနင်းဆီခြံဝင်းလေးထဲတွင် စည်ကားနေ သည်။ အင်း ... ငယ်ငယ်တုန်းကတော့ ရှမ်းခေါက်ဆွဲတွေ မြီးရှည်တွေ အပျော်တမ်းလုပ်စားရင်း လူတကာကို သူ့လက်ရာ





မြည်စမ်းစေခဲ့သော ငါ့အစ်မ။ အခုတော့လည်း တစ်မြို့တစ်ရွာမှာ မိုးမခေါင်သည့်အလုပ်ဖြင့် ကြီးပွားချမ်းသာနေပါရော့လား။

"ဘာစားမလဲ အစ်ကို"

သူက စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်သည်မို့ ရှမ်း ရိုးရာဝတ်စုံဝတ်ထားသော စားပွဲထိုးလေးက လက်နှစ်ဖက်ကိုနောက် ပစ်ရင်း ရှိသေစွာ လာမေးသည်။ ပုံစံကိုကြည့်ရတာလည်း သူတို့ ဒေသဘက်မှ လူငယ်လေးတချို့ကို ခေါ်ထားဟန်တူသည်။ အင်း ... အစ်မ ... အစ်မ။ စားသုံးသူတွေကို ရှမ်းရိုးရာအငွေ့သက်တွေ ပါသော Taste တွေကိုသာ ပေးတာပါလား။

လောလောဆယ်တော့ သူ့အစ်မနဲ့ တွေ့ဖို့ထက် ဟာနေသောဝမ်းကိုသာ ပြည့်ဖို့က အရေးကြီးနေတာဖြစ်သည်။

"ရှမ်းခေါက်ဆွဲ တစ်ပွဲ၊ အဖွယ် ရတယ်မဟုတ်လား"

"ဟုတ် ... ရပါတယ်။ ဒါပေမဲ့ ခုလောလောဆယ် ကြက် သားတစ်မျိုးနဲ့ပဲ ရတယ်ခင်ဗျ။ ဝက်က ခဏနားထားပါ တယ်"

"ရတယ် ... ပြဿနာမရှိဘူး။ ရတဲ့အသားနဲ့လုပ်ခဲ့။ ပြီး ရင် တို့ဟူးကြော်တစ်ပွဲပါချ။ နောက် ... နက်(စ်)ကော်ဖီ ကို နို့စိမ်းထည့်ပြီးဖျော်ခဲ့။ ကဲ ... မြန်မြန်လေးပဲနော်"

"ဟုတ်ကဲ့ ခင်ဗျ"

ကောင်လေးက လှစ်ခနဲ ခပ်သုတ်သုတ်ပြေးသွားချိန် ဝယ် သူက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆိုင်ထဲသို့ အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။ ခြံဝင်းထဲမှာ ဖွင့်ထားတာမို့ အေးအေးဆေးဆေး သီးသန့်လာစားချင်သူများအတွက် အဆင်ပြေကာ အစ်မကတော့ ခြံထောင့်က တစ်ထပ်တိုက်ပုလေးမှာနေသည်။ တကယ်တော့ အစ်မရဲ့မိဘတွေ၊ မောင်နှမတွေက တောင်ကြီးနှင့် မန္တလေးမှာ ဒီ့ထက်ကြီးကျယ်သည့် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ကြတာဖြစ် သော်လည်း အစ်မကတော့ အဲဒီလို ကြီးကြီးမားမားတွေ စိတ်မဝင် စားဘဲ သူ ဝါသနာပါသော ဒီဆိုင်လေးကိုသာ စိတ်ဝင်တစားဖွင့် လှစ်ခဲ့တာဖြစ်သည်။

ကောင်းပါတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ဝယ် ထားခဲ့သော ဒီခြံဝင်းကလည်း ခုချိန်မှာ တော်ရုံအနားမကပ်နိုင် တော့သော တန်ကြေးနှင့်ဖြစ်သလို၊ ကျောင်းပြီးထဲက ဖွင့်လှစ်ခဲ့ သော သူ့အစ်မရဲ့မောနင်းဆီဟာလည်း ခုချိန်မှာ အောင်မြင်သော အနေအထားနှင့် ရပ်တည်နေခဲ့ပြီဖြစ်သည်။

"သုံးဆောင်ပါ အစ်ကို၊ အဆင်မပြေတာရှိရင် ပြင်ပေးပါ တယ်"

အင်း ... ဝန်ထမ်းတွေရဲ့ ဆက်ဆံရေးကတော့ ကောင်းမှကောင်းပဲ။ အပြိုင်အဆိုင်များတဲ့ ဒီခေတ်ကြီးထဲမှာ ဒီလိုပဲ ဖြစ်သင့်တာပေါ့။ လက်ရာကလည်း ပျံလန်နေပါသည်။ ရှမ်းပြည်နယ်ကို ပြန်ရောက်သွားတဲ့အတိုင်းပဲဖြစ်သည်။ စားသောက် ဖိုက်ဖြည့်ပြီးသောအခါ သူက ပိုက်ဆံရှင်းဖို့လာသော ဝန်ထမ်းလေး ကို ပြုံးစေ့စေ့ မော့ကြည့်လျက် ...





"ငါ့မှာ ပေးစရာ ပိုက်ဆံမပါဘူးကွ။ ဒီဆိုင်မှာ စားပွဲထိုး လုပ်မှာ။ အဲဒါ မင်းတို့ဆိုင်ရှင်ကို သွားပြောလိုက်"

"အာ ... အဲ ... အဲလိုတော့ မနောက်နဲ့လေ အစ်ကိုရာ"

"မနောက်ဘူး။ တကယ်ပြောတာ။ မင်းတို့ဆိုင်ရှင်ကို သွားခေါ်လာလိုက်၊ ဆိုင်ရှင်က မယိမ်း မဟုတ်လား"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

"အေး ... ဒါဆို သွားပြောလိုက်။ ငါလည်း မင်းတို့လို ရှမ်းပြည်နယ်ကပဲကွ၊ ရှင်းစရာ ပိုက်ဆံမပါရင် သူက စားပွဲထိုးခန့်မှာပါကွာ"

ကောင်လေးက စိတ်ညစ်ကာ ခေါင်းကုတ်ပြီးလှည့် ထွက်သွားသည်။ သူက အသာပြုံးကာ နမ့်ဆန်လက်ဖက်ခြောက် မွှေးမွှေးနှင့် နှပ်ထားသော ရေနွေးကြမ်းကိုသောက်ရင်းမှ ဘာဆက် ဖြစ်လာမလဲဆိုတာ စောင့်ကြည့်မိသည်။ ခဏကြာသောအခါ စူးစမ်းစိတ်ဝင်စားဟန်ဖြင့် ခပ်သုတ်သုတ် လျှောက်လာသော သူ့အစ်မကို တွေ့လိုက်ရသည်။ မတွေ့ဖြစ်တာ တစ်နှစ်လောက်ရှိ ပြီဖြစ်သော်လည်း သူ့အစ်မပုံစံက ဘာမှမပြောင်းလဲပါ။ အလုပ် ရှုပ်သူတို့၏ ဖက်ရှင်အတိုင်း တီရှပ်နှင့် ဂျင်းဘောင်းဘီတစ်ထည် ကို ဝတ်ဆင်ထားကာ ဆံပင်တွေကို ထိပ်ဘက်မှာ ဖြစ်သလိုစုစည်း ထုံးဖွဲ့ထားသည်။

သူက အနားရောက်လာသော အစ်မဖြစ်သူကို လက်တစ်ဖက်ထောင်ပြကာ နှုတ်ဆက်လိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်း ... အစ်မ။ နေကောင်းတယ်နော်၊ ကျွန်တော့်မှာ ပေးစရာပိုက်ဆံပါမလာလို့ ဒီဆိုင်မှာ စားပွဲထိုးလုပ်ပြီး ဆပ်မယ်နော်၊ ဖြစ်လားဟင်"

"ဟဲ့ ... နင် ... နင်။ ကြည့်စမ်း ... နေဝန်း။ နင် ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

"သြော် ... ရန်ကြီးအောင် Express စီးပြီး ရောက်လာတာပေါ့ဗျာ။ ကိုယ့်အစ်မကြီး ကြီးပွားချမ်းသာနေတယ်ဆိုလို့ ဝိုင်းပြီးသုံးဖြုန်းပေးမလို့လာတာ ... ဟဲ ဟဲ"

"ဟဲ့ ... နင် ဘာတွေလျှောက်ပြောနေတာလဲ၊ အကြောင်းလည်းမကြား၊ ဘာမကြားနဲ့ဟယ်၊ ကျွတ် ... နင်နဲ့တော့ ခက်တော့တာပါပဲ ...

လာ ... လာ ... အိမ်ထဲလာခဲ့"

သူ့အစ်မက သူ့ကို အိမ်ထဲသို့ ခေါ်ဆောင်လာပြီး အေးအေးဆေးဆေး ထိုင်စေသည်။ ပြီးတော့ သူ ရောက်လာတာကို သိုင်းလောကရဲ့စကားနှင့် ပြောရလျှင်တော့ အန္တရာယ်အငွေ့အသက်ကို ရှူရှိုက်မိသည့်အလား စိုးရိမ်မကင်းပုံစံဖြင့် မေးလေသည်။

"နင် ရန်ကုန်ကို ဘာလာလုပ်တာလဲ။ နင့်ကြည့်ရတာ အလည်လာတဲ့ပုံစံတော့ မဟုတ်ပါဘူး"

"တယ်တော်တဲ့ ငါ့အစ်မပဲ။ အေးပေါ့လေ ရန်ကုန်ရောက်တာ ဆယ့်ငါးနှစ်လောက် ရှိနေပြီဆိုတော့လည်း လူကဲခတ်က တော်တော်ကျွမ်းနေပြီပေါ့ ...





ဟုတ်တယ် ... ရန်ကုန်ကို လာချင်လွန်းလို့ လာတာတော့ မဟုတ်ဘူးဗျာ။ အစ်မတို့ ရန်ကုန်က သောက်ရမ်းပူတယ်"

"ဟဲ့ ... ဒါဖြင့်ရင် ..."

သူ့အစ်မက သူ့ရဲ့ရာဇဝင်သမိုင်းကြောင်းကို နောကျေပြီးသားဖြစ်စွာ သင်္ကာမကင်းသော မျက်လုံးတွေဖြင့်ကြည့်သည်။ သူက အဲဒီအကြည့်တွေရဲ့ မေးခွန်းကို နားလည်စွာဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်တယ်။ အိမ်က နှင်ချခံရလို့ ဘယ်မှသွားစရာမရှိတာနဲ့ အစ်မဆီ ရောက်လာတာလဲ။ ခုလောလောဆယ်မှာ ကျွန်တော့်ကို ကယ်တင်နိုင်တာဆို့ အစ်မပဲ ရှိတာလေ"

"အမယ်လေး ... ဘုရား ... ဘုရား။ နင်က အိမ်ပေါ်က နှင်ချခံရတယ်ဟုတ်လား၊ နင့်အမေက နင့်ကို ဒီလောက်ချစ်တာတောင် အိမ်ပေါ်က နှင်ချခံရတယ်ဆိုတော့ နင် ဘာတွေရှုပ်ထားတာလဲ နေဝန်းရယ်"

"မရှုပ်ပါဘူးဗျာ။ ကျွန်တော်က ကိုယ့်ဟာကိုယ် ရှုပ်တယ်ဆိုတာ ကိုယ့်ပြဿနာကိုယ် ဖြေရှင်းနိုင်တယ်။ ကျွန်တော့်မားသားကြီးက တစ်ဘဝလုံး ဖြေရှင်းလို့ မရအောင် ရှုပ်ပေးမှာ။ ကိုယ့်သားလေး အေးဆေးနေ,နေတာကို မကြည့်ရက်ဘူးဗျာ။ မိန်းမပေးစားဖို့ ဇွတ်စီစဉ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ညော်လွန်းအားကြီးတာနဲ့ နားအေးပြီးရော ခေါင်းညိတ်ရော။ အဲဒါ စေ့စပ်ပွဲလုပ်မယ့်နေ့ကျမှ ကျွန်တော့်ကို အပိုင်ချည်တာဗျာ။ ဘယ်ရမလဲ။ စိုင်းနေဝန်းတဲ့ တစ်ဝန်းတည်း ရှိတယ်။ စေ့စပ်ပွဲကနေ ပြေးတာပေါ့။ အဲဒီမှာ ပေါက်ကွဲတာပေါ့။ သူ့အရှက်ကို ခွဲရကောင်းလားဆိုပြီး ဝုန်းဒိုင်းကြဲတာဗျာ။ နာဂစ်ဝင်တာထက်တောင် ဆိုးသေးတယ်။ ကျွန်တော့်ကိုလည်း နှစ်ပြားမတန်အောင် ပြောလွှတ်ပြီး အိမ်ကနှင်ချတော့တာပဲ ...

ဒါနဲ့ ခြေဦးတည့်ရာ အစ်မဆီပဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့တာပေါ့ဗျာ ... ဟဲ ဟဲ"

သူ့စကားအဆုံးတွင် မယိင်းက ရှုံ့မဲ့သွားသည်။ သူက ချက်ချင်းပဲ စိတ်မကောင်းဖြစ်သွားသည့်ပုံကို ဖမ်းယူကာ...

"မယိင်းကလည်းဗျာ။ အားကိုးတကြီးနဲ့ ရောက်လာတဲ့ ကိုယ့်မောင်လေးကို အဲဒီလို အစိမ်းရည်တွေနဲ့ မပက်ပါနဲ့။ ကျွန်တော်က မယိင်းဆီမှာ ကျောချစရာ နေရာတစ်နေရာ ရှိရင်ပဲ ရပါပြီဗျာ ...

ထမင်းပဲ ကျွေးပါ။ အဲ ... အဲဒါလည်း အလကားတော့ မစားပါဘူး။ မယိင်းဆိုင်မှာ ကူလုပ်ပေးမှာပါ။ သူ့ဆန်စား ရဲရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်ဗျာ... ဟဲ ဟဲ"





အပိုစကားတွေ လျှောက်ပြောနေသော မောင်ဖြစ်သူကို အယိင်းက မျက်စောင်းတစ်ချက် ထိုးပစ်လိုက်ပြီးမှ လင်းခန်းလက်ခန်း ဖြစ်သွားသော အတွေးစနှင့်အတူ နေဝန်းကို တည့်တည့်ပြန်စိုက်ကြည့်မိသည်။ ကိုယ်ကသာ သူ မွေးခါစတည်းက တွေ့မြင်လာခဲ့ပြီး ကိုယ့်မောင်ဖြစ်နေ၍ အထင်မကြီးခဲ့သော ဒီကောင်လေးသည် လူပျိုဖော်ဝင်ပါပြီ ဆိုကတည်းက မိန်းကလေးတွေ သည်းသည်းလှုပ်ခဲ့သော အမိုက်စားလေးဖြစ်ခဲ့သည်။ အမေကရှမ်း၊ အဖေက မြန်မာမို့ မွေးလာသော သင်းလေးဟာ တစ်မျိုးဆန်းသော ရုပ်ရည်လေးနှင့် ပေါ်ပြူလာဖြစ်ခဲ့သည်။

အရပ်ခြောက်ပေ၊ တိုင်းရင်းသားပီပီ နုထွားကျစ်လစ်သော ခန္ဓာကိုယ်နှင့် ဆန်းသောရုပ်ရည်ပိုင်ရှင်လေးဟာ ဘယ်ဘက်ကပဲကြည့်ကြည့် ကြည့်ကောင်းချောမောနေတာတော့ အမှန်ပဲဖြစ်သည်။ ဒီရုပ်လေးနဲ့ လုပ်စားနေသည်ဟု ပြောရအောင် ကိုယ့်မောင်ကလည်း ရှစ်တန်းတည်းက ရည်းစားစ,ထားခဲ့တယ်ဆိုတာလည်းသိသည်။ ခုချိန်မှာတော့ သူ ထားခဲ့တဲ့ ရည်းစားတွေဟာ သူ့အသက်ထက်တောင် ကျော်နေပြီလား မပြောတတ်တော့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူဟာ မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် အရိုင်းလေးမဟုတ်။ အတွေ့အကြုံရှိသည်။

အယိင်းသည် မျက်လုံးထဲတွင် ဂျင်ဂျာကို ဖျတ်ခနဲပြေးမြင်ကာ ဂျင်ဂျာ့အတွက် သိကြားမင်းက ဒီကောင်လေးကို လွှတ်ပေးလိုက်သလားဟုတောင် ထင်မိလေသည်။ အယိင်းသည်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအတွက် အဆင်ပြေတန်ကောင်းရဲ့ဟုတွေးကာ နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလာခဲ့သည်။ ဒါကို နားမလည်နိုင်သော နေဝန်းက အယိင်းကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"မယိင်း ... ဘာကြည့်နေတာလဲဗျာ။ ကဲ ... ပြောစရာတွေ စဉ်းစားနေတယ်ဆိုလည်း နောက်မှပြောတော့ဗျာ။ ကျွန်တော် နားချင်ပြီဗျ ...

ကားပေါ်မှာ တစ်ညလုံး ညောင်းညာလာတာဗျာ။ ခြေထောက်လေး ဘာလေး ဆန့်ချင်နေပြီ။ ရေချိုးပြီး တစ်ရေးလောက် အိပ်ဦးမယ်"

"နေစမ်းပါဦး။ နင့်ကို ငါ အရေးကြီးတာ ပြောစရာရှိတယ်"

"ဟာ ... ကျွန်တော့်ကို မြင်တော့မှ အရေးကြီးတာပြောမယ်ဆိုတော့ ဟို ... လူတွေ ဘာတွေ သတ်ခိုင်းမလို့တော့ မဟုတ်ပါဘူးနော်"

"တိတ်စမ်း ... နင်ဟာလေ ပေါက်ကရတွေးဖို့ဆိုရင် ထိပ်ဆုံးကဖြစ်တယ်။ နင် ငါ့ဆီမှာနေဖို့ဆိုရင် ငါခိုင်းတာလုပ်ရလိမ့်မယ်"

"ဟာ ... မောင်နမချင်း အပေးအယူ ဆန်လှချည်လားဗျာ"

"အောင်မယ် ... နင်ပဲ အခုနကပြောတော့ ငါ့ဆိုင်ကိုတောင် ကူညီမယ်ဆို။ အခုကိစ္စက ဆိုင်ကိစ္စလည်း ကူညီစရာမလိုဘူး။ ဘယ်လိုလဲ ... ပြော"





"ဘာလဲဗျာ ... ပြော ... ပြော။ သမ္မတဖြစ်ချင်တာနဲ့ အိမ်ထောင်ပြုချင်တာကလွဲရင် အားလုံးကို လုပ်ပေးနိုင်တယ်"

"ဟွန်း ... ပြောလိုက်ရင်တော့ အကြီးကြီးတွေချည်းပဲ။ နင် ကောင်မလေးတစ်ယောက်ကို လိုက်ပေးရမယ်။ သူ နင့်ကို အသည်းအသန် ကြွေလာတဲ့အထိ၊ အို ... နောက်ဆုံး သူနဲ့နင် ရည်းစားဖြစ်သွားတဲ့အထိဟာ။ ဘယ်လိုလဲ ...

အဲဒါကို သဘောတူရင် ဒီမှာနေ။ မတူဘူးဆိုရင် အခုလာတဲ့လမ်းအတိုင်း ပြန်ကြွပေတော့"

သူက အဲဒီစကားအဆုံးတွင် တဟားဟားနှင့် အော်ရယ်မိသည်။ အူလှိုက်သည်းလှိုက် ရယ်နေမိသဖြင့် သူ့အစ်မကတောင် သူ့ကို မျက်မှောင်ကြုတ်ကြည့်တာနှင့် ကြုံရလေသည်။

"ဘာရယ်နေတာလဲ၊ ငါပြောတဲ့အထဲမှ ဘာရယ်စရာပါလို့လဲ"

"ဟား ဟား ... ပါတာပေါ့။ မိန်းကလေးတစ်ယောက်ကို လိုက်တဲ့ကိစ္စကိုများ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေတယ်ဗျာ။ ဒီကကောင်က အဲဒီအလုပ်တွေကို ပျင်းလွန်းလို့။ နားတော့မယ်လို့ စိတ်ကူးထားတာ။ ရန်ကုန်မှာ လူသစ်စိတ်သစ်နဲ့ အေးဆေးနေတော့မယ်ပေါ့ ...

ဟား ... ခုတော့ ဒါလုပ်မှ ထမင်းစားရမယ့်ဘဝ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... နင် စကားရှည်မနေစမ်းပါနဲ့။ နင်လုပ်မှာလား မလုပ်ဘူးလား ရှင်းရှင်းပြော။ နင် လုပ်မယ်ဆိုရင် ငါ ဂျင်ဂျာ့ကို ဖုန်းဆက်ရဦးမယ်"

"ဂျင်ဂျာ ! ။ အဲဒီ ဂျင်ဂျာဆိုတာက ဘယ်ကပါလာရပြန်တာလဲ"

"ကဲ ... နင့်ကို အကြောင်းစုံတော့ ပြောပြမှ ရတော့မယ်။ လိုရင်းတိုရှင်းပဲ ပြောမယ်။ ကျန်တာတော့ ဂျင်ဂျာနဲ့တွေ့မှ နင့်ဘာသာပဲ ဆက်မေးပေတော့ ...

ဒီလိုဟော့ ... xxx xxx xxx xxx xxx"

သူက မယိင်းပြောသော စကားတွေကို ပထမတော့ ခပ်ပေါ့ပေါ့ နားထောင်ရင်း နောက်တော့ စိတ်ဝင်တစား ဖြစ်လာသည်။ ဆယ့်နှစ်ကျော် သစ္စာရှိရှိချစ်ခဲ့တဲ့ ကိုယ့်ကို သစ္စာဖောက်သွားသဖြင့် ချစ်သူ၏ ရည်းစားသစ်ကို ကိုယ့်လောက်သစ္စာရှိ,မရှိ စမ်းသပ်ခိုင်းတဲ့ အဖြစ်အပျက်ဟာ နည်းနည်းတော့ စိတ်ဝင်စားဖို့ကောင်းသည်ဟု ထင်ပါသည်။

"အင်း ... ရန်ကုန်ရောက်လာပြီး ပျင်းစရာကောင်းမယ်လို့ ထင်ထားတာ။ ခုတော့လည်း စိတ်ဝင်စားစရာလေးတွေ ရှိသားပဲ ...

ကောင်းပြီလေ။ စားဝတ်နေရေးအတွက် ဒါကို အလုပ်တစ်ခုအနေနဲ့ သတ်မှတ်ပြီး လုပ်ရတော့မှာပေါ့"

"ဒါဆို ငါ ဂျင်ဂျာ့ကို ဖုန်းဆက်လိုက်တော့မယ်နော်"





"ဆက်ဗျာ။ လောလောဆယ်တော့ ကျွန်တော် အိပ်ချင်နေပြီ၊ အိပ်ဖို့နေရာပေးတော့"

ခဏနေတော့ သူသည် မယိင်း စီစဉ်ပေးသော အခန်းတစ်ခန်းထဲမှာ အေးဆေးသက်သာစွာ လှဲလျောင်းခွင့် ရသွားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်မှာတော့ ကျောချစရာ နေရာတစ်နေရာ ရသွားပြီဖြစ်သလို၊ အလုပ်တစ်ခုကလည်း စိတ်ဝင်စားဖွယ်စောင့်ကြိုနေခဲ့ပြီ။ ဒီအတွက် သူသည် ဘာမှမစဉ်းစားဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့ သွားခဲ့လေသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဂျင်ဂျာသည် တစ်နေရာမှ ထွက်ပေါ်လာမည့်ပုံရိပ်တစ်ခုကို စောင့်စားနေရင်းမှ ရင်ခုန်နေမိသည်။ ရင်ခုန်တယ်ဆိုတာ အချစ်ကြောင့်မှ မဟုတ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် ရင်ခုန်လို့ရတယ်ဆိုတာ ကြုံဖူးသူတိုင်း သိကြမှာပင်။ အခုဖြစ်ပေါ်နေသည့် ရင်ခုန်စိတ်သည် မိန်းကလေးတွေရဲ့နှလုံးသားကို ဆွဲဆောင်သိမ်းပိုက်နိုင်သည်ဆိုသာ ကောင်လေးတစ်ယောက်ကို တွေ့ရတော့မှာမို့ စိတ်ဝင်တစားနှင့် စိတ်လှုပ်ရှားနေတာဖြစ်သည်။

အထူးသဖြင့် အဲဒီတစ်ယောက်သည် နွေဦးမိုးရွာဆိုသော ကောင်မလေးကို ကြွေအောင်လုပ်နိုင်မည့်သူဆို၍ စိတ်ဝင်တစား ရင်ခုန်နေဟာပဲ ဖြစ်တော့သည်။

"နေဝန်းကို နင် တွေ့တော့တွေ့ဖူးမှာပဲ။ မမှတ်မိတာနေမှာ၊ နင် ဟိုးတစ်ခေါက် တန်ဆောင်တိုင်ပွဲ လာတုန်းက အိမ်ကို သူ တစ်ခေါက်လာသေးတယ်လေ။ အင်းလေ ...





လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ဆိုတော့လည်း ဘယ်မှတ်မိတော့မလဲ"

အယိမ်းရဲ့စကားကြောင့် ဂျင်ဂျာက ခေါင်းတစ်ချက်ညိတ်မိသည်။ အင်း ... လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကတောင် တွေ့ဖူးသတဲ့။ ဒါပေမဲ့ မမှတ်မိတော့ပါ။ အဲဒီတုန်းက အယိမ်းနဲ့အတူ တောင်ကြီးတန်ဆောင်တိုင်သို့ အတူလိုက်လည်ဖူးခဲ့သော်လည်း အယိမ်း မိတ်ဆက်ပေးခဲ့ဖူးသော ဆွေမျိုးသားချင်းတွေကို မမှတ်မိတော့ပါ။ အေးချမ်းတိုးတက်သော တောင်ကြီးမြို့ကို သဘောကျ နှစ်ခြိုက်ရသော်လည်း ကိုယ့်အလုပ်က ရက်ကြာကြာ ပစ်ထားလို့ မရတာကြောင့် နောက်ထပ်လည်း ထပ်မရောက်ဖြစ်တော့ပေ။ အခုတော့ ဂျင်ဂျာ့ကို ကူညီမည့်သူသည် ဂျင်ဂျာတစ်ခါမှ မစဉ်းစားမိသော အယိမ်းရဲ့မောင်တစ်ဝမ်းကွဲ ဖြစ်နေသည်။

"ဟော ... လာပါပြီ၊ မင်းသားကလည်း တော်တော်နဲ့ကို ထွက်မလာနိုင်ဘူး"

အယိမ်းရဲ့ လာပါပြီဟူသော စကားသံအဆုံးတွင် ဂျင်ဂျာရဲ့မျက်လုံးတွေက အတွင်းဘက်ထောင့်ချိုးတစ်ခုမှ ထွက်လာသော အရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသည်။ ဟင် ... အရပ်ကြီးက မြင့်လိုက်တာ။ ဒါပေမဲ့ အရပ်မြင့်သလောက် ကြံ့ခိုင်သောရင်အုပ်နှင့် ကျစ်လျစ်သော ကြွက်သားတွေရှိရာ ဝမ်းဗိုက်ပြင်က ချပ်ရပ်ပြီး ကြည့်ကောင်းနေသည်။ သူက အဖြူရောင်စွပ်ကျယ်လက်ပြတ်ကို အရောင်မွဲမွဲ ဂျင်း(န်)တစ်ထည်ဖြင့် ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားသော်လည်း ကြည့်ကောင်းချောမောတာကို ဘယ်လိုမှ မငြင်းနိုင်ပါ။

အထူးသဖြင့် သူ့မျက်လုံးတွေက မျက်ရစ်မပါသော မေးတေးတေးပုံစံမျိုးကြောင့် ကိုရီးယားခေတ်စားချိန်နှင့်အတော်ပဲ ဖြစ်သည်။ ကိုရီးယားစတား Rain လိုပင် မျက်ရစ်မပါသော မေး တေးတေးဖြင့် ဆွဲဆောင်မှုရှိသော မျက်လုံးများဖြစ်သည်။ ရှမ်း မြန်မာတစ်ယောက်မို့ အသားအရေကအစ သူများတွေနှင့်တစ်မူ ထူးခြားစွာ ကွဲပြားနေလေသည်။ လှိုင်းအနည်းငယ်ပါသော နီညို ရောင် ဖွာဆန်ကြဲ ဆံပင်တွေကလည်း သူ့ကို အရိုင်းပိုဆန်စေ ကာ ပိုပြီးဆွဲဆောင်မှု ရှိစေပါသည်။ အင်း ... နားမှာဝတ်ထား သော နားကပ်၊ ဘယ်ဘက်လက်မောင်းနှင့် ဘယ်ဘက်လက်ပြင် ကျောဘက်တစ်ခုလုံးမှာ ထိုးထားသော တက်တူးကနုတ်တွေက လည်း လှမှလှ။ ဒီလို ကောင်လေးတစ်ယောက်ဟာ အမြင်အား ဖြင့်တော့ Lady killer တစ်ယောက်ဆိုတာ ယုံကြည်ခန့်မှန်းပေ လို့ ရပါသည်။

"ထိုင် ...နေဝန်း။ ဒါ ငါပြောတဲ့ ငါ့သူငယ်ချင်း ဂျင်ဂျာ ပဲ"

ထိုကောင်လေးက ထိုင်ခုံမှာ ခပ်ရွဲရွဲပုံစံဖြင့် ပစ် ထိုင်ကာ ဂျင်ဂျာ့ကို မျက်လုံးတွေမေးစင်းပြီး ကြည့်သည်။ သူ့ ပုံစံက ဆရာကြီးအံထာမို့ မနှစ်မြို့ဖြစ်သွားသော်လည်း ကိုယ့်ကို က ရှိသေးသည်မို့ ဂျင်ဂျာက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။





"ဂျင်ဂျာ ဆိုတာ အိမ်နာမည်လား။ အစ်မကို ဘာဖြစ်လို့ ဂျင်ဂျာလို့ ပေးတာလဲ"

မေးတဲ့ပုံစံရော၊ ထိုင်နေတဲ့ ပုံစံရောက တစ်စက် လေးမှ အချိုးမပြေချေ။ လူက ဆိုဖာကိုမှီကာ ပျင်းရွဲရွဲထိုင်နေ သလို မေးတဲ့ပုံစံကလည်း အိပ်ရာနိုးခါစ အစ်တစ်တစ်ဖြစ်နေ သော အသံမျိုးဖြစ်သည်။ လူကို သူ့သူငယ်ချင်းအလား တစ်ပိုင် တစ်နိုင်ကြီး မေးနေတာကို ဂျင်ဂျာက မျက်စိစပါးမွေး စူးလှသည်။

"ဟဲ့ ... အဲဒါ နင်နဲ့ ဘာဆိုင်လဲ။ နင် မေးရမှာ အဲဒီ အကြောင်း မဟုတ်ဘူးလေ"

ဂျင်ဂျာရဲ့စိတ်သဘောကို ရိပ်မိစွာဖြင့် အယ်ဝင်းက ဝင်ပြောသည်။ နေဝန်းဆိုသော ကောင်လေးက ဟက်ခနဲ တစ်ချက် ရယ်ကာ ...

"လောလောဆယ် ကျွန်တော် စိတ်ဝင်စားတာ မေးမှာပေါ့ ဗျ။ ဂျင်ဂျာဆိုတဲ့နာမည်က စိတ်ဝင်စားဖို့ ကောင်းလို့ပေါ့"

"သူ့အမေက သူ့ကိုယ်ဝန်နဲ့တုန်းက ဂျင်း(ချင်း)တွေကိုပဲ ချဉ်ချင်းတပ်လို့ဟ။ ဒါကြောင့် သူ့သမီးမွေးလာတော့ ဂျင်ဂျာလို့ပေးတာ။ တကတဲ ဘာတွေလျှောက်မေးနေမှန်း မသိဘူး ...

ကဲ ... ဂျင်ဂျာ။ နင် ပြောစရာရှိတာသာ ပြောလိုက် တော့"

www.burmeseclassic.com



အယိင်းနှင့် ဂျင်ဂျာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြပြီးနောက် ဂျင်ဂျာက နေဝန်းကို တစ်ချက်ကြည့်လိုက်သည်။ ကောင်လေးက ဂျင်ဂျာ့ကို မျှောနေသောမျက်လုံးများဖြင့် ငေးကြည့်နေသည်။ မျက်လုံးတွေက တစ်စက်မှ တွန့်ဆုတ်ခြင်းမရှိ။ အယိင်း ပြောပြထားသလို ဆိုရင်တော့ တောင်ကြီးမှာလည်း မြို့မေတ္တာခံယူထားသောသားလေး ဖြစ်သည်တဲ့။

"အင်း ... အယိင်း ပြောပြထားလို့ နေဝန်းလည်း သိသင့်သလောက်တော့ သိပြီးပြီ နေမှာပါ။ တို့ အခုလုပ်တယ်ဆိုတဲ့ ရည်ရွယ်ချက်က မိန်းကလေးတစ်ယောက်ကို သိက္ခာကျ အရှက်ကွဲအောင်လုပ်တဲ့ ရည်ရွယ်ချက်မျိုး မဟုတ်ပါဘူး ...

အဲဒီမိန်းကလေးရဲ့ သစ္စာတရားကိုပဲ စမ်းသပ်ချင်တာ။ အဲဒီတော့ အဆုံးစွန်အထိ ပြောထားရရင် သူ့ကို ထိခိုက်နစ်နာအောင်တော့ မဖြစ်ချင်ဘူး"

"မသေမရှင်လေးပေါ့လေ ... ဟဲ ဟဲ"

ပြောပုံကိုက သားသတ်သမားတစ်ယောက်ရဲ့ ပြောပုံဆိုပုံမျိုးဖြင့် ဂျင်ဂျာက နှာခေါင်းတစ်ချက် ရှုံ့မိတော့မလို ဖြစ်သွားသည်။

"ဟုတ်ပြီလေ။ ကျွန်တော့်ကိုအဲဒီကောင်မလေးပုံ ပြပါဦး"

"အဲဒီလိုတော့ တို့ဆီမှာ ပြစရာမရှိဘူး။ မနက်ဖြန်ကျရင် သူ့သင်တန်းရှိတယ်။ အဲဒီကျရင် တို့ လိုက်ပြမယ်"





"အိုခေလေ ... ပြီးတော့ရော"

"အဲဒီအတွက် မင်းကို တို့ ဘဏ်ပူဇော်ခ ဘယ်လောက်ပေးရမလဲ"

"ဟား ... စကားလုံးကတော့ လှတယ်၊ ယဉ်ယဉ်ကျေးကျေး ပြောတော့ ဘဏ်ပူဇော်ခပေါ့။ ရင့်ရင့်သီးသီး ပြောရရင်တော့ နင့်ကို အခကြေးငွေ ဘယ်လောက်ပေးရမလဲပေါ့ ...

နေပါဗျာ ... မယိင်းက အဲဒီအလုပ်ကိုလက်ခံလို့ သူ့အိမ်မှာ ထားတာ၊ ဘာမှပေးစရာ မလိုပါဘူး"

"အဲဒီလိုတော့ မဟုတ်ဘူးလေ။ မင်းအတွက် တစ်ကိုယ်ရေ တစ်ကာယ အသုံးစရိတ်ဆိုတာတော့ လိုမှာပေါ့။ နောက် အဲဒီမိန်းကလေးနဲ့ ပတ်သက်ပြီး မင်း ရင်းရဦးမှာတွေ ဘာတွေလဲ ရှိမှာပဲလေ"

"အင်း ... အဲဒီကျမှ တာရင်းတင်တာပေါ့ဗျာ။ သူ့အတွက် ကုန်ကျစရိတ်တွေ ရှိလာပြီဆိုရင် ကျွန်တော် တောင်းပါ့မယ်"

"အိုခေ ... ဒါဆိုရင် မနက်ဖြန် ဆယ်နာရီလောက် မင်းကို တို့လာခေါ်မယ်။ ဟုတ်ပြီနော်"

ဂျင်ဂျာရဲ့အပြောကို ဘသားချောက မေးစေ့ကို ရှေ့သို့တွန်းထုတ်ရင်း ဘာပုံစံမှန်းမသိသော အိုက်တင်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ အဲဒီနောက် သူနဲ့ ဂျင်ဂျာသည် တစ်ယောက်နဲ့တစ်ယောက် ဘာရယ်မဟုတ်ဘဲ စိုက်ကြည့်မိသွားကြသည်၊ တစ်ယောက်ရဲ့မျက်လုံးထဲမှာ နင်ဘာလဲ၊ ငါဘာလဲဟု



www.burmeseclassic.com

www.burmeseclassic.com



စူးစမ်းနေကြပြီး ဂျင်ဂျာကတော့ ဒီကောင်လေးကို အလုပ်အပ်မိသွားတာ မှန်လေပြီဟု တွေးမိနေခဲ့သည်။

နွေဦးမိုးရွာ ဆိုတဲ့ မိန်းကလေးရဲ့နှလုံးသားဟာ လစ်ရင်လစ်သလို အလည်ထွက်မည့် နှလုံးသားဟု တွေးထားခဲ့ကာ နည်းနည်းလေးမှ အထင်ကြီးစိတ်တောင် မရှိခဲ့ပါ။

✦ ✦





၁၃

"တီ"ဟူသော ကားဟွန်းတီးသံ ကြားတာနှင့် သူက ခြံရှေ့သို့ အပြေးထွက်ခဲ့လျှင် ဆိုနာတားကားပေါ်မှ သူ့ကို ခေါင်းတစ်ချက်ဆတ်ပြီး လှမ်းခေါ်လိုက်သော အပျိုကြီးမမကို တွေ့လိုက်ရသည်။ အင်း ... မယိင်းနဲ့ရွယ်တူ သူငယ်ချင်းလို့ သိထားလို့သာ အပျိုကြီးမမလို့ သုံးနှုန်းလိုက်ရတာပါ။ တကယ်တော့ ဒီပုံစံ၊ ဒီ့ဒီဇိုင်းကို အပြင်မှာတွေ့ခဲ့လျှင် ဘယ်လိုမှ အသက်သုံးဆယ်လို့ ထင်မှာမဟုတ်ချေ။ ကိုယ်က နှစ်ဆယ့်သုံးထဲမှာမို့ ကိုယ့်ထက်ကြီးလှ နှစ်နှစ် သုံးနှစ်ပဲ ရှိမှာဟု ထင်မှာပင်။

မဂျင်ဂျာရဲ့အသက်ကို အလွန်ဆုံးမှန်းမှ နှစ်ဆယ့်ခြောက်ဟုသာ မှန်းမည်ဖြစ်သည်။ သူက ကားပေါ်မတက်သေးဘဲ ပြတင်းပေါက်မှ ငုံ့ကြည့်ကာ ...

"ကျွန်တော် ရှေ့ကထိုင်ရမှာလား၊ နောက်က ထိုင်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကပဲ ထိုင်ပါ"

"အိုခေ"

သူက သွက်လက်တက်ကြွစွာပဲ ရှေ့ခန်းက ဝင်ထိုင်လိုက်သည်။ သူ ဝင်ပြီးတာနှင့် မဂျင်ဂျာက ကားမှန်တွေကို ပြန်တင်ကာ Air Con ဖွင့်သည်။ အေးစိမ့်မွှေးပျံ့ကာ သားနားသော ဆိုနာ:တားကားကြီးရဲ့ အတွင်းပိုင်းကို ဝေ့ဝဲကြည့်ရင်းမှ ဘာရယ် မဟုတ် မဂျင်ဂျာကိုလည်း အမှတ်တမဲ့ ကြည့်မိသွားသည်။ လူ ချောင်းမှာမို့လို့လားတော့မသိ၊ ဗစ်တိုးရီးယားမျက်မှန်ကြီးကြီးကို တပ်ထားသော မဂျင်ဂျာသည် ရွှေညိုရောင်ဆံနွယ်များကို ထိပ်မှာစုစည်းထုံးဖွဲ့ထားပြီး နားကွင်းအကြီးကြီးကို ပန်ထားသောကြောင့် စတိုင်မိုက်နေသည်။ မိန်းမဝတ်ရှပ်အကျႌအဖြူနှင့် ခဲရောင်စင်းကြားကို ဒူးအထက်ရောက်သည့် ဂျင်းပန်တိုလေးဖြင့် တွဲဝတ်ထားသောကြောင့် လန်းသထက် လန်းနေကာ သုံးဆယ်ဆိုတာ ဘယ်လိုမှ တောင် ယုံကြည်၍မရ ဖြစ်နေလေသည်။

အင်း ... ရုပ်ရည်ရော၊ ခန္ဓာကိုယ်ရောဟာ မက်လောက်စရာအပြည့်နှင့် ဖြစ်နေတာတောင်မှ မဂျင်ဂျာရဲ့ဘဲဟာ စမောလ်လေးနဲ့ တွဲခုတ်နေသည်တဲ့။ အဲဒီလူ ဦးနှောက်ကောင်းရဲ့လားတော့ မသိပါ။ အင်းပေါ့လေ ... လူတွေမှာ ကိုယ့်အကြောင်းနဲ့ကိုယ်၊ အကြောင်းအမျိုးမျိုးတော့ ရှိနေနိုင်တာပဲ။

"မင်း ရန်ကုန်ကို မရောက်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်,နှစ်နီးပါးလောက်တော့ ရှိပြီ၊ ဘာလို့လဲ ကျွန်တော့် ပုံစံက နယ်ဒီဇိုင်း ထွက်နေလို့လား"





သူ့စကားကို မဂျင်ဂျာက သဘောကျသွားဟန်ဖြင့် ဟက်ခနဲ ရယ်သည်။ ပြီးတော့ ကားမောင်းရင်းမှ သူ့ဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ...

"ခုခေတ်ကြီးထဲမှာ နယ်ဒီဇိုင်း၊ မြို့ဒီဇိုင်းလို့မှ မရှိတော့တာပဲကွာ၊ ပြီးတော့ မင်းနေတဲ့ တောင်ကြီးဆိုတာ အလန်းစားပဲဥစ္စာ။ ခု မင်းဒီဇိုင်းကလည်း အလန်းပါပဲ ... ဟက် ... ဟက်"

ရယ်သံ ...။ အဲဒီရယ်သံဟာ သူ့နားထဲတွင် ထူးဆန်းသလို ဖြစ်သွားသည်။ သူ့ဘဝတွင် ကြားဖူးသမျှသော ရယ်သံတို့မှာ မိန်းကလေးတွေရဲ့ အဟိ ခွိ ခစ် ဟူသော ပဲများများနှင့် ညုကဲလီးယားရယ်သံတွေပဲများသည်။ ဘာအဆင်မှ မပါသော ဟက်ဟက်ပက်ပက်ရယ်သော မိန်းမတစ်ယောက်ကို အခုမှမြင်တွေ့ဖူးတာ ဖြစ်လေသည်။

"ဟုတ်လား ... ကျွန်တော်က တကယ်ပဲ လန်းတယ်ပေါ့"

"အေးပေါ့ဟ"

အဲဒီ "အေးပေါ့ဟ" ဆိုတာဟာ သူငယ်ချင်းဆန်သော ရင်းနှီးမှုမျိုးဖြစ်သဖြင့် သူက မဂျင်ဂျာကို ကျေနပ်စွာပြုံးကြည့်မိသည်။ မဂျင်ဂျာဟာ လူကလည်း ချောမောရုံတင်မကဘဲ စတိုင်လ်ကပါ free style ပေါက်သောကြောင့် သူမကို ကြည့်ရတာ လွင့်မျောနေသော တိမ်တိုက်တစ်ခုနှင့်တူသည်။

တစ်နေရာသို့ ရောက်သောအခါ မဂျင်ဂျာက ကားကို အရိပ်တစ်နေရာမှာ ထိုးရပ်ပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သင်တန်းအပေါက်ဝကိုကြည့်နေ။ ခဏနေ သင်တန်းဆင်းလာတော့မှာလေ"

"အစ်မဘဲကြီးက လာကြိုမှာဆို၊ အစ်မကားကိုမြင်ရင် မှတ်မိသွားမှာပေါ့"

"အမယ်လေး ... ဒီ ဆိုနားတားကားက ကျုပ်ရဲ့ကား မဟုတ်ပါဘူးနော်။ ဒီကားက တစ်ထောင်ကျော်တယ်၊ မစီးနိုင်သေးဘူး ... ဟင်း။ ဒါက အသိတစ်ယောက်ရဲ့ကားနဲ့ လဲလာတာ။ ဒါပေမဲ့ ငါက ဆိုနားတားကို သိပ်မကြိုက်ဘူးဟ။ ဝယ်နိုင်လည်း မစီးဘူး ...

ငါက ငါ့ကား ကယ်လ်ဒီနားကို အကြိုက်ဆုံးပဲ။ စိတ်ကြိုက်သ,ထားတာ"

သူက တလွှတ်တလပ် တရင်းတနှီးပြောနေသော မဂျင်ဂျာကို သဘောကျစွာဖြင့် ပြုံးကြည့်နေမိသည်။ ကားကရပ်ထားသော်လည်း စက်နှိုးကာ Air Con ဖွင့်ထားတာမို့ ကားထဲတွင် မဂျင်ဂျာရဲ့ ရေမွှေးရနံ့က မွှေးပျံ့နေသည်။ ဒါပေမဲ့ Sexy ဖြစ်သော မွှေးရနံ့မျိုး မဟုတ်ဘဲ သစ်သီးရနံ့တစ်မျိုးမို့ နေရာဒေသနှင့်လိုက်ဖက်အောင် ရွေးချယ်တတ်သော ပညာကိုလည်း ချီးကျူးမိသည်။ ဟုတ်တယ်လေ ... သူနဲ့အတူ နှစ်ယောက်တည်းသွားလာရမှာဆိုတော့ Sexy ဖြစ်တဲ့အနံ့မျိုးကို မဆွတ်တာ သဘာဝကျပေသည်။





"ကျွန်တော်ကတော့ ကားထက် ဆိုင်ကယ်ကို သဘောကျတာဗျ၊ ခု ဒီရောက်တော့ ကျွန်တော့်ဘီးကြီးကို လွမ်းလိုက်တာဗျာ ...

ကျွန်တော်တို့ဆီမှာက ကားထက် ဆိုင်ကယ်ကို ပိုမက်ကြတာ။ လူငယ်တွေဆို ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ဆိုင်ကယ်ပဲ စီးကြတာ။ အစ်မရော ဆိုင်ကယ် စီးတတ်လား"

"ဟား ဟား ... ဘယ်လိုလုပ် စီးတတ်မှာလဲ။ ရန်ကုန်သူပါဆိုနေမှ၊ ယိုင်းနောက်ကတော့ တစ်ခါလိုက်စီးဖူးတယ်၊ စီးလို့ကောင်းတယ်"

"အစ်မ တောင်ကြီး သွားမလည်တော့ဘူးလား"

"အင်း ... လည်တော့ လည်ချင်တယ်ဟ။ အဲဒီဘက်ကို အရမ်းသဘောကျတယ်၊ စိတ်ဝင်စားစရာတွေ အများကြီးလေ။ တောင်ကြီးရောက်ရင် အကုန်ကို ရောက်တာကိုး၊ ကလော၊ အင်းလေး၊ ပင်းတယ၊ အောင်ပန်းကတော့ စီးပွားရေးမြို့ပေါ့၊ ဒါပေမယ့် ချစ်စရာကောင်းပါတယ် ...

ငါက တိုင်းရင်းသားတွေကိုလည်း အရမ်းစိတ်ဝင်စားတာ။ နောက် ... အဲဒီဘက်က ရိုးသားပွင့်လင်းတဲ့ နေထိုင်မှုတွေကိုလည်း သဘောကျတယ်"

"ဟား ... ဒါကြောင့် မယိုင်းကိုလည်း အရမ်းခင်နေတာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့။ နင်တို့ တိုင်းရင်းသားတွေ စကားပြောတဲ့အသံကို ငါက အရမ်းသဘောကျတာ။ ဘယ်လိုမှန်းမသိ အရမ်းနားထောင်လို့ ကောင်းတာပဲ ...

ယိုင်းကို ငါ စ,ခင်သွားတာလည်း သူ့ရဲ့ စကားမပီတဲ့ ဝဲတဲတဲအသံကိုလေ"

"ဟား ဟား .. အစ်မက မကြိုက်တာကို မရှိဘူး။ အကုန်ကို ကြိုက်နေတော့တာပဲ။ အစ်မ ဘဲကြီးကျတော့ရော ဘာကိုကြိုက်သွားတာလဲ"

သူ့ရဲ့အပြောင်အနောက်စကားကို မဂျင်ဂျာက နှုတ်ခမ်းတစ်ချက်မဲ့ပြီး နှာခေါင်းရှုံ့နေစဉ်မှာပဲ သူ့အကြည့်တွေက သင်တန်းအပေါက်ဝဆီသို့ ရောက်သွားသည်။ သင်တန်းထဲမှ မိန်းကလေးတချို့ ထွက်လာတာကို တွေ့မြင်လိုက်ရလျှင် သင်တန်းဆင်းပြီ ဆိုတာကို သဘောပေါက်ရသည်။

"အစ်မ ... အစ်မ ... ဟိုမှာ ဆင်းပြီနဲ့တူတယ်၊ ကောင်မလေးတွေ ထွက်လာပြီ"

သူက ညွှန်ပြလိုက်လျှင် မဂျင်ဂျာက သင်တန်းဆီသို့ လှမ်းကြည့်သည်။ စကားမပြောသေးဘဲ ခေတ္တတိတ်ဆိတ်သွားပြီးနောက် ထွက်လာသော ကောင်မလေးတစ်ယောက်ကိုမြင်လျှင် ပြောတော့သည်။

"အေး ... အဲဒါပဲ။ ငါပြောတဲ့ နွေဦးမိုးစွာ ဆိုတာ အဲဒီတစ်ယောက်ပဲ"





သူက ထွက်လာသော ပိန်ပိန်ပါးပါး ကောင်မလေးတစ်ယောက်ကို အသေအချာ စူးစိုက်ပြီး အကဲခတ်ကြည့်မိသည်။ အင်း ... တစ်ချိန်မှာ သူ့ရဲ့ရည်းစားတော်လာရမယ့် ကောင်မလေးဆိုတော့ အသေအချာ ကြည့်ထားရမှာပေါ့။ ကောင်မလေးက စတာပ်ဆံပင်အထပ် အထပ်လေးတွေနှင့် ဂါဝန်တိုလေးကို ဝတ်ထားသည်။ ရုပ်ရည်ကတော့ ငယ်ဂုဏ်လေးမို့ရော၊ ပြင်တတ်ဆင်တတ်သော ခေတ်ပေါ်ကောင်မလေး ဖြစ်တာကြောင့်ရော ကြည့်ကောင်းသည်ဟု ထင်ရသော်လည်း ထိပ်ထိပ်ကြဲ စာရင်းဝင်မျိုး မဟုတ်ပါ။

သူကလေးက မဂျင်ဂျာရဲ့ဘဲကို လုံးဝချည်ထားနိုင်တဲ့သူတဲ့။ ဒီလို ပိန်ပိန်ပါးပါး တင်မရှိ၊ ရင်မရှိ ဘော်ဒီက မဂျင်ဂျာလို ရွှေဘိုမင်းကြိုက် ပေါင်တံရှည်ကို ကျော်ဖြတ်ကာ တည်မြဲသာဆိုသောဘဲကြီးကို ဘယ်လိုများ ချုပ်ထားနိုင်ပါ့လိမ့်နော်။ L ဆိုင်းဇီဆိုထားသလိုသာ ဝေခွဲမရပါလားဟု အော်ဟစ်ပစ်ချင်တော့သည်။

"ဘယ်လိုလဲ ... ချောလား"

သူက ဘာမှမပြောဘဲ အောက်နှုတ်ခမ်းကိုရှေ့သို့ တွန်းထုတ်ပြီး ပခုံးနှစ်ဖက်တွန့်ပြလိုက်သည်။ သူတို့ ကြည့်နေတုန်းမှာပဲ မဂျင်ဂျာထံမှ အသံထပ်ထွက်လာသည်။

"ဟော ... ဟိုမှာ လာပါပြီ။ အဲဒါ အချစ်နှင့် သူ၏ကိုကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့မြင်ကွင်းထဲသို့ CROWN ကားတစ်စီး ဝင်လာပြီးနောက် နွေဦးမိုးရွာဆိုသော ကောင်မလေးက သူငယ်ချင်းတချို့ကို နှုတ်ဆက်ကာ ကားပေါ်သို့ တက်သွားသည်။ ကားကိုပဲ မြင်ရတာမို့ လူကိုတော့ မမြင်ရသေးသဖြင့် သူက မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော်တို့ သူတို့နောက်က လိုက်မှာလား"

"အေးပေါ့ ... လိုက်ကြည့်ရတာ ပျော်ဖို့ကောင်းမယ်နဲ့တူတယ်နော်"

သူ့ကို တိုင်ပင်သလို လှည့်ပြောသော အပြုံးထဲတွင် ရည်းစားတစ်ယောက်အတွက် ပူလောင်ခြင်းတွေ မပါဝင်သည့်အတွက် သူ တစ်ဆိတ်တော့ အံ့ဩမိရသည်။ ဆယ်နှစ်ကျော်မျှ ချစ်ခဲ့ရသော ရည်းစားတစ်ယောက်၊ လက်ရှိမှာလည်း ချစ်သူအဖြစ် တော်စပ်နေသေးသော ယောကျ်ားတစ်ယောက်ကို နောက်ထပ် အချစ်သစ်တစ်ယောက်နှင့် တွဲလျက်တွေ့ရတာတောင်မှ ရေခဲမုန့် အေးအေးလေးကို စားနေရသည့် ဖီလင်အလား ရှိနေသော သူမကို အခုချိန်မှာ ဟိုစုံတွဲထက်တောင် သူက စိတ်ဝင်စားလေသည်။

သူက အံ့ဩမှင်သက်နေတုန်းမှာပဲ မဂျင်ဂျာက ကားကို ဂီယာကောက်ထိုးကာ လမ်းကြောယူဖို့ အချက်ပြနေသည်။ CROWN ကားရဲ့အနောက်ကို လိုက်မှာမို့ လမ်းကြောပြောင်းမှာဖြစ်သည်။ သူက အဲဒါတွေအားလုံးထက် သူ့ဘေးက ဂျင်းဘောင်းဘီကွာတား ဝတ်ထားသော အမျိုးသမီးကိုသာ စိတ်ဝင်စားနေလေသည်။





ခဏနေတော့ ဟိုကားထွက်သွားတာနှင့် မဂျင်ဂျာကလည်း အဲဒီကားနောက်ကနေ၍ ခပ်ခွာခွာလိုက်သည်။ မောင်းရင်းမှလည်း သူ့ကို စကားလှမ်းပြောသေးသည်။

"သူတို့ သွားနေတာ စိမ်းလန်းစိုပြေကိုဟဲ့၊ ငါကတော့ လိုက်ကြည့်လို့ ရမှာမဟုတ်ဘူး။ အပြင်ကပဲ စောင့်နေမယ်။ နင် ဆင်းပြီး လိုက်ကြည့်လိုက်"

"အင် !။ ကျွန်တော်က သူတို့ကြိုနေတာကို တစ်ချိန်လုံး ထိုင်ကြည့်နေရမယ်ပေါ့"

"မဟုတ်ဘူးလေ၊ ခဏပေါ့၊ သူတို့အနေအထားကို နင် အကဲခတ်မိရုံပါ။ ပြီးတော့ တည်မြဲသာကို သေချာမြင်ဖူးအောင်ပေါ့ ...

အအေးတစ်ခွက်လောက် မှာသောက်ပြီး ပြန်ထလာခဲ့လေ။ ဘာလဲ ... အအေးဖိုး ပေးလိုက်ရဦးမလား"

"နေပါဗျာ ... ပြီးရော ဆယ်မိနစ်လောက်ထိုင်ပြီး ပြန်ထွက်လာခဲ့မယ်။ ပြီးရင်တော့ ကျွန်တော့်ကိုလည်း ကော်ဖီလေး ဘာလေး လိုက်တိုက်ဗျာ။ ဒီမနက် ကော်ဖီမသောက်ရသေးဘူး"

"အေးပါ"

အဲဒီအေးပါက စိတ်မရှည်သလိုပြောသော အေးပါမို့ သူက မဂျင်ဂျာကို မျက်လုံးပြူးကြည့်မိသည်။ မဂျင်ဂျာကတော့ ဘာမှထပ်မပြောဘဲ ရှေ့ကကားကိုသာ မျက်ခြည်မပြတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ခွာခွာလိုက်နေသည်။ သူမ မှန်းထားသလိုပင် ရှေ့ကကားသည် စိမ်းလန်းစိုပြေဥယျာဉ်ဝင်းအတွင်းသို့ ဝင်သွားတာဖြစ်သည်။ သူ တို့ကားက ပါကင်မှာရပ်သောအခါ ကားပေါ်မှာ ဘယ်သူမှမရှိ တော့ချေ။ မဂျင်ဂျာက သူ့ကို မျက်ခုံးတစ်ချက် ဆတ်ပြကာ သွားတော့ဟူသော သဘောဖြင့် ခေါင်းကိုတောင် ငဲ့စောင်းပြီ အချက်ပြလိုက်သေးသည်။

သူက ဖြစ်ရတယ်ဟူသော သဘောဖြင့် နှုတ်ခမ်း ကို တစ်ချက်တွန့်မိကာ ကားပေါ်မှ ဆင်းလာခဲ့သည်။ စိမ်းလန်း စိုပြေဥယျာဉ်အတွင်းသို့ လေကားထစ်များမှတစ်ဆင့် ဆင်းလာခဲ့ ပြီးနောက် ဟိုစုံတွဲကို ဝေ့ဝဲရှာဖွေလိုက်သည်။ စုံတွဲသည် Zephyr ဆိုင်လေးထဲမှာ ထိုင်နေရင်တော့ ကောင်းသည်။ မဟုတ်ဘဲ ဟိုး ဘက်က ခုံတန်းလေးတွေမှာ ထိုင်နေခဲ့လျှင် သူက အကဲခတ်၍ ရမှာမဟုတ်ချေ။ ကဲ ... မသိမသာလေး ရှာလိုက်တော့ တွေ့ပါ ပြီ။ ဟိုစုံတွဲက Zephyr ဆိုင်ထဲမှာ ထိုင်နေကြတာမို့ သူကတော့ အဲဒီအတွဲကို မသိမသာကြည့်၍ရသော ကန့်စပ်က ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ကုဒ်ဲ တစ်လုံးပေ့ာ"

တခြားဖျော်ရည်မှာလျှင်တောင် ကြာနေမှာစိုးသဖြင့် ရယ်ဒီမိတ်ကိုသာ တမင်ရွေးပြီး မှာလိုက်သည်။ အဲဒီနောက် သူ့ရဲ့ပရော်ဖက်ရှင်နယ်အလုပ်ဖြစ်သော အချစ်နဲ့ကိုကိုဇာတ်လမ်း ကို အကဲခတ်ရသည်။ သူက ပထမဦးစွာ မဂျင်ဂျာရဲ့ဘဲကြီးကို





အကဲခတ်ရသည်။ စပို့ရှပ်လက်တို ခရမ်းရောင်ကို လောင်းပန် အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားတာကြောင့် ဂျဲန်းတဲလ် မန်းအထာဆန်ကာ နွေဦးမိုးရွာတိုလို ကောင်မလေးတွေအတွက် တော့ ကိုကြီး ကိုကြီး ဒီဇိုင်းဖြစ်နေတာ မဆန်းချေ။ ယောကျ်ား ပီသသောရုပ်ရည်၊ လတ်ဆတ်ဝင်းဖန့်သော အသားအရေတို့ကြောင့် လူချောတစ်ဦးဟု သတ်မှတ်၍ရသော မဂျင်ဂျာရဲ့ချစ်သူကြီးသည် ဟိုကောင်မလေးအပေါ်မှာလည်း တအားကြီး ကြွေသက်ဆင်းနေတဲ့ ပုံစံမျိုးလည်း မပေါ်ပါ။

ကြီးလေလေ အပါး၀,လာလေ်လေဖြစ်သော ယောကျ်ားတို့၏ ထုံးစံအတိုင်း ကောင်မလေးကသာ ကလူညှိသို့ မြူညှိသို့ လုပ်နေတာကို အငြိမ်ထိုင်ပြီး ခံစားပေးနေတာဖြစ်သည်။ တစ်ချက် တစ်ချက်မှသာ ခေါင်းလေးပုတ်လိုက်၊ မေးစေ့လေး လှမ်းဖျစ်လိုက်ဖြင့် လုပ်နေတာကို ကောင်မလေးကလည်း အကျေ နပ်ကြီး ကျေနပ်နေဟန်ရှိသည်။

"ဦးတည်မြဲသာရယ် ... ခင်ဗျားဘေးက အမိုက်စားကို ကျော်ပြီးတော့များ ဒီဟာမလေးကို ဘာရင်ခုန်နေတာလဲ ဗျာ၊ ဟင်း ... ဒီ ဂျီဖလက်, ဘီဖလက်လေးကို ရည်းစား တော်ရမှာတောင် ပျင်းလိုက်တာ"

သူက ပါးစပ်မှတောင် အသံထွက် ညည်းညူရင်း လာချပေးထားသော ကုဒ်ဗူးကို ဖောင်းခနဲမြည်အောင်ဖွင့်ကာ သောက်လိုက်သည်။ ပြီးတော့ အခြေအနေကို အကဲခတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြည့်ရတာတော့ ဘာမှ ထူးထူးခြားခြား မရှိပါ။ ဒီလိုပဲ စကားပြောလိုက်၊ ရယ်လိုက် မောလိုက်ဖြင့် သာမန်အတွဲတွေလို သာ ရှိနေသည်။ ဒီလောက်ဆို လုံလောက်ပြီမို့ သူက အအေးဖိုး ပိုက်ဆံရှင်းကာ ထထွက်လာခဲ့သည်။

အပြင်ဘက်မှာ ရပ်ထားသော မဂျင်ဂျာရဲ့ကားပေါ် သို့ တက်ပြီးလျှင် မဂျင်ဂျာက ကားမောင်းထွက်ရင်းမှ သူ့ကိုမေး သည်။

"ဘယ်လိုလဲ ... ခဏလေးပါလား။ သေချာရော အကဲခတ် ခဲ့ရဲ့လား"

"ဘာအကဲခတ်စရာလိုလဲဗျာ၊ မြင်ဖူးအောင် ကြည့်တဲ့ဟာပဲ ကို၊ သူတို့ဟာသူတို့ အကြည်ဆိုက်ပြီး စကားပြောနေတဲ့ ဟာကို ကျွန်တော်က အကြာကြီးထိုင်ပြီး ဘာလုပ်ရမှာလဲ ...

အဓိက,က မဂျင်ဂျာရဲ့ဘဲကြီးမှ မဟုတ်တာ။ ဟို ကောင်မလေးကို သိရင်ပြီးတာပဲ မဟုတ်လား။ ဒါပေမဲ့ ခုလောလောဆယ်မှာ အဲဒီကောင်မလေးထက် စိတ်ဝင်စား တဲ့သူတစ်ယောက် ရှိတယ်"

"ဘယ်သူလဲ"

"မဂျင်ဂျာသိရင် အံ့သြပြီး ကားဆက်မမောင်းနိုင်မှာစိုးလို့ ကော်ဖီဆိုင်ရောက်တော့မှပဲ ပြောတော့မယ်"

သူ့အပြောကို ဂျင်းဘောင်းဘီဝတ် အမျိုးသမီးက ပခုံးတွန့်ပြသည်။ အဲဒီနောက် သူမက အင်းလျားလမ်းက Happy





ဆိုသော ဆိုင်လေးမှာ ကော်ဖီတိုက်သည်။ သူနဲ့ မျက်နှာချင်းဆိုင် မှာ ထိုင်ပြီးတဲ့နောက် သူ့ကို မေးတစ်ချက်ဆတ်ပြကာ ...

"ကဲ ... ပြောတော့လေ။ နင် စိတ်ဝင်စားတယ်ဆိုတာ ဘယ်သူ့ကိုလဲ"

"အစ်မကိုပေါ့"

သူမက ဟုတ်တယ် ? ဟူသော သဘောမျိုးဖြင့် မျက်လုံးဝိုင်းကာ နှုတ်ခမ်းကို အံ့သြဟန်ညွှန်ပြသည်။ ဆိုင်ထဲ ရောက်သွားပြီမို့ မျက်မှန်ကိုတပ်မထားတော့ပဲ နဖူးပေါ်လှန်တင် ထားသည်မို့ free style ဖြင့် တောက်ပနေသည်။

"ငါ့ကို ဘာစိတ်ဝင်စားတာလဲ"

မေးပုံကိုက ရယ်ချင်စရာမို့ သူက ဟက်ခဲ တစ်ချက် ရယ်မိသည်။ မဂျင်ဂျာလို မိန်းကလေးတစ်ယောက်ကို ခေါ်ထား ပြီး သိပ်စိတ်ဝင်စားစရာ မကောင်းသော မိန်းကလေးတစ်ယောက် နှင့် တွဲနေသော ဟိုဘဲကြီးကိုလည်း သူ တကယ်ပဲ အံ့သြပါသည်။

"အဲဒီ တည်မြဲသာ ဆိုတဲ့ ဘိုးတော်နဲ့ အစ်မက ငယ်ငယ် လေးတည်းက ချစ်ခဲ့ကြတာလို့ ပြောတယ်။ ဘာပဲဖြစ်ဖြစ် အစ်မရဲ့အချစ်ဦးပေါ့။ ဒီလို အချစ်ဦး၊ ရည်းစားဦးတစ် ယောက်ကို နောက်ကောင်မလေးတစ်ယောက်နဲ့ တွဲမြင်နေ ရတာ ဘယ်လိုမှ မခံစားရဘူးလားဟင် ...

လူဆိုတာ တစ်ခုခုတော့ ခံစားရမှာပေါ့။ ဒေါသတွေ အရမ်းထွက်ရင်လည်း ထွက်မယ်၊ ဒါမှမဟုတ် ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မယ်၊ ခွင့်မလွှတ်နိုင်အောင် နာကြည်းလာမယ်။ Something ပေါ့”

သူ စကားပြောနေတဲ့ တစ်ချိန်လုံးတွင် သူမက သူ့ကို အသာအယာပြုံးစိုက်ကြည့်ပြီး ဟုတ်ပါပြီဆိုသော သဘောဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေတာဖြစ်သည်။ သူ့စကားအဆုံးမှာတော့ သူမက စကားပြောပါသည်။

“အင်း … စ,သိသိချင်းမှာတော့ ငါ တကယ်ပဲ ဘယ်လိုမှ မယုံနိုင်ခဲ့ပါဘူး။ တည်မြဲသာဟာ အဲဒီလိုလူမျိုး မဟုတ်ဘူးလေ။ သူ ကဲလို့ကောင်းတဲ့အရွယ် ငယ်ငယ်တုန်းကတောင် ဒါမျိုးမလုပ်ခဲ့ပေမယ့် ကြီးကောင့်ကြီးမား သေခါနီးကျမှ ဒီလိုတွေ လုပ်နေတယ်ဆိုတော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ဘူး …

ဒါပေမဲ့ နောက်ပိုင်း သွေးအေးသွားတော့ သူ့ကို စိတ်နာလာတယ်။ ငါ့ရဲ့သွေးအေးရက်စက်တတ်တဲ့ စိတ်အခံအရ ဝုန်းဒိုင်းကြဲ ပေါက်ကွဲတတ်တဲ့ မိန်းမမျိုးမဟုတ်တဲ့အတွက် သူ့ကို Leasson ပေးဖို့ စိတ်ကူးရတာပဲ။ အဲဒါကလည်း တခြားမဟုတ်ပါဘူး၊ သူ့အပေါ်မှာ ငါသစ္စာရှိခဲ့သလို သူ့ရဲ့အချစ်သစ်လေးက သစ္စာရှိမလားဆိုတာ စမ်းသပ်ချင်ရုံပါပဲ …

သူတို့နှစ်ယောက်ကို ကွဲစေလိုတဲ့ဆန္ဒနဲ့တော့ မဟုတ်ဘူး”





“ဒါဆိုရင် အစ်မမှာ အဲဒီဘဲနဲ့ ပတ်သက်ပြီးတော့ စိတ်ထိခိုက်ခံစားရတာ မရှိဘူးပေါ့”

သူ့မေးခွန်းကို မဂျင်ဂျာက ရုတ်တရက် မဖြေနိုင်ဘဲ တစ်နေရာသို့ ငေးစိုက်သွားသေးသည်။ ပြီးတော့မှ အကယ်ဒမီမင်းသမီးတွေ ပြုံးသလို နာကျင်ရိပ်စွက်နေသော အပြုံးပါးပါးလေးဖြင့် မျက်တောင်တွေကို တစ်ချက်နှစ်ချက် ပုတ်ခတ်ပြီး သကာလ …

“ရှိကောင်းရှိမှာပေါ့လေ။ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိတော့ပါဘူး”

အဲဒီစကားသည် သူ့ကို သနားအောင် ပြောလိုက်သောစကားလည်းမဟုတ်၊ မျက်ရည်ဖြိုင်ဖြိုင်ကျနေသော မြင်ကွင်းလည်းမဟုတ်ဘဲ သူ့ရင်ထဲမှာ မဂျင်ဂျာကို ဘာကြောင့် အကြီးအကျယ် သနားသွားလဲတော့ မပြောတတ်တော့ချေ။ ဒါကြောင့် ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်သော စကားတစ်ခွန်းက သူ့နှုတ်ဖျားမှ လွင့်ကျသွားသည်။

“အဲဒီကောင်မလေးကို တစ်လနဲ့ရအောင်လိုက်ပြမယ် အစ်မ”

သူ့ကို ပြန်ကြည့်လာသော မဂျင်ဂျာရဲ့ မျက်လုံးတွေသည် သူရဲကောင်းတစ်ယောက်ကိုကြည့်သော မျက်လုံးတွေနှင့် ဆင်တူနေခဲ့သည်။ ပြုံးနေသော နှုတ်ခမ်းတွေထဲတွင် ကျေနပ်ခြင်းပျားရည်တွေ သုတ်လိမ်းထားသလို ချိုမြစေးပျစ်နေခဲ့သည်မို့ နွေဦးမိုးရွာအတွက် မနက်ဖြန်ကို မြန်မြန်ရောက်ပါစေတော့ဟု ဆုတောင်းမိခဲ့တော့သည်။

✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

မိန်းကလေးတစ်ယောက်ကို ရည်းစားဖြစ်ဖို့ လိုက်ရသောကိစ္စသည် နေဝန်းဆိုသော သူ့အတွက်တော့ အလွယ်ကူဆုံးကိစ္စတွေထဲက ကိစ္စတစ်ခုဖြစ်ခဲ့သည်။ အခုလည်း နွေဦးမိုးရွာဆိုသော ကောင်မလေးကို လိုက်ဖို့ရာအတွက် သူမနောက်ကိုသုံးရက်လောက် Checking လိုက်ကြည့်လိုက်တာနှင့် အခြေအနေကို အနည်းအကျဉ်းတော့ တီးခေါက်မိသွားနိုင်သည်။ ဒီကြားထဲမှာ သူ့ကို မဂျင်ဂျာက သတင်းတစ်ခု ပေးလာခဲ့သေးသည်။

"နင့်အတွက် သတင်းကောင်းတစ်ခု ပြောရဦးမယ်။ တည်မြဲသာတစ်ယောက် အလုပ်ကိစ္စနဲ့ နေပြည်တော်ကို ခရီးထွက်သွားတယ်။ တစ်ပတ်လောက်ကြာမယ်"

"အိုခေ အစ်မ။ အဲဒီ တစ်ပတ်အတွင်းမှာ အဲဒီကောင်မလေးနဲ့ ကျွန်တော် ကြည်ပြီးသား ဖြစ်နေရမယ်"





သူ့စကားကို မဂျင်ဂျာက ယုံကြည်ဟန်ဖြင့် ပြုံးနေခဲ့သည်။ အဲဒီနောက်မှာတော့ သူက နွေဦးမိုးရွာ စစ်ဆင်ရေးကို စတင်ခဲ့ပါသည်။ သူမက စနေ တနင်္ဂနွေနှစ်ရက် လှည်းတန်းမှာ သင်တန်းလာတက်သည်မို့ သူက အဲဒီအချိန်မှာ ဆုံနိုင်အောင် ကြိုးစားရသည်။ ခါတိုင်းတော့ သင်တန်းကြိုသည့်တာဝန်ကို တည်မြဲသာက ယူထားပေမယ့် နေပြည်တော်သွားချိန်မှာတော့ နွေဦးမိုးရွာတစ်ယောက် ဘယ်လိုစခန်းသွားမလဲဆိုတာ စောင့်ကြည့်မိသည်။ သူမနှင့် သူငယ်ချင်းတစ်စုက သင်တန်းဆင်းသောအခါ အိမ်မပြန်ဘဲ Taxi တစ်စီးနှင့် ဒဂုံစင်တာသို့ လစ်လေသည်။ သူကတော့ မယိုင်းရဲ့ကားကို ယူလာတာမို့ သူမတို့ကားနောက်က ထက်ကြပ်မကွာ ပါလာခဲ့သည်။

ဒဂုံစင်တာသို့ ရောက်သောအခါ သူမတို့က ဟိုဟို ဒီဒီ ပတ်သည်ကို သူကလည်း နောက်ကနေ၍ ထက်ကြပ်မကွာလိုက်သည်။ အချိန်နည်းနည်း ကြာလာသောအခါ ရှေ့ကမချောတွေက သူ လိုက်နေတာကို ရိပ်မိစပြုလာသည်။ ခပ်ကဲကဲကောင်မလေးတွေ၏ ထုံးစံအတိုင်း ပြုံးစိ ပြုံးစိလုပ်ကာ သူ့ကိုတောင် ပြန်ရှိုးလာသည်။

ကိုယ့်ရုပ်ကိုယ် စိတ်ချပြီးသော သူကလည်း နွေဦးမိုးရွာကိုသာ အဓိက ပဲကျွေးသည်။ သူ့ဒီဇိုင်းကိုလည်း သူက ယုံးဝစိတ်ချပြီးသားဖြစ်သလို အိမ်ကထွက်လာကတည်းကလည်း မယိုင်းက သူ့ကို လက်မထောင်ပြပြီး မှတ်ချက်ပေးလိုက်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ပင်။ အပေါ်က ဖက်ဖူးစိမ်းနုရောင် Body fit ရှပ်ကော်လာလက်တိုကို ဂျင်းမှိုတက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ကာ Ray Ban မျက်မှန်တပ်၊ All Star ဖိနပ်စီးထားသော သူ့ပုံစံက သူမရဲ့မျက်ဝန်းထဲမှာလည်း လန်းနေပါလိမ့်မည်။

ခဏနေတော့ သူမတို့က ကော်ဖီဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားသည်။ သူကလည်း ဘယ်နေလိမ့်မလဲ။ လိုက်ဝင်တာပေါ့လေ၊ သူ ထိုင်သောနေရာက သူမနှင့် တန်းနေသောနေရာဖြစ်တာမို့ နွေဦးမိုးရွာကို စိတ်ကြိုက်ရှိုးခွင့် ရနေသည်။ ပြီးတော့ သူမတို့ပြောသော စကားတွေကိုလည်း အတိုင်းသားကြားခွင့်ရနေပါသည်။

"ဟိတ် ... မချောလေးယောက် ကိုယ်တစ်ယောက်တော့ ဖြစ်နေပြီနော်၊ ဘယ်သူ့ကို ချိန်နေတာလဲတော့ မပြောတတ်ဘူး ... ဟိ ဟိ"

"ပုံစံကတော့ ဂူချွန်ဖြိုလိုလို ဆီဝန်လွှိလိုနဲ့ဟ၊ မျက်မှန်ကြီးတပ်ပြီး ရှိုးနေတော့ အဖြူအမည်း မသဲကွဲဘူးဟယ် ... ဟား ဟား"

"အဖြူအမည်း သဲကွဲချင်ရင် ယူနိုက်တက်ဗီးရှင်း သွားလိုက်လေ၊ သေချာတာကတော့ သူ တို့ကိုရှိုးနေတာပဲ ဖြစ်မှာပါ"

"အဟွတ် ... ဟွတ်။ တန်ရာ တန်ရာ ပြောစမ်းပါဟာ။ နင့်လို ဂျပုလေးကိုလား ဟိုက စဉ်းစားမှာ"





"ဘာလဲ ... အဆုတ်နာရောဂါက ပြန်ထနေပြန်ပြီလား၊ ကွမ်းရွက်ပုံကို သေချာမသောက်ဘူးနဲ့တူတယ်၊ စစ်မှန်ဆေးစုံ xxx ကွမ်းရွက်ပုံ xxx အစာကြေတာ xxx လေနိုင်တာ ချောင်းဆိုးပျောက်တဲ့ဆေး xxx အံ့သြလောက်အောင် ကောင်းတဲ့ဆေး xxx ဟား ဟား"

"အသံကတော့ မိုက်တယ်ကွာ။ ဒီပုံအတိုင်းဆို ဘူတာကြီးရှေ့မှာ အလုပ်ဖြစ်လောက်တယ်"

"အဲဒီနေရာက နင်တို့အမျိုးတွေရဲ့ စားကျက်ဆိုတော့ မသွားတော့ပါဘူးဟယ် ... ဟီး ဟီး"

တကယ်ကို မနိုင်စိန်မ,လေးတွေပင်။ မဂျင်ဂျာပြောပြချက်အရ နွေဦးမိုးရွာဟာ နှစ်ဆယ့်တစ်နှစ်သမီးဆိုတော့ သူ့ထက် နှစ်နှစ်ငယ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဆယ့်တစ်နှစ်ဆိုတာလည်း ပေါ့ပေါ့ပါးပါးနေကြသော အရွယ်ဆိုလျှင် မြီးကောင်ပေါက်ဖီလင်အလားပဲ ရှိတာမို့ ဒီကောင်မလေးဟာ သစ်ရွက်လှုပ်ရင်လည်း ရယ်ဦးမှာပဲဟု သူက ခန့်မှန်းမိပါသည်။

သူက ကုတ်တစ်ဘူးမှာကာ သူမတို့အုပ်စုကို အေးအေးဆေးဆေး ရှိုးနေရုံမှအပ ဘာမှမလုပ်သေးပါ။ ဒါကိုလည်း ထိုအုပ်စုက အသည်းယားနေဟန်ရှိသည်။ ခဏနေတော့ သူက ဝိတ်တာကိုခေါ်ကာ ထိုအုပ်စုအတွက်ပါ ပိုက်ဆံရှင်းလိုက်သည်။ ပြီးတော့ သူမတို့ မထွက်ခင် ကြိုတင်ပြီး ထ,လာခဲ့လေသည်။ ဒါပေမဲ့ သိပ်မကြာချေ။ အောက်ထပ် ကားပါကင်နားသို့အရောက်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ သူ့နောက်ကနေ၍ ခေါ်သံကြားရသည်။ လှည့်ကြည့်လိုက်သောအခါ သူ့ကို ခေါ်သောသူသည် နွေဦးမိုးရွာ ဖြစ်လို့နေလေသည်။

သူက လှည့်ကြည့်နေတုန်းမှာပင် သူမက သူ့အနားသို့ ဖြည်းဖြည်းချင်း လျှောက်လာကာ ...

"တို့ဝိုင်းကို ရှင်းပေးသွားတာ ယူ့ဆို"

သူက အပြုံးပါးပါးနှင့် ခေါင်းဆတ်ပြလိုက်သည်။ သူမက အဲဒီပုံစံကြောင့် ပိုမိုဝံ့ကြွားသွားဟန်ဖြင့် အနားကပ်လာကာ ...

"ယူက ဘာကိစ္စ ရှင်းသွားရတာလဲ။ ဘာလဲ ... တို့ကို မစားနိုင် မသောက်နိုင်တဲ့သူတွေလို့ ထင်နေလို့လား"

"ဘာလို့ မဟုတ်တာတွေ လျှောက်တွေးရတာလဲ။ စေတနာရှိလွန်းလို့ ကျွေးတယ်လို့ သဘောထားပေးရင် ဒီက ပိုစိတ်ချမ်းသာမှာပေါ့"

သူ့စကားကြောင့် သူမက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ပြုံးသည်။

"စေတနာက ဘာလို့ရှိရတာလဲ။ ယူနဲ့ တို့တွေနဲ့က အခုမှတွေ့ဖူးတာလေ။ ယူ့ပုံစံက တွေ့တဲ့လူတိုင်းကို မုန့်လိုက်ဝယ်ကျွေးနေတဲ့ လူမျိုးလား"

"အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ ကမ္ဘာပေါ်မှာ နွေဦးမိုးရွာဆိုတဲ့ ကောင်မလေးတစ်ယောက်တည်းကိုပဲ ကျွေးချင်တာပါ"





သူ့စကားကြောင့် သူမ မျက်ခုံးတွေက ပင့်တက်သွားကာ နှုတ်ခမ်းတွေက ဝိုင်းစက်သွားသည်။ သူမက သူ့ကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်ပြီး သူကတော့ သူမနာမည်ကို သိနေသည့်အတွက် အံ့သြသွားတာ ဖြစ်ပါသည်။ လက်ညှိုးတစ်ချောင်းက သူ့ကို ထိုးစိုက်ပြီးနောက် ...

"ရှင် ... ရှင် ... ကျွန်မကို သိနေတယ်"

အံ့သြလွန်းသောကြောင့်ထင်။ အခုနက ယူတွေ အိုင်တွေပါ ပျောက်ကုန်သည်။ သူက မခိုးမခန့်ပြုံးလိုက်ကာ ...

"အင်း ... အဲဒါ ဘာဖြစ်လဲ။ မင်း နာမည်ကိုသိတာ အဲဒီလောက် အံ့သြဖို့လိုလို့လား"

"လိုတာပေါ့၊ ရှင့်ကို ကျွန်မ လုံးဝမသိဘူး။ ပြီးတော့ ရှင့်ရဲ့ပြောပုံဆိုပုံနဲ့ လေသံကို ကြည့်ရတာ ရန်ကုန်ကလည်း ဟုတ်ဟန်မတူဘူး။ ဒါကို ကျွန်မနာမည် ရှင်သိနေတယ်ဆိုတော့"

"အင်း ... ဒီလိုပါပဲ။ စိတ်ဝင်စားလို့ သိတာပေါ့။ သိပ်တော့ မဆန်းပါဘူး။ ကဲ ... ဒီလောက်ဆို ဘာကြောင့် မုန့်ကျွေးရတယ်ဆိုတဲ့ အကြောင်းကို သိပြီမဟုတ်လား"

သူမက သူ့ကို တစ်မျိုးသော အဓိပ္ပာယ်ပါသည့် အကြည့်မျိုးဖြင့် ခပ်နက်နက်ကြည့်လာကာ ...

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"တို့က ဒီလိုနာမည်မေးတိုင်း ပြောတတ်တဲ့ အစားမျိုးထဲက မဟုတ်ဘူး။ သိချင်ရင် ကိုယ့်ဟာကိုယ် စုံစမ်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ အဲဒီလို ပြောမည်ဟု မထင်ထားသဖြင့် သူမ မျက်ခုံးတွေက ထပ်မံပင့်တက်သွားသည်။ သူက စွဲလမ်းစေမည့် အပြုံးတစ်ပွင့်ကို နှုတ်ခမ်းထောင့်စွန်းမှာ ခြွေချကာ လက်ပြပြီး နောက် ကားပေါ်တက်လိုက်သည်။ သူ့ကို ခါးထောက်ပြီး မေ စောင်းစောင်းကြည့်နေသော သူမကို စက်နှိုးပြီးတော့မှ နှုတ်ဆက် စကား ဆိုလိုက်သည်။

"C U ။ ကိုယ်တို့ ထပ်တွေ့ဦးမှာပါ။ သွားပြီနော် ... ဘိုင့် ဘိုင်"

သူ့ကို သူမတို့ တစ်အုပ်စုလုံးက ငေးကြည့်ကာ ကျန်ရစ်ခဲ့သည်။ သေချာတာကတော့ သူ့အကြောင်းကို သူမတို့ ထပ်ပြောကြလိမ့်ဦးမည် ဆိုတာပဲ ဖြစ်တော့သည်။





## ၁၅

"ကြယ်ပွင့်လေးများ လမ်းပြဦး xxx ကောင်မလေးနဲ့နီးနိုင်ဖို့ xxx အနေဝေးလို့ သွေးအေးသွားမှာ ငါကြောက်လို့ xxx မင်းစိတ်ထဲ အမြဲတမ်း ရှိပါစေ xxx ဆုံနိုင်မှာပါ တို့နှစ်ယောက် တစ်နေ့ xxx "

သူ့ဖုန်းမှ ဘန်နီဖြိုးရဲ့သီချင်းသံနှင့်အတူ ဖုန်းလာခဲ့လျှင် သူက Display ပေါ်မှာ ပေါ်နေသောနာမည်ကို ငုံ့ကြည့်မိသည်။ Ginger ဆိုသော နာမည်လေးကို အတွေ့မှာတော့ သူက ပြုံးမိသွားရင်းမှ ဖုန်းကိုဖွင့်နားထောင်လိုက်သည်။

"အိပ်နေပြီလား"

မဂျင်ဂျာရဲ့အသံကို သူ ဖုန်းထဲမှာ ပထမဆုံးကြားဖူးတာ ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ပေါင်းစပ်ပြီး ထွက်ပေါ်လာသော မဂျင်ဂျာရဲ့အသံမှာ မဆိုစလောက်လေး ဩနေပြီး နားထောင်ကောင်းလှသည်။ ချိုသာတာလည်းမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com



မာတာလည်း မဟုတ်ဘဲ တစ်မျိုးသောအသံဟာ သူ့အတွက်တော့ အသစ်ပဲ ဖြစ်လေသည်။

"အင် ... မအိပ်သေးပါဘူး။ ပြောလေ အစ်မ။ ထူးထူး ခြားခြား ဖုန်းတွေဘာတွေဆက်လို့ပါလား"

"အေး ... ပြောစရာရှိလို့။ မိုးရွာရဲ့ဖုန်းနံပါတ် ရထားတယ်"

"သဘောကတော့ ဆက်ဆိုတဲ့ သဘောလား"

"ဟဲ ဟဲ ... နင်က သဘောပေါက် လွယ်သားပဲ"

"အစ်မ ပါးစပ်ဟလိုက်တာနဲ့၊ ဘာကို ဆိုလိုချင်တယ်ဆိုတာ သိပြီးသားပါဗျာ။ အင်း ... ပြီးရင် ကျွန်တော်ဆက်လိုက်မယ်လေ"

"အခြေအနေရော ဘယ်လိုရှိလဲ။ ဒီနေ့ သွားသေးတယ် မဟုတ်လား"

"သွားတယ်။ သူစားဖို့ ရေခဲမုန့်တောင် ဝယ်ပေးခဲ့သေးတယ်။ သူက အရမ်းကြွေသွားတာဗျ။ မထင်မှတ်ဘဲ ကြက်ကန်းဆန်အိုးတိုးသွားတာလေ။ သူက ရေခဲမုန့်အရမ်းကြိုက်တဲ့သူတဲ့"

"အင်း ... ဒါကြောင့် တည်မြဲဆီ ဟိုတစ်ခါ ဖုန်းဆက်တုန်းက ရေခဲမုန့်ဝယ်နေတာနဲ့ တိုးတာကိုး။ သူ အမြဲဝယ်ကျွေးနေကြနဲ့ တူပါတယ်"





"အမယ်လေး ... အရေးထဲမှာ သူ့ဘဲကြီးကို သတိရသွားပြန်ပြီ"

"မဟုတ်ပါဘူးဟယ်၊ ခုမှ တွေးမိတာကို ပြောတာပါ။ ဒါနဲ့ ခုတိုင်းဆိုရင် အခြေအနေက တော်တော်ကောင်းနေပြီပေါ့ ... ဟုတ်လား"

"အင်းပေါ့ ... အေးဆေးပဲလေ။ သူ့မျက်နှာ တည်နေတာကိုတောင် တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဟ ... စွမ်းလှချည်လား။ ဒါဆိုရင် သူက တည်မြဲကို သစ္စာမရှိတဲ့ပုံ ပေါ်မယ်ပေါ့၊ ဟုတ်တယ်လား"

"အဲလို မှန်းရတာပဲလေ။ အစ်မပဲ စဉ်းစားကြည့်။ ရည်းစားရှိတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ကျွန်တော့်ကို အလိုက်အထိုက် ဆက်ဆံနေတယ်၊ တစ်နည်းအားဖြင့် ပြန်အီနေတယ်ဆိုတာက ဘာသဘောလဲ"

မဂျင်ဂျာက ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။ ငြိမ်သွားသောကြောင့် သူကပဲ ဆက်၍မေးခွန်းထုတ်လိုက်ပါသည်။

"အစ်မရော ကိုတည်မြဲနဲ့ ကွန်တက်ရလား"

"အင်း ... အခုနက သူ ဆက်တယ်။ ဟိုကလေးမဆီ ဆက်မှာမို့ ငါ့ဆီကို အရင်ဆက်တာလေ။ သူနဲ့လည်းဖုန်းချပြီးရော သူ့ဖုန်းရော ဟိုကောင်မလေးဖုန်းရော မအားတော့ဘူး"

"ဪ ... ပြီးရောလေ။ အဲဒါဆို ကျွန်တော် မိုးရွာဆီ ဆက်ကြည့်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လိုတာရှိရင် ဘာမဆို ပြောနော်"

"လိုတာဆိုတာ ဘာကို ပြောတာလဲ အစ်မ"

"အကုန်ပေါ့။ ငွေရေးကြေးရေးရော ဘာပဲဖြစ်ဖြစ်ပေါ့။ နင်က မိုးရွာနဲ့ သိက္ခမ်းပတ်သက်နေရပြီဆိုတော့ ငွေကုန်ကြေးကျဆိုတာ ရှိလာမှာပဲလေ။ ခုကိုပဲ ဖုန်းဆက်ရတော့ မှာမို့ ဖုန်းဘေလ်က ကျတော့မယ် ...

ဖုန်းဘေလ်ထဲကို ပိုက်ဆံသွင်းပေးထားမယ် သိလား"

"သဘောတော်မြတ်အတိုင်းပါပဲဗျာ"

"အိုခေ ... ဒါဆို နောက်နေ့မှတွေ့မယ်၊ Good Night "

"ကောင်းသောညပါဗျာ"

မဂျင်ဂျာက ဖုန်းချလို့သွားလျှင် သူက ဖုန်းကိုတစ်ခဏမျှတော့ ငေးစိုက်ပြီး ကြည့်နေသေးသည်။ ပြီးတော့မှ တစ်စုံတစ်ရာကို ဖျတ်ခနဲသတိရကာ သူ့နဖူးသူ ပိတ်ရိုက်မိသည်။ ပြီးတော့ မဂျင်ဂျာရဲ့ဖုန်းနံပါတ်ကို ပြန်ခေါ်ရလေသည်။ မိုးရွာရဲ့ ဖုန်းနံပါတ်ကိုပေးဖို့ ဖုန်းဆက်သော မဂျင်ဂျာဟာ ဖုန်းနံပါတ်လည်း ပေးမသွားဘူး မဟုတ်လား။

သူက ပြုံးစိစိဖြစ်ရင်း ဖုန်းခေါ်သည်။ မဂျင်ဂျာရဲ့ ဖုန်းက မအားချေ။ သင်းကလည်း လေဒီဖုန်းလားတော့ မပြောတတ်ပေ။ ခေါ်လို့မရသဖြင့် သူက ဆက်မခေါ်တော့ဘဲ ရပ်လိုက်သည်။ အဲဒီတော့မှ သိပ်မကြာဘဲ မဂျင်ဂျာထံက ဖုန်းပြန်ဝင်လာသည်။





"နေဝန်း ... ငါ့ဆီကို ဖုန်းပြန်ခေါ်နေတာလား"

"ဟုတ်ပါ့ ... အစ်မက လယ်ထွန်သွား နွားမေ့လေ၊ ဟိုကောင်မလေးဖုန်းနံပါတ်မှ မပေးခဲ့တာ"

"ဟီး ဟီး ... ဟုတ်တယ်၊ အဲဒါ ဖုန်းချပြီးမှ သတိရတာ၊ ကဲ ... မှတ်ထား (xxx) တဲ့"

"အင်း ... အင်း ... ရပြီ၊ အိုခေ ... အိုခေ အစ်မ"

"အေးပါ ... အေးပါ။ ဒုတိယံပိ ဂွတ်နိုက်တယ်။ ဟင်း ဟင်း ... ဒါပဲနော်"

မဂျင်ဂျာရဲ့ပေါ့ပါးလွတ်လပ်သည့် နှုတ်ဆက်သံအဆုံးတွင် သူက ဘာပြန်ပြောရမှန်းမသိ ဖြစ်စဉ်မှာပဲ ဖုန်းချလို့သွားလေသည်။ မဂျင်ဂျာဟာ အသက်အရွယ်နှင့်စာလျှင် အများကြီး ပွင့်လင်းရိုးသားကာ ဖော်ရွေခင်မင်စရာကောင်းသည်ဟု ထင်သည်။ ဘာကြောင့်မှန်းမသိဘဲ သူက မဂျင်ဂျာရဲ့ စတိုင်လ်ကို သဘောကျသည်။

တမင်ကြီး လုပ်ယူထားတာ မဟုတ်သော လွတ်လပ်ပေါ့ပါးသည့် စကားပြောဟန်နှင့် တစ်ခုခုကို သဘောကျလျှင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောတတ်သောအသံကို တကယ်ပဲ ခုံမင်ရလေသည်။ သူက မဂျင်ဂျာအကြောင်းတွေးရင်းမှ မိုးရွာထံဖုန်းခေါ်လိုက်သည်။ ဖုန်းဝင်သွားပါသည်။ တစ်ဖက်မှ သူမသွင်းထားသော Ring Tone အရ Lဆိုင်းဇီက သီချင်းနှစ်ကျော့လောက်ဆိုပြီးတော့မှ သူမက ဖုန်းကိုင်တော်မူသည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ထူးသံကိုက ပဲသံလေး။ သူက အသာပြုံး ပြီးနောက် စကားစ,ပြောလိုက်သည်။

"မိုးရွာလား"

"ဟင့်အင်း ... မိုးမရွာဘူး။ လ,သာနေတယ်"

သူမက ရယ်သံစွက်စွက်နှင့် ပြန်ရောက်သည်။ ကြည့်ရတာ သူမှန်း ရိပ်မိနေပါလိမ့်မည်။

"မိုးရွာ ... ကိုယ် ဘယ်သူလဲဆိုတာ သိလို့လား"

"တောင်ပေါ်က ရှမ်းကလေး လျှော်ထမ်းလို့ပြေး၊ တိုတဲ့လျှော် ကတို ရှည်တဲ့လျှော်ကရှည်၊ ဟုတ်တယ်မှုလား ... ဟား ဟား ဟား"

သူ့ဟာသူပြောပြီး သူ့ဟာသူ ပြန်သဘောကျကာ ရယ်နေသော မိုးရွာကြောင့် သူက ခေါင်းကိုအသာယမ်းမိသည်။ သူမ ရယ်သံတိတ်သွားတော့မှ သူက စကားဆက်ရလေသည်။

"တောင်ပေါ်ကရှမ်းတော့ ဟုတ်တယ်၊ ဒါပေမဲ့ လျှော်တော့ ထမ်းမပြေးပါဘူး။ ဒါနဲ့ မိုးရွာက ကိုယ့်အသံကို မှတ်မိ နေတယ်ပေါ့"

"သြော် ... ဒီအသံမျိုးက ဒီတစ်ယောက်ပဲ ရှိတဲ့ဟာ မမှတ်မိစေချင်ရင် ဝဲအောင်မပြောနဲ့လေ"

သူမကလည်း အလာကြီးပါလား။ ခုချိန်ထိ သူ့ကို ကျော်သွားသောစကား မရှိပေမယ့် သူ့နောက်ကျခဲ့တာတော့ ဘာမှမရှိခဲ့သေးချေ။





"ခုန ဖုန်းဆက်သေးတယ်။ Busy ဖြစ်နေတာ။ ဘယ်သူနဲ့ ပြောနေတာလဲ"

"အံမာ ... ဘယ်သူနဲ့ ပြောပြောပေါ့။ ရှင်နဲ့ ဘာဆိုင်လို့ စစ်နေရတာလဲ"

"စစ်တာ မဟုတ်ပါဘူး။ စကားစပ်မိလို့ မေးကြည့်တာပါ။ ဒါနဲ့ မိုးရွာရဲ့ဖုန်းနံပါတ်ကို ဘယ်လိုလုပ် သိတာလဲလို့ မမေးတော့ဘူးလား"

"မေးပါဘူး။ တစ်နေ့မဟုတ်တစ်နေ့ အနေးနဲ့အမြန် ကျွန်မရဲ့ဖုန်းနံပါတ်ကို ရမယ်ဆိုတာ သိသားပဲ။ ဒါက သိပ်ထူးဆန်းတဲ့ကိစ္စမှ မဟုတ်တာ ... ခစ် ခစ်"

"အင်း ... ကိုယ် မင်းကို ပြောစရာရှိလို့ ဆက်လိုက်တာပါ မိုးရွာ"

"အင်း ... ပြောပါဦး"

"ကိုယ့်ကို မင်းရဲ့သူငယ်ချင်းအဖြစ် သတ်မှတ်ပေးပါလို့"

"သူငယ်ချင်းတွေ များနေလို့ အခု လောလောဆယ် အဲဒီအကောင့်ကို ပိတ်ထားတယ်။ ဆောရီးပါ"

"ဒါဆိုလည်း ဘယ်တော့ဖွင့်မှာလဲ။ စောင့်မယ်လေ"

"ဒါကတော့ မသိသေးဘူး။ ဒါနဲ့ နေပါဦး။ ရှင့် ကြည့်ရတာ ရန်ကုန်က မဟုတ်ပါဘူး။ ဘယ်ကလဲ"

"အင်း ... ကိုယ်က တောင်ကြီးကပါ"

"တောင်ကြီးသားပေါ့။ ရန်ကုန်ကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားထွက်ဖို့ ကိစ္စလေးတွေ လာလုပ်တာပါ။ ပြီးတော့ ကိုယ့်အဒေါ်က ဒီမှာရှိတယ်လေ။ အဒေါ့်ယောကျ်ားက သင်္ဘောတက်နေတာဆိုတော့ သူတို့အိမ်မှာလည်း ယောကျ်ား မရှိတာနဲ့ အဒေါ်အိမ်မှာ အဖော်နေပေးပြီး အလုပ် လေး ဘာလေး ဝိုင်းကူပေါ့"

"ဪ ... ဪ ... ကျွန်မကိုရော ဘယ်မှာစ,တွေ့ဖူး တာလဲ"

"ကိုယ့်ကို သူငယ်ချင်းတော်ရင် ပြောပြမယ်"

"အံမယ် ... အပေးအယူ လာလုပ်နေပြန်ပြီ။ ရှင်ကလေ ဒီလိုနေရာကျတော့ အ,ချင်ယောင်ဆောင်နေတယ်ပေါ့ ... ဟုတ်လား"

"ယောဗျာ ...ဘာကို အ,ချင်ယောင်ဆောင်နေလို့လဲ မိုးရွာရဲ့"

"ဟာင် ... ရှင် သင်တန်းကိုလည်းလာ၊ သွားတဲ့နောက်ကို လည်းလိုက်၊ ပြီးတော့ ရေခဲမုန့်တောင် ဝယ်ကျွေးသေးတဲ့ ဟာ၊ ဒါကို လာပြီး ခုမှ သူငယ်ချင်းတော်ပါရစေဆိုပြီး လာပြောနေတော့ နောက်နေတာလားဟင်"

"ဪ ... သိဘူးလေ။ ဒါဆို ကိုယ်က မိုးရွာရဲ့ friend list ထဲ ပါသွားပြီပေါ့ ... ဟုတ်လား"

"That's Right ! "

"အင်း ... ဒါဆိုရင်တော့ ပြောပြရတော့မှာပေါ့။ ကိုယ်က မိုးရွာကို လွန်ခဲ့တဲ့ တစ်လလောက်တည်းက စ,တွေ့ဖူး တာ။ တွေ့တာကတော့ အဲဒီလှည်းတန်းမှာပါပဲ။ တွေ့တွေ့





ချင်း စိတ်ဝင်စားသွားတယ်။ ဒါကြောင့် မိုးရွာအကြောင်း တွေကို စုံစမ်းပြီးတော့မှ မိုးရွာရဲ့အရှေ့ကို လူလုံးထွက်ပြခဲ့ တာပါ"

"ဒါဖြင့်ရင် မိုးရွာအကြောင်းတွေကို ဘယ်လောက်သိထား လဲ"

အဲဒီစကားကတော့ သူ့ကို သွေးတိုးစမ်းသောစကား ဖြစ်နိုင်သည်။ အဲဒီတစ်ခဏတွင်းမှာတော့ သူ့ဦးနှောက်ဟာ ဗျာ များပြီး တော်တော်အလုပ်ရှုပ်သွားသည်။ သူမမှာ ရည်းစားရှိတယ် ဆိုတာ သူ သိလား မသိဘူးလား ဆိုတာ စကားတောက်သော မေးခွန်းဖြစ်သည်။ ခက်တာပဲ၊ ဒီအကြောင်းအရာတွေကို မဂျင်ဂျာ နှင့် တိုင်ပင်ထားခြင်း မရှိသေးချေ။ ဘယ်လိုဖြေမှ သဘာဝကျ မလဲဆိုတာ သူက အသည်းအသန် စဉ်းစားရသည်။ တစ်လလောက် Checking လိုက်ပြီး စုံစမ်းခဲ့သော လူတစ်ယောက်ဟာ ရည်းစား ရှိတာ မသိဘူး ဆိုရင်တော့ သဘာဝကျပါ့မလား။ မကျနိုင်ဘူးဟု ထင်သည်။ ဒါဆို ရှိမှန်းသိသိကြီးနဲ့ ကြိုက်တာဆိုရင်ရော ? ? ။

အင်း ... ဘာဖြစ်သေးလဲ။ သူမတောင် မဂျင်ဂျာ ရှိမှန်း သိသိကြီးနဲ့ ကြိုက်ခဲ့တာ မဟုတ်လား။

"မြင်သမျှတော့ သိထားတာပဲ".

"ဘာလဲ ... မြင်သမျှ သိထားတယ် ဆိုတာ"

"မင်းနဲ့ လူတစ်ယောက် တွဲသွားတာတော့ တွေ့ဖူးတယ်"

"ဟုတ်လား။ ကျွန်မကို လာကြိုတာကို တွေ့ဖူးတာလား"

"အင်းပေါ့။ ဘာလဲ အဲဒါအိမ်ကသဘောတူထားတဲ့လူလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှူးချင်ယောင်ဆောင်ပြီး မေးလိုက်တာဖြစ်သည်။ သူမ တစ်ယောက် အဲဒီစကားနောက်ကိုတော့ တကယ်ပဲ လိုက်သွားမည်ဟု မထင်ခဲ့ပါ။ ဒါပေမဲ့ သူ့စကားသည် ဖြေရခက်မည့် သူမအတွက် လမ်းဖွင့်ပေးသလို ဖြစ်သွားခဲ့ပါမည်။ သူမက ပထမပိုင်းတော့ သူ့စကားကို ဟက်ဟက်ပက်ပက် ရယ်မောခဲ့သေးကာ ...

"အင်းနော် ... ရုပ်ရှင်တွေထဲမှာဆို အဲဒါမျိုးက အိမ်ကသဘောတူထားတဲ့ လူမျိုးပေါ့။ ဪ ... ရှင်က ကိုကြီးကိုပါ မြင်ဖူးထားတယ်ပေါ့။ ဟင် ... ဒါဆို ရှင်က တော်တော်သိတာပဲ"

သိတာမှ မင်းနဲ့ အဲဒီလူနဲ့ ရည်းစားဆိုတာပါ သိတယ် ဆိုတာကိုတော့ သူက ထည့်မပြောဖြစ်တော့ပါ။ သူက စကားလမ်းကြောင်း လွှဲလိုက်ပါသည်။

"မနက်ဖြန် မင်း သင်တန်းမရှိဘူးနော်။ ဘယ်သွားစရာရှိသေးလဲ"

"အင်း ... လောလောဆယ်တော့ မရှိသေးဘူးပေါ့။ ဘာလုပ်မလို့လဲ"

"ဪ ... တရားဝင်ဘော်ဒါဖြစ်သွားတဲ့ အထိမ်းအမှတ်နဲ့ မင်းတို့သူငယ်ချင်းတစ်စုကို မုန့်လိုက်ကျွေးချင်လို့ပါ"

"အဲလိုလား၊ ရတယ်လေ။ ဝါးတီးဆိုရင်တော့ ဟိုကောင်တွေက ငရဲပြည်ထိလည်း လိုက်စားဦးမှာပဲ ...





အိုခေလေ ... ဘယ်ဆိုင်မှာ ပြုစုချင်တာလဲ"

"ဒါကတော့ မိုးရှာပဲ ရွေးချယ်ပါ။ ဘယ်အချိန်ဆုံမှာလဲ၊ ဘယ်နေရာမှာ တွေ့မလဲ"

"ဟိ ... ဟိ ... သီချင်းက ဆိုပြသေးတယ်။ ညနေဘက်ပဲ တွေ့မယ်လေ။ ခြောက်နာရီလောက် Cafe SS မှာ။ ဪ ... တောင်ပေါ်သားလေးက Cafe SS ကို သိရဲ့လား"

"ဟက် ... အဲဒီပိုင်ရှင်က ကိုယ်တို့ တောင်ကြီးသားပါဗျာ"

"ဪ ... အဲဒီလိုလား။ ပြီးရောလေ။ ဒါဆိုလည်း မနက်ဖြန်မှ တွေ့တာပေါ့။ ဖုန်းချလိုက်တော့မယ် ဂွတ်နိုက်"

"အင်း ... ဘိုင့်ဘိုင် ... မိုးရှာ"

သူမက ဖုန်းမချသေးဘဲ ခေတ္တဆိုင်းနေသေးသည်။ ခေတ်အထာနပ်နေပြီဖြစ်သော သူကလည်း သူမက အရင်ဖုန်းချတာကိုပဲ စောင့်ပါသည်။ တချို့မိန်းကလေးတွေဟာ အဲဒီလို ဖုန်းအရင်ချတာ မချတာကအစ အသေးစိတ် ဂရုစိုက်တတ်တယ် ဆိုတာ သူက အထာကျေပြီးသားဖြစ်သည်။

သူ စောင့်နေတုန်းမှာပဲ သုံးစက္ကန့်လောက် ကြာပြီးနောက် သူမက အရင်ဖုန်းချလို့ သွားခဲ့သည်။ သူကတော့ ဘာရယ် ညာရယ် မစဉ်းစားဘဲ မနက်ဖြန်မှာ ကုန်မယ့်ဘတ်ဂျက်ကိုပဲ တွက်နေမိတော့သည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ဂျင်ဂျာသည် အပြင်သွားဖို့ အဝတ်အစားရွေးချယ်နေတုန်းပဲ ဖုန်းကလာသဖြင့် ကောက်နားထောင်လိုက်သည်။ Ring Tone သံကြားတာနှင့် တည်မြဲဆီကဖုန်းဆိုတာ သိသဖြင့် နှုတ်ခမ်းကို အသာမဲ့လိုက်သေးည်။

"ပြော ... တည်မြဲသာ"

"ဟား ... နှုတ်ဆက်သံက ယဉ်ကျေးလှချည်လား၊ တဖြည်းဖြည်းနဲ့ အခြေအနေက ပိုပိုဆိုးလာတယ်၊ ဂျင်ဂျာအေးတို့က တော့ အစက "တည်" လို့ အဲဖျားဆွတ်ခေါ်ရာကနေ နောက်တော့ ဘိုတည်တဲ့၊ ဆရာတည်တဲ့ ...

ခုတော့ တည်မြဲသာတွေဘာတွေ ဖြစ်ကုန်ပြီ၊ ဟူး ... လက်လန်တယ်"

ရှင် လက်လန်တာထက် ငါက ခြေပါလန်တာဟု စိတ်ထဲကနေ၍ ပြောနေမိသည်။ ပါးစပ်ကတော့ ...





"ဒါက အနေဝေးလို့ သွေးအေးသွားတာ မဆန်းပါဘူးဟာ၊ ရှင်တောင် နေပြည်တော်သွားနေတာ ကျုပ်ဆီ ဖုန်းတစ်ခါပဲ အပြောလွှတ်ရဲ့ ဆက်ဖော်ရတာမဟုတ်လား"

"ဪ ... မင်းက ဒါကို စိတ်ကောက်နေတယ်ပေါ့ ဟုတ်လား"

"ဟက် ... စိတ်မကောက်ရပါဘူး၊ အရှိကိုအရှိအတိုင်းပြောနေတာပါ၊ ဖြစ်စဉ်ကို ရိုးရိုးလေးပဲ ပြောပြနေတာ၊ ရှင့်ရဲ့ ကြင်နာလွှမ်းဆွတ်တတ်တဲ့နှလုံးသားကြီးကို မီးမောင်းထိုးပြနေတာလေ ... ဟင်း ဟင်း"

ဂျင်ဂျာရဲ့ အောက်ကလိအာသံကို တစ်ဖက်ကတော့ မေတ္တာပို့နေပေလိမ့်မည်။ မေတ္တာပို့နေမှန်း သိသိရက်နဲ့ကို ဒီကလည်း တမင်ပြောနေတာ။

"အပိုတွေပြောမနေပါနဲ့ကွာ၊ မင်း ကိုယ်ချင်းစာတတ်အောင် တမင်လုပ်ထားတာ၊ မင်း ကိုယ့်ကို ဂရုမစိုက်တဲ့အချိန်တွေမှာ ကိုယ် ဘယ်လိုခံစားရမလဲ မင်း သိပြီမဟုတ်လား"

ဟက် ... ရယ်တောင် ရယ်လိုက်ချင်သေးသည်။ သူ့ဟာသူ ဟိုကလေးမနှင့် နေ့နေ့ညည ကြူနေတာကို မသိဘူးများ မှတ်နေလားမပြောတတ်ချေ။ အင်းလေ ... မသိလို့ပေါ့။ ယောက်ျားတွေများ ရွှံ့ဖို့ကောင်းတယ်ဆိုတာ တကယ်ပဲဖြစ်နိုင်ပါသည်။

"ဪ ... ရှင်က တမင်ချေတာပေါ့ ဟုတ်လား၊ ရှင် အဲဒီလို ယောက်ျားကောင်း မပီသတဲ့စိတ်ဓာတ်နဲ့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချေနေမယ်ဆိုရင်တော့ ရှင်နဲ့ကျွန်မ ဘယ်တော့မှ အဆင်ပြေမှာမဟုတ်ဘူး တည်မြဲသာ ...

ကဲ ... တော်ပြီ ... တော်ပြီ၊ ကျွန်မမှာ ရန်ဖြစ်ဖို့အချိန် မရှိဘူး၊ အခုပဲ အပြင်သွားဖို့ အဝတ်အစားလဲနေတာ"

"ဘယ်သွားမှာလဲ၊ ဘာလုပ်ဖို့လဲ"

"အယိမ်းဆီသွားမလို့"

"အယိမ်းသွားမှာများ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေသေးတယ်၊ ပြီးရော မင်း အယိမ်းဆီသွားမှာဆိုရင် ငါလည်းလာခဲ့မယ်"

"ဟင် ... ဘာလုပ်ဖို့ လာမှာလဲ"

တကယ်တော့ အယိမ်းဆီသွားမှာဆိုတာက အယိမ်းရယ်၊ ဂျင်ဂျာရယ်၊ နေဝန်းရယ် သုံးယောက်သား စားရင်းသောက်ရင်းနှင့် သတင်းစားရင်းလင်းပွဲလုပ်ကြမှာဖြစ်သည်။ ဒါကို သူက လာရှုပ်မယ်ဆိုတော့ အစီအစဉ်တွေ ပျက်ကုန်မှာပေါ့။ ဒီနေ့ သူ့ကောင်မလေးနှင့် ချိန်းထားတာ မရှိဘူးလားမသိပါ။

"ဟာ ... ဘာလုပ်ဖို့လာရမှာလဲ၊ မင်းနဲ့တွေ့ဖို့လာမှာပေါ့၊ ဟား ... ဂျင်ဂျာ ... မင်း ဘာတွေဖြစ်နေတာလဲ၊ ငါ ဒီမနက်ကမှ နေပြည်တော်ကပြန်ရောက်တာလေ၊ အခု နေ့လယ်ခင်း မင်းနဲ့တွေ့ဖို့ မလာရဘူးလား၊ ဘာလဲ ...

မင်းကိုလည်း ချိန်ထားတာ ဖျက်ခိုင်းတာမှမဟုတ်တာ၊ မင်းရှိတဲ့နေရာ ငါလာခဲ့မယ်လို့ ပြောနေတဲ့ဟာပဲ"





သူ ပြောနေတာတွေက နည်းလမ်းကျနေသဖြင့် ဂျင်ဂျာက ဘာပြန်ပြောရမှန်းမသိချေ။ တော်ကြာ သူ့အပြစ်က ကိုယ့်အပြစ်ဖြစ်နေမှာစိုးသဖြင့် စကားကို အမြန်ဖြတ်ရသည်။

"သိဘူးလေ ရှင်က အတုံးအဆန်းတွေ လာကျွေးနေတာကိုး"

"ဘာမှမကျွေးဘူး၊ ပြီးရော အယိမ်းဆီမှာပဲ တွေ့မယ်၊ ကိုယ် ခဏနေထွက်လာခဲ့ပြီ ဒါပဲ"

ဂျင်ဂျာက သူ ဖုန်းချသွားလျှင် ရှုံ့မဲ့ပြီးကျန်ခဲ့သည်။ သူလာမည်ဆိုသဖြင့် စိတ်တောင်မပါတော့ဘဲ မျက်စိထဲတွေ့ရာ အဝတ်အစားကိုသာ ကောက်ပြီးဝတ်ဆင်လိုက်တော့သည်။ တရားကျဖို့ကောင်းလိုက်တာနော်။ ဟိုးအရင်တုန်းကတော့ ရည်းစားနဲ့ချိန်းထားရင် အဝတ်အစားဆိုတာ လှသထက်လှအောင် ရွေးလို့မဆုံးတော့ချေ။ ခုတော့များလည်း သူ့ရှေ့မို့လို့ ထူးပြီးလှချင်တဲ့စိတ်လည်းမရှိတော့ပါ။

အခုလည်းပဲ ခဲပြာရင့်ရောင် ဆွဲသားဘလောက်စ်တစ်ထည်ကို ဂျင်းနက်ပြာနဲ့သာ ရိုးရိုးရှင်းရှင်း တွဲဖက်ဝတ်ဆင်ပစ်လိုက်သည်။ ဒါတောင် ဖက်ရှင်ကျချင်တဲ့စိတ်က မပျောက်သေးသဖြင့် လည်ပင်းမှာ ဖန်စီပုတီးတစ်ကုံး ကောက်ဆွဲပြီး ခါးမှာက ခါးပတ်သေးသေးလေးတစ်ခု ပတ်လိုက်သေးသည်။ အဲဒီနောက် ကားမောင်းရင်းမှပဲ Hand Free ဖြင့် အယိမ်းနဲ့ ဖုန်းပြောရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... အယိင်း ... နေဝန်းကို သူ့အခန်းထဲမှာပဲ နေခိုင်းတော့၊ အပြင်ထွက်လာလို့ မရတော့ဘူးဟဲ့ သိလား"

"ဟမ် ... ဘာလို့လဲရော"

"ဟာ ... ဘာဖြစ်ရမှာလဲ တည်မြဲလေ သူလာမလို့တဲ့၊ ခုနကလေးတင် ငါ့ဆီကိုဖုန်းဆက်တယ်၊ မနက်ကမှ နေပြည်တော်ကရောက်တာလေ၊ အဲဒါ ငါက နင့်ဆီသွားမယ်ဆိုတော့ လာခဲ့မလို့တဲ့"

"ဟင် ... စိတ်ညစ်တာပဲရော"

"အေး ... အဲဒါ နေဝန်းကို ပြောလိုက်၊ သူပြန်သွားမှ တွေ့မယ်လို့၊ ဒါပဲနော် ငါ ကားမောင်းနေတာမို့လို့"

ဂျင်ဂျာက ဖုန်းကိုပိတ်ကာ ကားကို ဂရုတစိုက်ဆက်မောင်းလာခဲ့သည်။ အယိင်းဆိုင်သို့ရောက်သောအခါ တည်မြဲရောက်နှင့်နေတာကို မတွေ့ရသေးပါ။ အယိင်းရဲ့အိမ်ထဲမှာ မတွေ့တော့ဘဲ ဆိုင်ထဲက ထောင့်စားပွဲတစ်လုံးမှာ နေရာယူပြီး စကားနည်းနည်းပြောနေတုန်းမှာပဲ တည်မြဲရဲ့ကား ခြံထဲသို့ချိုးကွေ့လာတာကို တွေ့မြင်လိုက်ရသည်။

ခဏနေတော့ တည်မြဲက ဆိုင်ထဲသို့ ဟိုဟိုဒီဒီ ကြည့်ရင်း ဝင်လာတာမို့ ဂျင်ဂျာကပဲ လက်တစ်ဖက်ထောင်၍ လှမ်းပြလိုက်ရသည်။ ရေမိုးချိုးပြီးခါစရှင်းသန့်သောပုံစံနှင့် တည်မြဲက Hang Ten စပို့ရှပ် အဖြူဆွတ်ဆွတ်ကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်လာသောကြောင့် ကြည့်ကောင်းနေတာကိုတော့





ဘယ်လိုမှ မငြင်းနိုင်ပါ။ ဒီလိုကျတော့လည်း ငါ့ရည်းစားပါလားလို့ ရင်ခုန်ချင်သလိုလိုဖြစ်ပေမယ့်လည်း မိုးရွာနဲ့ အကြောင်း တွေးမိသွားလျှင်တော့ စိတ်နာစိတ်ပျက်ရတာကို ဘယ်လိုမှ မငြင်းနိုင်ချေ။

"အယိင်း ... မတွေ့တာတောင် ကြာပြီနော်"

သူက တကယ်ပဲ မတွေ့တာကြာပြီဖြစ်သော အယိင်းကို နှုတ်ဆက်သည်။

"မတွေ့ဆို ရှင်ကလည်း လာမှမလာဘဲကိုး၊ ဟင်း ... ခုမှပဲပေါ်လာတော့တယ်၊ ဂျင်ဂျာနဲ့တောင် သိပ်မတွေ့ဖြစ်ဘူးဆို၊ ဘာလဲ အသစ်တွေ့နေတာလား ... ဖွန်း"

အယိင်းတစ်ယောက် အဲဒီစကားကို သေချာပေါက်ပြောမည်မှန်း ကြိုသိနေသော ဂျင်ဂျာက တည်မြဲရဲ့အိုက်တင်ကို မလွတ်တမ်း အကဲခတ်နေတာမို့ အခုလည်း အိုက်တင်ပါးပါးလေး ပျက်သွားသော တည်မြဲရဲ့မျက်နှာကို မြင်ဖြစ်အောင်မြင်လိုက်သေးသည်။

"ဟာ ... မဟုတ်ပါဘူး၊ ဒါနဲ့ အခုနကစကားကို ပြန်ကောက်ပါရစေဦး၊ ဂျင်ဂျာနဲ့တောင် သိပ်မတွေ့ဖြစ်ဘူးဆိုတာက ဂျင်ဂျာက ကျွန်တော်နဲ့မတွေ့တာပါဗျာ ...

ချိန်းလိုက်တိုင်း သူ့ကိစ္စတွေပဲ ဦးစားပေးပြီး ကျွန်တော်က သူ့ရဲ့နောက်ဆုံးနံပါတ်စဉ်ပါ၊ ခင်ဗျားတို့ သူငယ်ချင်းလည်း ကြည့်ပြောပါဦး၊ ကိုယ့်ချစ်သူ ကိုယ်လည်း ဂရုစိုက်ပါဦးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဂရုစိုက်ပါတယ်၊ ဒါပေမဲ့ တချို့ကိစ္စတွေမှာ ရှင်က နားလည်ပေးဖို့ ကြိုးစားပေါ့၊ ဂျင်ဂျာက သူ့အလုပ်ပေါ်မှာ တန်ဖိုးထားပြီးကြိုးစားတဲ့ မိန်းမတစ်ယောက်လေ"

"အင်း ... အတိုင်းအဆတစ်ခုထိတော့ နားလည်ပါတယ်၊ ယုန်လေးဆိုထားသလိုတောင် ဆိုပြချင်လာပြီ၊ ငါ့အတွက် တစ်ပတ်မှာ တစ်နာရီလောက်အချိန်ပေးရင် ကျေနပ်ပါတယ် ဆိုတာမျိုးပဲ ...

သူက အဲဒီလောက်တောင် အချိန်မပေးချင်တော့ တာဗျ"

"တော်စမ်းပါ ရှင် အပိုတွေလျှောက်ပြောမနေနဲ့ ရှင့်ကို ပြောပြီးသား၊ အချိန်တွေပေးတာ မပေးတာထက် တစ်ယောက်နဲ့တစ်ယောက် စိတ်ထဲမှာရှိဖို့က ပိုအရေးကြီးတယ်၊ သစ္စာရှိဖို့က ပိုအရေးကြီးတယ် ...

တွေ့ရင် ကြင်နာယုယနေပြပြီး ကွယ်ရာမှာ သစ္စာမဲ့ နေတဲ့အတွဲတွေ အများကြီးပဲ၊ အဲဒီထဲမှာ နမြတ်စန္ဒီတို့ မပါဘူး"

ပြောရင်းနဲ့ ခံစားချက်တွေပါလာတာကြောင့် ဂျင်ဂျာ အသံက တုန်ဟိုက်လို့လာလျှင် တည်မြဲက မျက်မှောင်ကြုတ်ပြီး ကြည့်တာနှင့် ကြုံသည်။ သူ့မျက်လုံးတွေက ဂျင်ဂျာ ဘာကိုဆိုလို နေတာပဲဟုသော စူးစမ်းရိပ်မျိုး ဖြစ်နေတုန်းမှာပဲ အယိင်းက စကားစကို ဝင်ဖြတ်ပစ်လိုက်သည်။





"ကဲ ကဲ ... ရှင်တို့က ရန်ဖြစ်မှာလား၊ ထမင်းစားမှာလား ကျုပ် ဗိုက်ဆာနေပြီ၊ ထမင်းပွဲပြင်ခိုင်းလိုက်တော့မယ်၊ တည်မြဲသာ ... ရှင် ဘာထပ်မှာဦးမလဲ"

"တော်ပါပြီ၊ ကျွေးတာပဲစားမယ်"

"အံမယ်လေး ... အဲလိုတော့ မပြောပါနဲ့ စားချင်တာရှိရင် ထပ်မှာပါ"

"နေပါစေ၊ ဂျင်ဂျာက ကျွန်တော်ကြိုက်တဲ့ဟင်းတွေ ချနိုင်း ထားမှာပါ၊ စိတ်ချရပြီးသား ! ဟုတ်တယ်မှလား ဂျင်ဂျာ"

သူကပြောရင်းမှ ဂျင်ဂျာ့ရဲ့ပခုံးကို လှမ်းဖက်လို့လာလျှင် ဂျင်ဂျာသည် အဲဒီလက်ကို ယောင်ပြီး ပုတ်ထုတ်မိလိုက်လေသည်။ အဲဒီအခိုက်မှာ တည်မြဲကလည်း ဖျတ်ခနဲ မျက်နှာပျက်သွားသည်။ ဂျင်ဂျာကလည်း ဘာကြောင့် အဲဒီလို လုပ်လိုက်တယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် နားမလည်ချေ။ နားမလည်တာတော့ မဟုတ်ပါ။ သူ ကိုယ့်အပေါ်မှာ သစ္စာမရှိဘဲ တခြားမိန်းကလေးနဲ့ လည်း ဖက်ယက်ပွတ်သပ်နေမှာကို တွေးမိ၍ဖြစ်သည်။

"ဟင်းတွေကတော့ ဟုတ်ပါပြီ၊ ဖျော်ရည်က ဘာသောက် မလဲ၊ ဂျင်ဂျာရေ"

အယိင်းကလည်း အခြေအနေကို ရိပ်မိဟန်ဖြင့် စကား လွှဲသည်။ ဂျင်ဂျာကလည်း အခုနကကိစ္စကို ဘာမှမဖြစ်ဟန်ဖြင့် ရှူးချင်ယောင်ဆောင်လိုက်သည်။

"ငါ ရှောက်ချိုသီးဖျော်ရည်ပဲသောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တည်မြဲရော"

"တော်ပြီ အယိင်း၊ ကျွန်တော် ခင်ဗျားကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ဒီမှာဆက်ထိုင်နေရင် ရှေ့ဆက်ပြီး အခြေအနေက ကောင်းမှာမဟုတ်တော့ဘူး၊ ပြန်တော့မယ်"

"ဟယ် ... အဲလိုမလုပ်နဲ့လေ၊ တည်မြဲသာကလည်း ..."

ဂျင်ဂျာ ... နင်ကလည်း ပြေရာပြေကြောင်း ပြောဦးမှပေါ့"

"ပြောမနေနဲ့တော့၊ လုံး၀ ဖီးလ်ငုပ်သွားပြီ၊ ဂျင်ဂျာ မင်းမမိုက်တာ မင်းကိုယ်မင်း သိတယ်နော်"

"ဘာလဲ ဘာဆိုင်လို့လဲ"

"ကျွတ် ... တော်ပြီကွာ၊ ငါ သူများဆိုင်ထဲမှာ ပြဿနာမဖြစ်ချင်ဘူး၊ အယိင်း ကျွန်တော်ပြန်တော့မယ်၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့၊ အားလုံးကောင်းဖို့ အတွက်ပါ"

တည်မြဲက ဂျင်ဂျာ့ကို စားတော့မလို ခပ်တောက်တောက်မျက်လုံးတွေနှင့် စိုက်ကြည့်ကာ ချာခနဲထထွက်သွားသည်။ ဂျင်ဂျာကလည်း နှုတ်ခမ်းကို တင်းတင်းစေ့ကာ ထိမထင်ဟန်ဖြင့် ကျန်ခဲ့လေသည်။ အယိင်းကတော့ ခေါင်းကို နာရီချိန်သီးအလား အဆက်မပြတ်ယမ်းခါရင်း ...

"နင်တို့ကတော့ အပျက် အပျက်နဲ့ တကယ်ပဲ နာခေါင်းသွေးထွက်တော့မယ်နဲ့တူပါတယ် ဂျင်ဂျာရယ်၊ ခုချိန်မှာ နင်က သူ့ရဲ့လက်ရှိချစ်သူနော်၊ ဒီအတွက် ချစ်သူသဘာ၀ ဆက်ဆံတာမျိုးတော့ရှိမှာပဲ၊ ဒါကို နင်က Against သွားလုပ်လို့မရဘူးလေ"





"ဒါတွေ ငါ မသိတော့ဘူးဟာ၊ တဖြည်းဖြည်းနဲ့ သူ့ကို ငါ ကြည့်ပြီး ခါးသီးလာပြီ၊ ဘယ်လိုမှကို ခံစားပေးလို့မရတော့ဘူး ...

ထားလိုက်တော့၊ နေ၀န်းကို ခေါ်ခိုင်းလိုက်လေ၊ စားကြရအောင်"

အယိင်းက ဘာမှမပြောတော့ဘဲ ဂျင်ဂျာ့ကို တစ်ချက်စိုက်ကြည့်ပြီးနောက် စားပွဲထိုးတစ်ယောက်အား နေ၀န်းကို ခေါ်ခိုင်းလိုက်သည်။ ခဏကြာသောအခါ နေ၀န်းကား သူ့စတိုင်လ်အတိုင်း တီရှပ်၊ ဘက်ဂီဘောင်းဘီတိုဖြင့် ရောက်လို့လာလေသည်။

"ဘယ်လိုဖြစ်ရတာလဲ၊ ဟို ဘိုးတော်တစ်ယောက် မစားမသောက်ဘဲ ကောက်ကာငင်ကာ ထပြန်သွားတယ်ဆိုတော့ မိုးရွာက ဖုန်းဆက်ခေါ်လို့နဲ့တူတယ်"

"ဘယ်ကလာ ! ဂျင်ဂျာနဲ့ ကွိုင်လောင်သွားတာ၊ အခြေအနေ သိပ်မကောင်းဘူးနော်၊ နင်းလည်းကြည့်နေ"

အယိင်းရဲ့စကားကို နေ၀န်းက အောက်နှုတ်ခမ်းကိုမဲ့ကာ ထုံးစံအတိုင်း ပခုံးတွန့်ပြသည်။ ဂျင်ဂျာကတော့ သိပ်အရေးမစိုက်လှဘဲ အရင်ဆုံးလာချပေးသော Sea Food တုန်ယန်းဟင်းချိုကို ခပ်သောက်ရင်းမှ ...

"ဘာမှမဆိုင်ဘူး တစ်ကန့်ဆီပဲ၊ တို့တွေက အခုမှ လူမှန်နေရာမှန်ဖြစ်သွားတာပေါ့၊ အစတည်းက ဒီပွဲက တို့သုံးယောက်ရဲ့ပွဲပဲဟာ၊ သူက သက်သက်လာရှုပ်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ … ပြောပါဦး မောင်နေဝန်းရဲ့၊ ရှင်နဲ့ မိုးရွာငွေ့ရဲ့အခြေအနေ၊ ဟိုနေ့က သူ့သူငယ်ချင်းတွေပါခေါ်ပြီး မုန့်လိုက်ကျွေးဖြစ်တယ်ဆို"

"ဟုတ်တယ်၊ အဲဒါက အစပါ၊ နောက်ပိုင်းတော့ သူနဲ့ ကျွန်တော် နှစ်ယောက်တည်းထိုင်တာ၊ နှစ်ခါရှိပြီ၊ တစ်နေ့က သူ ကြေးအိုးသောက်ချင်တယ်ဆိုလို့ တစ်ခါ၊ နောက်တစ်ခါက မလိခူးမှာ ကချင်စာစားချင်တယ်ဆိုလို့တစ်ခါ၊ ဖုန်းကတော့ ညတိုင်းပြောဖြစ်တယ်၊ ညတိုင်း ဖုန်းပြောတယ်ဆိုတဲ့ အရှိန်ကလည်း သေးမှမသေးတာ …

ဒီတော့ ရင်းနှီးမှုက မြန်တယ်၊ ကျွန်တော်ကလည်း သူ့ကို လုံးဝ အကြွေဇယားတွေချည်းခင်းတာ"

"ဟုတ်လား ဒီတော့ သူ့ကြည့်ရတာက …"

ဂျင်ဂျာရဲ့မေးခွန်းဆောင်သောအပြောကို သူက ခေါင်းတစ်ချက်ဆတ်ကာ …

"အင်း … ကျွန်တော့်အပေါ်မှာ စိတ်ဝင်စားမှုရှိတယ်၊ သူ့အမြင်မှာ ကျွန်တော်က လူကြီးတွေသဘောတူတဲ့လူရှိပြီးသား ကောင်မလေးတစ်ယောက်ကိုကြွေနေတဲ့ ခပ်ညံ့ညံ့ကောင်လေးပေါ့၊ အဲဒီလို"

"ဩော် … ဟုတ်လား၊ ကောင်းတာပေါ့၊ ဒါဖြင့်ရင် နင်က သူ့ကို ဘယ်တော့လောက် ဖွင့်ပြောမယ်စဉ်းစားထားလဲ"





"တကယ်တော့ ဖွင့်ပြောတယ် ဆိုတာလည်း အခြေကို အတိအကျတောင်းဖို့သာ ရှိတော့ပါ၊ ဘာလို့လဲဆိုတော့ ကျွန်တော်က ဖုန်းပြောရင်းနဲ့လည်း သူ့ကိုကြိုနေတယ်ဆိုတာ သူသိနေတာပဲလေ၊ ကျွန်တော် သူ့ကို ကြိုက်တယ်ဆိုတာ သူ သိပြီးသား၊ ပြီးတော့ ကြားထဲမှာလည်း စသလိုနောက်သလိုနဲ့ ကြုံရင်ကြုံသလို ပြောနေတာပဲ ဆိုတော့ ထူးပြီးတော့ ပြောစရာတော့ မလိုတော့ပါဘူး"

ဂျင်ဂျာက ကောင်းတယ်ဟူသော သဘောဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ လာချပေးသောဟင်းလျာကို စတင်စားသောက်နေတုန်းမှာပဲ ကိုယ်လိုဖြောင့်ဖြောင့်မစားနိုင်ရှာသော အယိုင်းထဲမှ အသံထွက်လာသည်။

"ဒီဇာတ်လမ်းရဲ့အဆုံးကို နင် ဘယ်လိုဇာတ်သိမ်းဖို့ စဉ်းစားထားလဲ ဂျင်ဂျာ"

"ငါ သိမ်းချင်တိုင်း သိမ်းလို့ရအောင် ငါက ဒီဇာတ်လမ်းကို ရေးနေတဲ့ စာရေးဆရာမမှ မဟုတ်တာ"

"မဟုတ်ဘူးလေ၊ ငါဆိုလိုတာက အခုပြဿနာက နင်နဲ့ တည်မြဲကလည်း သိပ်အဆင်မပြေဘူး၊ နင်လုပ်နေတဲ့ပုံစံအရဆိုရင် တည်မြဲနဲ့နွေဦးမိုးရွာတို့လည်း ခွာပြီမှာပဲ၊ အားလုံး အကွဲအပြဲတွေနဲ့ ဇာတ်သိမ်းမှာလား …

ဒါမှမဟုတ် ဒီကိစ္စတွေကို တည်မြဲနဲ့ အကြေအလည် ဆွေးနွေးပြီး နင့်ဘက်က သဘောထားကြီးကြီးနဲ့ အရင်လို



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုးဖြစ်အောင် ပြန်လုပ်မှာလား၊ ငါမေးတာ အဲဒါကို"

"ခုလောလောဆယ်မှာတော့ ငါ အဲဒါတွေ မစဉ်းစားသေးဘူး ဟာ၊ အခု ငါ့ခေါင်းထဲမှာရှိတာက နေဝန်းနဲ့ နွေဦးမိုးရွာတို့ အမြန်ဆုံး ရည်းစားဖြစ်သွားဖို့ပဲ၊ အိုခေ ? နေဝန်း"

ဂျင်ဂျာက နေဝန်းဆီ ဖျတ်ခနဲ အကြည့်ရောက်သွားလျှင် အရင်ထဲက ကြိုတင်ကြည့်နေခဲ့ဟန်တူသော နေဝန်းရဲ့မျက်လုံးတွေနှင့် တန်းဆုံသည်။ ဂျင်ဂျာနဲ့ အကြည့်ချင်းဆုံခိုက်မှာ နေဝန်းက ဟဲခနဲ ရယ်ပြရင်း ...

"သိပ်မကြာတော့ပါဘူး အစ်မရာ၊ အေးဆေးပါ၊ ကဲ ... ဒီအကြောင်းတွေချည်း ပြောမနေကြပါနဲ့ဗျာ၊ ပျင်းလာပြီ၊ တခြားအကြောင်းပြောပါ ...

သြော် ... စနေနေ့ကျရင် မျှော်စင်ကျွန်းမှာ ရှိုးပွဲရှိတယ် အဲဒါ"

ဒီလိုနှင့် နေဝန်းက တခြားအကြောင်းအရာသို့ ခေါင်းစဉ်ပြောင်းလိုက်သည်။ ဂျင်ဂျာသည်လည်း အရသာရှိသော အစားအသောက်များကို စားလိုက်၊ စကားတွေပြောလိုက်ဖြင့် လက်ရှိတစ်ခဏမှာတော့ အားလုံးကို မေ့လျော့သွားသည်။ အထူးသဖြင့် အယိင်းတို့မောင်နှမရဲ့ တောင်ပိုင်းရှမ်းသံဝဲဝဲတွေအောက်မှာ ကိုယ်ပါ လိုက်ဝဲပြီး နောက်ပြောင်ပြောရင်း နေ့လယ်စာထမင်းဝိုင်းလေးက စိုပြည်အသက်ဝင်ခဲ့သည်။





ချစ်သူရည်းစားတစ်ယောက်လုံးရှိစဉ်က စကားလုံးတွေ တင်းမာပေါက်ကွဲထွက်မဘာတ်ဖြစ်ခဲ့သော စကားဝိုင်းလေးသည် ခုတော့လည်း သူမဟုတ်သည့်အလား စားသောက်ပြီးတာတောင် အချိုပွဲဆက်ထိုင်ဖြစ်ရင်း ဆိုင်ကဖုန်းဆက်ခေါ်တော့မှပင် ထ,ဖို့သတိရလေသော ဂျင်ဂျာဖြစ်သွားခဲ့လေသည်။

✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

စာဖတ်သူပရိသတ်များလည်း ကြုံဖူးကြမည်။ ယောကျာ်းတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ကြားတွင် အချစ်တစ်ခုဖြစ်ပေါ်ဖို့ဆိုတာ တစ်ခါတလေတော့လည်း အကြောင်းအရာတွေ သိပ်များများစားစားမလိုပါ။ အထူးသဖြင့် သူနဲ့ မိုးရွာဆိုသော ကောင်မလေးကြားတွင် ရည်းစားဖြစ်သွားဖို့ဆိုတာကတော့ တွေ့တဲ့စတိုးဆိုင်ဝင်ပြီး ရေသန့်ဘူးဝယ်သလောက်ပင် လွယ်နေသေးသည်။ အခုလည်းပဲ သူတို့နှစ်ယောက်ဟာ မမျှော်လင့်ဘဲနဲ့ ရည်းစားဖြစ်ခဲ့ပြီဟု ပြော၍ရသည်။

တစ်နေ့မဟုတ်တစ်နေ့လည်း အနှေးနဲ့အမြန် ရည်းစားဖြစ်မှာသေချာနေပေမယ့် အဲဒီနေ့ကတော့ Romantic ဆန်ဆန်လေး ရည်းစားဖြစ်ခဲ့တယ်ဆိုရင် ပိုမှန်ပေမည်။ သူနဲ့မိုးရွာကားကန်တော်ကြီးထဲမှာ အကြော်လာစားရင်း စကားပြောနေကြသည်။ ကျောက်မြောင်းထဲက အပ်ချုပ်ဆိုင်တစ်ဆိုင်မှာ သူမ အင်္ကျီရွေး





တာကို သူကလိုက်ပို့ရင်းနဲ့ ရာသီဥတုက အုံ့ပျပျရှိတာမို့ အကြော်စားဖို့လည်း သူမကပဲ စတင်အရေးဆိုတာဖြစ်သည်။ ကောက်ညှင်းပေါင်းနဲ့ အကြော်စားရင်း စကားလေးတွေ ဟိုပြော ဒီပြော,ပြောကာ ဒီနေ့အဖို့ ရည်းစားဖြစ်ဖို့ အစီအစဉ်လည်းမရှိသေးပါ။ အကြော်စားပြီး ပိုက်ဆံရှင်းပြီး အထ,မှာပဲ မိုးပေါက်တွေက စတင်ကျလာခဲ့သည်။

သူက ဝတ်ထားသော ရှပ်အင်္ကျီကိုချွတ်ကာ မိုးရွာကိုမိုးပေးလိုက်တာကို သူမက တော်တော်ဟတ်ထိသွားဟန်တူပါသည်။ ဒီနေ့ သူ ဝတ်လာတာက အဖြူရောင်စွပ်ကျယ်ပေါ်မှာ နီညိုရောင်ကွက်စိပ် ရှပ်အင်္ကျီကို ဖက်ရှင်တစ်ခုအနေနဲ့ တွဲဖက်ဝတ်ဆင်လာတာဖြစ်သည်။ အဲဒီနောက် သူတို့ဟာ ရပ်ထားသောကားဆီသို့ ပြေးကြသည်မှာလည်း ပျော်စရာအလားပင်။ ကားပေါ်လည်းအရောက် မိုးကသဲကြီးမဲကြီးနှင့် တအုန်းအုန်းမြည်အောင်ရွာချသဖြင့် လူတွေတောင် နည်းနည်းစိုသွားသေးသည်။ သူက ကားမောင်းမထွက်သေးဘဲ အကြင်နာတွေပိုစွာဖြင့် မွေးပွလက်ကိုင်ပဝါကိုထုတ်ကာ မိုးရွာရဲ့ဆံပင်တွေကို ရေသုတ်ပေးနေခဲ့သည်။

"ဖျားဦးမယ် မိုးရွာ၊ ကိုယ် သုတ်ပေးမယ်နော်"

"အင်း"

သူမက အင်းတစ်လုံးနှင့် ပြုံးပြုံးလေး ခေါင်းညိတ်ပြသောအခါ သူကလည်း ဆက်သုတ်ပေးနေခဲ့သည်။ အဲဒီလိုနှင့် မိုးရွာရဲ့မျက်လုံးတွေနှင့် သူ့ရဲ့မျက်လုံးတွေက ကြာမြင့်စွာ စိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံမိကြသည်။ အနီးကပ်မြင်နေရသော သူမရဲ့မျက်လုံးတွေထဲမှာ သူ့အတွက် နှစ်လိုခြင်းတွေ အပြည့်ဆိုတာကို မြင်တွေ့လိုက်ရလျှင် ဒီအချိန်မှာ ရည်းစားဖြစ်ဖို့ မဝေးတော့ဘူးဆိုတာ သဘောပေါက်လိုက်လေသည်။

"မိုးရွာ"

သူမက မျက်ဝန်းများနဲ့ပြန်ထူးသည်။ အဲဒီမျက်ဝန်းတွေက သူ့ကို ညှို့ခေါ်နေသလို ရဲရဲတင်းတင်း စိုက်ကြည့်နေကြသည်။

"အပြင်မှာ မိုးတွေရွာနေတယ်နော်"

"အင်း ... အဲဒါ ဘာဖြစ်လို့လဲ"

"ဒီအချိန်မှာ ကိုယ်နဲ့မိုးရွာတို့ ချစ်သူတွေဖြစ်သွားရင် တကယ်အမှတ်တရ ဖြစ်သွားမှာနော်"

"အင် ... ဘာဆိုင်လို့လဲ"

"ဆိုင်တယ်လေ၊ မိုးသည်းသည်းထဲမှာ အချစ်တွေကလည်း သဲသဲမဲမဲဖြစ်သွားမှာပေါ့"

ဟင့်,ဆိုလား ဟမ်,ဆိုလား ဘာမှန်းမသိသော ညည်းညူသံမျိုးဖြင့် သူမကညည်းညူကာ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။ ဒါကလည်း မေးစေ့လေးကို ဆွဲလှည့်ဖို့ပေးသော အခွင့်အရေးဆိုတာ မသိတဲ့အတိ သူက မမိုက်မဲခဲ့ပါ။ မိုးရွာရဲ့ မေးစေ့လေးကို အသာအယာ ဆွဲလှည့်လိုက်သောအခါ သူမက အလိုက်သင့်ပါလာခဲ့သည်။





မျက်နှာနှစ်ခုက တကယ်ကိုနီးကပ်သော အနေအထားမှာမို့ တစ်ဦးရဲ့အသက်ရှူသံကိုတောင် တစ်ဦးက ကြားနေရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအခြေအနေဟာ သူ့ရဲ့ယောကျ်ားစိတ်ကိုလည်း နှိုးဆွနေပါသည်။

"မိုးရွာ ကိုယ် အရမ်းချစ်နေမိပြီ၊ ကိုယ့်ကို ပြန်ချစ်မယ် မဟုတ်လားဟင်"

"အင်း"

ရှက်ပြုံးတစ်ခုနှင့် ခေါင်းညိတ်ပြီးနောက် သူမက သူ့ရင်ခွင်ထဲသို့ အသာတိုးဝင်ပြီး လာခဲ့လျှင် သူက မိုးရွာကို အလိုက်သင့်ပြန်လည်ထွေးဖက်ထားရင်းမှ ဘာမဆိုင် ညာမဆိုင် တည်မြဲသာ ဆိုသော ဘိုးတော်ရဲ့မျက်နှာကို ပြေးမြင်ကာ အားနာသလိုလို ရှိသွားခဲ့သေးသည်။ ပြီးမှ သတိရတာက မဂျင်ဂျာကို ဖြစ်လေသည်။ အဲဒီအချိန်မှာပဲ သူမက သူ့ကို မော့ကြည့်လာကာ ...

"နေဝန်း ... ရှင် မိုးရွာကို တကယ်ချစ်တာလားဟင်"

"အင်းပေါ့"

သူမ မျက်လုံးတွေထဲမှာ သူ့အတွက် စိတ်မကောင်းရိပ်တွေကို တွေ့မြင်နေရသည်။ ရည်းစားရှိပြီးသား သူမကိုမှ သူက ချစ်နိုင်အားလေခြင်းဟူသော အဓိပ္ပာယ်တွေကို သူက ဖတ်မိသွားလျှင် ရယ်ချင်စိတ်က ဗိုက်ထဲကနေ၍ အလိပ်လိုက်တက်လို့လာသည်။ ဒါကြောင့် မိုးရွာရဲ့နှုတ်ခမ်းလေးကို လက်ညှိုးနှင့် ကန့်လန့်ဖြတ် ပိတ်ပစ်လိုက်ရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်တွေ မေးခွန်းတွေသိပ်မမေးပါနဲ့ မိုးရွာရယ်၊ ကိုယ့်နှလုံးခုန်သံလေးကိုပဲ ငြိမ်ငြိမ်လေးနားထောင်ပေးပါ နော်"

သူပြောလိုက်တော့မှပဲ သူမက ကျေနပ်သလိုပြုံးကာ သူ့ရင်ခွင်ထဲမှာ မှီနွဲ့ရင်း ငြိမ်သက်သွားသည်။ ခဏကြာတော့ ဘာအဓိပ္ပာယ်မှန်းမသိဘဲ သူ့ရင်ဘတ်တွေကို သူမရဲ့လက်သည်းချွန်တွေနှင့် အသာခြစ်ကုတ်နေသည်။ သူ့ရင်ဘတ်က မွေးညှင်းနုတွေကို လက်နှင့်ပွတ်နေသဖြင့် သူက နားမလည်နိုင်ဘဲဖြစ်ရကာ ယားကျိကျိပါဖြစ်လာသည်။

ဒါကြောင့် တစ်ချက်တစ်ချက်မှာ တွန့်ခနဲ တွန့်ခနဲ ဖြစ်ဖြစ်သွားတုန်းမှာပဲ သူမဖက်ထားတာက ပိုမိုတင်းကျပ်လာသလို လက်ချောင်းတွေကလည်း သူ့ကျောပြင်ကိုပါ ကုတ်ခြစ်ပွတ်သပ်နေတာက ပိုဆိုးတော့သည်။ သူ ရည်းစားများစွာ ထားခဲ့ဖူးပါသည်။ ထိုက်သင့်သလောက်ဖက်ခဲ့၊ နမ်းခဲ့ဖူးသော်လည်း တရားလွန်အဆင့်တွေ ဘာမှမပါဝင်ခဲ့ပါ။ မိန်းကလေးတစ်ယောက်နှင့် အပျော်ရည်းစားထားသည်ဟုပဲ လက်ခံထားသောကြောင့် သူများသားသမီးကိုလည်း နဖူးလေး၊ ပါးလေးနမ်းတာထက် ဘယ်တော့မှ မပိုခဲ့ပါ။

အခုလို အကြံအစည်တစ်ခုနှင့် ချဉ်းကပ်သော မိန်းကလေးမျိုးကိုဆိုလျှင် ဖက်ဖို့တောင် အခွင့်အရေးမယူချင်ခဲ့ပေ။ ဒါပေမဲ့ အခုလို သူမ ပွတ်သပ်ကျီစယ်နေသော ပုံစံက တော်ရုံယောကျ်ားတစ်ယောက်ကို မျောလွင့်နေတဲ့တိမ်ဖြစ်သွားစေ





နိုင်သည်။ သူမ ဘာကိုလမ်းကြောင်းပေးနေတယ်ဆိုတာကို သူ တဖြည်းဖြည်းနှင့် သဘောပေါက်လို့လာလျှင် သူ အံ့သြသွားလေသည်။ သူ့သူငယ်ချင်းတွေဆီက ကြားဖူးသော တချို့မိန်းကလေးတွေရဲ့(ရာခိုင်နှုန်းတော့အရမ်းနည်းသည်) အထိအတွေ့သာယာသော စိတ်လွန်ကဲမှုသည် မိုးရွာထံမှာ ရှိနေတာပါလားဟု။

အဲဒီနောက်မှာတော့ သူဟာ အသက်မရှူရဲဘဲ လှုပ်တောင်မလှုပ်ရဲဘဲ မိုးမြန်မြန်တိတ်ပါစေတော့ဟု ဆုတောင်းနေမိခဲ့တော့သည်။

✦ ✦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ... ဖြစ်မှဖြစ်ရလေ နေဝန်းရယ်၊ ကြုံရရင် အဆန်းချည်းပဲပေါ့ ဟုတ်လား ... ဟား ဟား"

သူက ဟက်ဟက်ပက်ပက် ရယ်မောနေသော မဂျင်ဂျာရဲ့ပုံစံကိုပဲ သဘောတကျပြုံးကာ ကြည့်နေမိသည်။ သူနဲ့ မိုးရွာ ရည်းစားဖြစ်သွားပြီ ဆိုတာကလို ဖုန်းထဲကနေမပြောဘဲ မဂျင်ဂျာရဲ့ဆိုင်မှာ လာပြောခြင်းဖြစ်သည်။ အဖြစ်သနစ်ရယ်အစုံကို ပြောပြနေသော သူ့စကားတွေကို မဂျင်ဂျာက စူးစူးစိုက်စိုက်နားထောင်ပြီးနောက် အားပါးတရရယ်တော့တာပဲဖြစ်လေသည်။

အင်း ... ဆံပင်လိမ်ကောက်ကောက်လေးတွေကို နမူးရှေ့ကဆံပင်အား ချစ်စဖွယ်ကလစ်သေးလေးတစ်ခုနှင့် တွယ်ထားပြီးနောက် ရှပ်အင်္ကျီ ကြည်ပြာရောင်ကွက်စိပ်လေးကို လက်ခေါက်ဝတ်ထားကာ ဂျင်း(န်)အရှည်နဲ့မို့ မဂျင်ဂျာရဲ့ပုံစံက Country Style ပေါက်နေသည်။

တကယ်ပါပဲ သူ့ဘဝတွင် ဂျင်းဘောင်းဘီဝတ် အမျိုးသမီးတွေကို အများအပြားတွေ့ဖူးသည်။ ဒါပေမဲ့လည်း





မဂျင်ဂျာလောက် ဂျင်းဘောင်းဘီဝတ်တဲ့နေရာမှာ အချိုးအစား ပြေပြစ်ကြည့်ကောင်းလွန်းလှတာ မရှိချေ။ မဂျင်းဂျာသည် ဂျင်းဘောင်းဘီဝတ်ထားလျှင် အင်မတန်ကြည့်ကောင်းကာ လုံးဝအထာကျလှသည်။ နိုင်ငံခြားမှာဆိုလျှင်တော့ Levis တို့၊ Guess ၊ Gucci အစရှိသော ကုမ္ပဏီတွေက ဂျင်းဘောင်းဘီသီးသန့်ကြော်ငြာ ရိုက်ဖို့တောင် လာငှားနိုင်လေသည်။

ဘာကြောင့်မှန်းမသိပါ။ သူ့ထက် ခြောက်နှစ်ကျော်၊ ခုနစ်နှစ်နီးပါးကြီးသည့် မဂျင်ဂျာကို ကိုယ့်အစ်မတစ်ယောက်လိုသံယောဇဉ်ရှိမိသလို ကိုယ့်ရဲ့ သက်တူရွယ်တူ ဘော်ဒါတစ်ယောက်ကို ပေါင်းသင်းရသလိုလည်း တလွတ်တလပ် တရင်းတနှီးရှိလှသည်။

"အစ်မ ကျေနပ်သွားပြီ မဟုတ်လား"

"ဒါပေါ့၊ ကျေနပ်တာပေါ့၊ နေဝန်း ဘာလိုချင်လဲ"

"ကျွန်တော် လိုချင်တာ အစ်မက တကယ်ပေးမှာလား"

သူက ပြုံးစိစိဖြင့် တမင်စိုက်ကြည့်ပြီး မေးလိုက်လျှင် မဂျင်ဂျာက သူ့ကို အသေအချာပြန်ကြည့်ကာ "ဘာလဲ"ဟု မေးသည်။

"မဟုတ်ဘူးလေ၊ အစ်မ တကယ်ပေးမှာလားသာဖြေပါ"

"ဩော် ... နင် ဘာလိုချင်တယ်ဆိုတာ ငါက သိဦးမှပေါ့ဟဲ့"

"အစ်မကြည့်ရတာ ကြောက်နေတဲ့ပုံပဲ၊ စိတ်ချပါ ကျွန်တော်က အစ်မ မတတ်နိုင်တာကို မတောင်းဆိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဟာ ... စကားရှည်မနေစမ်းပါနဲ့၊ ပြောမှာသာပြောစမ်းပါ"

"ကျွန်တော့်ကို အစ်မကိုယ်တိုင် ခေါင်းလျှော်ပေး"

"ဟမ် ... ဘာပြောတယ်"

"ကြားရဲ့သားနဲ့ နှစ်ခါ ပြန်ပြန်မမေးနဲ့ဗျာ မောတယ်၊ ကဲ... ပြော လျှော်ပေးမှာလား၊ မလျှော်ပေးဘူးလား"

သူ့စကားကို မဂျင်ဂျာက မျက်မှောင်တွန့်ချိုးချိုးဖြင့် ကြည့်လာကာ ...

"နင်က ဘာဖြစ်လို့ အဲဒါကိုမှ တောင်းဆိုရတာလဲ"

"သိဘူးဗျာ၊ ကျွန်တော် အစ်မခေါင်းလျှော်ပေးတာကို ခံကြည့်ချင်တယ်၊ ကျွန်တော် ဖြူးတီးဆလွန်းတွေမှာ တော်တန်ရုံ ခေါင်းလျှော်ခဲ့ပါတယ်၊ အစ်မ ခေါင်းလျှော်ပေးရင် ကောင်းမှာပဲလို့ အတွေးဝင်လာမိလို့ပါ ...

ဘယ်လိုလဲ အစ်မ ဖြစ်နိုင်မလား"

နေဝန်းကတော့ မျက်စပစ်ပြီး မေးနေသည်။ ဂျင်ဂျာသည် နေဝန်းကိုစိုက်ကြည့်ရင်းမှ ဒါ ဘာအဓိပ္ပာယ်လဲ ဆိုတာကို အပြင်းအထန် စဉ်းစားနေမိသည်။ တောင်းဆိုစရာကိစ္စတွေ အများကြီးရှိပါလျက်နှင့် ဂျင်ဂျာကိုယ်တိုင် ခေါင်းလျှော်ဖို့အခွင့်အရေးကို ဘာကြောင့် တောင်းဆိုရသနည်း။

ဂျင်ဂျာရဲ့ ပင်ကိုစိတ်ရင်းအရ ဘယ်သူ့ကိုမဆို ဖော်ရွေခင်မင်စွာ ဆက်ဆံတတ်သော်လည်း စည်းဘောင်တင်းမှ





အတွင်းမှာတော့ အမြဲတမ်းနေထိုင်ခဲ့သူဖြစ်သည်။ ဒါပေမဲ့လည်း ဒီကောင်လေးဟာ ဂျင်ဂျာကို ဘယ်လိုမြင်နေလဲတော့မပြောတတ်ပါ။ သူ့ကို ဂျင်ဂျာ ခေါင်းလျှော်ပေးဖို့ဆိုတာ ဖြစ်နိုင်ပါမည်လား။ ဒီဆိုင်မှာ ဂျင်ဂျာက ပိုင်ရှင်ဖြစ်သည်။ ပြီးတော့ ဂျင်ဂျာတို့ဆိုင်သည် မိန်းကလေးသီးသန့်ဖြစ်ကာ Beauty Saloonဘက်ကိုလည်း ဝင်လုပ်လေ့မရှိပါ။

အထွေ့ရာယ်ရှိသော မျက်နှာအဆီချက်ကိုသာ ကိုယ်တိုင်လုပ်ပေးတာဖြစ်ပြီး တော်တန်ရုံက လက်လွှတ်ထား၍ရသော ဝန်ထမ်းကောင်းတွေ အများကြီးရှိသည်။ ဒါကိုမှ ဒီကောင်လေးကို ဂျင်ဂျာကိုယ်တိုင် ခေါင်းလျှော်ပေးတယ်ဆိုရင် ဝန်ထမ်းတွေရှေ့မှာ ဘာဖြစ်သွားမလဲ။ ? ? ?။

"သိပ်လည်း စဉ်းစားမနေပါနဲ့ဗျာ၊ ဆံပင်တွေ ဖြူကုန်ဦးမယ် ရပါတယ်၊ အစ်မ ဖီးလ်မလာဘူးဆိုတာ ကျွန်တော်သိပါတယ် ...

အိုခေ ... အဲဒီစကားကို မေ့ပစ်လိုက်ပါ"

"မဟုတ်ပါဘူး၊ ဖီးလ်မလာဘူးဆိုတာထက် ငါ့ဆိုင်မှာက ယောကျ်ားလေးဧည့်သည်မှ လက်မခံတာ ...

နင့်ကို အဲဒီခေါင်းလျှော်စင်ကြီးပေါ် တက်ခိုင်းလိုက်တာနဲ့ အားလုံး လန့်အော်ကြမှာပေါ့"

"အပိုတွေ ပြောမနေပါနဲ့ အစ်မရာ၊ အခုနက အစ်မစဉ်းစားနေတဲ့ပုံက အဲဒါမျိုးမဟုတ်ပါဘူး၊ ထားလိုက်ပါတော့ ...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကတော့ ကျွန်တော် ဖြစ်ချင်တဲ့ဆန္ဒကို ပြောတာလေ၊ ရပါတယ် နိုးပရော်ဘလမ်"

"ကဲ … တခြားဟာတစ်ခုခု ပြောစမ်းပါ နေဝန်း၊ ရယ်"

"ရှိတော့ဘူးဗျာ၊ ပြန်တော့မယ် ဒါပဲ"

သူက တကယ်သွားတော့မည့်ဟန်ဖြင့် ထသွားလျှင် ဂျင်ဂျာမှာ ကမန်းကတန်း လိုက်ဆွဲရသည်။ အဲဒီလိုကျတော့လည်း ကိုယ့်ကို အားသွန်ခွန်စိုက် ကူညီထားဖူးသည့် လူတစ်ယောက်ကို ဒီလိုမျိုး ပြီးပြီးရော လွှတ်လိုက်ချင်စိတ်မရှိပါ။

"နေပါဦးဟာ၊ နင်ကလည်း တခြားဟာတစ်ခုခုပြောပေါ့လို့"

ဂျင်ဂျာ့စကားကြောင့် နေဝန်းက ဂျင်ဂျာ့ကို တည့်တည့်စိုက်ကြည့်ကာ လက်ညှိုးတစ်ချောင်းထောင်ရင်းပြောသည်။

"ဒီမှာ အစ်မ ကျွန်တော် ပြောမှာတွေက ငွေရေးကြေးရေးနဲ့သက်ဆိုင်တဲ့ကိစ္စမျိုးတွေ မဟုတ်ဘူး၊ ဒီတော့ အစ်မအနေနဲ့လည်း တကူးတက လိုက်လျှောပေးချင်တဲ့ကိစ္စမျိုးတွေ ဖြစ်မှာမဟုတ်ဘူး"

"မဟုတ်ဘူးလေ၊ နင်ကလည်း ငါတတ်နိုင်တဲ့ဟာမျိုးလေးတွေတော့ ပြောပေါ့လို့"

သူက မျက်လုံးကို တစ်ချက်မှိတ်ချလိုက်သည်။ ဟင်းဆိုသည့် စိတ်ပျေ[illegible]ိုက်သောသဘော။ မျက်လုံးပြန်အဖွင့်မှာ သူ့ကို မော့ကြည့်နေသော မဂျင်ဂျာရဲ့ မျှော်တလင့်လင့်မျက်





နှာလေးကို တွေ့မြင်လိုက်ရသည့်အခါမှ သူ့ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်းမသိပါ။ ဆံပင်လေးက နဖူးပေါ်မှာ ဖောင်းဖောင်းလေးပင့်တင်ပြီး ကလစ်နဲ့တွယ်ထားပုံလေးက မိုးရွာထက်တောင်ငယ်တဲ့ပုံပေါက်နေစေသည်။ မဂျင်ဂျာရဲ့အရစ်က မြင့်တဲ့မိန်းမစာရင်းမှာပါသော်လည်း ခြောက်ပေထက်တော့ နိမ့်နေတာပဲမို့ သူ့ကို မော့ကြည့်နေပုံလေးက တကယ်ကိုပဲ ချစ်စရာလေးဖြစ်သည်။

"အစ်မ ကျွန်တော့်ကို အင်းလျားကန်ပေါင်ပေါ် လိုက်ပို့၊ ပြီးတော့ ကန်စောင်းက အကြော်ဆိုင်မှာ အကြော်နဲ့ ရခိုင်မုန့်တီသုပ်ကျွေးရမယ်၊ ဘယ်လိုလဲ"

"ဟင်း … ပြီးရော … ပြီးရောပို့မယ်၊ တကတဲမှပဲ ခဏစောင့်"

"ဘာသွားလုပ်မလို့လဲ၊ အပြင်ထွက်မယ်ဆိုပြီး မိတ်ကပ်သွားဖို့မနေနဲ့၊ ခေါင်းလည်းမဖြီးနဲ့၊ ဒီတိုင်းပဲသွားမယ် လာခဲ့"

"ဩော် … ဘာဖြစ်နေတာလဲ၊ မှာစရာရှိတာ မှာရဦးမှာပေါ့"

မဂျင်ဂျာက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ လှည့်ထွက်သွားလျှင် ရင်ထဲမှာ တစ်စုံတစ်ရာက ဖြတ်စီးဆင်းသွားသလို ခံစားသွားခဲ့ရသည်။ တခြားသွားစရာတွေ စားစရာတွေ အများကြီးရှိပါလျက်နှင့် ဘာကြောင့်များ အင်းလျားကန်ပေါင်ကိုမှ သွားချင်ရတာလဲ ဆိုတာတော့ သူ့ကိုယ်သူ မစဉ်းစားတတ်ချေ။ [illegible]ါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် မဂျင်ဂျာနဲ့ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်[illegible]ွင့်ရခဲ့ပြီမို့ သူ့ရင်မှာ အတိုင်းမသိ ကျေနပ်ပျော်ရွှင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ မဂျင်ဂျာက ဘာမှမပြင်ဆင်ဘဲ အခုန ကပုံစံအတိုင်းပဲ အိတ်တစ်လုံးဆွဲကာ ထွက်လာသည်။ ပြီးတော့မှ တစ်စုံတစ်ခုကို သတိရသောပုံစံဖြင့် ...

"ဟဲ့ ... နင့်ကားက ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော် ကားမပါလာဘူး၊ အစ်မကားနဲ့ပဲ သွားရမှာ"

သူ့စကားကြောင့် မဂျင်ဂျာက မျက်စောင်းကဲကြည့်ကာ ဘာမှမပြောဘဲ ရှေ့ကထွက်သွားသည်။ ကားပေါ်ရောက်တာနှင့် သူက ခုံကို နောက်သို့မှီလှန်ချလိုက်ရင်းမှ ...

"အား ... ဇိမ်ရှိလိုက်တာဗျာ၊ ကျွန်တော့်တစ်သက်မှာတော့ ဒီလို ကယ်လ်ဒီးနားမျိုး စီးနိုင်တော့မယ် မထင်ပါဘူး"

"ဟင်း ... ငပျင်းတွေအတွက် လောကမှာ နေရာမရှိဘူးဟဲ့"

"ဟာ ... ကျွန်တော် မပျင်းပါဘူး၊ အစ်မကိစ္စကို စွမ်းစွမ်းတမံဆောင်ရွက်ပေးထားတာနော်"

"အင်း ... ဒါကလည်း ဆော်ကိစ္စမို့ပါ"

"ဟား ... ဖွဲတယ်ဗျာ၊ အစ်မကို ကျွန်တော် ပြောပြီးပြီနော်၊ ကျွန်တော် အဲဒီကိစ္စတွေကို မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ ကြာပြီ ...

မိန်းကလေးတွေနဲ့ မပတ်သက်တော့ဘူး၊ ရည်းစားမထားတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ၊ အစ်မကြောင့်သာ ..."

"ဘာဖြစ်လဲ"





မဂျင်ဂျာက သူ့ကို ကားမောင်းရင်းမှ မိုက်ကြည့်ကြည့်ကာမေးလျှင် သူသည် အဲဒီမျက်နှာကို လုံးဝဖျားသွားရတော့သည်။ ဒါကြောင့် အတန်ကြာစိုက်ကြည့်နေပြီးတော့မှ ဟားခနဲ အော်ကာ မျက်နှာကို တစ်ဖက်သို့လှည့်ပစ်လိုက်ရသည်။

ဒီလိုနှင့် အင်းလျားကန်ပေါင်ပေါ်ရောက်လာသော အခါ ကားရပ်ထားခဲ့ပြီး မုန့်ကို အရင်မစားဘဲ သူ့ဆန္ဒအတိုင်း ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ကြသည်။ ညနေခင်း သာယာသော အချိန်အခါမို့ ကန်ပေါင်ရှုခင်းသည် စိတ်ချမ်းသာဖို့ကောင်းနေသည်။ ခပ်ဖြည်းဖြည်းတိုက်ခတ်လာသော လတ်ဆတ်သည့်လေပြည်တို့ကြောင့် မဂျင်ဂျာရဲ့မျက်နှာလေးမှာ လန်းဆန်းလာသည်။ အဲဒီမျက်နှာကို သူ့မှာ တစိမ့်စိမ့်ငေးကြည့်ရင်းမှ ရင်ထဲတွင် လှုပ်ခတ်လာသည်။

သူကြားဖူးတဲ့ စကားအရဆိုလျှင်တော့ မိန်းမတစ်ယောက်ရဲ့ အလှဆုံးအချိန်မှာ အသက်သုံးဆယ်ပတ်ဝန်းကျင်ဟု သိရသည်။ အသက်သုံးဆယ်မပြည့်သေးသော မဂျင်ဂျာသည် အဲဒီပတ်ဝန်းကျင်မှာလို့ မထင်ရအောင် Free Style ချစ်စရာကောင်းသူဖြစ်သည်။ သူကတော့ ဒီအစ်မကြီးကို လှတယ် ချောတယ်ဟု မြင်တာထက် ချစ်စရာကောင်းတယ်လို့ မြင်တာဖြစ်သည်။

ဘုရားရေ ... သူ့စိတ်ထဲမှာ မဂျင်ဂျာကို ရိုးမှရိုးရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



“အင်း ... စိတ်ထဲမှာတော့ နည်းနည်း Flesh ဖြစ်သွားတယ်ဟာ၊ ပြောရရင် ကန်ပေါင်ပေါ်မရောက်တာ တော်တော်ကြာခဲ့ပြီပဲ၊ နှစ်နဲ့တောင်ချီခဲ့ပြီ၊ မှတ်မှတ်ရရပြောရရင် နောက်ဆုံးရောက်ခဲ့တဲ့အချိန်တောင် စဉ်းစားလို့မရတော့တဲ့အထိပဲ”

သူ တွေးနေတုန်းမှာပဲ မဂျင်ဂျာထံမှ အသံထွက်လာသဖြင့် သူက ကမန်းကတန်းလှည့်ကြည့်ရသည်။ မဂျင်ဂျာကတော့ သူ့ကိုကြည့်မနေပါ။ ကန်ရေပြင်ကိုသာ ငေးမောနေသည်။ နောက်ဆုံးရောက်ခဲ့တဲ့အချိန်တောင် မမှတ်မိဘူးဆိုတော့ နောက်ဆုံးရောက်ခဲ့တာ ဘယ်သူနဲ့လို့ သူက မေးကြည့်ချင်သေးသည်။

ဒါပေမဲ့လည်း မမေးဖြစ်တော့ပါ။ သူ လှမ်းကြည့်မိသော ခပ်ဝေးဝေးက တိမ်တိုက်လေးမှာ ပေါ့ပါးစွာ ပျံ့ဝဲနေသည်။ သူ့ဘေးမှာက ဂျင်းဘောင်းဘီဝတ်ထားတဲ့ မိုးတိမ်လေးကရော??။ ဟုတ်ပါ့။ မဂျင်ဂျာဟာ ဂျင်းဘောင်းဘီဝတ် မိုးတိမ်လေးပေါ့။

“အင်မ် !... အစ်မကလေ ဂျင်းဘောင်းဘီဝတ်ထားတဲ့ မိုးတိမ်လေးနဲ့တူတယ် သိလား”

“ဘာရယ်”

မဂျင်ဂျာက သူ့စကားကို အံ့သြတကြီးနှင့် လှည့်ကြည့်သည်။ အနီးကပ်မြင်ရသော မျက်နှာနုနုသည် ကြွေသားပမာ တင်းပြောင်နေသည်။ တကယ်ပါပဲ သူနဲ့ရွယ်တူကောင်မလေးတွေထက် ဘယ်နေရာကငယ်နေမှန်းမသိအောင်ကို ငယ်နေတော့တာပဲ။





“အစ်မကိုကြည့်ရတာ ဂျင်းဘောင်းဘီဝတ်ထားတဲ့ မိုးတိမ်လေးနဲ့တူတယ်လို့ပြောတာ”

“ဟက် ... တောင်ကြီးသားက ကဗျာတွေလာဆန်နေပြန်ပြီ”

“ဟုတ်တယ်၊ အစ်မပုံစံက ပေါ့ပေါ့ပါးပါးရှိတယ်၊ ကိုယ့်ချစ်သူ သစ္စာဖောက်ခြင်းကိုခံရတဲ့သူလို့ ထင်ချင်စရာတောင်မရှိဘူးနော် ...

အချစ်ဆိုတာ ဘယ်လိုနားလည်လက်ခံထားလဲဟင်”

သူ့စကားကြောင့် မဂျင်ဂျာက မျက်မှောင်တစ်ချက်ကြုတ်သွားသည်။ ခဏလောက် စဉ်းစားနေဟန်ရှိသော်လည်း ချက်ချင်းပဲ ခေါင်းကို ခါယမ်းလိုက်ကာ ...

“မသိဘူးဟာ၊ ခုချိန်မှာ ငါ့ကို အဲဒါတွေ ဘာမှလာမမေးနဲ့၊ သိလည်းမသိဘူး၊ စဉ်းလည်းမစဉ်စားဘူး၊ အား ... ကဲ ကဲ ... လမ်းလျှောက်ရတာနဲ့ ဗိုက်တောင်ဆာလာပြီ၊ လာ ရခိုင်သုပ်နဲ့ ဘူးသီးကြော် သွားစားကြမယ်”

“ဟင် ... အစားတွေ အဲဒီလောက်တောင်စားတာ လေ့ကျင့်ခန်းလုပ်ထားတာတွေ အလကားဖြစ်သွားမှာပေါ့၊ ဝမှာမစိုးရိမ်ဘူးလား”

သူက TV ကြော်ငြာထဲက စာသားအတိုင်း အိုက်တင်ပါ ချွတ်စွပ်၊ မိန်းမပုံစံဖြင့် လုပ်ပြလိုက်လျှင် မဂျင်ဂျာက တစ်ချက်တော့ကြောင်သွားသော်လည်း ချက်ချင်းပဲ ကြော်ငြာပြန်ဝင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါဘူး၊ တို့က Slim X သောက်တယ်လေ၊ ဟား ဟား ဟား ... ကဲ ... နင်ပေါ်နေတာနဲ့ပဲ ငါက ပြန်ပေါ်နေပြန်ပြီ၊ လာ သွားမယ်"

သူ့လက်မောင်းကို ဖျတ်ခနဲရိုက်ကာပြောရင်း ရှေ့က ထွက်သွားသော မဂျင်ဂျာကို သူက ကြောင်ကြည့်ပြီး ကျန်ရစ်ခဲ့သည်။ ပြီးမှ ပြေးလိုက်မိကာ သူများတွေလုပ်သလို မဂျင်ဂျာရဲ့ပခုံးနစ်ဖက်ကို လက်နဲ့လှမ်းထောက်ပြီး တစ်ချက်ခုန်လိုက်လျှင် ဘယ်လိုနေမလဲမသိချေ။ ဒါပေမဲ့ ပခုံးကိုတော့ မထောက်ဘဲ မဂျင်ဂျာရဲ့ ခေါင်းကို မိုးအောင်တော့ ခုန်မိလိုက်သေးသည်။

မဂျင်ဂျာကတော့ ဘာမှမသိ။ သူကတော့ သူ့ကိုယ်သူ သိနေခဲ့သည်။ ပြီးတော့ ပျော်ရွှင်ကျေနပ်နေခဲ့ပါသည်။

✦ ✦





၁၈

တစ်လပျော်ချင်လျှင် မိန်းမယူ၊ တစ်နှစ်ပျော်ချင်လျှင် အရက်သောက်၊ တစ်သက်လုံးပျော်ချင်လျှင် ရည်းစားထားဟူသော စကားဟာ တကယ်ပဲ မှန်သလားတော့ မပြောတတ်ချေ။ သူဟာ ပျော်ချင်လွန်းသဖြင့် ရည်းစားရှိပြီးတာတောင်မှ သုံးလလောက် အရှိမှာတော့ အဲဒါကိုပါ ပျင်းသလိုလိုဖြစ်လာသည်။ ပျင်းဆို မိုးရွာနဲ့ သူနဲ့ကြားမှာ ထူးခြားဖြစ်စဉ်ကလည်း ဘာမှမရှိဘဲကိုး။

အစပိုင်းကတော့ ပျော်စရာလေးတွေရှိတာ ဟုတ်ခဲ့သည်။ ဟိုသွား ဒီသွား စားကြသောက်ကြနှင့် ဖလန်း ဖလန်း ဖြစ်စဉ်လေးတွေနဲ့ ပျော်စရာကောင်းတယ်လို့ ထင်ခဲ့ရတာပေါ့။ ဒါတွေဟာလည်း အမြဲတမ်းကျတော့ ပျင်းစရာလိုလိုဖြစ်လာသည်။ ပြီးတော့ သူနဲ့ မိုးရွာဟာ အသက်အရွယ်အားဖြင့်လည်း ဆယ်နှစ်တောင် ကွာတာဆိုတော့ တချို့နေရာတွေမှာ အမြင်ချင်းက သိပ်မတူချေ။ ဥပမာ သူမနှင့်အတူ ကန်တော်ကြီးထဲက ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေနားမှာထိုင်ပြီး တွတ်ထိုးတာမျိုး၊ မျှော်စင်ကျွန်းမှာ သူမနဲ့ အတူတူ စတိတ်ရှိုးတိုးဇာတ်ပွဲ‌ဖော့ပြီးကြည့်တာမျိုး၊ ဒါမျိုးတွေ သိပ်မလုပ်ချင်တော့ပေ။ ကလေးကလား နိုင်သည်ဟုထင်သည်။

အသက်ငယ်တာကြီးတာနဲ့ သိပ်မဆိုင်သော အရွယ်အလိုက် ရင့်ကျက်ပြောင်းလဲမှုမျိုးလည်း မိုးရွာထံမှာမရှိပါ။ မိုးရွာကို လေ့လာမိသလောက်ကတော့ သူမဆီမှာ လေးနက်တဲ့အရာဘာမှမရှိချေ။ ဘာကိုမှ သိပ်အလေးအနက်မထားတတ်သူဖြစ်သည်။ တော်ရုံကိစ္စများတွင် သူ့ကို စိတ်လည်းမဆိုးတတ်။ စိတ်လည်းမကောက်တတ်သဖြင့် အစပိုင်းမှာ ကြိုက်သလိုလိုရှိသော်လည်း နောက်ပိုင်းမှာတော့ တစ်ခုခုလိုနေသလို ခံစားရသည်။ စန္ဒီပါရမီနှင့်ပြည့်စုံလွန်းသောကြောင့် စိတ်မဆိုး ဒေါသမထွက်တာမဟုတ်ဘဲ ဘာကိုမှ အလေးအနက်မထားသောကြောင့် မမှုတာဖြစ်သည်။ အဲဒီလို စိတ်မျိုးကိုလည်း သူက မကြိုက်ပါ။ သူတို့နှစ်ယောက်စလုံးဟာ ပျော်ချင်ရုံသက်သက် တွဲကြတယ်ဆိုတာ ခုချိန်မှာ ကောင်းကောင်းသဘောပေါက်လာခဲ့ပြီ။

အစကတော့ သူ ထင်ခဲ့သည်မှာ မိုးရွာသည် သူ့ကို ချစ်လွန်းသဖြင့် စွဲလမ်းလွန်းသဖြင့် ရည်းစားရှိမှန်း သိသိကြီးနဲ့ တောင် လာငြိခဲ့တာဟု ထင်ခဲ့တာဖြစ်သည်။ နောက်များမှ တဖြည်းဖြည်းသိလာရတာက သူမရဲ့ဗီဇအကျင့်စရိုက်ကိုက ဘာကိုမှ ဂရုမစိုက်တတ်သောအကျင့်ပင်။ သူ့ကိုယ်သူတော့ စွဲလှပြီ အဟုတ်ကြီးပေါ့။ ဂျင်ဂျာသာသိရင်တော့ ဘယ်လောက်တောင်များ ဟားမလဲမသိပါ။ ရှက်စရာကောင်းလေစွ။





တကယ်တော့ သူ့ရင်ထဲက မြတ်မြတ်နိုးနိုး ရင်ခုန်ပြီး ချစ်ခဲ့တာသည် ဂျင်ဂျာပဲဖြစ်သည်။ တန်ဖိုးထားစရာကောင်းတာကလည်း ဂျင်ဂျာပဲဖြစ်သည်။ ဂျင်ဂျာသည် မိန်းကလေးတစ်ယောက် ထားသင့်သော ဂုဏ်သိက္ခာနှင့်တန်ဖိုးကို အပြည့်အဝထိန်းသိမ်းနိုင်သူဖြစ်သည်။ ယောကျ်ားတွေဆိုတာလည်း တရားကျဖို့တော့ကောင်းသည်။ လွယ်တဲ့လမ်းစဉ်ကို လိုက်ခဲ့သော်လည်း တန်ဖိုးထားတတ်တာကျတော့ ကွာခြားသွားသည်။

တကယ်တော့ မိုးရွာဟာ သူ့ကို ချစ်မိသွားသောစိတ်ဖြင့် မျက်စိစုံမှိတ် ဖွတ်တိုးခဲ့တာမဟုတ်ဘဲ ဘာကိုမှ ဂရုမစိုက်သော၊ အပျော်သက်သက်တွဲလိုသော စိတ်ကြောင့်သာ ရည်းစားအဖြစ်တွဲခဲ့သည်ဆိုတာကို တွေးမိသွားခဲ့လျှင် မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာဆိုတာကိုလည်း အဲဒီကျမှ သတိထားမိခဲ့တော့တာဖြစ်သည်။ ဂုဏ်သိက္ခာကို တန်ဖိုးထားသော မိန်းကလေးတစ်ယောက်သာဆိုလျှင် အချစ်တစ်ခုကို ရူးရူးမိုက်မိုက် ခံစားမိမှသာ ဒါမျိုးကို ဖွတ်တိုးမည်။ ခုတော့ တကယ်ချစ်တဲ့စိတ်လည်းမရှိဘဲ အပျော်တွဲဖို့သာ ရည်ရွယ်ခဲ့သော မိုးရွာရဲ့စိတ်ကို သူ တန်ဖိုးမထားချင်တော့ပါ။ ဒီအချိန်မှာ သူ သတိရတမ်းမိတာသည် ဂျင်ဂျာပဲဖြစ်တော့သည်။

သတိရတမ်းတမိဆို မနက်ခင်း Breakfast ဝိုင်းမှာလည်း သူ့အမေက သူနဲ့ဂျင်ဂျာအကြောင်းကို ဆွေးနွေးပြောဆိုလာသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ရှေ့လထဲဆိုရင် မင်း အသက်သုံးဆယ့်တစ်တောင် ပြည့်တော့မယ်နော်၊ မင်းနဲ့ ဂျင်ဂျာလည်း တကယ်ကို ယှဉ်သင့်နေပြီလို့ထင်တယ် ...

ဂျင်ဂျာဆိုတာလည်း မင်းနဲ့ တစ်နှစ်ပဲကွာတာမဟုတ်လား၊ ဒီအရွယ်ဟာ မိန်းမတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့ အချိန်ကိုက်ကိုဖြစ်နေပြီ၊ ဒီထက်ကြီးသွားရင် ဘယ်လိုမှကို မကောင်းတော့ဘူး ...

သူ ကလေးမွေးရဦးမယ်၊ သားသမီးနဲ့ အရမ်းအသက်ကွာကုန်မှာ စိုးရတယ်"

သားသမီးဆိုသော စကားအကြားတွင် သူ့ရင်ထဲမှာ ဒိုင်းခနဲ တစ်ချက်ဆောင့်ခုန်သွားသည်။ ဖျတ်ခနဲပြေးမြင်မိသည်မှာ သူနဲ့တူသော သမီးလေးတစ်ယောက်ကို ပွေ့ချီရယ်မောနေသော ဂျင်ဂျာ့ရဲ့ ရုပ်သွင်ကိုဖြစ်သည်။ သမီးလေးက ဖြူဖြူဖွေးဖွေး ဝကစ်ကစ်လေးဖြစ်ကာ လက်ချောင်းတုတ်တုတ်လေးများဖြင့် ဂျင်ဂျာ့ရဲ့မျက်နှာကို တွန်းထိုးဆော့ကစားနေသည်။ ဂျင်းဘောင်းဘီကြိုက်လွန်းသော ဂျင်ဂျာသည် သူ့စိတ်ကူးယဉ်အတွေးထဲမှာတောင် ဂျင်းပန်နင့်ဖြစ်ကာ အမေတူသမီးလေးကလည်း ဂျင်းဘောင်းဘီလေးကို ဝတ်ဆင်ထားသည်။ တကယ်ကို ချစ်စရာကောင်းသော သားအမိပေ။

"ဟဲ့ ... ငါပြောနေတာ ကြားရဲ့လား၊ ဘာတွေ တွေးနေတာလဲ"





သူ့အမေက တစ်ချက်အော်လိုက်သောအခါမှ သူက သတိပြန်ဝင်လာသည်။

"အဲဟင်း ... ဘာမှမတွေးပါဘူး၊ ကြားတယ် မေမေ"

"အေး ... ကြားရင်လည်း ဂျင်ဂျာကို တစ်ရက်လောက် အိမ်ခေါ်ခဲ့ဦး၊ နောက်တစ်ပတ် ဆန်းဒေးဖြစ်ဖြစ်ပေါ့၊ ခုတည်းက ကြိုချိန်းထားလိုက်တော့ သူက အလုပ်များတယ်မဟုတ်လား ...

ဘာပဲဖြစ်ဖြစ် ကောင်မလေးက တော်ရှာပါတယ်၊ အမေက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားပေမယ့် သူ့ဘဝသူ ဒီအခြေအနေထိဖြစ်လာအောင် ရိုးရိုးသားသား ကြိုးစားခဲ့တယ်ဆိုတာ မေမေတို့လည်း သိနေတာပဲ၊ အစကတော့ မင်းသမီးပဲ လုပ်တော့မလား၊ ဘာများဖြစ်မလဲဟဲ့ဆိုပြီး တထိတ်ထိတ်စောင့်ကြည့်ခဲ့ရပေမယ့် ခုတော့လည်း သူ လျှောက်ရမယ့်လမ်းကို မှန်မှန်ကန်ကန် ရွေးချယ်သွားနိုင်ခဲ့တာပဲ ...

ဒီလိုမိန်းကလေးမျိုးနဲ့ သားလည်း တင့်တောင့်တင့်တယ်လက်ထပ်ပြီး ဘဝတစ်ခုကို ခိုင်မာအောင်တည်ဆောက်တော့၊ သားတို့ လက်ထပ်ပြီးရင်နေဖို့ သုမင်္ဂလာအိမ်ရာထဲက ခြံနဲ့အိမ်ကိုလည်း မေမေက လက်ဖွဲ့မှာ ...

မေမေ့သဘောအရတော့ သားတို့မင်္ဂလာပွဲကို ဒီနှစ်ထဲအပြီးစီစဉ်ချင်တယ်၊ ဒီဇင်ဘာလောက် နောက်ဆုံးထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ပေါ့၊ ခုမှ ဗွန်ဆိုတော့ အေးဆေးစီစဉ်ချိန်ရပါသေးတယ်၊ ဒါပေမဲ့ ခုတည်းက စ,လုပ်ရတော့မယ်၊ ဒါမှ အရမ်း Push မဖြစ်မှာ ...

သားနဲ့ ဂျင်ဂျာလည်း တွဲလာတာကြာပြီလေ၊ မိန်းကလေးဘက်ကိုလည်း ထည့်စဉ်းစားပေးရမယ်၊ သူကတော့ မိန်းကလေးဆိုတော့ လက်ထပ်ဖို့ ဘယ်လောမလဲ၊ ဒီတော့ နောက်တစ်ပတ်မှာ သူ့ကိုခေါ်လာခဲ့၊ သူ့မှာက အမေရယ်လို့ မရှိတော့ မေမေကပဲ သူ့အမေနေရာကပဲ ကြည့်ပြီးစီစဉ်ပေးရမှာ၊ နောက် သူ ဖြစ်ချင်တဲ့ပုံစံမျိုးကိုလည်း မေးရဦးမှာပေါ့ ...

ကြားလား"

"ဟုတ် ... ကြားပါတယ်၊ သား ဂျင်ဂျာနဲ့ ချိန်းလိုက်မယ် မေမေ"

သူက အဲဒီလို အသာတကြည်ပဲ ပြန်ပြောခဲ့တာပါ။ အရင်ကဆိုရင်တောင် သူ့အမေက အိမ်ထောင်ပြုဖို့ အရိပ်ယောင်သမ်းတဲ့စကားပြောလာတာနဲ့ သူက ရှောင်ထွက်သွားစမြဲဖြစ်သည်။ အခုတော့ အဲဒီလိုမဟုတ်တော့။ ဂျင်ဂျာနဲ့ လက်ထပ်ဖို့တွေးကြည့်လိုက်ရတာလည်း ရင်ခုန်ဖွယ်ရာတစ်မျိုးပဲဖြစ်တော့သည်။ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ လိုနေတဲ့ အကြင်နာတွေရှိခဲ့ရင်လည်း ညှိယူကြမည်ဟု တွေးတော့ပြီးသားဖြစ်သည်။

ဘယ်တော့ ဂျင်ဂျာဟာ သူ့ကိုချစ်ပါသည်။ ဒါပေမဲ့ သူမစတိုင်လ်က ပဲတွေသိပ်မများတတ်သော ပွင့်ပွင့်လင်း





လင်းစတိုင်မို့ အချစ်ပေါ့တယ်ဟု ထင်ရတာဖြစ်သည်။ အချစ်ကို တဖွဲ့တနွဲ့ ထုတ်ဖော်မပြတတ်သော်လည်း သစ္စာတရားနှင့်ယှဉ်တွဲသောအချစ်ဖြစ်ဖို့ ဆယ်နှစ်ကျော်တိုင် သက်သေပြခဲ့သူဖြစ်သည်။ ဒါတွေကို ခုချိန်မှာတော့ သူ ကောင်းကောင်းကြီး တန်ဖိုးထားနားလည်ခဲ့ပြီဖြစ်လေသည်။ ပြီးတော့ သူ့အမေနှင့်တွေ့ပေးဖို့ လက်ထပ်ဖို့ မင်္ဂလာရက်မြတ်သတ်မှတ်ဖို့ စတာတွေ စတာတွေ စဉ်းစားစီစဉ်ကာ ... ..."

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တယ်၊ ရှင့်အမေနဲ့ လိုက်တွေ့ပြီး လက်ထပ်ဖို့ကိစ္စ စီစဉ်ရမယ် ဟုတ်လား"

တည်မြဲရဲ့စကားကြောင့် အလန့်တကြား ထအော်မိမလိုဖြစ်သွားသော ဂျင်ဂျာသည် ပြီးတော့မှ ငါ့အသံ သိပ်များကျယ်သွားပြီလားဟု တွေးကာ လေသံကို ပြန်လျှော့ဖို့ သတိပေးရသည်။ တစ်ဖက်က တည်မြဲကတော့ ဘာတွေမှန်နေမှန်းမသိဘဲ ဂျင်ဂျာရဲ့ အလန့်တကြားအသံကို ဂရုစိုက်မိပုံမပေါ်ပါ။

"ဟုတ်တယ်၊ ကိုယ့်မားသားကြီးက ဂျင်ဂျာ့ကို ဒီတစ်ပတ်ဆန်းဒေးချိန်းခိုင်းနေတာ၊ ခုမှ ဖရိုက်ဒေးပဲရှိသေးတာဆိုတော့ အလုပ်တွေကြိုရှင်းထားချိန်ရပါသေးတယ် ...

ဘယ်လိုလဲ ဂျင်ဂျာ၊ ဖြစ်တယ်မဟုတ်လား"

"ဖြစ် ... အဲ ... နေ ... နေပါဦး၊ ဟို လက်ထပ်ဖို့က ဘာဖြစ်လို့ ကောက်ကာငင်ကာ ချက်ချင်းကြီးဖြစ်ရတာလဲ"

"ကောက်ကာငင်ကာကြီးမဟုတ်ပါဘူး၊ မေမေက ဒီနှစ်ထဲကို အပြီးလုပ်စေချင်တာ၊ နောက်အကျဆုံး ဒီဇင်ဘာပေါ့ဟာ ...





ဒီဇင်ဘာထဲမှာလုပ်ဖြစ်ဖို့ဆိုတာ ခုတည်းက စီစဉ်စရာရှိတာတွေကို စီစဉ်ရတော့မှာလေ၊ ဟိုတယ်ဒိတ်ရွေးတာတို့ ဘာတို့ အဲလိုမျိုးတွေပေါ့၊ အဲဒါတွေပြောချင်လို့ ဂျင်ဂျာ့ကို ချိန်းတာ၊ အဲဒီနေ့ အိမ်မှာလည်း မေမေ့လက်ရာကော်ရည်ခေါက်ဆွဲ လုပ်မယ်လေ"

တည်မြဲသာရဲ့အသံက တက်ကြွနေသည်။ ဂျင်ဂျာကတော့ ဒီဘက်ကနေ ဖုန်းကိုကိုင်ကာ အာစေးမိထားသူလို ဘာပြန်ပြောရမှန်းမသိချေ။ အရာရာဟာ အံ့သြမှုတို့နှင့် အတိပြီးနေသည်။ ဂျင်ဂျာ့ကို စကားပြောနေသူမှာ လက်ထပ်ဖို့စိတ်ပါနေသော တည်မြဲသာမှ ဟုတ်ပါလေစ။ သူ ... သူ့ရဲ့ရည်းစားကိုရော။ ဟိုက နောက်တစ်ယောက်နဲ့ တွဲနေမှန်းသိလို့ ဂျင်ဂျာ့ဆီ စိတ်ပြန်လည်တာလား။ ဂျင်ဂျာရဲ့ကွန်ပျူတာဦးနှောက်သည် ဟိုဟိုဒီဒီ လျှောက်တွေးကာ ခေါင်းတွေရှုပ်လာသည်။

"ဂျင်ဂျာ ကိုယ်ပြောနေတာ ကြားရဲ့လား"

"ဪ ... အင်း ... ကြားပါတယ်"

"ကြားရင် တစ်ခုခုပြန်ပြောလေ၊ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ဪ ... စဉ်းစားနေတာ၊ ဟိုဟာလေ အဲဒီဆန်းဒေးက ပဲခူးက အလှူတစ်ခု သွားစရာရှိတယ် အဲဒါ"

"ဟား ... လုပ်ပြီကွာ၊ မင်းကတော့ ဘယ်နေ့မှကို မအားနိုင်ဘူး ဖြစ်နေတာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကြားရက်တစ်ရက်ရက်ကတော့ အားမှာပါ၊ စာအုပ်ပြန်ကြည့်မှပဲရမှာ၊ ဟုတ်ပြီလေ၊ ဂျင်ဂျာ ဖုန်းပြန်ဆက်ပေးမယ်လေနော်"

"အင်း ... ဒီနေ့ညနေရော အားလား"

"ညနေ မအားဘူး၊ အပွိုင့်မန့်တစ်ခုရှိတယ်"

"ဟင်း ... ထင်ပါတယ်၊ မေးမိတာကိုကအမှားပါ၊ ပြီးရော လေ အဲဒါဆိုလည်း အားမယ့်နေ့ တစ်ရက်ရက်ကိုပြော"

"အင်း ... အင်း ... ဒါပဲနော်"

ဂျင်ဂျာက ဖုန်းချလိုက်ပြီးနောက် ရင်ဘတ်ကိုဖိကာ ဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ဘယ်လိုဖြစ်တာလဲ။ အခြေအနေတွေကို ဒီလိုမျိုးကြီး ကောက်ကာငင်ကာ ပြောင်းလဲသွားလိမ့်မည်ဟု ဂျင်ဂျာ မထင်ခဲ့ပါ။ တည်မြဲသာရဲ့လေသံဟာလည်း လက်ထပ်ဖို့အရေး တက်ကြွနေသည့်လေသံဖြစ်နေတာကို ယူဆခန်းနေရသည်။

ဒါဆို နွေဦးမိုးရွာကိုရော သူ ဘယ်အခန်းကဏ္ဍမှာထားထားတာလဲ။ အစတည်းက အပျော်တွဲဖို့ထားခဲ့တဲ့ ရည်းစားလား။ အင်းပေါ့လေ အသက်ကြီးလာတာနဲ့အမျှ အတွေ့တွေသာ အချိန်စီးလာတတ်တဲ့ ယောက်ျားတို့ရဲ့သဘောသဘာဝအရ ဘယ်ဘက်ကပဲရွေးရွေး လက်ထပ်ဖို့တော့ ဂျင်ဂျာကိုပဲရွေးမှာပေါ့။ ဒါပေမဲ့လည်း သူလုပ်ထားတာတွေကို ဂျင်ဂျာက ခွင့်လွှတ်ရဦးမှာလား။ ဒီလိုယောက်ျားမျိုးကို ဘဝတစ်သက်တာလုံးအတွက် ရွေး





ချယ်ဖို့ဆိုတာလည်း အတော့်ကို စဉ်းစားရဦးမည့်ကိစ္စပဲဖြစ်သည်။ ခေါင်းတွေရှုပ်လာသည်။ ဒီကိစ္စကို ကိုယ်နဲ့ဝိုင်းစားပေးမယ့်သူမှာ အယိင်းသာရှိလေသည်။

ဂျင်ဂျာသည် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အယိင်းဆီ ဖုန်းကောက်နှိပ်လိုက်သည်။ ဒီလို ကိုယ်စိတ်ရှုပ်နေတဲ့အချိန်မှာ အချိန်မရွေးဖုန်းဆက်တိုင်ပင်လို့ရသော မိတ်ဆွေသူငယ်ချင်းကောင်း တစ်ယောက်ယောက်ရှိတာကိုက တော်တော်ကံကောင်းလှပြီဖြစ်သည်။

"ပြော ဂျင်ဂျာ"

"အယိင်း ... ငါ့ကိုလေ ခုလေးတင်ပဲ တည်မြဲဖုန်းဆက်တယ်၊ သူ့အမေက ငါနဲ့သူ လက်ထပ်ဖို့ကိစ္စတွေ ဆွေးနွေးဖို့တဲ့၊ အဲဒါ နောက်တစ်ပတ် တနင်္ဂနွေနေ့ကို ချိန်းနေတယ်"

"ဟဲ့ ... အဲဒီတော့"

"အဲဒီတော့ ငါ ဘာလုပ်ရမလဲ၊ ပြီးတော့လေ တည်မြဲ ... တည်မြဲရဲ့ပုံစံက ငါနဲ့လက်ထပ်ဖို့ကို တက်ကြွနေတယ် ... သူ့အသံကလေ လုံးဝ ကြည်လင်တက်ကြွနေတယ် အယိင်းရယ်"

"ဟင် ... တကယ်ကြီးပဲလား"

"ဟုတ်တယ်၊ အဲဒါကြောင့် ငါလေ ဘာမှတောင် ပြန်မပြောနိုင်ဘူး၊ ဘာပြန်ပြောရမှန်းမသိအောင်ကို ကြောင်သွားတာ၊ ငါ ဘာလုပ်ရမလဲဟင်၊ ခုလောလောဆယ်တော့ ငါက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကို မအားလောက်ဘူးဆိုပြီး ငြင်းထားတယ်၊ ဒါပေမဲ့ အမြဲတမ်းမအားဘူးဆိုတာကလည်း ယုတ္တိမရှိတော့ ကြားရက်တစ်ရက်တော့ ပေးရမှာပဲ"

"နင် တစ်ခုခုကို ပြတ်ပြတ်သားသားဆုံးဖြတ်ဖို့ အချိန်ကျပြီလေ"

"ဘယ်လို !... ငါက ဆုံးဖြတ်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ နေဝန်းကို မိုးရွာနဲ့ ရည်းစားဖြစ်ခိုင်းတဲ့ ရည်ရွယ်ချက်က ဘာလဲ၊ နင် တည်မြဲကို Lesson ပေးချင်လို့မဟုတ်လား ...

ထားပါတော့ အခု တည်မြဲက နင့်ကို လိုလိုလားလား လက်ထပ်ချင်တယ်ဆိုတော့ နင့် စိတ်ကူးပြောင်းချင်လည်း ပြောင်းသွားလိမ့်မယ် ....

ဒီနေရာမှာ နင် ဆုံးဖြတ်ချက်တစ်ခုခုကို ပြတ်ပြတ်သားသားချရတော့မယ့်အချိန်ပဲလေ၊ ဒီအတိုင်းပဲ မှိန်းပြီး ဘာမှ မသိချင်ဟန်ဆောင်ပြီး ဒီလမ်းကိုပဲ ဆက်လျှောက်မလား၊ ဒါမှမဟုတ် နင် အားလုံးသိတယ်ဆိုတာ ဖွင့်ချပြီး မိုးရွာပါ တည်မြဲအပေါ်ကို သစ္စာမရှိဘူးဆိုတာ လက်တွေ့ပြမလား ...

အဲဒါဆိုရင်တော့ ဇာတ်လမ်းက နည်းနည်းရှုပ်ထွေးသွားမှာပေါ့၊ ဘယ်လိုလဲ ဂျင်ဂျာ၊ အားလုံးက နင့်လက်ထဲမှာပဲရှိတာ၊ နင်ရေးရမယ့်ဇာတ်ညွှန်းပဲ"





ဂျင်ဂျာသည် တစ်ချက်တော့ အသက်အောင့်လိုက်မိသည်ထင်သည်။ မျက်လုံးထဲမှာ တည်မြဲနှင့် မိုးရွာတို့၏ ကြည်နူးသာယာနေသောပုံရိပ်များကို ပြန်လည်မြင်ယောင်လို့လာလျှင် သွေးတွေက ဖျင်းခနဲဖြစ်သွားသည်။

"ဘာမှ စဉ်းစားနေစရာ မလိုပါဘူး၊ တည်မြဲကို ငါ Lesson ပေးမှာပါ၊ ငါ့ဆုံးဖြတ်ချက်တွေက ဘာအကြောင်းနဲ့မှ ပြောင်းလဲသွားစရာမရှိဘူး"

"ပြီးရောလေ ဒါဆို နင် အစီအစဉ်တစ်ခု စ,ဆွဲတော့၊ ဒီ Mission က အားလုံး ပိပိရိရိဖြစ်ရမယ့် Misson ပဲ ...

နင် တစ်ခုထပ်စဉ်းစားရမယ့်အချက်က နေဝန်းကို မိုးရွာအတွက် စေလွှတ်ခဲ့တာ နင်ပါဆိုတာ တည်မြဲကိုအသိပေးသင့်မပေးသင့်ကိစ္စပဲ၊ နင်အဲဒီလိုလုပ်တယ်ဆိုတာ တည်မြဲသိသွားရင် နင့်ကို ပြန်ထောက်ချင် ထောက်လာနိုင်တယ်၊ ဒါပေမဲ့လည်း ရေရှည်မှာ နောက်ကျမှ ကိစ္စတစ်ခုခုကြောင့် ပေါ်သွားခဲ့ရင် နင့်အတွက် ပိုပြောစရာဖြစ်မယ် ...

အဲဒါတော့ နင် ထပ်စဉ်းစားပေါ့"

အယ်လ်ရဲ့စကားအဆုံးတွင် ဂျင်ဂျာသည် ဘာမှမပြောနိုင်တော့ဘဲ တွေဝေနှုတ်ဆိတ်သွားတော့သည်။ ရုတ်ခြည်းပဲ ခေါင်းထဲရှုပ်လာကာ အားလုံးကို မျက်နှာစုံညီ ဖြေရှင်းပစ်ချင်သည်။ သို့သော် အချိန်ကာလတစ်ခုကို စောင့်ရဦးမည်။ အားလုံးပြီးသွားတဲ့ အငြိမ်းချမ်းဆုံးအချိန်တစ်ခုကို မျှော်လင့်မိပါသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

သူ ရင်တွေခုန်နေသည်။ တစ်နည်းအားဖြင့်ပြောရလျှင်တော့ တည်မြဲသာတစ်ယောက် ရင်တွေခုန်နေပါသည်။ ဘာကြောင့်မှန်းမသိဘဲ ဂျင်ဂျာက သူ့ကို ကန်တော်ကြီးထဲတွင် ချိန်းထားလေသည်။ ချိန်းထားတာဆာလည်း စားသောက်ဆိုင်တစ်ခုခုမှာမဟုတ်ဘဲ ကန်စပ်နားက ခုံတန်းတစ်နေရာမှာဖြစ်သည်။ ဒီလိုချိန်းပုံမျိုးဟာ လွန်ခဲ့သော ဆယ်နှစ်လောက်က ချိန်းပုံမျိုးမို့ သူက စိတ်တွေတောင် လှုပ်ရှားချင်သလိုဖြစ်ကာ ရင်ခုန်လာသည်။ ဘာပါလိမ့်။ စိုင်းစိုင်းဆိုထားသလို၊ ဖော်ဝင်းထွဋ်သီချင်းထဲကလို တစ်ကပြန်စကြပါစို့ ဆိုတာမျိုးလား။

သူက တစ်ယောက်တည်း အသားပြုံးမိကာ လက်မှနာရီကို တစ်ချက်ကြည့်မိသည်။ နံနက် ဆယ်နာရီထိုးတော့မည်။ အချိန်တိကျတတ်သူ ဂျင်ဂျာသည် ဆယ်နာရီမှာ ရောက်အောင်လာနိုင်ပါလိမ့်မည်။ အဲဒီလိုတွေးမိတော့ မလာရင်လည်း မလာနိုင်တော့





ဘူးပြောတတ်သူ ဂျင်ဂျာသည် ချိန်းထားလျှင်လည်း ဘယ်တုန်းကမှ နောက်မကျတတ်သူဖြစ်ကြောင်း ပြန်သတိရမိလေသည်။ အင်း ... ဘယ်လိုပဲဖြစ်ဖြစ်လေ သူတို့နှစ်ယောက်ဟာ တကယ်ချစ်ခဲ့သော ချစ်သူတွေဖြစ်ခဲ့တာတော့ ဘယ်လိုမှ ငြင်းမရပါ။

သူချစ်ခဲ့သော ဂျင်ဂျာဆိုတာလည်း ခုချိန်လို အောင်မြင်နေသော Business Woman နှမြတ်စန္ဒီ မဟုတ်မဲ့သလို ဂျင်ဂျာချစ်ခဲ့တာကလည်း Construction Group ကြီးတစ်ခုရဲ့ ရှယ်ယာတချို့ ပိုင်ဆိုင်ထားသော အင်ဂျင်နီယာတစ်ယောက် မဟုတ်ခဲ့ချေ။ ဘာအရောင်အဆင်းမှမရှိသော တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားဘဝမှာ ရင်ခုန်သံစစ်စစ်တွေနဲ့ ချစ်ခဲ့တယ်ဆိုတာ ဘယ်လိုမှ ငြင်းမရတဲ့အချက်ပဲ ဖြစ်လေသည်။

တကယ်တော့ အချစ်ဆိုတာလည်း နားလည်မှုတစ်ခုနဲ့ ပေါင်းစပ်မှ ကြည်နူးသာယာစွာ ရှင်သန်နိုင်တဲ့ အနေအထားတစ်ခုမဟုတ်ပါလား။ ငယ်ရွယ်စဉ်အခါမှာတော့ ချစ်သူနှစ်ယောက်ရဲ့ ပတ်ဝန်းကျင်ဆိုတာ ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့်ရှိတာမှမဟုတ်တာ။ အသက်အရွယ် ရလာတာနဲ့အမျှ လုပ်ငန်းခွင်ထဲရောက်လာတာနဲ့အမျှ ပတ်ဝန်းကျင်ကျယ်လာတတ်လျှင် ချစ်သူနှစ်ယောက်အတွက် အချိန်ဆိုတာ ရှားပါးသွားတတ်ကြတာ ဓမ္မတာပဲလေ။

ချစ်သူနှစ်ယောက်ကြားမှာ နွေးထွေးမှုနည်းပါးနေပြီလို့ ထင်ခဲ့ရင် တစ်ယောက်ယောက်က နွေးထွေးမှုဒီဂရီကို မြှင့်



www.burmeseclassic.com

www.burmeseclassic.com



တင်ပေးသင့်သည်။ ကိုယ်ဖြစ်ချင်တာကို အေးအေးဆေးဆေး နွေးနွေးထွေးထွေး ညှိယူသင့်သည်ဟုထင်သည်။ လူတွေမှာ ကိုယ့်ရဲ့ မိဘ၊ မောင်နှမတွေနဲ့တောင် စိတ်အခန့်မသင့်ဆိုတာရှိတတ်တာပဲ ဖြစ်လေရာ ချစ်သူရည်းစားနဲ့ စိတ်အဆင်ပြေဖြစ်တတ်တယ်ဆိုတာ အဆန်းမဟုတ်တော့ပြီ။

ခုချိန်မှာ ဒါတွေကို အလုံးစုံ နားလည်သဘောပေါက်ခဲ့ပြီဖြစ်သောသူသည် ဂျင်ဂျာနဲ့အတူ အဓိပ္ပာယ်ရှိသော ဘဝတစ်ခုကို တည်ဆောက်ဖို့ မျှော်လင့်ထားခဲ့ပြီးဖြစ်သည်။ နောက်မကျသေးပါဘူး ဂျင်ဂျာရယ်။ အရင်လိုလုပမယ့် ကောင်းကင်အောက် အရင်လို စိမ်းလန်းမယ့် စမ်းငယ်တစ်ခု ...။ အတွေးနဲ့အတူ သူက ဂျင်ဂျာလာမယ့်လမ်းကို နောက်တစ်ခါမျှော်ကြည့်လိုက်လျှင် အဟုတ်ကိုပဲ သူမ ရောက်လာပြီဆိုတာ သိလိုက်ရသည်။

ရာသီဥတုက မိုးသက်လေစိမ့်စိမ့်ကြောင့် အေးမြသာယာသော အနေအထားရှိသည့်အခါတွင် ဂျင်ဂျာက အနက်ရောင်ဇာ လက်ရှည်တစ်ထည်ကို ဖြူလွှသော မိန်းကလေးဝတ်လောင်းပန် ဘောင်းဘီရှည်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသောကြောင့် တော်ဝင်ဆန်ဆန် လှပနေသည်။ လေပြည်တွေကြောင့် ဝေ့ဝဲနေသော ဆံနွယ်ခွေလိမ်လိမ်လေးများကို မြင်ရတော့မှ ဒီဆံနွယ်တွေကို မနမ်းရှိုက်ရတာ ဘယ်လောက်ကြာပြီဆိုတာ သတိပြုမိတော့သည်။

"ဂျင်ဂျာ"





သူက နှုတ်ဆက်သလို ခေါ်မိလျှင် ဂျင်ဂျာက အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ညိတ်ပြသည်။ သူ့စိတ်ထဲတွင် ထူးဆန်းသော တစ်စုံတစ်ရာကို ခံစားနေရသည်။ ဆယ်နှစ်ကျော်မျှ သိကျွမ်းရင်းနှီးခဲ့ရသူ၏ မျက်နှာတွင် တစ်ခုခုကို လျှို့ဝှက်သယ်ဆောင်လာသည်ဟု ထင်မိသည်။ ဂျင်ဂျာရဲ့မျက်လုံးတွေသည် သူ့အပေါ်မှာ အတန်ငယ် စိမ်းနေသည်ဟု ထင်မိလေသည်။

"ဂျင်ဂျာ ... မင်း ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး"

သူမက ပင့်သက်ရှိုက်ရင်း ဖြေသည်။ အဲဒါကိုက ဂျင်ဂျာ့ရဲ့ပုံစံ အမှန်မဟုတ်သေးချေ။ ဂျင်ဂျာဆိုသည်မှာ အမြဲတမ်း Active ဖြစ်နေသော မိန်းမတစ်ယောက်ဖြစ်သည်။ ဒီလိုသွေးအေးတည်ငြိမ်နေသောပုံစံဟာ ဂျင်ဂျာ့ရဲ့ပုံစံ မဟုတ်ပါ။

"ဘာမှမဖြစ်ရင် ဒီလိုပုံစံကြီး ဘာလို့ဖြစ်နေရတာလဲ။ မင်း တစ်ခုခု ပြောချင်နေတာလား၊ ဘာပြောချင်တာလဲ"

သူ့စကားကြောင့် ဂျင်ဂျာက တစ်ခုခုကို ဆုံးဖြတ်ပြီးဟန်ဖြင့် သူ့ဘက်သို့ တည်တည်ငြိမ်ငြိမ်ပဲ လှည့်ကြည့်လာသည်။ အာရုံခံစားမှု သိစိတ်အရ သူတို့နှစ်ယောက်ကြားထဲတွင် တစ်ခုခု ဖြစ်တော့မည်ဆိုတာ ကြိုသိနေသည်။

"ရှင် ကျွန်မနဲ့ တကယ်ပဲ လက်ထပ်ချင်လို့လား တည်မြဲသာ"

"ဘာဖြစ်လို့ အဲဒီလို မေးရတာလဲ ဂျင်ဂျာ။ မင်းနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ချင်စရာ ဘာအကြောင်းရှိလို့လဲ"

"ဟား ဟား ... လက်မထပ်ချင်စရာ အကြောင်း ! ဟုတ်လား။ ဒါဆိုရင် ရှင် ဘာလို့ ရည်းစားတစ်ယောက် ထပ်ထားခဲ့လဲ"

သူ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဂျင်ဂျာ သိသွားမယ်လို့ မျှော်လင့်ထားပြီးသား ဖြစ်သော်လည်း ခုလို ရုတ်တရက်ကြီး တိုက်စစ်ဆင်လာသောအခါ ဘာပြန်ပြောရမှန်း မသိတော့ပါ။ သူက နှုတ်ဆိတ်နေသောအခါ ဂျင်ဂျာက အငြိုးတကြီး ထပ်ပြောလာသည်။

"ပြောလေ ... ရှင် ကျွန်မ ကွယ်ရာမှာ ကောင်မလေးတစ်ယောက်နဲ့ ရည်းစားဖြစ်နေတယ် မဟုတ်လား"

"မဟုတ်ဘူး ဂျင်ဂျာ။ ကိုယ် ... ရှင်းပြ"

"နေစမ်းပါဦး၊ ရှင်က ဘာကိုရှင်းပြမှာလဲ။ ရှင်တို့အတွဲကို ကျွန်မ မျက်စိနဲ့ကို တပ်အပ်မြင်ပြီးသားနော်၊ ဘာမှဖုံးလို့မရဘူး"

"ဟုတ်ပါတယ်၊ ဖုံးလို့မရပါဘူး။ ကိုယ် ငြင်းလည်းငြင်းမှာ မဟုတ်ဘူး။ ဒါပေမဲ့ အကြောင်းအရာတစ်ခုရဲ့ နောက်ကွယ်တိုင်းမှာ ဇာစ်မြစ်တစ်ခုစီရှိတယ်။ သူနဲ့ ကိုယ် ဘာ့ကြောင့် ရည်းစားဖြစ်သွားတယ်ဆိုတာ အကြောင်းတစ်ခုရှိပါသေးတယ် ဂျင်ဂျာ"





"ဟာ ... သိပ်ရယ်ရတဲ့ ဒိုင်ယာလော့ခ်ပဲ တည်မြဲ။ ရည်းစားဖြစ်တာတောင်မှ ရည်းစားဖြစ်ရတဲ့ အကြောင်းတရားရှိသေးတယ်ဆိုတော့ ကျွန်မက ဘာကို ဆက်နားထောင်ပေးရဦးမှာလဲ"

"မဟုတ်ဘူး ဂျင်ဂျာ။ အဲဒီတုန်းက ကိုယ်နဲ့ မင်း နည်းနည်း အဆင်မပြေဖြစ်နေတဲ့ အချိန်ပါ။ အဲဒီမှာ သူနဲ့ဒီလိုပဲ ငြိသွားတာပါ ...

ဒါတွေက အရေးမပါ,ပါဘူး ဂျင်ဂျာ။ အရေးပါတဲ့ကိစ္စ မဟုတ်ပါဘူး၊ မင်းလည်း ဒါမျိုးကိစ္စတွေ ကြားဖူးမှာပါ။ ဒါမျိုးဆိုတာ ယောက်ျားတိုင်း ..."

"တိတ်စမ်း"

သူ့စကားတောင် မဆုံးသေးဘဲ ဖြတ်အော်ခံလိုက်ရသောကြောင့် သူက မျက်မှောင်တစ်ချက် ကြုတ်မိသွားသည်။ ဂျင်ဂျာကတော့ မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေကာ ...

"ဘာယောက်ျားတိုင်းလဲ၊ ယောက်ျားတိုင်းဆိုတဲ့ စကားကို ရှင် မသုံးစမ်းပါနဲ့။ ယောက်ျားတိုင်းဆိုရင် ရှင့်အဖေပါလား။ ရှင်က သစ္စာမရှိတဲ့လူပဲ တည်မြဲသာ။ ရှင့်ဟာရှင် အရေးမပါတဲ့ကိစ္စပဲပြောပြော၊ အပျော်ပါဆိုတဲ့ သဘောပဲဖြစ်ဖြစ် ကျွန်မအပေါ်မှာ ရှင် သစ္စာဖောက်ခဲ့တာတော့ ဘယ်လိုမှကို ငြင်းမရတဲ့ အချက်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုလေ ကျွန်မ သိပ်ယုံကြည်ခဲ့တယ် တည်မြဲသာ။ သိလား။ ဒီသတင်းကို ကြားခါစကဆိုရင်လေ ဘယ်လိုမှ မဖြစ်နိုင်ဘူး မဟုတ်နိုင်ပါဘူးဆိုပြီး မျက်စိစုံမှိတ် ငြင်းခဲ့တာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မချစ်သူ တည်မြဲသာဆိုတာ ကျွန်မအပေါ်မှာ ဟိုးအရင်တည်းက သစ္စာရှိရှိ ချစ်ခဲ့တဲ့ချစ်သူမို့လို့ပဲ။ ငယ်ရွယ်စဉ် အချိန်တုန်းကတောင် သစ္စာရှိခဲ့တဲ့သူက ဒီလို လူ့သက်တမ်း တစ်ဝက်ကျိုးချိန်ကျမှ ကျွန်မအပေါ်မှာ သစ္စာမဲ့တယ်ဆိုတာ ကျွန်မ ဘယ်လိုမှ လက်ခံလို့မရခဲ့ပါဘူး ...

ဒါပေမဲ့ နောက်ဆုံးမှာ ကျွန်မမျက်စိနဲ့ တပ်အပ်တွေ့လိုက်ရတဲ့အချိန် ဘယ်လိုမှ မယုံဘဲ မရတော့ဘူး။ ယုံခဲ့ရတယ်။ ရှင်တို့(xxx)ကော်ဖီဆိုင်ထဲ ဝင်သွားတာကိုလည်း မျက်လုံးနဲ့တည့်တည့် တွေ့ခဲ့ရတယ်။ ရှင်ဟာ ... တကယ်ပဲ အဲဒီလိုလူမျိုးဆိုတာ လက်ခံခဲ့ရတော့တယ်”

ဂျင်ဂျာရဲ့စကားသံတွေကြားမှာ သူဟာ ဘာပြန်ပြောရမှန်း မသိခဲ့ပါ။ သူမ မျက်နှာကတော့ ခံစားချက်တွေဖြင့် ပြည့်သီးနေကာ မာန်မာနတွေက တလျှပ်လျှပ် တောက်နေသည်။

“ရှင် အဲဒီလို လုပ်လိုက်တော့ ရှင့်အတွက် ဘာတွေများ ထူးခြားပြောင်းလဲသွားတာရှိလဲ။ ရှင့်အတွက် အဲဒီမိန်းကလေးက မျှော်လင့်ချက်အသစ်တစ်ခု ဆိုရင်တော့ ရှင် နာမည်ပျက်ရကျိုး နပ်မှာပေါ့ ...





ရှင့်အတွက် သူက ကျွန်မထက် ကောင်းတယ်ဆိုရင် ကျွန်မလည်း ဝမ်းသာနိုင်မှာပါ တည်မြဲ။ အခုတော့ ရှင့်အပေါ်မှာလည်း သစ္စာမရှိတဲ့ မိန်းမတစ်ယောက်အတွက် ရှင်တင်မကဘဲ ကျွန်မရဲ့ဂုဏ်သိက္ခာတွေပါ ပွန်းပဲ့တယ် တည်မြဲ ...

မတန်လိုက်တာမှရှင်”

“နေ ... နေပါဦး။ သူက သစ္စာမရှိတဲ့ မိန်းကလေးလို့ မင်းက ဘာကြောင့် ပြောနိုင်ရတာလဲ”

သူ့စကားကို ဂျင်ဂျာက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ ...

“ရှင် အခု ဒီနားကနေ ဟိုဘက်ကို ခဏသွားလိုက်။ (xxx)ဆိုင်ထဲမှာ ရှင့်ရည်းစားကို သူ့ရဲ့ရည်းစားနဲ့ တွေ့ရလိမ့်မယ်”

“ဘ ... ဘာပြောတယ် ဂျင်ဂျာ”

“ဟုတ်တယ်။ အံ့သြမနေနဲ့။ လက်တွေ့သွားကြည့်လိုက်။ ကျွန်မက လက်တွေ့ပဲ အလုပ်လုပ်တယ်။ သွားကြည့်”

သူက ဂျင်ဂျာ့ကို ဇဝေဇဝါကြည့်ကာ တကယ်ပဲ မိုးရွာ ရောက်နေခဲ့တာလားဆိုတာ သိချင်လာသည်။ မိုးရွာရောက်နေတာကို ဂျင်ဂျာက ဘယ်လိုလုပ် သိရတာလဲ။ ဘယ်လိုမှ ဆက်စပ်လို့ မရတဲ့အဆုံးမှာတော့ ဂျင်ဂျာ ပြောသလို သွားကြည့်တာက အကောင်းဆုံးအဖြေပဲ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီနားနှင့် မလှမ်းမကမ်းမှာရှိသော (xxx) စားသောက်ဆိုင်သို့ အပြေးချဉ်းကပ်လာခဲ့သည်။ ဟိုဟိုဒီဒီ ဝေ့ဝဲလိုက်ရာရင်းမှ သူဟာ မိုးရွာကို တွေ့မြင်သွားခဲ့ပါပြီ။ ကောင်လေးတစ်ယောက်နှင့် ထိုင်နေသော မိုးရွာကို ကောင်လေးက ပခုံးဖက်ထားသည်။ ခေတ်ဒီဇိုင်းအပြည့်နှင့် အဆေးကကြည့်တာတောင် ဆွဲဆောင်မှုရှိသည့် ယောကျ်ားတစ်ယောက်ဟု သိသာစေသော လူငယ်တစ်ဦးပင်။

မိုးရွာကို ဒီလိုတွေ့ရလိမ့်မည်ဟု ထင်မထားသော သူသည် အံ့သြတာကလွဲပြီး ရင်ထဲမှာ ထိထိခိုက်ခိုက် ဘာမှမခံစားရပါ။ ဒါပေမဲ့လည်း ဒီနေ့အဖို့ ဒီနေရာမှာ ရှော့ရစရာတွေချည်း ကြုံနေရသဖြင့် ဘာစကားမှ မပြောနိုင်အောင် ဖြစ်နေမိသည်။ သူတောင်မသိသော ကိစ္စတွေကို ဂျင်ဂျာက ဘယ်လိုလုပ် သိနေရတာတဲ့လဲ။ သူက ဂျင်ဂျာရှိသောနေရာကို ချက်ချင်းပဲ ပြန်လာခဲ့သည်။ ဂျင်ဂျာက သူ့ကို လက်ပိုက်ပြီး စောင့်ကြို့နေကာ ဘယ့်နယ်ရှိစဟူသော မျက်နှာပေးဖြင့် ကြည့်နေသည်။

"ဂျင်ဂျာ ... ဒါတွေကို မင်းက ဘယ်လိုလုပ် သိနေရတာလဲ"

"ထားလိုက်ပါ တည်မြဲသာ။ ဂျင်ဂျာ့အတွက် ဒါမျိုးက သိပ်ခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး"

"ကျွတ် ... အေး ... ထားပါတော့ကွာ။ ထားလိုက်ပါတော့။ ဒါတွေအားလုံးကို မင်း ဘာရည်ရွယ်ချက်နဲ့ သိစေခဲ့တာလဲ ဆိုတာပဲ ပြောတော့။ မင်း ဘာဖြစ်ချင်တာလဲ ဂျင်ဂျာ"





ဂျင်ဂျာသည် သူ့မျက်နှာကို စေ့စေ့ကြည့်ကာ အောက်ပါစကားကို တစ်လုံးချင်း ပြောလိုက်သည်။

"ကျွန်မ ရှင်နဲ့ လက်မထပ်ချင်ဘူး တည်မြဲသာ"

အဲဒီစကားသည် သူ့ရင်ဘတ်ကို လက်ကြမ်းကြီးနှင့် လာပုတ်လိုက်သလို ဗုန်းခနဲ ဖြစ်သွားစေသည်။ မယုံနိုင်လွန်းသောကြောင့် ဂျင်ဂျာကို ငဲ့ကာကြည့်ဖြစ်သည်။ ဂျင်ဂျာရဲ့မျက်နှာကတော့ ပြောင်းလဲမှု မရှိပါ။

"မင်း တကယ်ပြောနေတာလား ဂျင်ဂျာ"

"ကျွန်မ နောက်စရာ အကြောင်းမရှိဘူး"

"မဟုတ်သေးဘူး ဂျင်ဂျာ၊ မဟုတ်သေးဘူး။ ဒါက ဒီလိုမျိုး လွယ်လွယ် ဆုံးဖြတ်ချက်ချရမည့်ကိစ္စမျိုး မဟုတ်ပါဘူး ...

မင်း သေချာစဉ်းစားပါဦး၊ ခုချိန်မှာ ကိုယ့်ကို ဒေါသထွက်နေတဲ့စိတ်၊ နာကြည်းနေမယ့်စိတ်နဲ့ ဒီလိုပဲ ပြောမယ်ဆိုတာ ဒါသဘာဝကျပါတယ် ...

ဒါပေမဲ့ ဒါဟာ တစ်ဘဝလုံးအတွက်တော့ မှန်ကန်တဲ့ဆုံးဖြတ်ချက် မဟုတ်နိုင်ဘူး ဂျင်ဂျာ။ မဟုတ်သေးဘူး"

"ဟက် ... ရယ်စရာ ကောင်းလိုက်တာ တည်မြဲသာရယ်။ ရှင့်အများအတွက်တော့ ဒါဟာ တစ်ဘဝလုံးအတွက် မှန်ကန်တဲ့ဆုံးဖြတ်ချက် မဟုတ်ဘူးတဲ့လား ...

နေစမ်းပါဦး။ ရှင့်လိုသစ္စာမရှိတဲ့ လူမျိုးကို ကျွန်မက တစ်ဘဝလုံးလက်တွဲဖို့ စဉ်းစားသင့်တယ်လို့ ရှင်ကဆိုလိုချင်တာလား။ ဟင်း ... ရှင့်လိုလူမျိုးကို လက်ထပ်ဖို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ကျွန်မ တကယ်ကြောက်သွားတဲ့ကိစ္စပဲ။ ရှင် စဉ်းစားကြည့်စမ်းပါ။ ကျွန်မလို မိန်းမကတောင် ရှင့်အပေါ်မှာ ဒီနေ့ ဒီအချိန်ထိ သစ္စာရှိခဲ့တယ်။ ရှင့်ရည်းစားက ရှင့်ကို သစ္စာရှိနိုင်လား ...

ဒီလို မိန်းကလေးတစ်ယောက်ဆီမှာတောင် သာယာပြီး ပစ်ကျသွားတဲ့ရှင့်ကို ကျွန်မ ဘယ်လိုမှ အယုံကြည်မရှိတော့ဘူး တည်မြဲသာ"

"မဟုတ်သေးဘူး ဂျင်ဂျာ။ ကိုယ် မင်းကို တောင်းပန်ပါတယ်။ ကိုယ် မှားသွားတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ..."

"တော်ပြီ ဆက်မပြောနဲ့တော့။ ရှင်နဲ့ အဲဒီမိန်းကလေး ရည်းစားဖြစ်တယ်ဆိုတာ ဟုတ်တယ်ဆိုရင် ရှင် ဘာမှထပ်ပြောစရာ အကြောင်းမရှိဘူး"

ဒီမှာ ...(အဲဒီအခိုက်မှာ ဂျင်ဂျာက သူ့မျက်နှာနားသို့ တိုးကပ်ကာ သွားကြားထဲမှလာသော လေသံတိုးတိုးအေးစက်စက်ဖြင့် ...)

ရှင် အနည်းဆုံးတော့ သူ့ကို ဖက်ဖူးမယ်၊ နမ်းဖူးမယ် မဟုတ်လား။ ဟင် ... ရှင်တို့ သာယာဖူးကြမယ် မဟုတ်လား။ ရှင့်ကိုလေ သိပ်အံ့ဩတယ် တည်မြဲသာ။ ဖီးလ် မလာတော့တာလည်း တကယ်ကိုပဲ ...

ဒီအကြောင်းတွေ ကျွန်မ သိနေခဲ့တာကြာပြီ။ ရှင့်ခြေလှမ်းတွေကို စောင့်ကြည့်နေခဲ့တာ။ ခုချိန်ထိတော့ ရှင်နဲ့ နွေဦးမိုးရွာတို့ ရည်းစားဖြစ်ဆဲပဲ မဟုတ်လား"





"မဟုတ်ဘူး ဂျင်ဂျာ၊ ကိုယ် သူ့ကို ဖြတ်တော့မှာပါ။ ဖြတ်ဖို့လည်း ..."

"တော်စမ်းပါ တည်မြဲသာရယ်၊ အဲဒီကောင်မလေးက အခု နောက်တစ်ယောက်နဲ့ တွဲနေတယ်လို့ ရှင် သိသွားလို့ ဒီစကားမျိုး ထွက်တာပါ ....

တော်ပြီ ... ရှင် ဘာမှထပ်မပြောနဲ့တော့။ ရှင့်ကို ကျွန်မ အရမ်းစိတ်ပျက်တယ်။ စိတ်လည်းကုန်တယ်။ အဲဒါပဲ ပြောချင်တော့တယ် ...

ရှင့်အတွက် အပြတ်သားဆုံး စကားကတော့ ရှင့်ကို ကျွန်မ လက်မထပ်နိုင်ဘူး ဆိုတာပဲ"

ပြောပြီးတာနှင့် ဂျင်ဂျာက ချာခနဲ လှည့်ထွက်ကာ သူမရဲ့ကားပေါ်သို့တက်ပြီး မောင်းထွက်သွားခဲ့သည်။ သူဟာ နေရာမှာ ခြေစုံရပ်လျက် ဘာလုပ်ရမှန်း မသိအောင် ကျန်ရစ်ခဲ့ရသည်။ ဂျင်ဂျာကတော့ သူ့ကို လက်မထပ်နိုင်တော့ဟု အတိအလင်း ပြောဆိုသွားခဲ့ပြီ။ လက်မထပ်နိုင်တော့ဆိုတဲ့ အဓိပ္ပာယ်ဟာ လက်သာမထပ်နိုင်တယ် ရည်းစားအဖြစ်တော့ ပတ်သက်သေးသည်ဆိုတဲ့ သဘောလား။ သူလည်း နားမလည်တော့ချေ။

အရာအားလုံးဟာ တစ်ဆိတ်တော့ ရှုပ်ထွေးမွန်းကျပ်ဖို့ ကောင်းသည်ဟု ထင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"ဂျင်ဂျာနဲ့ တည်မြဲတို့တော့ အပျက်,အပျက်
နှာခေါင်းသွေးထွက်ပြီပေါ့"လို့ မအယိင်း ပြောကတည်းက တစ်မှ
ဖြစ်ပြီဆိုတာကို သိလိုက်သော သူ့စိတ်ထဲမှာ ဒိန်းခနဲမြည်သံဟာ
စိတ်မကောင်းတာထက် ပျော်ရွှင်ဖို့အတွက်ဆိုတာ သူ့ကိုယ်သူ
ပြန်သတိထားမိလျှင် နည်းနည်းတော့ ရှက်သွားရသည်ဆိုတာ
ဝန်ခံပါသည်။ စိတ်ပုပ်တာ၊ ယုတ်မာတာ မဟုတ်ပေမယ့် ကိုယ်က
မဂျင်ဂျာကို သဘောကျနေတဲ့သူဆိုတော့ သူတို့ ဒီလိုကင်းကင်း
ရှင်းရှင်း ဖြစ်သွားတာကို တစ်မျိုးတော့ ကျေနပ်မိတာပင်။

တစ်လက်စတည်း တွေးမိသွားတာက မိုးရွာကိုရော
ဖြတ်လို့ရပြီလား ဆိုတာဖြစ်သည်။ သူဟာ မိုးရွာနဲ့လည်း ဆက်
လက်ရည်းစားမဖြစ်ချင်တော့ပါ။ အခြေအနေကို သုံးသပ်ကြည့်မိ
ရသလောက်ကတော့ ဟိုဘဲကြီးနဲ့လည်း သိပ်အဆင်ပြေပုံမရသော
မိုးရွာဟာ ခုတလောမှာ သူ့ကိုပိုကပ်လာသည်။ ဖုန်းတွေ ခဏခဏ





ဆက်၊ တွေ့ဖို့ ခဏခဏချိန်းကာ အသည်းအသန် ချစ်ပြနေသော
ကြောင့် သူက တော်တော်ခေါက်ပျက်နေသည်။ ဒါကြောင့် မဂျင်ဂျာ
ကိုလည်း တွေ့ချင်တာကတစ်ကြောင်း၊ ဒီကိစ္စကိုလည်း ဘယ်လို
ဆက်စီမံမယ် ဆိုတာကို သိချင်တာကတစ်ကြောင်းကြောင့် သူက
နံနက်စောစောပဲ ဆိုင်ကရှမ်းခေါက်ဆွဲကို ပါဆယ်ဆွဲကာ လမ်းမှာ
လည်း မဂျင်ဂျာ ကြိုက်တတ်သော လက်ဖက်ရည်ချိုဆိမ့်ကို ဝင်
ဝယ်သွားသေးသည်။

မဂျင်ဂျာက ကိုးနာရီဆိုလျှင် အိမ်ကနေ ဆိုင်ကိုသွား
ပြီဟု သိထားဖူးသဖြင့် သူဟာ Breakfast မစားမီအချိန်ကို
ဖမ်းရမည်ဖြစ်လေရာ သေချာအောင် ခုနစ်နာရီအရောက် သွား
လေသည်။ ခြံဝမှာရပ်ကာ ဘဲလ်တီးသောသူ့ကို မဂျင်ဂျာတို့အိမ်
က ကောင်မလေးက အကျိုးအကြောင်းမေးပြီး မအယိင်းနှာမည်
ကြားမှ ဖွင့်ပေးတာဖြစ်သည်။ ဒါတောင် မရွှေချောက မုန့်ချိုင့်
ကိုပဲ မှတ်ယူနေသဖြင့် လူပါဝင်မှာဟာဆိုမှ ကားဝင်လို့ရအောင်
တံခါးတစ်ခုလုံး ဖွင့်ပေးလေသည်။ အထဲရောက်သောအခါ မဂျင်ဂျာ
ရဲ့အဒေါ်ကလည်း စောစောစီးစီး ရောက်လာသောသူ့ကို အင်တာ
ဗျူး ဝင်ပြန်သည်။

"အဲ ... ဟိုလေ ... မယိင်းက ပို့ခိုင်းလိုက်တာပါ။
ပြီးတော့ မဂျင်ဂျာ ပေးလိုက်တဲ့ဟာကိုလည်း ပြန်ယူခဲ့လို့
မှာသေးတယ်။ ဘာလဲ ဆိုတာတော့ မသိပါဘူး၊ သူတို့
ချင်း ဖုန်းထဲက ပြောပြီးသားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ဘွားတော်က ယုံကြည်သွားပုံရပြီး သူ့ကို ဧည့်ခန်းမှာ ထိုင်ခိုင်းသည်။

"ခဏလေးနော်။ ဂျင်ဂျာက နိုးတောင် မနိုးသေးဘူးနဲ့ တူတယ်။ သွားနှိုးပေးမယ်။ ခဏစောင့်"

သူက ဧည့်ခန်းထဲမှာ ဟိုဟိုဒီဒီကြည့်ရင်း အိပ်ရာထစအလုနှင့် ဆင်းလာမည့် မဂျင်ဂျာကို စောင့်ရသည်။ ဆယ်မိနစ်လောက်စောင့်ပြီး သူ့ကိုလာချပေးထားသော ကော်ဖီတစ်ခွက်ကုန်တော့မှ မဂျင်ဂျာက လှေကားထက်က ဆင်းသက်လာလေသည်။ အိပ်ရာနိုးထစအလုသည် သူ့ကို တဒင်္ဂမျှတော့ ရူးသွပ်သွားစေသည်။ ဒီခိုင်းက ကြိုးတစ်ချောင်း ပိုးသားညဝတ်အင်္ကျီတွေ ဘာတွေဖြင့် ဆင်းလာတာ မဟုတ်ရပါ။

ဒါပေမဲ့ အရမ်းမိုက်သည်။ အပြာနုရောင်တီရှပ်တစ်ထည်နှင့် ချည်သားဘောင်းဘီရှည် အပြာ၊ အဖြူ အစင်းလေးကို သာဝတ်လျက် ကပိုကရိုပုံစံမျိုးနှင့် ဆင်းလာပုံက တကယ်ကို ချစ်စရာကောင်းသည်။ အနည်းငယ် မို့ဖောင်းနေသော မျက်နှာလေးဟာ ခုနေ သွားထိကြည့်လိုက်လျှင် အေးစက်နေပါလိမ့်မည်။

"မောနင်း မဂျင်ဂျာ ... ဟဲ"

သူက ပြောင်စပ်စပ် နှုတ်ဆက်တာကို သူမက အိပ်ရေးမဝသည့်ပုံစံဖြင့် စုပုပ်ပုပ်ကြည့်ကာ သူ့ရှေ့က ဆိုဖာမှာ ခြေချိတ်ထိုင် လက်ပိုက်ရင်း မေးသည်။

"ရှင်က စောစောစီးစီး ဘာဖြစ်လာတာလဲ"





ရှင် ... တဲ့။ သူ့ကို နာမ်စားသုံးလိုက်တဲ့ စကားလုံးလေးက "ရှင်"ဆိုတဲ့ အသုံးအနှုန်းလေးမို့ သူက ကျိတ်ကာပျော်သွားသည်။ "နင်"ထက်စာရင် "ရှင်"က အဆင့်မြင့်တယ်လို့ ထင်တာပဲလေ။

"ဩော် ... ဟိုဒင်း ..., အစ်မစားဖို့ မုန့်လာပို့တာလေ။ စောစောလာရတာက အိမ်ကမုန့်ကို စားပြီးနေမှာစိုးလို့ပါ"

"အင်း ... ဒါနဲ့ အယ်ဒီင်းက ငါ့ဆီက ယူခဲ့ဆိုတာ ဘာကိုပြောတာလဲ၊ ဘာမှလဲ ပြောမထားပါလား"

သူက စပ်ဖြဲဖြဲနှင့် တစ်ချက်ရယ်လိုက်ပြီးမှ မျက်စိတစ်ဖက် မှိတ်ပြလိုက်ကာ ...

"အဲဒီလိုပြောမှ အိမ်ထဲဝင်လို့ ရမှာပေါ့ အစ်မရဲ့။ အစ်မအဒေါ်က မဟုတ်ရင် အပေါက်ဝကပဲ ချိုင့်ကိုယူထားပြီး ပြန်လွှတ်ချင်တဲ့ပုံနဲ့ ...

ကဲ ... အစ်မ စားတော့လေ။ အေးသွားရင် မကောင်းပဲ နေဦးမယ်"

မဂျင်ဂျာက သူ့ကို တစ်ချက်မျှ စိုက်ကြည့်ပြီးနောက် ဘာမှမပြောတော့ဘဲ "လာခဲ့"ဆိုသော သဘောဖြင့် ခေါင်းတစ်ချက်ဆတ်ကာ ခေါ်သွားသည်။ အဲဒီနောက် ထမင်းစားခန်းထဲက စားပွဲမှာ သူက ထိုင်ဖြစ်ပါသည်။ မဂျင်ဂျာက လက်ဖက်ရည်ဝယ်လာတာကိုကြည့်ကာ အံ့သြနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါ လက်ဖက်ရည်ချိုဆိမ့် ကြိုက်တယ်ဆိုတာ နင်က ဘယ်လိုလုပ် သိနေတာလဲ"

"ဒီလိုပဲပေါ့"

သူက ပြုံးစိစိဖြေတာကို မဂျင်ဂျာက မျက်မှောင်တစ်ချက်ကြုတ်ပြီးတော့ ထပ်မမေးတော့ချေ။ သူမအကြိုက် မြီးရှည်ကိုသာ နယ်ဖပ်ရင်း ငုံ့စားနေသည်။ သူက မဂျင်ဂျာရဲ့ နံနက်ခင်းအလှကို ငေးရှိုက်နေပြီးမှ ကိုယ့်ကိုယ်ကိုယ် သတိပေးရသည်။

"အစ်မကို ကျွန်တော် ပြောစရာရှိတယ်"

"ပြော"

"အစ်မနဲ့ ဟိုဘိုးတော် ပြတ်သွားပြီဆို ! "

အဲဒီစကားကြောင့် မဂျင်ဂျာက စားနေရင်းမှ သူ့ကို မျက်လုံးလှန်ကြည့်ကာ စိတ်ရှုပ်သွားသလိုပုံစံဖြင့် ...

"အဲဒါတွေ မေးနေတာ ဘာကြောင်းရှိလို့လဲ"

"ရှိတာပေါ့၊ ကျွန်တော် မိုးရွာကို ဖြတ်ချင်နေပြီ၊ သူက နတလောဟိုဘိုးတော်နဲ့ အဆင်မပြေဖြစ်လို့လား မသိဘူး၊ ကျွန်တော့်ကို အရမ်းကပ်တယ်။ စိတ်ညစ်တယ်ဗျာ၊ အဲဒါ အစ်မကိစ္စတွေ ပြီးသွားပြီဆိုရင် ကျွန်တော် အားလုံးရှင်းပစ်ချင်ပြီ"

"သဘောပဲလေ"

"အစ်မ"





သူ့ခေါ်သံကြောင့် မဂျင်ဂျာက မျက်မှောင်ကြုတ်ကာ ကြည့်ပြန်သည်။ မဂျင်ဂျာ မျက်မှောင်ကြုတ်တာကို မမြင်ဖူးခဲ့သော သူ့အတွက်တော့ အထူးအဆန်းပဲဖြစ်ကာ စိတ်ညစ်ချင်ရပါသည်။

"အစ်မ စိတ်ညစ်နေတာလားဟင်"

"မညစ်ပါဘူး"

"ညစ်ပါတယ် အစ်မရာ။ အစ်မပုံစံက တစ်ခုခုကို စိတ်ညစ်နေတဲ့ပုံကြီးပါ။ ဘာလဲ ... အသည်းကွဲနေတာလား အစ်မ"

"ဟာ ... ပေါက်ကရတွေ။ စောစောစီးစီး ဘာတွေလာပြောနေတာလဲ။ နေဝန်း ... နင် တော်တော် အားနေလား၊ ဟုတ်လား"

"မအားပါဘူး။ ဒီအချိန်က ကျွန်တော့်ရဲ့အိပ်ချိန်ပါ။ အစ်မကို စားစေချင်တဲ့ စေတနာရယ်၊ ပြီးတော့ မိုးရွာကိစ္စရယ် သိချင်လို့ မေးတာ ...

အစ်မ ညစ်နေတာတော့ ဟုတ်ပါတယ်ဗျာ။ ကျွန်တော့်ကို မညာပါနဲ့။ ဒီလိုပုံစံမျိုး အစ်မကို ဘယ်တုန်းကမှ မြင်ဖူးတာမှ မဟုတ်တာ။ အစ်မပျော်အောင် ကျွန်တော် ဘာလုပ်ပေးရမလဲ"

သူ့စကားကြောင့် မဂျင်ဂျာက စိတ်ရှုပ်သလိုကြည့်ပြီးမှ သက်သာရာရကြောင်း ဟက်ခနဲ တစ်ချက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စေတနာကို အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ဘာမှ လုပ်ပေးဖို့တော့ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင် ပြောသလို စိတ်ညစ်မနေလို့ပဲ။ အိုခေ"

သူက ဆက်မပြောတော့ပေ။ ဆက်ပြောလည်း မဂျင်ဂျာက ဝန်ခံမှာ မဟုတ်ဘူးဆိုတာ သိနေ၍ဖြစ်သည်။ ဘာပဲ ဖြစ်ဖြစ် မဂျင်ဂျာ စိတ်ညစ်နေလျှင် ပျော်အောင်လုပ်ပေးချင်တာက သူ့ရင်ထဲက ဆန္ဒစစ်စစ်ဖြစ်သည်။ သူ ကိုယ်ချင်းစာ နားလည်ပေး နိုင်ပါသည်။ ဆယ်နှစ်ကျော်မျှ လက်တွဲခဲ့သော ချစ်သူရည်းစား တစ်ယောက်နှင့် လမ်းခွဲနှုတ်ဆက်ထားသော မိန်းမတစ်ယောက် သည် အသည်းမကွဲတောင်မှ ပျော်နေနိုင်မှာတော့ မဟုတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်အနေနဲ့တော့ ရှက်ခြင်း၊ နာကြည်းခြင်း၊ ဒေါသထွက်ခြင်း စသည့်ခံစားမှုတွေ ရောပြွမ်းကာ နေလို့ထိုင်လို့မကောင်း ဖြစ်နေမှာတော့ သေချာပါသည်။

"အင်းပါ ... အစ်မ အဆင်ပြေရင် ပြီးတာပါပဲ။ ကျွန်တော် လည်း ဇယားတွေအားလုံး ရှင်းပစ်တော့မယ် အစ်မရာ ... အားလုံးပြီးဆုံးသွားပြီး အေးအေးဆေးဆေးပဲ နေ ချင်တော့တယ်။ ကျွန်တော်နဲ့ အစ်မက စ,တွေ့တည်းက အစ်မမှာ ဒီဇယားရှုပ်ကြီး ရှိနေတာ။ ဇယားရှုပ်ကြီးကြောင့် ပတ်သက်ရသလို ဖြစ်နေတာကိုး ...

အခု ဘာဇယားမှ မရှိဘဲ လွတ်လွတ်ကင်းကင်း ရှိချင်တယ်။ အိုခေနော် အစ်မ"





သူ့စကားကို မဂျင်ဂျာက နားလည်သလား၊ နား မလည်ဘူးလားတော့ မသိပါ။ ဘာမှမပြောတော့ဘဲ မြီးရှည်ကိုသာ ငုံ့စားနေတော့သည်။ သူကတော့ နံနက်ခင်းရဲ့နေခြည်သစ်နဲ့အပြိုင် ပွင့်ပွင့်နေသော မဂျင်ဂျာရဲ့မျက်နှာလေးကိုကြည့်ကာ ရင်ထဲမှ တစ်စုံတစ်ရာကို နားလည်သိမြင်လို့ လာသည်။

ဘယ်သူနဲ့မှလဲမတူ၊ ဘာနဲ့မှလဲ မတူဘဲ ကိုယ်တိုင် ခံစားမှုမှ နားလည်နိုင်မည့်အရာမှာ "အချစ်"ပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"မဂျင်ဂျာ ... ဆိုင်အတွက် ထပ်လိုတဲ့ပစ္စည်းစာရင်းတွေ ပြမလို့ပါ။ ပြီးတော့ အဆီချစက်အသစ်ရယ်၊ Breast ပြင်တဲ့စက်ရယ် အသစ်ရောက်တယ်လို့ မမော်လီက ဖုန်းဆက်ထားတယ် ...

အဲဒါ မဂျင်ဂျာ သွားကြည့်ဖို့"

ဂျင်ဂျာက စာဖတ်နေရာမှ လာပြောနေသော မန်နေဂျာမျိုးမျိုးကို တစ်ချက်မော့ကြည့်ရင်း ...

"အင်း ... ပစ္စည်းစာရင်းက ရတယ်၊ မကြည့်တော့ဘူး။ လိုတာဝယ်လိုက်ပါ။ အဆီချစက်အသင်နဲ့ Breast ပြင်တဲ့စက်ကလည်း မျိုးမျိုးပဲ သွားကြည့်လိုက်ပါ။ မ,အထင်တော့ သိပ်ထူးခြားမယ် မထင်ဘူး ...

သွားတော့ကြည့်လိုက်။ မ,တော့ မကြည့်တော့ဘူး၊ ခေါင်းနည်းနည်းကိုက်နေလို့"





"ဪ ... ဟုတ်။ ဒါဆိုရင် ကော်ဖီနဲ့ ဆေးသောက်မလား"

"ဟင့်အင်း။ ရတယ်။ ခဏနားလိုက်ရင် သက်သာသွားမှာပါ"

မျိုးမျိုးက နှုတ်ဆက်ပြီး ပြန်ထွက်သွားလျှင် ဂျင်ဂျာက ဖတ်လက်စစာအုပ်ကို အသာချကာ TV Remote ကို လှမ်းနှိပ်လိုက်သည်။ ကိုရီးယားကားတစ်ကား လာနေသောကြောင့် အခြားချန်နယ်တွေကို လျှောက်ပြောင်းနေခဲ့သော်လည်း ကိုယ့်အတွက်တော့ ဘယ်လိုင်းကမှ စိတ်ဝင်စားဖို့ မကောင်းဘူးဟု ထင်သည်။ ဂျင်ဂျာက စိတ်ပျက်စွာဖြင့် TV ကို Power Off ပစ်လိုက်ကာ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် လှဲချပစ်လိုက်သည်။ နေ့စဉ် ဝတ္တရားအရ ဆိုင်သို့ရောက်နေခဲ့ပေမယ့်လည်း ခုတလောမှာ အလုပ်ထဲ၌လည်း စိတ်မပါ,ပါ။ ဒါကြောင့် မလုပ်မဖြစ်အလုပ်တွေကိုသာ လုပ်နေပြီး နေ့ခင်းလောက်ဆိုလျှင် ဆိုင်၊ ၁ ကိုယ့်ရုံးခန်းဆိုလည်းဟုတ်၊ နားနေခန်းဆိုလည်း ဟုတ်သော [illegible]ခန်းထဲမှာသာ နေတတ်သည်။

ဘာမှလုပ်ချင်စိတ်မရှိဘဲ ဖြစ်တာကို ဒီအတိုင်းထိုင်နေလျှင် မလိုလားအပ်သော အတွေးတွေက ခေါင်းထဲဝင်လာမှာစိုးသဖြင့် ဦးနှောက်ကို အ,အားမထားဘဲ စာအုပ်တွေပဲ လိုမ့်ဖတ်နေတာဖြစ်သည်။ ဒါပေမဲ့ ကြာလာတော့လည်း ဘယ်သူကစာအုပ်တွေဖတ်၊ အခွေတွေကြည့်ပဲ လုပ်နေနိုင်မှာတဲ့လေ။ စိတ်ကိုယိန်းချုပ်ထားရတာ သိပ်ကိုပင်ပန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ တစ်သက်မှာ တစ်ခါတော့ စိတ်ကျရောဂါကို ခံစားရသလားတော့ မပြောတတ်ပါ။

အခုလည်း ဂျင်ဂျာ ဖြစ်နေတာသည် စိတ်ကျရောဂါဟု ထင်ပါသည်။ သူများတွေလို ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တွေ ဘာတွေ မပေါက်သော်ငြား ဆိုးဆိုးဝါးဝါးကြီး မဖြစ်သော်ငြားလည်း ရင်ထဲမှာ ဘယ်လိုမှ မပျော်နိုင်တော့တာတော့ အမှန်ပဲတည်း။ စီးပွားရေး၊ လူမှုရေး၊ အောင်မြင်ရေး စသဖြင့် အဘက်ဘက်မှာ ပြည့်စုံနေသော မိန်းမတစ်ယောက်၊ အထူးသဖြင့် ကိုယ်တိုင်လည်း ချောမောလှပပါလျက် လူတိုင်းက အားကျနှစ်သက်ရသော မိန်းမတစ်ယောက်ဟာ ချစ်သူရဲ့သစ္စာဖောက်ခြင်းကို ခံစားရခြင်းသည် ဘယ်သူမှ မသိလည်းပဲ ကိုယ့်ကိုယ်ကိုယ် ရှက်မိကာ ဘာကြောင့် ငါ့ကျမှဒီလိုဖြစ်ရသလဲဆိုသော အတွေးနဲ့ အတူ စိတ် ကျရသည်။

ဘာမှလုပ်ချင်စိတ်မရှိ၊ ဘယ်သူနဲ့မှလဲ တွေ့ချင်စိတ်မရှိချေ။ ဘာ့ကြောင့်ကျကာလား၊ စိတ်လေနေတာပဲလားတောင် သိပ်မခွဲခြားတတ်တော့ပါ။ ဖြစ်နိုင်လျှင် တစ်ယောက်တည်းကိုပဲ နေချင်တော့တာဖြစ်သည်။ ဒါပေမဲ့ တစ်ယောက်တည်း နေချင်ပါတယ်ဆိုမှ တံခါးခေါက်ကာ တစ်ယောက်က ဝင်လာပြန်သည်။

"မမ ... မယိင်းက ပို့ခိုင်းလိုက်တာတဲ့"

ဆိုင်က ကောင်မလေးက စတီးလ်ချိုင့်လေးကိုဆွဲကာ ပြောသည်။ ဂျင်ဂျာက ပြီးပြီးရောပဲ ထားခဲ့ဟု ဆိုတုန်းမှာပဲ





ဖုန်းလာသဖြင့် ကောင်မလေးက အလိုက်တသိပဲ ပြန်ထွက်သွားသည်။ ဂျင်ဂျာက ဖုန်းပေါ်မှာပေါ်နေသော နာမည်ကို ကြည့်ပြီးနောက် စိတ်မရှည်စွာပဲ ခပ်ဆတ်ဆတ် ထူးလိုက်သည်။ အယိင်းပို့ခိုင်းတယ်ဆိုတဲ့ နာမည်ကိုသုံးပြီး သူကိုယ်တိုင် ပို့ပေးနေတာများ မသိတာကြလို့။

"ပြော"

"အစ်မ နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ဘာလဲ ... ပြော"

"အခုပဲ ကျွန်တော်လေ အစ်မကြိုက်တဲ့ မင်းလမ်းက ရခိုင်မုန့်တီနဲ့ ငါးဖယ်ကြော်သုပ် ပို့ခိုင်းလိုက်တာ။ ဒီအချိန်ဆိုရင်တော့ အစ်မ အဆာပြေ တစ်ခုခုစားမှာပဲလို့ တွေးမိလို့လေ"

ဂျင်ဂျာက သက်ပြင်းတစ်ချက် ချမိသည်။ တစ်ပူပေါ် နှစ်ပူဆင့် ဆိုသလို သူက တစ်မျှောင့်ဖြစ်ကာ အဲဒီလိုတွေ ဂရုစိုက်နေတာကိုလည်း ဂျင်ဂျာက မကြိုက်ပါ။ လူတွေဟာ ကိုယ်စိတ်ညစ်နေချိန်မှာ နွေးထွေးကြင်နာတာကို လိုလားတော့တကြပေမယ့် ဂျင်ဂျာကျတော့ တစ်မျိုးဖြစ်ပြီး အားလုံးနဲ့ အေးအေးဆေးဆေး ကင်းကင်းပြတ်ပြတ် နေချင်သူဖြစ်သည်။

"စားချင်စိတ် မရှိပါဘူး။ နောက် မပို့နဲ့ နေဝန်း"

"အစ်မ ဘာဖြစ်နေတာလဲ။ တစ်ခုခု ဖြစ်နေတာလား"

"ဘာမှမဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဖြစ်နေပါတယ်။ ခါတိုင်းက အစ်မဆိုတာ ဒီပုံစံမျိုးမှ မဟုတ်ဘူး။ အစ်မဟာတစ်ယောက်လုံး မိုးရွာနဲ့တွဲနေတာ [illegible] နေခဲ့မှန်းသိ[illegible] ဒီလင်မျိုးနဲ့ နေခဲ့တာပဲလေ ...

အခုလိုပုံစံကြီးနဲ့ အစ်မကို မြင်ရတာ ကျွန်တော် စိတ်မချမ်းသာဘူး"

"စိတ်မချမ်းသာလည်း မတတ်နိုင်ဘူးဟေ့။ ဒီမှာ နင့်ကို ငါ တစ်ခုပြောမယ်။ ခုလောလောဆယ်မှာ ငါတစ်ယောက်တည်း နေချင်တယ်။ အပိုစကားတွေ မပြောချင်ဘူး။ ငါ့ကို တကယ်စာနာနားလည်တယ်၊ ကူညီချင်တယ်ဆိုရင် တစ်ယောက်တည်း နေခွင့်ပေးပါ။ ဟုတ်ပြီလား ...

အယိမ်းဆိုတာ နင့်ထက် ငါ့စိတ်ကို နားလည်ပေးနိုင်သူပါ။ ခုချိန်မှာ သူ ငါ့ကို အနားမှာ လာမနေပေးတာ ဂရုမစိုက်တာ မဟုတ်ဘူး။ ငါ တစ်ယောက်တည်း နေချင်မှန်းသိလို့ သူ ရှောင်ပေးထားတာ ...

သဘောပေါက်ပြီနော်"

"ဟုတ်ကဲ့ ... ပေါက်ပါပြီခင်ဗျာ"

"အိုခေ ... အဲဒါဆို ဒါပဲ"

ဂျင်ဂျာက ဖုန်းကိုပိတ်ချလိုက်သည်။ ဖြစ်နိုင်ရင်တော့ ပါဝါပါ အပြီးပိတ်ပစ်ချင်လှသည်။ ဒါပေမဲ့လည်း အလုပ်ကိစ္စအတွက်က ရှိသေးသည်မို့ ဒီအချိန်မှာတော့ စိတ်သွားတိုင်း





ကိုယ်မပါသည့်ဘဝကို စိတ်ပျက်လှသည်။ ဖြစ်နိုင်လျှင်တော့ ခုချိန်မှာ ဂျင်ဂျာသည် တစ်နေရာရာသို့ တစ်လလောက် ခရီးထွက်ပစ်ချင်သည်။ ဖုန်းတွေအားလုံးပိတ်၊ ဘယ်သူနဲ့မှလဲ အဆက်အသွယ်မလုပ်ဘဲ တစ်နေရာရာမှာ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်လှသည်။

အရင်တုန်းကတော့ စီးပွားဖော၊ အောင်မြင်ရေးဖော၊ အလုပ်ဖောတွေဖြင့် မြို့ပြရဲ့မွန်းကျပ်တာတွေ ဘာတွေလဲ ခေါင်းထဲမှာတောင် ဂရုမထားမိခဲ့ချေ။ ကမ္ဘာကြီး ပူနွေးလာတယ် ဆိုတာကိုလည်း ပြည့်စုံတဲ့ စီးပွားရေးက အချိန်ရှိသရွေ့ Air Con နှင့် နေနိုင်အောင် ဖန်တီးပေးထားသောကြောင့် ဂျင်ဂျာရဲ့စိတ်နှလုံးတို့က ထာဝရ မြောက်ဝင်ရိုးစွန်း ဖြစ်နေသည်။ ခုတော့ ...။

မြင်မြင်သမျှသည် ဂျင်ဂျာ့အတွက် မွန်းကျပ်စရာဖြစ်နေသည်။ ရန်ကုန်မြို့ကြီးသည် ကားတွေကျပ်၊ လူတွေကျပ်ဖြင့် မွန်းကျပ်စရာကောင်းနေသည်ဟု ထင်သည်။ ဒီလိုမွန်းကျပ်မှုတွေကနေ တစ်ခဏလောက်တော့ ထွက်ပြေးချင်တာ အမှန်ပဲဖြစ်တော့သည်။ ဒါကြောင့် ခရီးမထွက်နိုင်သေးသည့်အတူတူ မြို့ပြင်သို့ ကားမောင်းပြီး ထွက်လာခဲ့သည်။

ညနေစောင်းမှာ မြို့ပြင်သို့ အရှိန်တင်ပြီး ကားမောင်းရသောအခါ မွန်းကျပ်မှုတွေ ပြေသွားသလို ခံစားရသည်။ သန့်ရှင်းသောလေထုရယ်၊ တစ်မျှော်တစ်ခေါ် လယ်ကွင်းစိမ်းတွေရယ်၊ အဆုံးမရှိ မြင်ရသော ကောင်းကင်ပြာရယ်ကို ဂျင်ဂျာက ကားရပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခံစားကြည့်သည်။ အိပ်တန်းတက်ဖို့ ပျံသွားသောငှက်တွေဟာ စနစ်တကျ စီတန်းပြီး ပျံသန်းကြသဖြင့် စနစ်တကျ ပျံသန်းခြင်းကို ဘယ်လိုများ သင်ကြားတတ်မြောက်လာပါလိမ့်ဟု တွေးနေမိခဲ့သည်။

အဲဒီအချိန်မှာပဲ ဂျင်ဂျာ့ထံသို့ ဖုန်းဝင်လာခဲ့သည်။ ဖုန်းရဲ့ Ring Tone သံကို နားထောင်လိုက်တာနှင့် ဘယ်သူ့ဆီက ဆိုတာသိသော ဂျင်ဂျာသည် မျက်မှောင်တစ်ချက် ကြုတ်သွားမိသည်။ သူ ဘာလို့ဆက်တာလဲ။ ပြောရမယ်ဆိုရင် သူနဲ့ ဂျင်ဂျာ အဆက်အသွယ် မရှိတော့သည်မှာ တစ်လနီးပါး ရှိတော့မည်ဖြစ်သည်။

ဂျင်ဂျာသည် ပထမတော့ မကိုင်တော့ဘူးလို့ စဉ်းစားပြီးတော့မှ အနည်းငယ် ကြည်လင်နေသော စိတ်အခံဖြင့် စိတ်ထားက ပြန်ပြောင်းလဲသွားသည်။

"ဟယ်လို"

"ဂျင်ဂျာ ... ကိုယ်ပါ"

"အင်း ... သိတယ်၊ ပြော တည်မြဲ"

တစ်ဖက်မှ အသံတိတ်သွားပြီးတော့မှ ဂျင်ဂျာဘက်က လေတိုက်သံတွေကို ကြားသွားသည်ထင့်။

"ဘယ်ရောက်နေတာလဲ ဂျင်ဂျာ"

"တစ်နေရာမှာပါ၊ ဘာကိစ္စလဲ တည်မြဲ။ ပြောစရာရှိတာကိုသာ ပြောပါ"





"ကိုယ် မင်းနဲ့ ခဏလောက် တွေ့ချင်တယ်။ စကားပြောချင်လို့ပါ"

"လူချင်းတွေ့မှ ပြောလို့ရတာမှ မဟုတ်တာ။ အခုပြောလည်း ရတာပဲလေ"

"လူချင်းတွေ့ပြီး ပြောချင်တာ ဂျင်ဂျာ။ မင်းနဲ့ ကိုယ်နဲ့ မတွေ့ဖြစ်တာ တစ်လနီးပါး ရှိရောပေါ့။ ဒီကြားထဲမှာ မင်းဆီကို ကိုယ် ဖုန်းမဆက်ခဲ့တာ မင်း တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်မယ်လို့ ထင်လို့ပါ ...

ဒီအချိန်မှာတော့ မင်း ဒေါသတွေလည်း အနည်းထိုင်လောက်ပြီလို့ထင်တယ်။ ဂျင်ဂျာ ... မင်းကို ကိုယ်အလေးအနက်တစ်ခုလောက် ပြောချင်တယ်။ ကိုယ်တို့ အသစ်ကနေ ပြန်စကြရအောင်"

အဲဒီစကားကြောင့် ဂျင်ဂျာက အသက်အောင့်မိတော့မလို ဖြစ်သွားသည်။ အသစ်ကနေ ပြန်စမတဲ့လား။ ဒါဆို ပြီးဆုံးသွားတဲ့ အရာတွေက အားလုံး ခဝါချပြီး မေ့ပစ်လို့ရတယ်ဆိုတဲ့ သဘောလား တည်မြဲရယ်။

"ဂျင်ဂျာ ... ကိုယ်ပြောတာ ကြားလား"

"ကြားပါတယ်။ အဲဒီလောက်တော့ မလွယ်ဘူးထင်တယ်။ မဟုတ်ဘူး တည်မြဲ။ ခုချိန်မှာ ကျွန်မလေ အသစ်ကိုလည်း မျှော်လင့်မနေသလို အဟောင်းကိုလည်း တမ်းတမနေဘူး ...

ကျွန်မ ဘာကိုမှ မစဉ်းစားချင်ဘူး။ ဟုတ်ပြီနော် ... အိုခေ ... ကျွန်မ ဖုန်းချတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ဂျင်ဂျာ။ မင်း အဲဒီလိုလုပ်လို့ မဖြစ်ဘူး။ ကိုယ်တို့အနေအထားက ဒီလိုပြီးသွားရမယ့် အနေအထားမျိုး မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တို့နှစ်ယောက်က တကယ်ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါ။ မင်းက ကိုယ့်ထက် ပိုတော်တဲ့သူပါ ဂျင်ဂျာ ...

စဉ်းစားပါဦး"

"ဘာမှ စဉ်းစားစရာ မရှိတော့ဘူး တည်မြဲ။ ရှင်တောင် မစဉ်းမစားနဲ့ ထင်ရာလုပ်ခဲ့ပြီးမှ ကျွန်မကို ဘာမှလာစဉ်းစားခိုင်းမနေနဲ့ ..

ရှင် ကျွန်မကိုပြောမယ့် စကားတွေ သိပြီးသားပါ။ အသက်အရွယ်အရ လက်ထပ်သင့်နေပြီ။ ဘာမဟုတ်တဲ့ ကိစ္စလေးကို နားလည်ပြီး မေ့ပစ်လိုက်ပါ။ အသစ်ပြန်စမယ်။ ဒါတွေပဲ မဟုတ်လား ...

ဟက် ... ပြောတာတော့ လွယ်သားပဲ တည်မြဲရဲ့။ ခက်တာက လောကကြီးက ရှင်ဖြစ်ချင်သလို မဖြစ်ဘူးဆိုတာပဲ။ ဂျင်ဂျာဆိုတဲ့မိန်းမက ဆယ်နှစ်ဆိုတဲ့ သက်တမ်းကိုလည်း ဂရုမစိုက်ဘူး။ အပျိုကြီးဖြစ်မှာလည်း ဂရုမစိုက်ဘူး။ အို ... နောက်ဆုံး ကုန်ကုန်ပြောရရင် ဘာပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး။ ရှင်နဲ့ အကြာကြီးတွဲလာပြီးမှ မယူဖြစ်ခဲ့ရင် ကျွန်မပဲ သိက္ခာကျလိမ့်မယ်လို့လည်း မပြောနဲ့။ ကျွန်မ ဘာကိုမှ ဂရုမစိုက်ဘူး တည်မြဲ။ လူတွေရဲ့အမြင်ထက်





ကျွန်မရဲ့ခံစားချက်ကိုပဲ ရှေ့တန်းတင်တယ်။ ကျွန်မအပေါ် မှာငဲ့ညှာထောက်ထားမှုမရှိဘဲ လုပ်ချင်ရာလုပ်ခဲ့တဲ့ ယောက်ျားတစ်ယောက်ကို ဆယ်နှစ်ဆိုတဲ့ သက်တမ်းနဲ့လည်း လျှော်မပေးနိုင်ဘူး ...

ရှင် ကျွန်မအကြောင်းကို သဘောပေါက်သင့်ပြီ တည်မြဲ"

"ဂျင်ဂျာ ... မင်း ဘာလို့ ဒီလောက်ခေါင်းမာနေရတာလဲ"

ဒီလောက် ပြောနေတာတောင် အတွန့်တက်နေသောလူကို ဂျင်ဂျာက စိတ်ပျက်စွာဖြင့် ဟင်းခနဲ ရှုံ့မဲ့မိကာ ဖုန်းကိုပိတ်ချလိုက်သည်။ အဲဒီနောက် ပါဝါကိုပါ တစ်ခါတည်းပိတ်ရင်း ...။ ညနေစောင်းကာ နေလည်းတော်တော်ကျသွားပြီမို့ အပူဓာတ်က သိသိသာသာ လျော့သွားသည်။

ဂျင်ဂျာသည် မကြာခင် ဝင်တော့မည့် နေလုံးကြီးကို လက်ပိုက်ကြည့်ကာ ငေးနေမိလေသည်။ အချစ်ကို တွေ့ရှိခဲ့ပါလျက် နွေးထွေးရင်ခုန်ဖွယ်ကောင်းသော အချစ်တစ်ခုအဖြစ် ဒီအချိန်မှာ အချစ်က ရှိမနေနိုင်တော့တာ ဘာကြောင့်များလဲ။ ကာယကံရှင်တွေက အသုံးမကျတာလား။

အချစ်ကပဲ ဖောက်ပြန်တတ်တဲ့ သဘောလား။

ဉာဏ်မမီတော့ပါ အရှင်ဘုရား။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

"ဂျင်ဂျာ့ကို စိတ်အနှောင့်ယှက်ဖြစ်အောင် မလုပ်နဲ့။ အလိုက်အထိုက်ပဲ ကြည့်နေပြီး ကူညီစရာရှိတာပဲ ကူညီ"လို့ မှာထားတဲ့ မယိင်းရဲ့ စကားကြောင့် သူက မဂျင်ဂျာ့ဆီကို ကဒီး ကဒီး သွားတာမျိုး၊ ခဏ ခဏ ဖုန်းဆက်တာမျိုး မလုပ်တော့ပါ။ တစ်ခါတလေမှသာ ဆက်သွယ်ဖြစ်လျက် ဘာမှအကြောင်းထူးတာမျိုးလည်း မရှိချေ။ မိုးရွာနဲ့ ဓာတ်လမ်းကတော့ မနည်းကိုရှင်းလင်းပြီးသွားပြီမို့ ခုချိန်မှာ သူဟာ ရန်ကုန်ရောက်ခါစလိုပဲ အားအားလပ်လပ် ပြန်ဖြစ်နေပါသည်။

တစ်နေ့မှာတော့ သူ အမျှော်လင့်ဆုံးဖုန်းကို လက်ခံရရှိခဲ့သည်။ အဲဒါကတော့ မဂျင်ဂျာ ဆက်တာပဲ ဖြစ်လေသည်။

"နေဝန်း ... ရှင် အားသလားဟင်"

"အားတာပေါ့ အစ်မရာ၊ ကျွန်တော်က ဘာအလုပ်ရှိတဲ့ကောင် မို့လို့လဲ"





"ဟင်း ဟင်း (ရယ်သံကိုက စိတ်ရှုပ်တဲ့ ခပ်မဲ့မဲ့လေးသံဖြင့်) ရှင်ကလည်း ကိုယ့်ဂုဏ်တွေ အဲဒီလောက်တောင် ဖော်မနေပါနဲ့ ...

အင်း ... အားရင် ကျုပ်ကို တစ်ခုလောက် ကူညီပါလား"

"ဘာလဲ။ ဒီတစ်ခါတော့ ဘယ်ကောင်မလေးကိုမှ လိုက်မပေးတော့ဘူးနော်။ အဲဒါကလွဲရင် ကြိုက်တာပြော"

"အေးပါ။ အဲဒါလည်း မဟုတ်ပါဘူး။ ကျုပ်ရဲ့ကား လိုင်စင်သက်တမ်းတိုးဖို့လေ။ အဲဒါ ရုံးသွားပြီး လုပ်ပေးပါဦး။ နော် ... ဖြစ်တယ်မှလား"

"ဖြစ်ရမှာပေါ့ဗျာ"

"အင်း ... ဒါဆိုရင် အိမ်မှာလာပြီး လိုအပ်တဲ့စာရွက်စာတမ်းတွေ လာယူလိုက်လေ"

"ကောင်းပါပြီဗျာ"

ဖုန်းချပြီးသွားတာနှင့် သူက ကမန်းကတန်း ရေထချိုးကာ အမြန်အဆန်ပဲ ရှုပါဖွင့်ရသည်။ အားလုံးပြီး၍ အခန်းထဲကထွက်ကာ မယိင်းကို အပြင်သွားမယ့်အကြောင်း လျှောက်တင်တော်မူရသည်။

"မယိင်း ... ကျွန်တော် အပြင်သွားဦးမယ်။ မဂျင်ဂျာက သူ့ကားလိုင်စင်သက်တမ်းတိုးဖို့တဲ့၊ အဲဒါ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကားယူမသွားတော့ဘူး။ Taxi နဲ့ပဲ ဒိုးတော့မယ်။ ဘာမှာ ဦးမလဲ”

ဆေးမစားမိပုံနှင့် ဆေးစားပြီးပုံ၊ အကွာကြီး ကွာခြားနေသောသူ့ကို မယိင်းက အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ နှုတ်ခမ်းမဲ့လျက် ...

“ဟင်း ... ငါတော့ ရင်လေးသေးတယ်။ ဒီမှာ နေဝန်း၊ နင့်ကို ငါတစ်ခုတော့ ပြောမယ်။ ဂျင်ဂျာဆိုတာ ငါနဲ့ညီမလိုနေတဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်နော်။ ဒါပေမဲ့ ပြောစရာရှိရင် ဘယ်သူ့ဘက်မှ မလိုက်ဘဲ ပြောရမှာပဲ ...

နင် ဂျင်ဂျာ့ကို ကြိုက်နေတယ်ဆိုတာ ငါသိတယ်”

“ဟာ ... မယိင်းကလည်း။ ပြောပုံကြီးက မမိုက်လိုက်တာ”

“ထားပါ။ ငါ ပြောတာ ကဗျာမဆန်ဘူးပဲထား။ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ နင့်စိတ်ထဲမှာ ဂျင်ဂျာ ရှိနေတယ်။ အဲဒါကို နင် မငြင်းဘူး မဟုတ်လား။ အေး ... ဒါပေမဲ့ နင်နဲ့ဂျင်ဂျာက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပြီးတော့ ဂျင်ဂျာနဲ့ တည်မြဲတို့ရဲ့ သံယောဇဉ်က တစ်နှစ် နှစ်,နှစ် ဖွဲ့စည်းထားတဲ့ သံယောဇဉ်မျိုး အချစ်မျိုး မဟုတ်ဘူး ...

သူတို့ချစ်ခဲ့ကြတဲ့ နှစ်တွေနဲ့ယှဉ်ရင် အခု ပြဿနာဖြစ်တယ်ဆိုတာ လပိုင်းပဲ ရှိသေးတာ။ ဒီတော့ နင်





သူ့ကို ကူညီရင် ဘာကိုမှ မျှော်လင့်မနေပဲ စိတ်သန့်သန့်ပဲ ကူညီ။ သူများအတွဲကြားမှာ ပွဲလန့်တုန်း ဖျာဝင်ခင်းချင်မနေနဲ့”

“ဟာဗျာ ... မယိင်း ပြောတာကလည်း”

“ဟုတ်တယ်၊ ငါ အမှန်တွေကို ပြောနေတာ။ ပြီးတော့ ငါ့သူငယ်ချင်းအကြောင်းကို ငါအသိဆုံး။ သူ့ရဲ့လက်တွဲဖော်က နင် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။ သူ နင့်လိုလူမျိုးကို စိတ်ကူးထဲ ထည့်မှာမဟုတ်ဘူး နေဝန်း”

“တော်ပြီဗျာ မယိင်း၊ ကျွန်တော် သွားတော့မယ်”

“သွားလေ၊ ဒါပေမဲ့ ငါပြောတဲ့စကားတွေကိုတော့ နင့်ဦးနှောက်ထဲမှာ စွဲနေအောင်မှတ်သွား”

သူက မျက်စောင်းတစ်ချက်ထိုးကာ ဘာမှပြန်မပြောတော့ဘဲ မဂျင်ဂျာထံ Taxi ငှားပြီး ထွက်လာခဲ့သည်။ မဂျင်ဂျာထံ ရောက်သောအခါ မတွေ့ရတဲ့ ရက်တွေအတွင်း နည်းနည်းတောင် စစ်သွားသလား ထင်ရလေသည်။

“အစ်မ ပိန်သွားသလိုပဲနော်”လို့ ဆိုတော့ မဂျင်ဂျာက ပြုံးရင်း ...

“အင်း ... ငါ Exercise တွေ အရမ်းလုပ်ပစ်လို့။ ငါက စိတ်ဖိစီးတာတွေ များလာရင် လေ့ကျင့်ခန်းတွေ ခပ်ကြမ်းကြမ်း လုပ်ပစ်တတ်တယ်။ ချွေးတွေ ရွှဲနစ်နေအောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ခန္ဓာကိုယ်က ရှိန်းဖိန်းဖိန်းနဲ့ အပူတွေထွက်လာရင် ပေါ့သွားသလို ခံစားရလို့လေ”

ဟု ဖြေလေသည်။

“ကဲ ... ကျွန်တော် လုပ်ရမှာတွေကိုပြော။ ဒါတွေက ဒီနေ့ တစ်နေ့တည်း အပြီးလုပ်ရမှာလား”

“တစ်နေ့တည်းနဲ့တော့ ပြီးမယ်မထင်ဘူး။ ရတယ်လေ အဆင်ပြေသလိုပေါ့။ ရော့ ... အဲဒီမှာ ကားနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ”

သူက မဂျင်ဂျာပေးလာသောဖိုင်ကို ယူကြည့်ကာ စစ်ဆေးပြီးနောက် နားထဲမှာ မယိုင်း ပြောသော စကားတွေကို ပြန်ကြားလာသည်။ ဒါကြောင့် မဂျင်ဂျာရဲ့မျက်နှာကို အကဲခတ်လိုက်သောအခါ ပုံမှန်အတိုင်းပဲ ရှိလေသည်။ နို့စိမ်းရောင် ဘလောက်စ်လှလှလေးတစ်ထည်ကို မီနီစကတ်အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသောကြောင့် လုံးဝ smart ဖြစ်နေကာ ကြော့ရှင်းပိန်သွယ်နေသည်။ အသည်းကွဲလို့ပိန်တာ မဟုတ်ပါစေနဲ့ မဂျင်ဂျာရယ်။

“အစ်မကို ကျေးဇူးတင်တယ်”

“ဟင် ... ဘာဖြစ်လို့လဲ”

“ကျွန်တော့်ကို အကူအညီတောင်းဖို့ သတိရလို့ပါ။ ကျွန်တော်က အစ်မ ကျွန်တော့်ကို မေ့ပစ်လိုက်ပြီ ထင်နေတာ”





“ဩော် ... မဟုတ်ရပါဘူး နေဝန်းရယ်”

သူ့စကားကြောင့် မဂျင်ဂျာက စိတ်မကောင်းသလိုဖြစ်သွားကာ သူ့ကို ကရုဏာသက်စွာ ငေးကြည့်လာသည်။ သူကလည်း ကြည့်နေသည်မို့ သူတို့နှစ်ယောက်ရဲ့အကြည့်တွေက တစ်ခဏမျှတော့ ဆုံသွားပြီးမှ မဂျင်ဂျာက စတင်ပြီး မျက်နှာလွှဲလိုက်ရင်း စကားဆက်ပြောသည်။

“နင့်ကို ငါ မေ့စရာအကြောင်း မရှိပါဘူး။ တလောက နည်းနည်းစိတ်ကျသလို ဖြစ်နေလို့ပါ။ ဒီလိုပါပဲ။ ထားပါ။ ခုတော့ ပျော်ပျော်ရွှင်ရွှင် ပြန်နေတော့မှာပါ။ အိုခေ ... ညနေမှ တစ်ခုခုစားရင်း အေးဆေးစကားပြောကြတာပေါ့။ ညနေလောက်တော့ ရောက်အောင် ပြန်လာခဲ့လေ။ ဖြစ်တယ် မဟုတ်လား”

“အိုခေ ... အစ်မ။ ဒါဆို ကျွန်တော်ကားယူသွားပြီး လစ်ပြီ”

“အေး ... အေး။ သတိထားမောင်းဦးနော်”

သူက မဂျင်ဂျာကို တာ့တာ့ပြခဲ့ကာ ထွက်လာခဲ့သည်။ အရှေ့မှာရပ်ထားသော မဂျင်ဂျာရဲ့ကားပေါ်ကိုတက်ပြီး မောင်းလာရတာကိုက ပျော်ရွှင်စရာ feel တစ်ခုပင်။ မဂျင်ဂျာရဲ့ ပျော်ပျော်ရွှင်ရွှင် ပြန်နေတော့မှာပါ ဆိုတဲ့ စကားရယ်၊ သူ့ကို တခုတ်တရ ဖုန်းဆက်ခေါ်ပြီး အကူအညီတောင်းတာတွေရယ် ပေါင်းလိုက်လျှင် ဒီနေ့အဖို့ အပျော်ရွှင်ဆုံး လူသားက သူပဲဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေမှာလည်း သူနဲ့အတူတူ တစ်ခုခုစားရင်း စကားတွေပြောဦးမည်တဲ့။ အား ... မယိင်း ဘာပြောပြော သူ ဂရုမစိုက်ဘူးကွာ။ ဘယ်လိုပဲဖြစ်ဖြစ် မဂျင်ဂျာရဲ့အနားမှာ နေရတာကိုက သူ့အတွက် ပြီးပြည့်စုံတဲ့ ကျေနပ်ခြင်းတစ်ခုဆိုလျှင် ဘယ်သူတွေက ဘာပြောဦးမှာတဲ့လဲ။

✦ ❦ ✦





၂၃

ကိုယ်မလုပ်ခဲ့သော အမှားတွေအတွက် ကိုယ့်ရဲ့ပျော်ရွှင်မှုတွေကို မစတေးချင်သူ ဂျင်ဂျာသည် ဒီရက်ပိုင်းတွေမှာ စိတ်ကို အတတ်နိုင်ဆုံး ပျော်ရွှင်အောင် နေဖြစ်လေသည်။ အယိင်းတို့ မောင်နှမနစ်ယောက်နှင့် မကြာခဏမုန့်ထွက်စားတာ၊ Shopping ထွက်တာ၊ ပဲခူးသို့ နေ့တစ်ဝက် ဘုရားဖူးခရီးထွက်တာ စသဖြင့် ဟိုဟိုဒီဒီ သွားရင်း စိတ်နဲ့တည့်မယ်ထင်တာတွေကို လုပ်ဖြစ်နေခဲ့တာဖြစ်သည်။

နေဝန်း သည်လည်း ဂျင်ဂျာကို ဂရုစိုက်ခဲ့သူဖြစ်သည်။ ညဘက်ဆိုလျှင် ဖုန်းအမြဲဆက်တတ်ကာ ဆက်တိုင်းလည်း သူ ဖတ်ထားသော ဟာသစာအုပ်ထဲက အကြောင်းတွေ၊ သူကြားဖူးသော ဟာသတွေ၊ သရဲတစ္ဆေအကြောင်းတွေ စသဖြင့် ဂျင်ဂျာ စိတ်ဝင်စားမယ် ထင်တာတွေ လျှောက်ပြောတော့တာပဲဖြစ်သည်။ မိုးရွာအကြောင်း၊ တည်မြဲအကြောင်း၊ အချစ်အကြောင်း ဘာဆို



www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းမှ အာရုံနှောက်စရာတွေ မပါဝင်ဘဲ ဂျင်ဂျာ စိတ်ပျော်ရွှင်မည့် အကြောင်းများ၊ စိတ်ဝင်စားမည့် အကြောင်းများကိုပဲ ပြောကြသည်။

သူတို့ တောင်ကြီးဒေသရဲ့အကြောင်း၊ အနီးနား တစ်ဝိုက်က ဒေသတွေအကြောင်း စသဖြင့် ဂျင်ဂျာရဲ့အာရုံတွေကို နယ်ပယ်အသစ်တွေဆီသို့ ဆွဲခေါ်သွားနိုင်လေသည်။ ဒီလိုနဲ့ပဲ သူနဲ့ဂျင်ဂျာဟာ တဖြည်းဖြည်း ရင်းနှီးမှုတွေပိုလာခဲ့သည်။ ဒါပေမဲ့ ဂျင်ဂျာရဲ့စိတ်ထဲတွင် သူ့ကို ဘယ်လိုမှ သဘောမရှိခဲ့ပါ။ သူဟာ ကိုယ့်သူငယ်ချင်းရဲ့မောင်ဝမ်းကွဲ ဆိုတော့လည်း တကယ်ပဲ ကိုယ့်မောင်လေးလို သဘောထားခဲ့သည်။ ဒါကြောင့်လည်း သူနဲ့တွဲသွားရတာကို ဘယ်လိုမှ မနေဘဲ စိတ်သန့်ခဲ့ပါသည်။ ဒါကြောင့် နောက်ပိုင်းမှာ နေဝန်းအတွက် စေတနာနှင့် ထည့်စဉ်းစားပေးသော စကားတွေကိုတောင် ဆိုဖြစ်ခဲ့သည်။

"နှင် ဒီမှာ ဒီလိုပဲ နေသွားတော့မှာလား နေဝန်းရဲ့"

"ဒီလိုမနေလို့ ကင်းမြီးကောက်ထောင်နေရမှာလား အစ်မရဲ့"

"အဲလိုပြောတာ မဟုတ်ဘူးလေ။ တောင်ကြီးကိုလည်း ပြန်ချင်စိတ် မရှိတဲ့အတူတူ ဒီမှာနေပြီး တစ်ခုခု အကျိုးရှိတာ လုပ်ပေါ့"

"ဘာလဲ ... အစ်မက ကျွန်တော့်ကို အလုပ် လုပ်ခိုင်းနေတာလား"





"အင်း ... အဲဒီသဘောမျိုးပေါ့။ ငါက လူမှန်ရင် အလုပ်လုပ်တာကို ကြိုက်တယ်ဟ။ ကိုယ့်အလုပ် ကိုယ့်ဝင်ငွေနဲ့ ရပ်တည်ရတဲ့ဘဝက ဘယ်လောက်အဓိပ္ပာယ်ရှိလဲ။ တစ်ခါတလေကျရင် အလုပ်မလုပ်ဘဲ ဒီအတိုင်း အချိန်ဖြုန်းနေတဲ့သူတွေကိုမြင်ရင် အရမ်းအသည်းယားတယ်"

"ဒါဆို အခု ကျွန်တော့်ကိုလည်း အစ်မ အသည်းယားနေတယ်ပေါ့"

"ပေါက်ကရ မပြောနဲ့။ နင် တစ်ခုခု ဝါသနာပါတာများ ရှိလား"

"ဟင် ... အစ်မကြည့်ရတာ ဘာမှဝါသနာမပါဘူးဆိုရင် ကျွန်တော့်ကို အစ်မဆိုင်မှာများ ခေါ်လုပ်ခိုင်းမလားတောင် မသိဘူး။ ကျွန်တော်က ယောက်ျားလေးဆိုတော့ စက်ပစ္စည်းတို့၊ နောက် ကားနဲ့ပတ်သက်တာတွေတော့ ဝါသနာပါတယ်"

"အင်း ... ဒါဆိုရင် အခု နင့်အမေနဲ့လည်း ပြန်အဆင်ပြေနေပြီပဲ မဟုတ်လား။ အရင်းအနှီးလေး ဘာလေးတောင်းပြီး ကားပစ္စည်းဆိုင် ဖွင့်ပါလား ...

ငါ့အသိတစ်ယောက်က အဲဒီလိုပစ္စည်းတွေ ဖြန့်တာဟ။ နင် လုပ်ချင်ရင် သူ ကောင်းကောင်းအကူညီပေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အင်း ... ကျွန်တော် စိတ်ဝင်စားပါတယ်။ စဥ်းစားကြည့်ဦးမယ်လေ အစ်မ"

ဂျင်ဂျာက အဲဒီလို တိုက်တွန်းတော့လည်း သူက နားလည်လက်ခံကာ သူ့မိသားစုနဲ့ပါ တိုင်ပင်ဆွေးနွေးခဲ့တာပင်။ သူ ပြောင်းလဲလာတာကို သူ့မိသားစုတင်မကဘဲ အယိမ်းကပါ အံ့သြခဲ့တယ် ဆိုလျှင်တော့ သူက တော်တော်ကြီးကို လိမ္မာလာတာပဲ ဖြစ်တော့မည်။

"ငါတော့ တကယ်အံ့သြတာပဲ ဂျင်ဂျာရယ်။ နေဝန်းက တောင်ကြီးမှာဆို ဟိုလို အော့ကြော့လန်အောင် ဆိုးနေတာ မဟုတ်ပေမယ့် ဆိုးတော့ ဆိုးတာပေါ့ဟာ။ အလုပ်လည်း လက်ကြောတင်းအောင် လုပ်ချင်စိတ် မရှိဘဲ အပေါင်းအသင်းတွေနဲ့ ဝေးလားဝါးလားဆိုတော့ သူ့အိမ်ကလည်း ပျက်စီးသွားမှာ အရမ်းကြောက်တာ ...

ဒါကြောင့် ဆေးမချရင်ပြီးရော ရည်စားရှုပ်တာလည်း လက်ပိုက်ကြည့်နေရတော့တာ။ ဘယ်အချိန် ပျက်စီးသွားမလဲ ရင်တမမနဲ့ စောင့်နေကြတာ ...

ခုလို ရန်ကုန်ရောက်လာပြီး ဒီမှာ အေးအေးဆေးဆေး နေတယ် ကြားတော့ အရမ်းအံ့သြနေတာ။ အခု အလုပ်လုပ်မယ်တွေ ဘာတွေ ဖြစ်နေတော့ သူ့အမေ ဆိုတာ နေဝန်းမှ ဟုတ်ရဲ့လားဆိုပြီး ဖြစ်နေတာလေ။ ငါ့ကိုလည်း မေးတာပေါ့။ ငါကလည်း နည်းနည်းပါးပါးတော့ ပြောပြရတာပေါ့ဟာ ...





အဲဒါ နင့်ကို ကျေးဇူးတွေ တင်နေလေရဲ့။ သူတို့တောင် နှစ်ကုန်လောက်ကျရင် ရန်ကုန် ဆင်းလာကြမလို့တဲ့"

"အယိမ်းရာ ... နေဝန်း ပြောင်းလဲလာတာတွေက ငါနဲ့ ဘာမှမဆိုင်ဘူးနော်။ သူ့ talent ကိုက ကောင်းတာ။ ငါ့ကြောင့်တောင် သူ ရည်းစားတစ်ယောက် ထပ်ရသွားသေးတဲ့ဟာ။ ငါက ဘာမှဟုတ်တာ မဟုတ်ဘူး"

"အေးပါ ... အဲဒါတွေလည်း ငါ သိပါတယ်။ ဒါပေမဲ့ သူက နင့်ကို သံယောဇဥ်ရှိတာကိုး။ ပြီးတော့ နင့်ကိုယ်၌က အလုပ်ကို တန်ဖိုးထားတဲ့သူတစ်ယောက် ဖြစ်နေတော့ သူပါ နင့်ကို အားကျလာတာပေါ့ ...

ကောင်းပါတယ်ဟာ။ နင့်ကို ငါ တစ်ခုတော့မေးချင်တယ် ဂျင်ဂျာ။ နင် နေဝန်းကို ဘယ်လိုသဘောထားလဲဟင်"

အဲဒီစကားအတွက် အဖြေက ချက်ချင်းရှိပေမယ့် ဂျင်ဂျာက မဖြေမိသေးဘဲ မျက်လုံးထဲမှာ နေဝန်းရဲ့ပုံရိပ်တွေကို ပြန်မြင်ယောင်ကြည့်မိသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ရိုးသားပွင့်လင်းသော ဤတိုင်းရင်းသား လူငယ်လေးပေါ်မှာ ဂျင်ဂျာရဲ့မေတ္တာတွေသည် ဘာအရောင်မှ မရှိအောင်ကို ဖြူစင်လွန်းလေသည်။ ဒါကြောင့်လည်း တရင်းတနှီး နေမိတာဖြစ်သည်။ ကိုယ်နဲ့ အသက်ခုနစ်နှစ်တောင်ကွာသည့် ကလေးတစ်ယောက်ကို ဘာစိတ်ကူးမျိုးမှလဲ မကူးဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို မောင်လေးအရင်းတစ်ယောက်လို သဘောထားတယ်။ ပြီးတော့ ငါ့အကြောင်းကို နင်အသိဆုံးပါ အယိင်း။ ငါက ငါ့ထက်ငယ်တဲ့ယောကျ်ားကို ဘယ်လိုနည်းမျိုးနဲ့မှ ရင်မခုန်တတ်ဘူး ဆိုတာလေ ...

အဲဒီဖီလင်ဟာ ဘယ်တော့မှ ပြောင်းလဲသွားမယ့်ဖီလင်မဟုတ်ဘူး ဆိုတာတော့ ငါ ရဲရဲကြီး အာမခံရဲတယ်"

ဂျင်ဂျာရဲ့စကားအဆုံးတွင် အယိင်းကား ဘာမှမပြောနိုင်တော့ဘဲ ငေးကြည့်ကာ ကျန်ခဲ့သည်။ အဲဒီနောက်မှာတော့ ဂျင်ဂျာနဲ့ နေဝန်းဟာလည်း အရင်အတိုင်း သွားစရာရှိတာသွား၊ စားစရာရှိတာစားနှင့် ပုံမှန်နေ့ရက်တွေကို ဖြတ်သန်းခဲ့ကြတာဖြစ်သည်။ အဲဒီနေ့ကတော့ အလုပ်ကိစ္စတစ်ခုနှင့် ဆိုင်တစ်ဆိုင်မှာ စကားပြောနေရင်းမှ ဂျင်ဂျာရဲ့ဖုန်း မြည်လာခဲ့သည်။ ဂျင်ဂျာမသိသော နံပါတ်အစိမ်းတစ်ခု ဖြစ်တာကြောင့် ခဏကြည့်ပြီးတော့မှပဲ ဖွင့်ကိုင်ဖြစ်တော့သည်။

နေဝန်းကလည်း စားသောက်ရင်းမှ ဂျင်ဂျာ့ကို တစ်ချက်လှမ်းကြည့်သည်။

"ဟယ်လို"

"မဂျင်ဂျာလား"

ဂျင်ဂျာက မျက်ခုံးတစ်ဖက် ပင့်မိသည်။ ဂျင်ဂျာ့မှာ နာမည်အရင်း ရှိပေမယ့် ဘယ်သူကမှ နှုတ်မြတ်စန္ဒီလို့ မသိကြတော့ဘဲ ကိုယ်နဲ့တစ်ခါမှ မသိကျွမ်းတဲ့ သူစိမ်းတွေကတောင် ဂျင်ဂျာဟုသာ ခေါ်ကြတော့သည်။





"ဟုတ်ပါတယ်၊ အခု ပြောနေတာ ဘယ်သူပါလဲ"

"ကျွန်မ နွေဦးမိုးရွာပါ"

ဟင် ဆိုသော အသံက ဂျင်ဂျာရဲ့ရင်ထဲမှာသာ မြည်ဟည်းသွားပြီး နှုတ်ဖျားကတော့ ထွက်ကျမလာခဲ့ချေ။ ဒါပေမဲ့ တစ်ခဏမျှတော့ ဘာမှမပြောနိုင်ခြင်းကို တစ်ဖက်ကလည်း သဘောပေါက်လိမ့်မည်။

"ကျွန်မကို သိပါတယ်နော်"

ဂျင်ဂျာက ဘာမှမပြောနိုင်သေးသောအခါ တစ်ဖက်ကအသံက တဖြည်းဖြည်း မီးမြင့်လာသည်။ တစ်ခုခုပြောမှဖြစ်တော့မည်ဟူသော အသိနဲ့အတူ ငါကမှားထားတဲ့သူ မဟုတ်ဘူး ဆိုသော အတွေးက ဂျင်ဂျာ့ခေါင်းထဲသို့ ဝင်ရောက်လာသည်။

"သိတယ်လေ၊ ပြောပါ ညီမ၊ ဘာကိစ္စရှိလို့လဲ"

"အဟင်း ... အစ်မက အကွက်ဆန်းတွေထွင်တာ တော်တော် တော်တာပဲနော်"

"ဘာကို ဆိုလိုတာလဲ ညီမ။ စကားကို ရှင်းရှင်းပြောပါ"

"ဟင်း ...။ အိုက်တင်တွေ သိပ်ကောင်းမနေနဲ့ အစ်မ။ အကယ်ဒမီလည်း ပေးမှာမဟုတ်ဘူး။ နေဝန်းကို ကျွန်မဆီ အစ်မ လွှတ်လိုက်တာ မဟုတ်လား။ အစ်မဘဲကြီးအတွက် မကျေနပ်တာနဲ့ နေဝန်းကို ကျွန်မဆီ အစ်မ လွှတ်လိုက်တာ။ ပြီးတော့ ကိုကြီးနဲ့ ကျွန်မကို သွေးခွဲအောင်လုပ်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ရယ်ရလိုက်တာ။ ငါက တည်မြဲသာ မင်းကို သွေးခွဲတယ် ဟုတ်လား။ နွေဦးမိုးရွာ ... မင်းသာ အရှက်ရှိတဲ့ မိန်းကလေးဆိုရင် ငါ့ကို ဒီစကားတွေ လာပြော နေစရာ အကြောင်းကိုမရှိဘူး"

"ဒါဆို ရှင်လုပ်တဲ့ အလုပ်ကရော ကောင်းတဲ့အလုပ်လား။ ရှင်က နေဝန်းကို ကျွန်မဆီလွှတ်တယ်။ ပြီးတော့ ရှင်က သူနဲ့ အခု တွဲခုတ်တယ်။ ရှင့်လုပ်ရပ်ကသာ ရှက်ဖို့ကောင်း နေတာ မဟုတ်ဘူးလား"

"တွဲခုတ်တယ် ! ဟား ဟား၊ အခု ငါတို့ထိုင်နေတာ လူမြင်ကွင်းမှာပါ နွေဦးမိုးရွာရဲ့။ မင်းလည်း အခုမြင်နေ ရင် မြင်နေရမှာပဲ ...

ယောက်ျားတစ်ယောက်နဲ့ လူမြင်ကွင်းမှာထိုင်တာ ရှက်စရာကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး။ မင်းလို သူများ ရည်းစားကို ကြောင်တောင်နိုက်ပြီး လူမမြင်တဲ့ သီးသန့် ခန်းတွေထဲ မကြာခဏ သွားနေတာ မဟုတ်ဘူး ...

မှတ်ထား ... နော်၊ ငါနဲ့ စကားယှဉ်ပြောချင်ရင် ကိုယ့်ကိုယ်ကိုယ် သိက္ခာရှိအောင် အရင်ကြိုးစားလိုက်ဦး ...

ဟင်း ... အဆင့်မရှိတဲ့သူ"

ပြောပြီးတာနှင့် ဂျင်ဂျာက ဖုန်းကိုပိတ်ချလိုက်သည်။ နေဝန်းက ဂျင်ဂျာကို မျက်ခုံးအပင့်သားဖြင့် ကြည့်နေကာ ...

"ဝါး ... တို့အစ်မက ဒါမျိုးတွေလည်း ပြောတတ်တာပဲ လား"





"အလကားပါဟာ၊ လူကို လာပြီး သက်သက် အာရုံနှောက် နေတယ်၊ ကေန္တ နင် သူ့ကို ဖြတ်လိုက်တဲ့အချိန်မှာ သူ နင့်အကြောင်းကို စုံစမ်းတယ်နဲ့တူတယ်၊ နောက် နင်နဲ့ငါ အပတ်အသက်ရှိသွားတာကိုတွေ့ပြီး ဒီလို ကောက်ချက် ချတာပဲဖြစ်မယ်"

"ဟဲ ဟဲ ... အစ်မတောင် တွေးတတ်လာပြီ"

နေဝန်းက ပြုံးစိစိဖြင့် နောက်လျှင် ဂျင်ဂျာက မျက်စောင်းတစ်ချက်ထိုးကာ ...

"ငါ လုပ်လိုက်ရ သေဦးမယ်"

"ခုခေတ်ကောင်မလေးတွေ တကယ် မလွယ်ဘူးနော်၊ ကြောက်ဖို့ကောင်းတယ်၊ တကယ် နှလုံးသားကြီးနဲ့ချစ်မိ တဲ့ကောင်တော့ သေပြီဆရာပဲ"

"ယောက်ျားတွေကျတော့ရော ဘာကောင်းလို့လဲ၊ အိုင်တွေ့ တိုင်းခြေဆေးမယ်ဆိုတဲ့ ယောက်ျားချည်းပဲလေ"

"အဲဒါက အစ်မရဲ့ဘဲကြီးပါဗျာ၊ ကျွန်တော်မပါဘူး"

"ဟင် ... နင်လည်း ရည်းစားတွေ အသက်နှစ်ပြန်လောက် ထားခဲ့တာပဲမဟုတ်လား၊ ဘာကောင်းတာရှိလဲ"

"ဟာ ... အဲဒါက ကလေးဘဝတုန်းက လုပ်ခဲ့တာပါဗျာ၊ အသက်အစိတ်နားနီးလာရင် အဲဒီစိတ်တွေက သိပ်မရှိတော့ ဘူး၊ ဒီမှာ အစ်မရဲ့ ... ကျွန်တော့်အစ်ကိုတစ်ယောက်က ပြောဖူးတယ်၊ မင်းတို့တွေ ငယ်တုန်းရွယ်တုန်းမှာ အသား ကုန်ကဲထား၊ လုပ်ချင်တာ မလုပ်ဖူးတာ အကုန်လုပ်ကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



အေး ... ငယ်တုန်းလုပ်တာ လူကြားလို့လည်းကောင်းတယ်တဲ့၊ လူက ငယ်တုန်းရွယ်တုန်းမှာ လုပ်စရာရှိတာတွေ အကုန်လုပ်ဖူးသွားတော့ ကြီးလာတဲ့အခါ (27), (28) လောက်ကစပြီး တည်ငြိမ်သွားရော၊ အဲဒီလို ပေါက်ကရတွေလည်း လုပ်ချင်စိတ် မရှိတော့ဘူး ...

ငယ်တုန်းက မကဲခဲ့တဲ့သူတွေက ကြီးလာတော့မှ တစ်ခါတလေပိုးထရင် ကဲချင်စိတ်ဖြစ်ရော၊ အဲဒီကျမှ တိုင်ပတ်တာ၊ ဥပမာ အစ်မရဲ့ဘဲကြီးလိုဟာမျိုးပေါ့ ... ဟင်း ဟင်း"

နေဝန်းက အရယ်အသောဖြင့်ပြောသောအခါ ဂျင်ဂျာက ဒုတိယမ္ပိ မျက်စောင်းတစ်ချက်ထိုးမိပြန်သည်။ ချက်ချင်းပဲ တည်မြဲကို ဖျတ်ခနဲ သတိရမိကာ တည်မြဲလည်း အဲဒီလိုပဲ ဖြစ်နေမလားလို့ တွေးမိသည်။ သူလည်း ငယ်ငယ်တုန်းကတော့ ဂျင်ဂျာမှဂျင်ဂျာ ဖြစ်ခဲ့တာပဲမဟုတ်လား။ ကြီးလာတော့မှ ဘယ်လိုဖြစ်သွားမှန်းမသိတာ။ ရန်ကုန်တစ်မြို့ထဲ နေကြတာတောင်မှ ကိုယ့်အပေါ်မှာ သစ္စာဖောက်ကာ ချာတိတ်မငယ်ငယ်တစ်ယောက်ရဲ့ဖြားယောင်းရာသို့ ကောက်ကောက်ပါအောင် လိုက်သွားနိုင်တာကို မှန်းတီးလွန်းလှသည်။

ဒီချာတိတ်မဟာ ဂျင်ဂျာ့ထက် သာတဲ့သူတစ်ယောက်ဆိုရင်လည်း ဘာမှပြောစရာမဟုတ်ပါ။ ခုတော့ ဘယ်နားကမှ မသာတဲ့ ငချွတ်မလေးတစ်ယောက်မို့ ကိုယ်တောင် သိက္ခာကျသေးသည်ဟုထင်သည်။





"မင်း ဒါ ဘာလုပ်နေတာလဲ ဂျင်ဂျာ"

နောက်ပါးဆီမှ ရုတ်တရက် ထွက်လာသောအသံကြောင့် ဆတ်ခနဲတောင်တုန်သွားမလိုဖြစ်သွားပြီးမှ ဒီအသံရှင်ကို မှတ်မိသွားကာ ဂျင်ဂျာက ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ထိန်းလိုက်သည်။ ရှင် အသက်ရှည်ဦးမှာပဲ တည်မြဲသာ။

"ထိုင်နေတာလေ၊ ဘာဖြစ်လို့လဲ"

ဂျင်ဂျာရဲ့အပြောကို သူက မျက်လုံးများမှေးစင်းကာ ကြည့်ရင်းမှ နေဝန်းဘက် တစ်ချက်မေးဆတ်ပြကာ ...

"ဒီကောင်က ဘယ်သူလဲ"

"ရှင် ဘာဖြစ်နေတာလဲ တည်မြဲသာ၊ စကားကို ယဉ်ယဉ်ကျေးကျေးပြောစမ်းပါ၊ ဒီမှာ ရှင် အေးအေးဆေးဆေးထိုင်ပြီး ပြောလို့ရတယ်"

"ဘာမှ အေးအေးဆေးဆေးထိုင်ပြောစရာ အကြောင်းမရှိဘူး၊ မင်း လုပ်နေတာတွေ လုံးဝမမိုက်ဘူး ဂျင်ဂျာ၊ အခု မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ ငါ အကုန်သိပြီ ...

ဒီကောင်က အယိုင်းရဲ့မောင်ဝမ်းကွဲ၊ တောင်ကြီးကရောက်လာတာ၊ မင်းက ဒီကောင့်ကို မိုးရွာနဲ့ ရည်းစားဖြစ်အောင် လိုက်နိုင်းတယ်၊ ငါနဲ့ မိုးရွာကို Lesson ပေးတယ်၊ အခု မင်းလုပ်ချင်တာတွေ အားလုံး လုပ်ပြီးသွားတော့ မင်းက ဒီကောင်နဲ့ တွဲခုတ်နေတယ် ...

ဟား ... မင်း တော်တော်ကို ဆရာကျတဲ့မိန်းမပါလား ဂျင်ဂျာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေ လာပြောနေတာလဲ၊ တည်မြဲသာ ဒါ ဒီလို စကားတွေပြောရမယ့်နေရာ မဟုတ်ဘူးနော်၊ ရှင့်သိက္ခာလည်း ရှင်ထောက်ထားဦး"

"ဘာမှ ထောက်ထားစရာအကြောင်းမရှိဘူး၊ မင်းကိုယ်တိုင်က ငါ့ကို သိက္ခာမရှိတဲ့ကောင်အဖြစ် သတ်မှတ်ထားတာပဲ မဟုတ်လား ... ‚

ပြီးရောလေ၊ မင်းကိုလည်း ငါက သိပ်အံ့သြတယ် ဂျင်ဂျာ၊ မင်းရော ဘာထူးလဲ၊ မင်းလည်း ကောင်လေးငယ်ငယ်လေးနဲ့ သာယာတတ်တာပဲ မဟုတ်လား"

"တည်မြဲသာ"

ဂျင်ဂျာရဲ့ အော်သံစူးစူးက ဆိုင်ထဲမှာ လွင့်ပျံ့သွားသဖြင့် တခြားစားပွဲက လူတွေကတောင် ဝေ့ဝဲကြည့်လာသည်။ ကြည့်လည်းမတတ်နိုင်တော့။ ဂျင်ဂျာကလည်း သူ့ကို တော်တော်ဒေါသထွက်နေခဲ့ပြီဖြစ်သည်။ အဲဒီအချိန်မှာပဲ နေဝန်းက သူ ဝင်ပါတော့မှ ဖြစ်တော့မည်ဟူသော ပုံစံဖြင့် ...

"အစ်မ စိတ်နည်းနည်းလျှော့ပါ၊ ဒီကအစ်ကိုလည်း စိတ်လျှော့ပါဦး၊ အေးဆေးဆေးဆေးပြောလို့ ရပါတယ်"

"ဒီမှာ ဟေ့ကောင် ... မင်း ဘာမှ ငါ့ကို ဆရာကြီး လာလုပ်နေစရာမလိုဘူး၊ မင်းကရော ဘာကောင်းတဲ့ကောင်မို့လို့လဲ၊ မင်း ဒီမိန်းမခိုင်းတာ လုပ်တယ်၊ နောက် မိုးရွာကို





ဖြတ်ပစ်တယ်၊ အခု ဒီမိန်းမနဲ့ အတူသွားတယ် လာစားသောက်ပျော်ပါးနေတယ်၊ မင်းကမှ ဘာကယ့် ကြာကူလီ အစစ်"

"အစ်ကို့စကားတွေက နည်းနည်းတော့ လွန်နေပြီဗျာ၊ ကျွန်တော့်မှာ အဲလိုစိတ်ဓာတ်မျိုး လုံးဝမရှိဘူး၊ ကျွန်တော် အစ်ကိုတို့ ပြဿနာတွေကို ဘာမှမသိဘူး၊ အစ်မကို ကူညီပေးခဲ့တာပဲရှိတယ်"

"အေးလေ ... အဲဒါလည်း မင်းက ငါနဲ့ပတ်သက်သမျှ မိန်းမတွေကို ကြိုက်နေလို့ မဟုတ်လား"

"အစ်ကို့စကားတွေ ဒီနေရာမှာပဲ ရပ်ရင်ကောင်းမယ်၊ ကျွန်တော်က အစ်မမျက်နှာကြောင့် ဒီလောက်ထိ သည်းခံနေတာ"

အဲဒီအချိန်မှာပဲ တည်မြဲက နေဝန်းရဲ့အင်္ကျီကော်လာစကို ဆောင့်ဆွဲပစ်လိုက်တာဖြစ်သည်။ ထင်မထားသော အပြုအမူကြောင့် ဂျင်ဂျာရဲ့မျက်လုံးတွေက ဝိုင်းသွားသည်။

"သည်းမခံတော့ မင်းက ဘာလုပ်ချင်လဲ၊ ဟင် ? ဟေ့ကောင်၊ မင်းက ဂျင်ဂျာကို ကြိုက်နေလို့ မဟုတ်လား"

နေဝန်းက တည်မြဲရဲ့လက်ကို ဆောင့်ဆွဲပြီး ပြန်တွန်းလွှတ်ပစ်လိုက်သည်။ ပြီးတော့ တည်မြဲကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကျုပ်က မဂျင်ဂျာကို ကြိုက်နေတာမဟုတ်ဘူး၊ ဖြူဖြူစင်စင်ချစ်တာ သိလား၊ အဲဒါလည်း ခင်ဗျားကို ဝန်မခံရဲစရာ ဘာအကြောင်းမှမရှိဘူး၊ နားလည်လား ဘိုးတော်"

"အောင်မာ မင်းကများ"

တည်မြဲက ဒီတစ်ခါတော့ ပေါက်ကွဲသွားဟန်ဖြင့် နေဝန်းကို ဆွဲထိုးဖို့ပြင်သည်။ ဒါပေမဲ့ သူ့ရဲ့ရည်ရွယ်ချက်တို့ မအောင်မြင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ဂျင်ဂျာက သူတို့နှစ်ယောက်ကြားထဲမှ ဝင်ရပ်ကာ တည်မြဲကို ဆောင့်တွန်းပစ်လိုက်သောကြောင့်ဖြစ်သည်။ ထင်မှတ်မထားသော အပြုအမူကြောင့် တည်မြဲမှာ နောက်သို့ ပက်လက်လန်ပြီး လဲကျသွားသည်။

နေဝန်းက အံ့ဩတကြီးဖြင့် "အစ်မ"ဟုခေါ်သည်။ ဂျင်ဂျာက သူတို့နှစ်ယောက်စလုံးကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် တစ်လှည့်စီကြည့်ကာ ...

"နင်တို့နှစ်ယောက်လုံး အလကားလူတွေပဲ၊ နင်တို့က နင်တို့အတ္တတွေအတွက်ပဲ ရှင်သန်နေကြတဲ့သူတွေ ...

နောက် ငါ့ရှေ့ကို ဘယ်တော့မှ ပေါ်မလာခဲ့နဲ့၊ ဒီနေ့ စော်ကားမှုအတွက် နင်တို့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"အစ်မ"





နေဝန်းရဲ့ အော်ခေါ်သံကပဲ နောက်ပါးမှာ လွင့်ပြီး ကျန်ရစ်ခဲ့သည်။ ဂျင်ဂျာသည် အံကို တင်းတင်းကြိတ်ကာ မျက်ရည်မကျမိအောင် ထိန်းချုပ်ရင်း ကားမောင်းထွက်လာခဲ့သည်။ ကြီးမားသော ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အဆုံးသတ်





စိတ်တွေ သိပ်မွန်းကျပ်လာသော လူတစ်ယောက်ရဲ့ ထွက်ပေါက်ဆိုတာသည် နည်းမှန်လမ်းမှန်အတိုင်း လုပ်မည်ဆိုလျှင်တော့ လက်ရှိပတ်ဝန်းကျင်မှ ကင်းဝေးရာ နေရာဒေသအသစ်တစ်ခုသို့ ခရီးထွက်ခြင်းပဲဖြစ်တော့သည်။ အခုနေ ကောက်ကာငင်ကာ သေသွားရင်တောင် အားလုံးကို ထားခဲ့ရမှာဖြစ်သည့်အတွက် ခရီးရက်ရှည်ထွက်တာကိုတော့ အလုပ်မှန်သမျှကို စိတ်ဖြတ်ကာ ဘယ်အချိန် ဘယ်ကာလမှာ ပြန်လာမယ်ဆိုတာမပြောဘဲ ဂျင်ဂျာ ခရီးထွက်သွားသည်။

ဒါပေမဲ့ ခရီးမထွက်ခင်မှာတော့ ဂျင်ဂျာက တည်မြဲနှင့် နေဝန်းကို စာတစ်စောင်စီ ပို့ပေးခဲ့သည်။ ဘယ်တော့မှ ပြောင်းလဲလာမှာမဟုတ်သော ဆုံးဖြတ်ချက်နှင့်အတူ ဒီယောကျ်ားနှစ်ယောက်လုံးနှင့် ဘယ်တော့မှ ထပ်ပတ်သက်မှာ မဟုတ်ဘူးဆိုတဲ့ အကြောင်း ပြတ်ပြတ်သားသားရေးပေးခဲ့သော စာတွေဖြစ်သည်။ သစ္စာမရှိသောယောကျ်ားတစ်ယောက်အတွက် ဘဝမှာ နေရာမပေးနိုင်သလို၊ ကိုယ့်ထက်ငယ်သော ယောကျ်ားတစ်ယောက်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ လက်တွဲဖော်အဖြစ် ရွေးချယ်မှာမဟုတ်ဘူး ဆိုတာတွေလည်း တိတိကျကျ ပါဝင်သည်။

ဒီစာကိုဖတ်ပြီးသောအခါ တည်မြဲနှင့် နေဝန်းသည် တခဏတော့ ငြိမ်သက်သွားကြသည်။ ရက်တွေ တစ်ရက်ပြီးတစ်ရက် ကြာလာသောအခါ ဂျင်ဂျာသည် ပြောတဲ့အတိုင်း လုပ်တတ်ကြောင်း သူတို့ သဘောပေါက်သွားခဲ့လေသည်။ ဤသို့ဖြင့် ...





## တစ်နှစ်ခန့်ကြာသောအခါ...



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

လန်းဆန်းသော နံနက်ခင်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ Message ရောက်ကြောင်း Alarm မြည်လာသဖြင့် ဂျင်ဂျာသည် အိပ်ရာမှနိုးလာခဲ့သည်။ မျက်လုံးကို ပွတ်သပ်ပြီးနောက် ဖုန်းထဲက Message ကို ဖွင့်ဖတ်ကြည့်လျှင် ...

"HAPPY BIRTHDAY GINGER" ဟူသော မွေးနေ့ဆုတောင်းစာ ရိုးရိုးလေးကို တွေ့လိုက်ရသည်။ ပို့တဲ့သူရဲ့နာမည်က ဖုန်းထဲမှာမရှိတာမို့ နာမည်မပေါ်ဘဲ နံပါတ်သာပေါ်နေသည်။ ဒါ ဘယ်သူလဲဆိုတာ ဂျင်ဂျာ သိပါသည်။ အဲဒီအချိန်မှာပဲ ဂျင်ဂျာရဲ့အခန်းတံခါးကို အပြင်ကလာခေါက်ရင်း အန်တီယုက အထဲသို့ ဝင်လာသည်။ လက်ထဲမှာက နှင်းဆီပန်းတစ်စည်းနှင့်။

"နိုးပြီလား ဂျင်ဂျာ၊ ဒီမှာ လူတစ်ယောက် လာပေးသွားတာ"

အန်တီယုက ဂျင်ဂျာကို အကဲခတ်ပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားသည်။ ဂျင်ဂျာက မွှေးပျံ့သော နှင်းဆီရနံ့တွေကို တစ်ချက်ရှူရှိုက်ပြီးမှ ကတ်လေးတစ်ကတ်ကို ဖွင့်ဖတ်လိုက်





သည်။ ဒါကလည်း "မွေးနေ့မှာ ပျော်ရွှင်ပါစေ" လို့ တစ်ကြောင်းတည်းရေးထားတဲ့ စာသားလေးဖြစ်ပြီး အောက်ခြေမှ ဆိုင်းထိုးထားသည်။ သိပ်မရှုပ်သောလက်မှတ်အရ သူ ဘယ်သူဆိုတာလဲ သိပါသည်။ ဂျင်ဂျာက တစ်ချက်မျှ သမ်းပြီးနောက် လက်ထဲကကတ်ကလေးကို ဘေးသို့ချလိုက်ပြီး မတ်တတ်ထရပ်လိုက်သည်။ ပြီးတော့ ခန်းဆီးစကို ဆွဲလိုက်လျှင် ပြာလွင်သော မိုးတိမ်တွေကို မြင်ရလေသည်။

ဂျင်ဂျာကို ကောင်လေးတစ်ယောက်က ဂျင်းဘောင်းဘီဝတ်ထားတဲ့ မိုးတိမ်လို့ တင်စားဖူးတာကို အမှတ်ရသွားခဲ့သည်။ လူတစ်ယောက်ကတော့ သူ့မျက်စိရှေ့တင်ကြီးလာတဲ့ ကောင်မလေးတဲ့။ မတွေ့တာ တစ်နှစ်တောင်ကြာခဲ့ပြီဖြစ်တဲ့ ဒီနှစ်ယောက်ဟာ ခုချိန်ထိ ဂျင်ဂျာကို မမေ့သေးတာတော့ သေချာသည်။ ဒါပေမဲ့လည်း ဂျင်ဂျာရဲ့ သဘောထားတွေကတော့ ခုချိန်ထိလည်း မပြောင်းလဲသေးပါ။

ဘယ်သူတွေ ဘာပြောပြော ကိုယ့်ကိုယ်ကိုယ် ကြီးသွားတယ်လို့လည်း မထင်ခဲ့။ အချစ်ရေး၊ အိမ်ထောင်ရေးကို ခေါင်းထဲ မထည့်တာမဟုတ်ဘဲ ဂျင်ဂျာရဲ့သတ်မှတ်ထားတဲ့ စံချိန်တင်အချက်တွေထဲကို ဘယ်သူကမှ တိုးမဝင်နိုင်ခြင်းသာဖြစ်သည်။ ဒီလိုနည်းနဲ့ အပျိုကြီးဖြစ်သွားမယ်ပြောလည်း ဂျင်ဂျာက မမှုခဲ့။ ကိုယ်ယုံကြည်ရာကို ကိုယ်ဆက်လျှောက်ရင်း ဂျင်ဂျာတို့က အမြဲတမ်းပေါ့ပါးနေစမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဂျာရဲ့ လက်ကိုင်ဆောင်ပုဒ်ကတော့ ဒီကမ္ဘာကြီးပေါ်မှာရှိတဲ့ ယုံကျားတွေထဲမှာ ဂျင်ဂျာရဲ့နှလုံးသားနဲ့ ကိုယ်ညီမယှဉ် ယောက်ျားတစ်ယောက်တော့ ရှိကိုရှိလာလိမ့်မယ်လို့ နောက်မဆုတ်စတမ်း ယုံကြည်ရင်း ရှေ့သို့ ဆက်မြဲဖြစ်တော့သည်။ သေချာတာကတော့ ထိုယောက်ျားသည် သစ္စာမဲ့သော၊ ကိုယ့်ထက်အသက်ငယ်သောယောက်ျားမျိုး မဖြစ်ရပါ။

ချစ်ခင်လေးစားသော

ဆုမြတ်မွန်မွန်
23-6-2011
7:15 (P:M)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com